၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၂၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် ၊ တနင်္လာနေ့၊ (စက်တင်ဘာ ၂၄ ၊ ၂၀၁၂)



TRI MEN'S AND LADIES' WEARS


## ဘဏ်ခြောက်ခုကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့် လိုင်စင်ချပေးမည်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အားမာန်၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

ပြည်တွင်းရှိ ဘဏ်ခြောက်ခုကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့် လိုင်စင်များ (Authorize Dealer Licence) ခွင့်ပြုတော့မည်ဖြစ်ကြောင်း အဆိုပါဘဏ်ခြောက်ခုတွင် ပါဝင်သော ကမ္ဘောဇဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်ကပြောသည်။

ကမ္ဘောဇဘဏ်၊ အင်းဝဘဏ်၊ မြဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်နှင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ဘဏ်တို့ကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်များ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါဘဏ်ခြောက်ခုမှာ ပြည်ပဘဏ်များတွင် နိုင်ငံခြားငွေအပ်နှံခွင့်ရှိသကဲ့သို့ နိုင်ငံခြားဘဏ်များမှ ငွေအပ်နှံခြင်းကိုလည်း လက်ခံနိုင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံခြားဘဏ်များနှင့်ဆက်သွယ်၍ မိတ်ဖက်ဘဏ်များအဖြစ် လုပ်ကိုင်ခွင့်ရမည်ဖြစ်ကြောင်း ကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌကပြောသည်။


စာ(၁၂)သို့


## မြို့လယ်တွင် အုပ်စုဖွဲ့ ခါးထောက်လုယက်မှု ငါးကြိမ်ဆက်တိုက် ကျူးလွန်ခဲ့သူများ ဖမ်းမိ

**နေလင်းအောင်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၁**

ရန်ကုန်မြို့တွင်း မြို့နယ်အချို့နှင့် ဒဂုံမြို့နယ် အနီးတစ်ဝိုက်တွင် ကျက်စားလျက်ရှိသော ခါးထောက်လုယက်သူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က တစ်လအတွင်း ဖမ်းဆီးဖော်ထုတ်လိုက်ပြီဖြစ်သည်။

အမှုကျူးလွန်သူများသည် အငှားယာဉ်များနှင့် အမျိုးသမီးများကို လူပြတ်သည့်နေရာများတွင် နေ့လယ်နေ့ခင်းနှင့် ညဘက်အချိန်များ၌ လုယက်ခဲ့ခြင်းဖြစ်ပြီး အုပ်စုဖွဲ့ ခါးထောက်လုယက်မှုငါးမှုကို ဆက်တိုက်ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင်လတွင် ပထမဦးဆုံးအကြိမ်အဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိရစ္ဆာန်ရုံအနီး အငှားယာဉ်တစ်စီးအား ငှားရမ်းစီးနင်း၍ ခါးထောက်ကာ ငွေကျပ်၁၇,၀၀၀ လုယူသည့်အပြင် ကားကိုပါ မောင်းယူထွက်ပြေးသွားခဲ့သည်။

အလားတူ ကျူရှင်ဆရာမ တစ်ဦးအား ဩဂုတ် ၂၈ ရက်ညနေ ၃ နာရီခန့်တွင် ယောက်လမ်းမှတ်တိုင်အနီးမှ အမည်မသိ လူသုံးဦးက ခါးထောက်ကာ အလေးချိန် တစ်မတ်သားတန်ဖိုးကျပ်နှစ်သိန်းခွဲခန့်ရှိ ဆွဲကြိုးအား လုယက်သွားခဲ့သည်။


စာ(၁၂)သို့


## လုပ်ငန်းရှင်များ ဝယ်ယူခွင့်တင်ထားသည့် မြို့လယ်ရှိရှေးဟောင်းအဆောက်အအုံနှစ်လုံး ပြုပြင်ရေးရပ်နား

**မေဝင်းမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

ရန်ကုန်မြို့တွင်းရှိ ဦးစားပေးပြုပြင်ထိန်းသိမ်းလျက်ရှိသည့် ရှေးဟောင်းအဆောက်အအုံငါးခုအနက်ကုန်သည်လမ်းရှိယခင်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရုံး၊ ဗိုလ်ဆွန်ပက်လမ်းရှိယခင်စီးပွား/ကူးသန်းဝန်ကြီးဌာနရုံးနှင့်လုပ်ငန်းရှင်တစ်ဦးလေလံအောင်သွားသည့် မဟာဗန္ဓုလပန်းခြံလမ်းရှိ ယခင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနရုံး(ယခင်ရိုးကုမ္ပဏီ)တို့ကို ရှေးဟောင်းအဆောက်အအုံပြုပြင်ရေး ဆောင်ရွက်သည့်အဖွဲ့က ပြုပြင်ရေးလုပ်ငန်းများ ရပ်နားမည်ဖြစ်ကြောင်းသိရသည်။

ဝန်ကြီးများရုံးအဆောက်အအုံနှင့် ဆူးလေဘုရားလမ်းရှိ ယခင်ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနရုံးတို့ကို ယခုဘဏ္ဍာနှစ်တွင် ဆက်လက်ပြုပြင်သွားမည်ဟုရှေးဟောင်းအဆောက်အအုံပြုပြင်ရေးအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။


စာ(၁၂)သို့




ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)


ကားအပ်လိုက်သည့် စီအင်န်ဂျီတက္ကစီယာဉ်များ ဌာနသို့အသိပေးရန်လို
စာမျက်နှာ ၃

ကညနအခွန်ကို ပိုကုန်ရငွေ (သို့မဟုတ်) အက်ဖ်အီးစီဖြင့် ပေးဆောင်ရမည်
စာမျက်နှာ ၇

ကိုရီးယားသရုပ်ဆောင် လီချယ်လင်း မြန်မာပြည်လာမည်
စာမျက်နှာ ၃

ဟာရီရာ၊ ကွန်ဒရာနှင့် ဖော်ကျူနာကားများကို တင်သွင်းခွင့်မပြု
စာမျက်နှာ ၂၈






CNC
men's wear
Environment Friendly


Nino
QUALITY
Premium
NINO
CONTACT TO
New Item
Shop now


K&M

7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကိုရီးယားသရုပ်ဆောင် လီချယ်လင်း မြန်မာပြည်လာမည်

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ- ၂၆**



တောင်ကိုရီးယားနိုင်ငံ၏ သရုပ်ဆောင်များဖြစ်သည့် မင်းသား ချိုင်ဆိုဂျောင်း (Choi Soo Jong) နှင့် မင်းသမီး ဆိုရီဟွန်း (Soyi Hyun)တို့သည် ယခုနှစ်အောက်တိုဘာလတွင် ရန်ကုန်မြို့၌ကျင်းပမည့် ကိုရီးယားရုပ်ရှင်ပွဲတော်သို့ လာရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသံရုံးမှ သတင်းရရှိသည်။

မြန်မာနိုင်ငံသို့ လာမည့်လအတွင်း လာရောက်မည့် အဆိုပါသရုပ်ဆောင်နှစ်ဦးအနက် မင်းသားမှာ မြန်မာ့အသံ၊ မြဝတီနှင့် MRTV-4 ရုပ်သံဇာတ်လမ်းတွဲများမှ မြန်မာပရိသတ်နှင့် ရင်းနှီးနေသော သစ္စာနှလုံးသား (နှလုံးသွေးနှင့်ရင်း၍) ဇာတ်လမ်းတွဲတွင် အဓိကဇာတ်ကောင်နေရာမှ သရုပ်ဆောင်ခဲ့သူဖြစ်သည်။

မင်းသမီး ဆိုရီဟွန်းမှာမူ မကြာသေးမီကမှ MRTV-4 ရုပ်သံလိုင်းတွင် နေ့စဉ်ည ၉ နာရီအချိန်၌ ထုတ်လွှင့်ပြသခဲ့သော 'အနားမညီအချစ်' ကိုရီးယားဇာတ်လမ်းတွဲမှ အဓိကဇာတ်ဆောင် လီချယ်လင်းအဖြစ် သရုပ်ဆောင်ခဲ့သည့် သရုပ်ဆောင်ဖြစ်သည်။ မင်းသား ချိုင်ဆိုဂွန်းမှာမူ တောင်ကိုရီးယား ရာဇဝင်ဇာတ်လမ်းတွဲများ၌ အများဆုံးနာမည်ကြီးသူဖြစ်ပြီး ၎င်းပါဝင်သည့်ကားများသည် Family Entertainment ၏ 5 Movies စီးရီးများတွင်ပါ လူကြိုက်များကြကြောင်း မြန်မာနိုင်ငံ၏ ကိုရီးယားဇာတ်လမ်းပရိသတ်များထံမှ သိရသည်။

အဆိုပါတောင်ကိုရီးယားနိုင်ငံ၏ နာမည်ကျော်သရုပ်ဆောင်များသည် ကိုရီးယားရုပ်ရှင်ပွဲတော် မကျင်းပမီတစ်ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် အဆိုပါကိုရီးယားရုပ်ရှင်ပွဲတော်တွင် ဇာတ်ကားပေါင်း လေးကား ပြသသွားမည်ဖြစ်ပြီး ယင်းဇာတ်ကားအားလုံးမှာ အားကစားကို အခြေခံသည့် ဇာတ်လမ်းများဖြစ်ကြောင်း တောင်ကိုရီးယားသံရုံးမှ သိရသည်။

ရုပ်ရှင်ပွဲတော်ကျင်းပမည့်ရက်မှာ ၂၀၁၁၊ အောက်တိုဘာ ၂၁ မှ ၂၄ ရက်အထိဖြစ်သည်။

မြန်မာနိုင်ငံရှိ ကိုရီးယားရုပ်ရှင်ပွဲတော်သို့ ပြီးခဲ့သည့်နှစ်က လာရောက်ခဲ့သည့် သရုပ်ဆောင်တစ်ဦးမှာ ကိုရီးယားနိုင်ငံ၏ နာမည်ကျော်သရုပ်ဆောင်ဖြစ်ပြီး မြန်မာပရိသတ်များအကြားတွင် ရာဇဝင်တွင်တဲ့ နှလုံးသားဇာတ်လမ်းတွဲ၌ ဂျူမုံအဖြစ် အောင်မြင်ခဲ့သည့် သရုပ်ဆောင် ဆောင်အီဂွတ်ဖြစ်သည်။

## ကားအပ်လိုက်သည့် စီအင်န်ဂျီတကစီယာဉ်ပေါင်းများ
# စီအင်န်ဂျီဌာနသို့ အသိပေးထားရန်လို

**မေဝင်းမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၀**

အိုဟောင်းသည့်ယာဉ်များ အပ်နှံရေးစီမံချက်အရယာဉ်ဟောင်းအပ်နှံမည့် စီအင်န်ဂျီအသုံးပြုတက္ကစီယာဉ်များအတွက် စီအင်န်ဂျီအသုံးပြုခွင့်နှင့် ပတ်သက်သည့်ထုတ်ပြန်ချက်ကို မသိရသေးကြောင်း တက္ကစီယာဉ်ပိုင်ရှင်များထံမှသိရသည်။

"ကားအပ်နှံမယ့် စီအင်န်ဂျီတက္ကစီအဟောင်းတွေအနေနဲ့ကတော့ စီအင်န်ဂျီအိုးနဲ့ ကစ်တွေကို ဖြုတ်ပြီးမှကားအပ်ကြဖို့အကြံပြုချင်ပါတယ်။ ဖြုတ်ထားတဲ့ဂက်စ်အိုးနဲ့ကစ်တွေကို ကိုယ်တိုင်သိမ်းထားချင်ရင်လည်းရသလို စီအင်န်ဂျီဌာနမှာပြန်လည်အပ်နှံထားလို့လည်း ရပါတယ်။ စီအင်န်ဂျီဌာနက ထုတ်ပေးထားတဲ့ဓာတ်ငွေ့ဝယ်ယူခွင့်စာအုပ်၊ သက်သေခံအနီရောင်ကတ်ပြား၊ ကညနမှာ ကားအပ်ထားတဲ့ အထောက်အထားမိတ္တူနဲ့တကွ ဌာနမှာအပ်နှံသတင်းပို့ရမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ကားအပ်ထားပြီးတဲ့ တက္ကစီအချို့တော့ သတင်းပို့ထားတာရှိနေပါပြီ" ဟုစီအင်န်ဂျီဌာနမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသည့် တက္ကစီယာဉ်များမှာ နှစ်ပေါင်းကြာသည့် ၁၉၆၀မှ ၁၉၆၀အောက်၊ ၁၉၆၁မှ ၁၉၇၀အောက်၊ ၁၉၇၁ မှ ၁၉၈၀အောက်၊၁၉၈၁မှ၁၉၉၀ခုနှစ်အထိစသည်ဖြင့်တက္ကစီယာဉ်စုစုပေါင်း အစီးရေ၁၈၀၀၀ ကျော်ရှိပြီး စီအင်န်ဂျီအသုံးပြုတက္ကစီစီးရေမှာ ၁၃၀၀၀ ကျော်ရှိသည်ဟုသိရသည်။

အချို့သောတက္ကစီယာဉ်များမှာ မှန်များ၊ ထိုင်ခုံများ၊ တံခါးများ ကြံ့ခိုင်မှုနည်းပါးပြီး အိုဟောင်းနေသော်လည်း ပြန်လည်ပြုပြင်သုံးစွဲလျက်ရှိသည်။ ရန်ကုန်မြို့တွင်း ပြေးဆွဲနိုင်မည့် အငှားယာဉ်သစ်များ တင်သွင်းနိုင်ရန်အတွက်လည်း လက်ရှိတွင်ကုမ္ပဏီနှစ်ခုက ကမ်းလှမ်းထားသည်ဟုသိရသည်။

စီအင်န်ဂျီတက္ကစီယာဉ်များမှာ ဈေးကွက်တွင်း၌ အရောင်းအဝယ်အေးနေပြီး ယာဉ်ဝယ်ယူခွင့်ပါမစ်နှင့်လဲမည်ဆိုပါက ကျပ်သိန်း ၁၃၀ ဝန်းကျင်ဈေးရှိသည်ဟုသိရသည်။




7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# CRIME CORNER

## သန်လျင်အောင်ချမ်းသာကားဂိတ် ဆိုင်ခန်းတွင် မီးလောင်မှုဖြစ်ပွား

အိဖြူလွင်

ရန်ကုန်၊ စက်တင်ဘာ- ၂၂

သန်လျင်မြို့ အောင်ချမ်းသာကားဂိတ်ရှိဆိုင်ခန်းများ မီးလောင်ကျွမ်းမှု ယခုလ ၂၀ရက်က ဖြစ်ပွားခဲ့ရာ စုစုပေါင်းဆိုင်ခန်း ၇ ခန်း မီးလောင်ဆုံးရှုံးခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

ယင်းနေ့ညနေ ၅နာရီ ၂၀မိနစ်ခန့်တွင် ဆိုင်ခန်းများထဲမှ ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်၌ ဖယောင်းတိုင်မီးထွန်းထားရာမှတစ်ဆင့် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

ညနေ ၆နာရီကျော်တွင်ငြိမ်းသတ်နိုင်ခဲ့ပြီး မီးသတ်ယာဉ်နှင့် အုပ်ချုပ်မှုယာဉ်စုစုပေါင်း ၂၄စီးဖြင့် ငြိမ်းသတ်ခဲ့ရခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါ မီးလောင်မှုကို သန်လျင်ရဲစခန်းက ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## ဝန်ထမ်းကြိုပို့ယာဉ်ပေါ် ဓာတ်ကြိုးပြတ်ကျရာမှ တစ်ဦးသေဆုံး

အိဖြူလွင်

ရန်ကုန်၊ စက်တင်ဘာ- ၂၂

ရပ်ထားသည့် ဝန်ကြီးဌာနကြိုပို့ယာဉ်တစ်စီးပေါ်သို့ လျှပ်စစ်ဓာတ်ကြိုးပြတ်ကျရာမှ ကားပေါ်ပါသူတစ်ဦး သေဆုံးခဲ့သည်ဟု ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ သိရသည်။

ယမန်နေ့ နံနက်ပိုင်းက တာမွေမြို့နယ်အတွင်းရှိ ဦးချစ်မောင်လမ်းပေါ်တွင်ကြိုပို့ယာဉ်တစ်စီး ဝန်ထမ်းကြိုရန်ရပ်ထားစဉ် ကားပေါ်သို့ ဓာတ်ကြိုးပြတ်ကျခဲ့ခြင်း ဖြစ်သည်။

အဆိုပါယာဉ်သည်ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြိုပို့ယာဉ်ဖြစ်ကြောင်း သိရသည်။

သေဆုံးသူအား ရန်ကုန်ဆေးရုံကြီးသို့ပို့ဆောင်ခဲ့ပြီး ကားပေါ်မှဓာတ်ကြိုးကိုလျှပ်စစ်ဌာနနှင့်မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများက ရှင်းလင်းခဲ့ကြောင်း သိရသည်။

## ဖောင်းပြင်မြို့နယ် ဇီးဖြူတောင်ခြေတွင် ဖြစ်ပွားခဲ့သောဓားပြမှုကိုဖော်ထုတ်နိုင်

ရွှေလင်းပြည့်စုံ

ကောလင်း၊ စက်တင်ဘာ- ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ရဲစခန်း၏ အနောက်မြောက်ဘက် မိုင် ၇၀ခန့်အကွာ ဖောင်းပြင်မြို့နယ် နောင်မိုးရွာအနီးဖြစ်ပွားသောဓားပြမှုတစ်ခုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာပြီးခဲ့သည့်ဩဂုတ်လ ၈ရက်ညနေ ၄း၃၀ နာရီခန့်က ဟုမ္မလင်းမြို့နယ် ပင်းခွက်ကျေးရွာမှ ကြက်ရောင်းပြီးပြန်လာသည့် အမျိုးသား၊အမျိုးသမီးခုနစ်ဦးအား ဖောင်းပြင်မြို့နယ် နောင်မိုးရွာအလွန် ဇီးဖြူတောင်ခြေသို့ အရောက် လူခုနစ်ယောက်က လုပ်သေနတ်နှစ်လက်၊ လောက်လေးခွ၊ ဓားရှည်များကိုင်ဆောင်လျက် ၎င်းတို့အား မှောက်ခိုင်းထားပြီး ငွေနှင့်ပစ္စည်း စုစုပေါင်းတန်ဖိုး ကျပ် ၅၀၇,၀၀၀ ခန့်အား ယူဆောင်၍ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါသတင်းရလျှင်ပင်လည်ဘူးမြို့နယ်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပင်လည်ဘူးမြို့နယ် ရဲစခန်းက ရဲအုပ်မောင်ကျော်ဦးစီးသော အဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာပင်းခွက်ကျေးရွာသို့လည်းကောင်း၊ ဒုရဲအုပ်နိုင်လင်းအောင်ဦးစီးသော တပ်ဖွဲ့ဝင်များသည် သာစည်ကျေးရွာသို့လည်းကောင်း ပိတ်ဆို့ရှာဖွေမှုပြုလုပ်ခဲ့သည်။ ပင်လည်ဘူး မြို့နယ် နောင်တောအုပ်စု ပင်းခွက် ရွာနေသူများဖြစ်သည့် မောင်ရွှေ၊ မောင်ကြည်(၂၅နှစ်)၊ ဖိုးကောက်(ခ) သန်းနိုင်(၃၀နှစ်)တို့သုံးဦးအား ဖမ်းဆီးရမိခဲ့သည်။

ကျန်ရှိသော ဓားပြမှုကျူး လွန်းသူများကို လိုက်လံရှာဖွေဖမ်းဆီးနေဆဲဖြစ်ကြောင်း လက်ရဖမ်းဆီးရမိသူနှင့် အဖွဲ့အား ပင်လည်ဘူးမြို့နယ် ရဲစခန်းက (ပ) ၁၀၆/ ၂၀၁၁ ပြစ်မှုပုဒ်မ ၃၉၅အရ အရေးယူထားကြောင်း သိရသည်။

# ကားဟောင်း အပ်နှံပြီးသည့်စလစ်များ သိန်းတစ်ရာဝန်းကျင်အရောင်းအဝယ်ဖြစ်နေ

ပြည့်သိမ်း၊ အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ - ၂၁

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ကားဟောင်း အပ်နှံပြီး ထုတ်ယူရသည့်စလစ်(လက်ခံဖြတ်ပိုင်း) တစ်စောင်လျှင် ကျပ်သိန်း၁၀၀ ဝန်းကျင်အထိအရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။



ကားသွင်းခွင့်မျှော်လင့်ချက်ဖြင့် ပွဲစားများဈေးကစားခြင်းကြောင့် ယင်းကဲ့သို့ပေါက်ဈေးမြင့်ဈေးကွက်ဖြစ်လာခြင်းဖြစ်သည် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခုကဲ့သို့ဝယ်ယူနေသူများသည် ကားဝယ်ရောင်းသမားများဖြစ်ပြီး နားလည်မှုဖြင့် ရောင်းဝယ်နေခြင်းဖြစ်ကြောင်း ရန်ကုန်မြို့မှ ကားဝယ်ရောင်းတစ်ဦးက ဆိုသည်။ မန္တလေးမြို့တွင်မူ စလစ်ဝယ်ချင်သူများ ပိုများပြီး ရောင်းချလိုသူနည်းနေကြောင်း မန္တလေးမှ ကားဝယ်ရောင်းတစ်ဦးက ဆိုသည်။

"ဒီမနက်ပဲ စလစ်လေးခု အရောင်းအဝယ်ဖြစ်တယ်။ စလစ်တစ်ခုကိုသိန်း၈၀နဲ့ဝယ်သွားတယ်။ ဝယ်လိုအားလည်း မဆိုးဘူးလို့ ပြောရမှာပဲ"ဟု ဟံသာဝတီပွဲစားတန်းမှ ဝါရင့်ကားဝယ်ရောင်းတစ်ဦးကဆိုသည်။

စလစ်ရောင်းချရခြင်း အကြောင်းမှာလည်း နောက်ပိုင်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်သည့် ဘဏ်အကောင့်ဖွင့်ခြင်း၊ နိုင်ငံခြားငွေဝယ်ရခြင်း၊ နေပြည်တော်တွင် ပါမစ်သွားလျှောက်ရခြင်းတို့ကို မလုပ်ကိုင်လိုခြင်းကြောင့် ဖြစ်သည်။

လက်ရှိအခြေအနေအရဆိုလျှင် စလစ်ဝယ်ယူသူသည် နိုင်ငံတော်သို့ တရားဝင်ပေးရမည့် အခွန်များနှင့်ဆိုပါက ကားတစ်စီးလျှင် ကျပ်သိန်း ၂၀၀ အထက်တွင် ရှိနိုင်ကြောင်းလည်းသိရသည်။

ယင်းကဲ့သို့ စလစ်များရောင်းဝယ်မှုတွင် ရောင်းချသူလည်း လတ်တလော ငွေရ၊ ဝယ်ယူသူများမှာလည်း ကားကောင်းစီးရမည်ဖြစ်သဖြင့် Win & Win စနစ်ဖြစ်ကြောင်း၊ ဤကဲ့သို့ဖြစ်နေခြင်းကြောင့်ကျဆင်းနေသည့်ဝယ်လိုအားလည်း မြင့်တက်လာနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ကားဟောင်းများ ဖျက်သိမ်းရေးအတွက်ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံရေးအစီအစဉ်ကို စတင်ခွင့်ပြုသည့် စက်တင်ဘာ ၁၉ရက်တစ်ရက်တည်းတွင်ပင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)၌ မှတ်ပုံတင်ထားသောကားများအနက် အနှစ် ၄၀အထက် စ၊ ဆ၊ ဇ အက္ခရာကား အစီးရေပေါင်း ၁၀,၂၁၁ စီး၊ အနှစ် ၃၀ နှင့် ၄၀ သက်တမ်းရှိ ကား အစီးရေပေါင်း ၈,၃၃၁စီးရှိပြီး တစ်နိုင်ငံလုံးတွင် အဆိုပါကားအစီးရေပေါင်း ၃၆,၈၇၅ စီးရှိကြောင်း သိရသည်။

# အခြေခံပညာသင်ရိုးညွှန်းတမ်းများတွင် ကွန်ပျူတာ နည်းပညာဘာသာရပ် ဖြည့်စွက်မည်

ယုဇနကိုကို

ရန်ကုန်၊စက်တင်ဘာ- ၂၁

မြန်မာနိုင်ငံ၏ အစိုးရပညာသင် ကြားရေးစနစ်တွင် ကွန်ပျူတာနည်းပညာဆိုင်ရာဘာသာရပ် သင်ရိုးညွှန်းတမ်းကို ဖြည့်စွက်သင် ကြားပေးသွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းကဲ့သို့ ကွန်ပျူတာဘာသာရပ်ကို အခြေခံသင်ရိုးညွှန်းတမ်းအဖြစ် တိုးချဲ့သင်ကြားပေးမည်ဆိုသည့် သတင်းအချက်အလက်ကို ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးကြူက ယခုလ ဒုတိယပတ် နေပြည်တော်ခရိုင်တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံကွန်ပျူတာပညာရပ်ဆိုင်ရာ အစည်းအဝေးတစ်ခုတွင် တရားဝင်ပြောကြားခဲ့ခြင်းဖြစ်သည်။

အခြေခံသင်ရိုးညွှန်းတမ်းများတွင် တွဲဖက်သင်ကြားမည့် အဆိုပါဘာသာရပ်ကို ပဉ္စမတန်းမှ စတင်ကာ တက္ကသိုလ်ဝင်တန်းအထိ သင်ကြားသွားရန် စီစဉ်နေကြောင်း ပညာရေးနယ်ပယ်အချို့ရှိ တာဝန်ရှိသူများထံမှ သိရသည်။

ရည်ရွယ်ချက်မှာ အစိုးရကျောင်းများတွင် တက်ရောက်ပညာသင်ကြားကြသည့် ကျောင်းသားများ၏ ကွန်ပျူတာပညာရပ်ဆိုင်ရာ ဗဟုသုတများ တိုးတက်လာစေရေးအတွက်ဟုသိရသည်။ အဆိုပါ သင်ရိုးညွှန်းတန်းအသစ်ကို လာမည့် ၂၀၁၂-၁၃(သို့မဟုတ်) ၂၀၁၃-၁၄ ပညာသင်နှစ်တွင် စတင်သင်ကြားပေးသွားနိုင်ရန် စီစဉ်နေပြီဖြစ်သော်လည်း အချိန်ကာလအတိအကျကိုမူ မသိရှိရသေးကြောင်း အဆိုပါအစီအစဉ်တွင် ပါဝင်နေသည့် တာဝန်ရှိသူအချို့ထံမှသိရသည်။

အခြေခံပညာရေးစနစ်တွင် မဖြစ်မနေ တိုးချဲ့သင်ကြားပေးမည့် ကွန်ပျူတာဘာသာရပ်ဆိုင်ရာသင်ရိုးညွှန်းတမ်းများကို ယခုအချိန်တွင် စတင်ရေးဆွဲနေပြီဖြစ်သည်ဟုသိရသည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# ကားဟောင်းအပ်ကာ ကားသစ်သွင်းသူများ ကညနအခွန်ကို ပို့ကုန်ရငွေ (သို့မဟုတ်) အက်ဖ်အီးစီနှင့် ပေးဆောင်ရမည်

အားမာန်

ရန်ကုန်၊ စက်တင်ဘာ - ၂၂

**ကားအဟောင်းအပ်နှံ၍ ကားအသစ်တင်သွင်းသူများ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ပေးဆောင်ရမည့်အခွန်ကို ပို့ကုန်ရငွေ(သို့မဟုတ်)အက်ဖ်အီးစီနှင့်ပေးသွင်းရမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။**

ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်တွင် ကားအဟောင်းအပ်နှံပြီး ကားအသစ်တင်သွင်းသူများမှာ အိမ်စီးကားဖြစ်ပါက ၁၀၀ ရာခိုင်နှုန်းကို ကညနသို့ ကားတင်သွင်းသည့်အတွက်အခွန်ပေးဆောင်ရမည်ဖြစ်သည်။ သို့သော် အဆိုပါ ၁၀၀ ရာခိုင်နှုန်းထဲမှ ကား၏တန်ဖိုးအဖြစ် အနည်းဆုံး ၁၅ မှ ၃၀ ရာခိုင်နှုန်းအထိ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ ကားတန်ဖိုး နုတ်ပြီးနောက် ပေးဆောင်ရမည့်အခွန်ငွေကို ပို့ကုန်ရငွေ (သို့မဟုတ်) အက်ဖ်အီးစီဖြင့် ပေးသွင်းရန် သတ်မှတ်ထားခြင်းဖြစ်ပြီး ပို့ကုန်ရငွေမရှိသူများမှာ ဘဏ်တွင် ငွေစာရင်းဖွင့်၍ ပို့ကုန်ရငွေကိုလွှဲပြောင်းဝယ်ယူ(Account Transfer) နိုင်ကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

စက်တင်ဘာ ၁၉ ရက်မှ စတင်၍ ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်စတင်ပြီးနောက် ငါးရက်အတွင်း တစ်နိုင်ငံလုံးတွင် ကားအဟောင်း ၂၃၀၉စီး အပ်နှံခဲ့သည်။ ထိုကားများထဲမှ ၁၈၉၃ စီးမှာ အပြီးအပိုင် အပ်နှံခြင်းဖြစ်ပြီး ၄၁၆ စီးမှာ ကားအပ်နှံသူကပြန်လည်ငှားရမ်း၍ အသုံးပြုနေကြောင်းလည်း သတင်းရရှိသည်။ အဆိုပါအစီအစဉ်အတွက် တစ်နိုင်ငံလုံးတွင် ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းရေးအဖွဲ့ဖြင့် နေရာ ၁၈ နေရာ ဖွဲ့စည်းထားရှိသော်လည်း စက်တင်ဘာ ၂၂ ရက်အထိ အချို့နေရာမှာ အလုပ်မလုပ်နိုင်သေးကြောင်းလည်း တာဝန်ရှိသူကပြောသည်။

အဆိုပါမြို့များတွင် ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းရေးအဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်ရန် ညွှန်ကြားချက်ရောက်ရှိမှုနောက်ကျ၍ ထိုအဖွဲ့များ ဖွဲ့စည်းဆဲဖြစ်ပြီး လုပ်ငန်းစတင်နိုင်ရန် စီစဉ်နေဆဲဖြစ်သည်။

ကားအဟောင်းများ အပ်နှံပြီးနောက် ရရှိသောစလစ်များဖြင့် နေပြည်တော်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရုံးရှိ One Stop အဖွဲ့ထံသို့စက်တင်ဘာ ၂၀ ရက်မှစတင်၍ ကားသွင်းခွင့်လိုင်စင်လျှောက်ထားသူများ ရှိနေပြီဖြစ်သည်။ ထိုနေ့က ကားသွင်းခွင့်လိုင်စင်လျှောက်ထားသူ ၃၀ ဦးဝန်းကျင်ရှိသော်လည်း သုံးဦးသာ လိုင်စင်ရရှိခဲ့သည်။ ကျန်သူများမှာ စာရွက်စာတမ်း မပြည့်စုံခြင်းကြောင့် ရန်ကုန်သို့ တစ်ခေါက်ပြန်ကာ စာရွက်စာတမ်းများ ပြန်လည်လုပ်ကိုင်နေရကြောင်း သတင်းရရှိသည်။

ကားသွင်းခွင့်လိုင်စင်လျှောက်ထားသူအများစုမှာ လိုင်စင်လျှောက်ထားမှုအတွေ့အကြုံမရှိသည့်အတွက် မည်သည့်စာရွက်စာတမ်းလိုသည်ကို မသိရှိကြသူများနေကြောင်းလည်း သတင်းရရှိသည်။

# တိုးမြှင့်ပင်စင် လျင်မြန်စွာထုတ်ပေးနိုင်ရေး ဝန်ထမ်းများ တိုးချဲ့ဆောင်ရွက်နေဟုဆို

ကျော်သီဟ

ရန်ကုန်၊ စက်တင်ဘာ - ၂၁

တိုးမြှင့်ပင်စင်များအား လျင်မြန် စွာ ထုတ်ပေးနိုင်ရန် ရန်ကုန်၊မန္တလေးရှိပင်စင်ဦးစီးဌာနများတွင်ပင်စင်ဌာနမှ အငြိမ်းစားယူပြီးသော အရာထမ်း၊ အမှုထမ်းများ ယာယီပြန်လည်ခန့်ထားကာ လုပ်ကိုင်နေသည်ဟု နေပြည်တော် ပင်စင်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်ကပြောကြားသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပင်စင်လစာတိုးမြှင့်ပြီးနောက် ပင်စင်လစာထုတ်ယူနိုင်ခြင်း မရှိသေးသည့် ပင်စင်စားများစွာရှိနေသည်**

အနယ်နယ်အရပ်ရပ်မှ နေပြည်တော် ပင်စင်ဦးစီးဌာနသို့ဩဂုတ်လအတွင်းတိုးမြှင့်ပင်စင်တောင်းခံလွှာများအား သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ပြန်လည်၍ ငွေပေးမိန့်များတွက်ချက်ချပေးထားပြီးဖြစ်သည်။

"မြန်ဆန်အောင် ရန်ကုန်၊ မန္တလေးမြို့တွေမှာရှိတဲ့ ပင်စင်ဦးစီးဌာနမှာ တာဝန်ထမ်းဆောင်သွားတဲ့ အငြိမ်းစားကျွမ်းကျင်အမှုထမ်း၊ အရာထမ်းတွေကို ပြန်ပြီးခေတ္တလုပ်ကိုင်စေတယ်။ ရန်ကုန်မှာဆို ပင်စင်ဦးစီးဌာနက အငြိမ်းစားဝန်ထမ်း၁၀ဦးရှိပြီး၊ မန္တလေးမှာသုံးဦးလောက်ရှိတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။ ထို့အပြင် ဝန်ကြီးဌာနအသီးသီးရှိပင်စင်ဌာနခွဲများမှ ဝန်ထမ်းများလည်း တိုးမြှင့်ပင်စင်များ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အချက်အလက်မပြည့်စုံတဲ့သူတွေကအစ တိုးမြှင့်ပင်စင်ကို အနီးစပ်ဆုံး တွက်ချက်ပြီး ပင်စင်စားတွေခံစားနိုင်အောင် ငွေပေးမိန့်တွေပေးနေပါတယ်" ဟုပင်စင်ဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပင်စင်ခံစားခွင့်နှင့်ပတ်သက်၍ ပင်စင်စား၏ ဇနီး၊ ခင်ပွန်းအား လေးပုံသုံးပုံခံစားခွင့်ကို (၁/၁၀/၉၄)၁၉၉၄ထုတ်ပြန်ကြေညာချက်အရသက်ရှိထင်ရှားနေသောကာလတစ်လျှောက်လုံး ခံစားခွင့်ပြုထားသည်။ ထိုမှတစ်ဆင့် သားသမီး၊ ညီအစ်ကိုမောင်နှမများအား ခံစားခွင့်ပြုရာတွင် ကာလစည်းကမ်းသတ်မှတ်ချက် (သတ်မှတ်ချိန်)တစ်ခုရှိကြောင်း သိရှိရသည်။




LUX
သင့်အလှကိုကြေညာလိုက်ပါ
Unilever
ဘယ်တုန်းကနဲ့မှ မတူတဲ့
ပိုးသားလေးလို
နူးညံ့ချောမွေ့စိုပြေစေဖို့အတွက်
Lux အသစ်
ပထမဆုံးအကြိမ်
ပိုးသားပရိုတိန်းအဆီအနှစ်တွေ
ပေါင်းစပ်ပါဝင်သည်။
LUX

7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# လုပ်ငန်းလိုင်စင်အတွက် လာဘ်ထိုးရလျှင် အချိန်မရွေးပြောနိုင်ကြောင်း MICဥက္ကဋ္ဌသစ်ပြောကြား

ထူးသန့်

နေပြည်တော်၊ စက်တင်ဘာ- ၂၀

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိဖို့အတွက် လာဘ်ထိုးရ၊ လာဘ်ပေးရလျှင် အချိန်မရွေး ပြောဆိုနိုင်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌသစ်ဦးစိုးသိန်းက ဘိလပ်မြေစက်ရုံ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

“ကျွန်တော်တို့ ရှင်းရှင်းလင်းလင်းပဲ ဆောင်ရွက်ပါမယ်။ လုပ်ငန်းလိုင်စင်တွေရဖို့အတွက် လာဘ်ထိုးရတယ်။ လာဘ်ပေးရတယ်ဆိုရင် အချိန်မရွေးပြောနိုင်ပါတယ်။ ဘိလပ်မြေစက်ရုံအတွက် လိုင်စင်ရဖို့ငွေများစွာ ကုန်ရတယ်ဆိုတာ အလွန်တရာ နားကလောတယ်။ ဒီခေတ်မှာ မဖြစ်သင့်တော့ဘူး”ဟု ဦးစိုးသိန်းက စက်တင်ဘာ ၂၀ ရက်ပြုလုပ်သော ဘိလပ်မြေစက်ရုံလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် လုပ်ငန်းရှင်များသို့ ပြောကြားသွားခဲ့ခြင်း ဖြစ်သည်။

၎င်းအပြင် ဘိလပ်မြေစက်ရုံ တည်ဆောက်လုပ်ကိုင်ခွင့်ရရန် အဆိုပြုလာသော လုပ်ငန်းရှင်များသို့လည်း လတ်တလောတွင် သဘာဝဓာတ်ငွေ့ကို မျှော်ကိုးပြီး မကြိုးစားသင့်ကြောင်းပြောသည်။ သဘာဝဓာတ်ငွေ့ကိုနောင်၃၊၄နှစ်ရောက်မှသာလျှင် သုံးစွဲနိုင်မည်ဖြစ်ကြောင်းလောလောဆယ်တွေ့ရှိထားရုံသာရှိပြီး တူးဖော်သွယ်တန်းခြင်းများ ဆက်လက်လုပ်ဆောင်သွားရဦးမည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

ထို့အပြင် နောင်တွင် ဖြစ်လာမည့် ငွေကြေးဆိုင်ရာ မူဝါဒများ၊ မြေအသုံးချမှုဆိုင်ရာ အမိန့်ကြော်ငြာစာများအတိုင်း လိုက်နာသွားရန် လိုအပ်ကာ ယင်းအခြေအနေအရစက်ရုံများမှ ဘဏ်တွင် စာရင်းဖွင့်ကာ ဝင်ငွေ၊ ထွက်ငွေများ အတိအကျထားရှိဖို့လိုအပ်လာမည်ဖြစ်ပြီး ပြင်ပစာရင်းစစ်များဝင်ရောက်စစ်ဆေးပါက အဆင်သင့်ရရှိနိုင်ရန် လုပ်ဆောင်ထားဖို့လိုကြောင်းလည်း ယင်းက တိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်လျက်ရှိသောဘိလပ်မြေစက်ရုံ ၁၅ ရုံရှိပြီး တည်ဆောက်ရန် ခွင့်ပြုချက်ရရှိထားသော စက်ရုံ ၄ ရုံနှင့် စိစစ်ဆဲစက်ရုံ ၇ ရုံရှိသည်။ တည်ဆောက်ခွင့် ရရန် အဆိုပြုထားသော စက်ရုံ ၁၃ ရုံရှိကြောင်းလည်း သိရသည်။ အထက်ပါ စက်ရုံများအားလုံး၏ အဆိုပြုတင်ပြချက်များအရ နှစ်စဉ်ဘိလပ်မြေတန်ချိန် ၆ သန်းခန့် လိုအပ်သော မြန်မာနိုင်ငံတွင် နှစ်စဉ်တန်ချိန် ၁၇ သန်းခန့်ထုတ်လုပ်နိုင်စွမ်းရှိကြောင်းသိရသည်။

# ပြည်သူ့လွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းနှစ်ခုရှိ

အိဖြူလွင်

ရန်ကုန်၊ စက်တင်ဘာ- ၂၂

ပြည်သူ့လွှတ်တော်တွင် ပါတီစုံမှ ကိုယ်စားလှယ်များအားလုံး ပါဝင်ဆွေးနွေးပြီး အတည်ပြုသော ဥပဒေကြမ်းနှစ်ခုရှိပြီဖြစ်သည်။

ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း နှင့် ၂၀၁၁ ခုနှစ် လယ်ယာမြေ ဥပဒေကြမ်းတို့ကို အတည်ပြုရန်အတွက် ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းတင်သွင်းသူ၊ ပြည်ထောင်စုအဆင့်တာဝန်ရှိသူနှင့် ကိုယ်စားလှယ်အားလုံးက ပြင်ဆင်ချက်များပြင်ဆင်၍ အတည် ပြုခဲ့ခြင်းဖြစ်သည်။



ပြည်သူ့လွှတ်တော် အစည်းအဝေးမြင်ကွင်း

ဓာတ်ပုံ - သီဟ

ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်ချုပ်ရေးဥပဒေကြမ်းကို လက်ရှိပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်သွင်းပြီး ၂၀၁၁ခုနှစ်လယ်ယာမြေဥပဒေကြမ်းကို ဟသ်ာတမြို့နယ် မဲဆန္ဒနယ်မှ ဦးဌေးဦးက တင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းများ ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကတင်ပြသည့်ပြင်ဆင်ချက်များအပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# တိုင်ကြားမှုရှိသည့်ရပ်ကွက်နှင့်ကျေးရွာအချို့ အုပ်ချုပ်ရေးမှူးအသစ်အားမဲပေးရွေးချယ်

မြတ်စုမွန်

**ရန်ကုန်၊ စက်တင်ဘာ - ၁၉**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်အတွင်းရှိရပ်ကွက်နှင့် ကျေးရွာအချို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပတ်သက်၍ ပြည်သူလူထုက မကျေနပ်ချက်များကို တိုင်ကြားခြင်းများဖြစ်ပေါ်ခဲ့သဖြင့် ပြည်သူလူထု၏ဆန္ဒနှင့်အညီ မဲပေးရွေးချယ်မှုများ ပြန်လည်ပြုလုပ်ခဲ့ရကြောင်း သံတွဲမြို့နယ်အုပ်ချုပ်ရေးမှူးထံမှသတင်းရရှိသည်။

"လူထုထောက်ခံထားတဲ့လူတွေကို ယာယီတာဝန်ယူထားဖို့ ပြောထားတယ်။ ခန့်အပ်ဖို့အတွက် ပြည်နယ်စည်ပင်ဝန်ကြီးကို တင်ပြထားတယ်။ သူတို့ဆီမှာ ရုံးတံဆိပ်တုံးတွေရှိတယ်"ဟု သံတွဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က 7Day News သို့ပြောသည်။

ထိုသို့ ပြည်သူ့ဆန္ဒသဘောအရ မဲပေးရွေးချယ်ခြင်းမှာ ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်အားလုံးတွင် ပြုလုပ်ခြင်းမဟုတ်ဘဲ လူထုက တိုင်ကြားသည့် ကြာညိုကျေးရွာနှင့် မြို့ပေါ်ရှိ အမှတ် ၅ ရပ်ကွက်တို့၌သာ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ထံမှ သတင်းရရှိသည်။

"ဩဂုတ်လ နောက်ဆုံးပတ်ထဲမှာရပ်ကွက်ကလူ၃၀၀လောက်သွားပြီးမဲပေးရတယ်။လျှာထားခံရတဲ့သုံးယောက်ထဲမှာတစ်ယောက်ကထောက်ခံမဲ၁၁၀ရပြီးကန့်ကွက်မဲမရှိဘဲ အနိုင်ရတယ်။ ဒါပေမဲ့ အခုချိန်ထိ မခန့်ရသေးဘူး။ ကျွန်တော်တို့ရပ်ကွက်မှာ ရပ်ကွက်လူကြီးမရှိသေးဘူးဖြစ်နေတယ်" ဟု သံတွဲမြို့၊ အမှတ် ၅ရပ်ကွက်တွင် နေထိုင်သည့် ဒေသခံတစ်ဦးက ပြောသည်။

အမှတ် ၅ ရပ်ကွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ် ဝင်ရောက်ရွေးချယ်ခံသူများမှာ ဦးမောင်ချေ၊ ဦးဝင်းလတ်နှင့် ဦးပါကြီးတို့ဖြစ်ပြီး ဦးမောင်ချေက ကန့်ကွက်သူမရှိဘဲ ထောက်ခံမဲ ၁၁၀၊ ဦးဝင်းလတ်က ထောက်ခံမဲ ၆၅နှင့်ကန့်ကွက်မဲ ၂၅မဲ၊ ဦးပါကြီးက ထောက်ခံမဲ ၆၈ မဲ၊ ကန့်ကွက်မဲ ၂၈ မဲ အသီးသီးရရှိခဲ့ကြောင်း ယင်းဒေသခံကပြောသည်။

"ရွေးချယ်ခံထားရတဲ့ လူတွေကို တရားဝင်ခွင့်ပြုမိန့်မကျသေးလို့ခွင့်ပြုမိန့်မထုတ်သေးတာဘဲရှိတယ်။ လိုအပ်တာတွေကို သူတို့နဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်"ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

## သဘာဝဓာတ်ငွေ့သုံးယာဉ် အင်ဂျင်ခန်းအတွင်း အဝတ်စမေ့ကျန်ရာမှ မီးလောင်

မေဝင်းမွန်

**ရန်ကုန်၊ စက်တင်ဘာ - ၂၁**

သဘာဝဓာတ်ငွေ့သုံးဒိုင်နာခရီးသည်တင်ယာဉ်တစ်စီးသည် အင်ဂျင်ခန်းအတွင်း အဝတ်စတစ်စသိမ်းဆည်း ရန်မေ့လျော့ရာမှ အပူကြောင့်မီးပွားထွက်ကာ အဝတ်စလောင်ကျွမ်း ပြီး မီးလောင်ကျွမ်းမှု ယခုလ ၁၉ ရက်ကဖြစ်ပွားခဲ့ကြောင်းစုံစမ်း သိရသည်။

မြောက်ပိုင်းခရိုင်၁၂၁/၁၂၃ ယာဉ်လိုင်းမှဒိုင်နာယာဉ်သည် အဆိုပါနေ့ နေ့လယ် ၁နာရီအချိန် ခန့်တွင် ရန်ကုန်-ပြည်လမ်း၊ ဂျပန်လမ်းထိပ်အနီးတွင် မီးလောင်မှုဖြစ်ခဲ့ပြီး ၁ နာရီ ၂၅မိနစ်ခန့်တွင် မီးသတ်ယာဉ်များ ရောက်ရှိကာ မီးငြိမ်းသတ်နိုင်ခဲ့သည်ဟုသိရသည်။

ယာဉ်ဦးခေါင်းပိုင်း၊ အင်ဂျင် ခန်းနှင့် စီအင်န်ဂျီ Low Pressure ပိုက်များမီးလောင်ကျွမ်းခဲ့ပြီး စီအင်န်ဂျီအိုးများနှင့်High Pressure ပိုက်များ မီးဟပ်ခံခဲ့ရသော်လည်း ပေါက်ကွဲမှုမရှိဟုသိရသည်။ လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရ သည်။

စီအင်န်ဂျီဓာတ်ငွေ့အိုးများနှင့် အိုးလိုင်းအကူးများ ဖြုတ်ခြင်း၊ တပ်ခြင်းများကို ခွင့်ပြုချက်မရှိဘဲ ဖြုတ်၊တပ်ခြင်းများပြုလုပ်ကြရာမှ မီးလောင်ကျွမ်းမှုများဖြစ်ပွားနိုင်သဖြင့် မိမိသဘောနှင့်ပြုလုပ်ခြင်းများကို ရှောင်ကြဉ်သင့်ကြောင်း စီအင်န်ဂျီ ဌာနမှတာဝန်ရှိသူက အကြံပြုပြောကြားသည်။

# မြို့တော်အတွင်းခေါင်းလောင်းတီးစနစ်ဖြင့်အမှိုက်သိမ်းခြင်းကို ပုဂ္ဂလိကသို့လွှဲပြောင်းထားခြင်းမရှိ

## မြို့နေလူထုမှာ စည်ပင်အမှိုက်သိမ်းစနစ်ထက် ရပ်ကွက်တွင်း မိမိတို့အစီအစဉ်ဖြင့်သာ ဖြေရှင်းနေရသည်

မြတ်စုမွန်

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

ရန်ကုန်မြို့ဧရိယာအတွင်း နေ့စဉ်အမှိုက်သိမ်းစနစ်ကို မြို့တော်စည်ပင်သာယာရေးကော်မတီကသာ ခေါင်းလောင်းတီးစနစ်ဖြင့်ဆောင်ရွက်လျက်ရှိပြီး၊ ပုဂ္ဂလိကသို့ ကန်ထရိုက်စနစ် လွှဲပြောင်းထားပေးခြင်းမရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောကြားသည်။

"ဌာနက တရားဝင် ခွင့်ပြုမထားပါဘူး။ သူတို့ဘာသာ သူတို့လက်တွန်းလှည်းတစ်ခုနဲ့လိုက်လုပ်နေကြတာ။ ပုဂ္ဂလိကလှည်းတွေတွေ့ရင်ဌာနက အရေးယူတာမျိုးတွေလုပ်နေပါတယ်"ဟု အထက်ပါဌာနမှ လက်ထောက်ဌာနမှူး ဦးနေမျိုးဦးကပြောသည်။

"အဲဒီလူတွေက ဌာနက အမှိုက်ကန်တွေမှာ မပစ်ရဲဘူး။ ဒီတော့ မြောင်းထဲသွန်တာ၊ ကျန်တဲ့နေရာတွေမှာ သွန်တာမျိုးတွေလုပ်တယ်။ သူတို့ ငွေယူပြီး အမှိုက်လိုက်သိမ်းနေတာတွေက ပစ်တဲ့သူနဲ့ သူတို့ရဲ့ကိစ္စ ဖြစ်သွားပြီ။ ခေါင်းလောင်းတီး လှည်းလာတဲ့အချိန်နဲ့ သတ်မှတ်ထားတဲ့အမှိုက်ကန်တွေ သတ်မှတ်ပေးထားပါတယ်။ အဲလိုစနစ်တကျ ပစ်သင့်တယ်"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရန်ကုန်မြို့တော်ဧရိယာအတွင်းရှိ မြို့နယ်များတွင် နေ့စဉ်ခေါင်းလောင်းတီးစနစ်နှစ်မျိုးဖြင့် စွန့်ပစ်အမှိုက်များသိမ်းဆည်းလျက်ရှိပြီး စည်ပင်သန့်ရှင်းရေးဝန်ထမ်းယူနီဖောင်းဝတ်ဆင်ထားသူများထံတွင် အမှိုက်ပစ်ပါကအခကြေးငွေပေးဆောင်ရန် မလိုအပ်ကြောင်းသိရသည်။

"ကျွန်မတို့ ရပ်ကွက်ထဲမှာတော့ အရင်ကအမှိုက်တွန်းလှည်းတွေမှာပစ်ရင်၁၀၀စီပေးရတယ်။ အခုနောက်ပိုင်းမှာခေါင်းလောင်းတီးလှည်းတွေက အချိန်မှန်လာတယ်။ တိုက်ခန်းတွေဆိုရင် ခေါင်းလောင်းကြိုးဆွဲပြီး အမှိုက်ပစ်မလားလို့မေးတယ်။ ပိုက်ဆံမပေးရတော့ဘူး"ဟုကမာရွတ်မြို့နယ်၊ လှည်းတန်း ၇ လမ်းတွင်နေထိုင်သူတစ်ဦးကပြောသည်။

မြို့တော်စည်ပင်က လုပ်ဆောင်လျက်ရှိသော ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်သိမ်းဆည်းနည်းနှစ်မျိုးမှာ အမှိုက်သိမ်း



ကား ဝင်ရောက်နိုင်သော ရပ်ကွက်များသို့ ခေါင်းလောင်းတီးကား ဝင်ရောက်သိမ်းဆည်းသည့်နည်းနှင့် ကျဉ်းမြောင်းပြီး လမ်းပိတ်ဆို့နိုင်သောရပ်ကွက်များတွင် ခေါင်းလောင်းတီးလှည်းဖြင့် ဝင်ရောက်သိမ်းဆည်းခြင်းများပြုလုပ်သည့်နည်းတို့ဖြစ်ကြောင်း သိရသည်။

"ခေါင်းလောင်းတီးစနစ်က အရင်တုန်းကတည်းက ရှိခဲ့ပေမယ့် အခုနောက်ပိုင်းမှ ပိုပီပြင်အောင်လုပ်လာတယ်။ ဌာနအနေနဲ့ ပြည်သူတွေဆီက သုံးလ တစ်ကြိမ် သန့်ရှင်းခွန်ကောက်ခံနေတာဖြစ်တဲ့အတွက် အမှိုက်ပစ်ခထပ်ပြီး မကောက်ခံပါဘူး"ဟု လက်ထောက်ဌာနမှူးက ရှင်းပြသည်။ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်သိမ်းခြင်းသည် မြို့နယ်တစ်ခုနှင့်တစ်ခု အချိန်တူညီမှုမရှိကြောင်း အထက်ပါဌာနမှသိရသည်။

"ကျွန်မတို့ရပ်ကွက်မှာ နေ့တိုင်း အမှိုက်တွန်းလှည်းတွေလာတယ်။ တစ်ခါပစ်ရင် ပိုက်ဆံ ၁၀၀ စီပေးရတယ်။ တစ်ခါတလေ အကြွေမရှိလို့၅၀ ပေးတာတောင် မရဘူး။ ခေါင်းလောင်းတီးစနစ်နဲ့ အမှိုက်သိမ်းချိန်ကို အလုပ်ခွင်သွားကြတဲ့လူတွေ ပြန်ရောက်တဲ့ ညနေပိုင်းလိုအချိန်မျိုး သတ်မှတ်ပေးသင့်တယ်"ဟု လှိုင်မြို့နယ်၊ မယ်စီ ကုန်းလမ်းတွင် နေထိုင်သူတစ်ဦးကပြောသည်။

ထို့အပြင် ရန်ကုန်မြို့တော်ဧရိယာအတွင်းရှိမြို့နယ်များတွင် အမှိုက်စွန့်ပစ်ကန် စုစုပေါင်း ၉၄၆ ကန်ရှိကာ ဆက်လက်ပြီး အမှိုက်ပစ်အုတ်ကန် ၁၁၀ လုံးကိုလည်း ထပ်မံတည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း၊ မြို့တော်စည်ပင်သန့်ရှင်းရေးဌာနတွင် အမှိုက်သိမ်းဝန်ထမ်း ၃,၀၀၀ကျော်နှင့် မော်တော်ယာဉ်အစီးရေ ၂၀၀ ကျော်ဖြင့် နေ့စဉ် စွန့်ပစ်အမှိုက်သိမ်းဆည်းမှုများကို ပြုလုပ်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေး ဌာနမှသိရသည်။

# ဘီလပ်မြေစက်ရုံများ သတ်မှတ်စည်းကမ်း မလိုက်နာလျှင် ပိတ်သိမ်းခံရနိုင်

ထူးသန့်

**ရန်ကုန်၊ စက်တင်ဘာ- ၂၀**

တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ခွင့်ရရန်ရှိသော ဘီလပ်မြေစက်ရုံများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုထားသည့်အတိုင်း မလိုက်နာလျှင် ပြန်လည်ပိတ်သိမ်းရန်ရှိကြောင်း ကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းက ဘီလပ်မြေစက်ရုံလုပ်ငန်းရှင်များနှင့် ယနေ့တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

"MIC ကလိုချင်တာတွေ ရေးတင်ပြီး ပါပစ်ရယူမယ်။ MIC ရဲ့ ခွင့်ပြုချက်ရပြီးရင် လုပ်ချင်တာလုပ်ရင်နိုင်ငံနစ်နာတယ်။ နောင်မှာ MIC ခွင့်ပြုတဲ့အတိုင်း လုပ်၊ မလုပ်ဆိုတာ တာဝန်ရှိလာမယ်။ အဲဒီအခါမှာ မပိတ်သိမ်းဖို့တောင်းပန်လို့မရဘူး"ဟုဦးစိုးသိန်း က လုပ်ငန်းရှင်များသို့ပြောကြားခဲ့သည်။

ဘီလပ်မြေစက်ရုံများအနေဖြင့် သဘာဝပတ်ဝန်းကျင်အတွက် သစ်ပင်များ စနစ်တကျ ပြန်လည်စိုက်ပျိုးပေးရန် လူမှုပတ်ဝန်းကျင်ကိုသက်ရောက်နိုင်မှု သိရှိရန်နှင့် ဝန်းကျင်ကျေးရွာများအား ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ပံ့ပိုးမှုများ ကူညီထောက်ပံ့ပေးရန် တာဝန်ရှိလာမည်ဖြစ်ကြောင်းလည်းဧင်းက ပြောကြားသည်။

"သဘာဝပတ်ဝန်းကျင် ဥပဒေထွက်လာဖို့ရှိပါတယ်။ လုပ် ငန်းတွေအနေနဲ့ ဧရိယာ တူ

သစ်ပင်စိုက်ဖို့ရှိလား။ Social Impact ဘာတွေရှိနိုင်သလဲ ရေရှည်ဖွံ့ဖြိုးအောင် ဘာတွေလုပ်သလဲ၊ ဝန်းကျင်ကျေးရွာတွေကို ကျောင်း၊ ဆေးရုံ၊ ဆေးခန်းတွေ ဆောက်ပေးရဲ့လား အမြတ်ကို ချည်းပဲ ယူလို့မရဘူး"ဟု ဧင်းက အသိပေးပြောကြားခဲ့သည်။

စက်ရုံများတည်ဆောက်လည်ပတ်ရာတွင် မြေလွတ်၊ မြေရိုင်းများဟုဆိုသော်လည်း ကြာလာလျှင် ပတ်ဝန်းကျင် လူထုနှင့်ဆက်စပ်လာမည်ဖြစ်ကြောင်း အဆိုပါလူထုနှင့်ထိတွေ့ဆွေးနွေးပြီးမှ လုပ်ကိုင်စေချင်ကြောင်း၊ မြေပုံကိုကြည့်ပြီး မလုပ်သင့်ကြောင်းနှင့် ဖြစ်လာမည့်အကျိုးဆက်များကို လေ့လာပြီးမှသာ လုပ်ကိုင်သင့်ကြောင်းလည်း အကြံပြုပြောကြားခဲ့သည်။

ပတ္တမြားနဂါးကုမ္ပဏီမှ တာဝန်ရှိသူကမူ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနမှ မြေငှားရမ်းခများ ဆယ်ဆတက်သွားပြီး ယခင်တစ်ဧကတစ်နှစ် ၅၀၀ ကျပ်သာ ရှိရာက ယခုအချိန်တွင် ၅,၀၀၀ ကျပ်အထိ ရှိသွားကြောင်း ပြောကြားသည်။

TRADEMARK CAUTION
Advance Container Lines (Pte) Ltd, a company incorporated in Singapore at 140 Cecil Street, #01-00, PIL Building, Singapore 069540 is the Owner and Sole Proprietor of the following Trademarks:-

Reg:No. 4 / 8016 / 2005

ACL

Reg:No. 4 / 8017 /2005
In respect of : Int'l class 39: Transportation services by water, packing and packaging of goods for transportation; ship brokerage services; freight shipping and freight forwarding services; travel arrangements, transport by water and information thereof, all provided on-line from a computer database or the global communications network.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990 29.Sept.2011

Life
7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# မကွဲပြားတဲ့ဘဝနှစ်ခုပိုင်ရှင်

ငြိမ်းငြိမ်းနိုင်

မြေစိုက်တစ်ထပ်အိမ်နှင့် ဝါးထရံကာ နှစ်ထပ်အဖီဆောင်တို့က ခြံဝန်းနှင့် အပြည့်နီးပါး နေရာယူထားသည်။ အိမ်တွင်း၊ အိမ်ပြင်နှင့် ခြံရှေ့မြေကွက်လပ်တွင် သွားလာလှုပ်ရှားပြေးလွှားနေသူတို့က အသက်အရွယ်စုံ အသွင်အပြင်စုံဖြစ်၏။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



မိဘနှစ်ဦးစလုံး ဆုံးပါးသွားပြီဖြစ်သည့် အိတ်ချ်အိုင်ဗီကလေးငယ်တစ်ဦးကို နို့မှုန့်တိုက်ကျွေးနေသည့် မဖြူဖြူသင်း

နှစ်ထပ်ဆောင်အတွင်း လဲလျောင်းနေသူ၊ ငုတ်တုတ်၊မတ်တပ် စကားပြောနေကြသူများအပြင် လဲလျောင်းအိပ်စက်ရင်း ပိုက်တန်းလန်းဖြင့် အကြောဆေးသွင်းနေကြသူများပင်ရှိသည်။

နေအိမ်အတွင်း အဖီဆောင်နောက်ဖက်တွင်လည်းမီးခိုး တလူလူနှင့်ဒယ်လိုက်ချက်ပြုတ်သူက ချက်ပြုတ်၊ လသားအရွယ်အနီးထုပ်ထဲမှကလေးငယ်တို့ကိုနို့မှုန့်ဘူးတိုက်သူကတိုက်၊ချော့ဆိုသိပ်သူကသိပ်၊ ပြေးလွှားဆော့ကစားနေသည့်ကလေးငယ်တွေကလည်း တစ်ဖွဲ့ဖြစ်သည်။ ခြံရှေ့ခုံတန်းလျားတွင်လည်း အမျိုးသား၊ အမျိုးသမီးအရွယ်စုံတို့ စကားဝိုင်းဖွဲ့ရယ်မောနေကြသေး၏။ ၂ လသားအရွယ်မှသည် အသက် ၆၀ ဝန်းကျင်ရှိသော အရွယ်စုံလူ ၁၀၀ နီးပါးရှိသည့် ထိုခြံဝင်းအတွင်းက လှုပ်ရှားမှုများကို မြင်ရသည်မှာ ကြီးမားလှသည့် မိသားစုကြီးတစ်စုနှင့်ပင်တူနေတော့သည်။

တကယ်တော့ ထိုနေရာက ဒဂုံမြို့သစ်တောင်ပိုင်း(၁၈) ရပ်ကွက်အတွင်းရှိ ရပ်ကွက်သူရပ်ကွက်သားအချို့ အလွယ်ခေါ်ကြသော "အေအိုင်ဒီအက်စ်အိမ်" ဖြစ်သည်။

တစ်နည်းအားဖြင့် ထိုနေရာကလေးသည် အိတ်ချ်အိုင်ဗီ၊ အေ့ဒ်စ်ရောဂါဝေဒနာ ခံစားနေရသူများအတွက် အစားအစာ၊ ဆေးဝါး၊ နေစရာတို့အပြင် လူနာတို့ကို စိတ်ခွန်အားပါ ဝေမျှ ကူညီဖေးမရာ နေရာတစ်ခု ဖြစ်တော့သည်။ ယင်းနေရာမှ လူနာပေါင်းများစွာ နေထိုင်ရှင်သန်နိုင်ရေးအတွက် အစမှသည်ယနေ့အထိ တာဝန်ယူ ရုန်းကန်နေသူတစ်ဦးက အသက် ၄၀အရွယ်ရှိ မဖြူဖြူသင်းဖြစ်သည်။

သည်နေ့နေ့လယ်ပိုင်းအချိန်ထိတော့ ထိုအိမ်သို့ မဖြူဖြူသင်း မရောက်သေးပါ။ သို့သော် အိမ်တွင်းအိမ်ပြင် လှုပ်ရှားမှုတို့ကတော့ သူ့နေရာနှင့်သူ စီစဉ်တကျမြင်တွေ့နေရသည်။ နောက်နေ့တွင် မွေးနေ့ရှင်တစ်ဦး အလှူရှိသဖြင့် တစ်ရက်ကြိုကာ လူနာများကို ကျွေးမွေးရန်အတွက် ချက်ပြုတ်ပြင်ဆင်နေကြခြင်းဖြစ်သည်။

လူနာတွေက ယင်းနေအိမ်တစ်အိမ်တည်းတွင်သာမဟုတ်။ ဒဂုံမြို့သစ်မြောက်ပိုင်းတွင်လည်း လူနာ ၆၀ ကျော်၊ ၇၀ နီးပါးရှိသော အိမ်တစ်လုံးလည်း ရှိသေးသည်။ ထိုလူနာပေါင်း ၁၇၀ ကျော်အတွက်ဆေးဝါးစားသောက်စရိတ်အပါအဝင်လစဉ်လည်ပတ်နိုင်ရေးက ကျပ်သိန်း ၁၃၀နှင့် အထက်တွင်ရှိနေသည်။

မဖြူဖြူသင်းက သူပိုင်ဆိုင်သည့် နေ့ရက်၊ အချိန်နာရီတိုင်းကို လူနာများနှင့်သာ လည်ပတ်ရုန်းကန်ခဲ့သည်မှာ ဆယ်စုနှစ်တစ်စုပင် ပြည့်တော့မည်ဖြစ်သည်။ သည်အလုပ်ကို သူမစတင်စဉ်က အသက် ၃၀ စွန်းစွန်းသာရှိသေး၏။ တကယ်တော့ ထိုလူမှုရေးလုပ်ငန်းဘဝထဲတွင်သာ ဘဝကိုမြှုပ်နှံထားခဲ့သည်မဟုတ်။ တစ်ချိန်တည်းမှာပင် ကျောင်းသားလူငယ်ဘဝကပင်စတင်ခဲ့သည့်သူယုံကြည်ရာ နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လူငယ်နိုင်ငံရေးသမားတစ်ဦးအဖြစ်တက်ကြွစွာ ပါဝင်လှုပ်ရှားနေသည်မှာလည်း ယနေ့အထိပင်ဖြစ်သည်။ လူငယ်နိုင်ငံရေးသမားတစ်ဦးအဖြစ် နှစ်ပေါင်း ၂၀ နီးပါးခရီးကို ဖြတ်သန်းပြီးခဲ့သော်လည်း ယခုသူပိုင်ဆိုင်ထားသည့် ဘဝနှစ်ခုထဲမှ အားလျော့နောက်ဆုတ်ထွက်ခွာရန် တစ်ကြိမ်မှမစဉ်းစားခဲ့ဖူးဟု မဖြူဖြူသင်းက ဆိုသည်။

စာ(၁၂)သို့




ဈေးဝယ်ထွက်မယ်

## မိုးတွင်းကာလနဲ့ အဆင်ပြေမယ့် ဖိနပ်လှလှတွေရှိတဲ့နေရာ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



**အိဖြူလွင်**

နေ့စဉ်ရက်ဆက်ရွာနေတဲ့မိုးရေတွေထဲ မသွားမဖြစ် သွားနေရလို့ပဲဖြစ်ဖြစ်၊ တစ်ခါတစ်လေမိုးရေထဲထွက်မိလို့ပဲဖြစ်ဖြစ် ကိုယ်နှစ်သက်တဲ့ဖိနပ်တွေက ပျက်စီးသွားတတ်ပါတယ်။

မိုးတွင်းကာလမှာကြာရှည်မခံတဲ့ပစ္စည်းတွေထဲမှာတော့ ဖိနပ်တွေပျက်စီးမှုကတော့အများဆုံးဖြစ်တာပါ။ ဒါကြောင့်ဒီတစ်ပတ်မှာ အလှလည်းမက်၊ အကောင်းလည်း ကြိုက်တဲ့ အမျိုးသမီးထုအတွက် မိုးတွင်းကာလနဲ့ အဆင်ပြေစေမယ့် ဖိနပ်တွေကို ဈေးဝယ်ထွက်နိုင်ဖို့ လမ်းညွှန်ပေးလိုက်တာပါ။

ထိုင်းနိုင်ငံကနေ မြန်မာပြည်ကိုတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းရောင်းချတဲ့ တံဆိပ်ဖြစ်တဲ့အတွက် ပစ္စည်းကောင်းကို ဈေးအသင့်အတင့်နဲ့ စီးချင်သူတွေအတွက်လည်း အဆင်ပြေနိုင်မယ်လို့ မျှော်လင့်ပါတယ်။

မိုးရာသီမှာ စီးရင် အဆင်ပြေမယ့် ဖိနပ်တွေအပြင် လူလတ်ပိုင်း၊ လူကြီးပိုင်းအကြိုက် ရိုးရိုးရှင်းရှင်းနဲ့ အပါးလေးတွေ၊ မနိမ့်မမြင့်နဲ့ ရွံ့မစင်၊ ရေမစိုနိုင်တဲ့ ဖိနပ်တွေရှိသလို အမြင့်ကြိုက်သူတွေစတိုင်မိုက် လှလှတွေကို ရိုးရှင်းသပ်ရပ်တဲ့ ဒီဇိုင်းတွေနဲ့ ရွေးချယ်ဝယ်ယူနိုင်မှာပါ။

ဖိနပ်တွေရဲ့ ဈေးနှုန်းက အနိမ့်ဆုံး ၉,၉၀၀ ကျပ်ကနေ အမြင့်ဆုံး ဈေးနှုန်း ၁၄,၉၀၀ ကျပ်နဲ့ နှစ်သက်ရာကို ရွေးချယ်နိုင်မှာပါ။


ချုပ်ရိုးချုပ်သားနဲ့ ပုံစံဒီဇိုင်း အရောင်ပိုင်းမှာပါ ပြောစရာမရှိအောင် ပြည့်စုံပြီး မဆန်းလွန်းတဲ့ ဖိနပ်ပုံစံကို နှစ်သက်သူတွေ အကြိုက်တွေ့စေမယ့်ဖိနပ်တံဆိပ်က essence တံဆိပ်ဖြစ်ပြီး စူပါမားကတ်တွေရဲ့ ဖိနပ်ကောင်တာတွေမှာ ဝယ်ယူနိုင်ပါတယ်။



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

### မုန့်လာဥနီသုပ်



ဒီတစ်ပတ်တော့ ဝိုက်ဇီက အသားငါးတွေချက်ပြုတ်စားသောက်ရတာငြီးငွေ့နေသူအတွက်လက်သုပ်စာတစ်မျိုးကိုစီစဉ်ထားပါတယ်။ အညာဒေသတွေမှာတော့ ခါကြက်ဥလို့ခေါ်တဲ့ မုန်လာဥနီကိုသုပ်ထားတဲ့ မုန်လာဥနီသုပ်ဒါမှမဟုတ် ခါကြက်ဥသုပ်ပဲဖြစ်ပါတယ်။

မုန်လာဥနီသုပ်ဖို့နုပြီး လတ်ဆတ်တဲ့မုန်လာဥနီ ၃ဥ၊ မြေပဲဆန်အနည်းငယ်၊ ပုစွန်ခြောက်အနည်းငယ်၊ ငရုပ်သီးစိမ်းအနည်းငယ်နဲ့ ကြက်သွန်နီကြော်တို့ပဲလို အပ်ပါတယ်။ နောက်အရေးကြီးတာက အမျှင်သေးသေးလေးတွေထွက်အောင်ခြစ်လို့ရမယ့် စိန်ခလုတ်ထက်ထက်လေးလည်း အိမ်မှာရှိနေဖို့လိုပါမယ်။

ရေဆေးသန့်စင်ပြီးတဲ့ မုန်လာဥနီတွေကို အပေါ်ယံ အညစ်အကြေးတွေ ဖယ်ပစ်တဲ့အနေနဲ့ ထုံးစံအတိုင်း ဓားနဲ့ခြစ်လိုက်ပါမယ်။ ပြီးရင်တော့စိန်ခလုတ်နဲ့အမျှင်သေးသေးနဲ့တိုတိုလေးတွေရအောင် ခြစ်ပါမယ်။ အမျှင်သေးပြီး မရှည်မှလည်း သုပ်တဲ့အခါ နူးနူးညံ့ညံ့နဲ့ ထွေးထွေးလေး ဖြစ်နေစေမှာပါ။

စာ(၁၁)သို့

7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011






# နှုတ်ဆက်ခွဲခွာ...ဖယ်မလီယာ

နဝရတ်(ဂုဏ်/ရုပ)

လူသားတို့၏ ကံကြမ္မာသည် သာ တစ်ချီ၊ နာတစ်လှည့်နှင့် ဘဝလှိုင်း တံပိုးအောက်တွင် စီးမျောနေ ပေသည်။ အသက် ၇၀ကျော် လူ သားတစ်ဦးအတွက် ကံကြမ္မာ သည် သာဘက်ထက် နာဘက် တွင် ပို၍ရပ်တည်မည်ဟု ယေဘု ယျအားဖြင့် ယူဆထားကြပေ သည်။ ဘဝ၏ နောက်ဆုံး နေဝင် ချိန်များတွင် အလုပ်လက်မဲ့၊ ဝင် ငွေမဲ့၊ ရိုသေမှုမဲ့ဟူသော 'မဲ့'သုံးပါး ကိုပိုက်ကာ အားငယ်စိတ်ကို ရင် မှာမွေး၍ ဘဝကူးသွားကြရသော လူအိုများလည်း အများအပြားရှိ ပေသည်။

ကျွန်တော် ၁၉၉၉ ခုနှစ်က ပင်စင်ယူခဲ့သည်။ လက်ထဲတွင် မဖြစ်စလောက် ငွေသားအနည်း ငယ်၊ ဖယ်မလီယာကားဟောင်း တစ်စီးနှင့် နေစရာအိမ် ခပ်စုတ် စုတ်တစ်လုံးကို ပိုင်ဆိုင်မှုအဖြစ် ကျန်ရစ်ခဲ့ပေရာ လူအိုပင်စင်စား များထဲတွင်တော့ 'လူအိုထဲတွင် လူ ချော'ဟု ဆိုရမည်လား မပြော တတ်ပေ။ ပညာတတ်အဖြစ်နှင့် ရော ပညာမတတ်တတတ်အဖြစ် နှင့်ပါ ရပ်တည်ကြသော သားသုံး ယောက်ရှိပေရာ သျှောင်နောက် ဆံထုံးပါရမည့် အစား ဆံထုံး နောက်ယောင်ပါသွားကာရပ်ဝေး သို့ ရောက်နေကြသဖြင့် အိမ်စုတ် စုတ်ထဲတွင်လင်မယားနှစ်ယောက် မှာ ကားငယ်တစ်စီးကိုသာ သား သမီး အမှတ်နှင့်ချစ်ကာ ဖြေသိမ့် နေရတော့သည်။

စာ(၁၁)သို့






## စာ-၁၀၊ နှုတ်ဆက်ခဲ့ဘ ဖယ်မလီယာ မှ

"အဖေကြီး ဒီကားကို ရောင်းလိုက်စမ်းပါ။ ပြုပြင်ခနဲ့တင် တော်တော်သွားနေပြီ။ ပြီးတော့ အိုကြီးအိုမနဲ့ ကားမောင်းတာ သားတို့စိတ်မချပါဘူး"ဟု သားများ ပြောစကားကို အမြဲခေါင်းခါကာ ကားစုတ်ကလေးကို မက်မောစွာ ဖက်တွယ်ထားဖြစ်သည်။ မိမိလုပ်အားခြစ်ချုပ်ကာ စုဆောင်း ဝယ်ယူခဲ့ရသော စိတ်ခံစားမှု။ ငယ်ရွယ်စဉ်အခါက သားများကို ကျောင်းကြို၊ ကျောင်းပို့ရသောကားငယ်။ ဇနီးသည်၏ သာရေး၊ နာရေးကိစ္စအဝဝကိုတာဝန်ယူပေးသည့်ကားငယ်စသည့်အကြောင်းပြချက်ပေါင်းများစွာအောက်မှာ ရဲဘော်ရဲဘက်စိတ်နှင့် ခင်တွယ်နေမိသည်။ မည်သို့ပင် အခက်အခဲရှိစေကာမူ အားကုန်အောင်သုံးပြီးမှ သားသတ်ရုံသို့ ပို့ရမည့်ခိုင်းနွားတစ်ကောင်အပေါ် ထားသည့်ခံစားချက်အလား ဤကားငယ်ကိုသက်ရှိအရာဝတ္ထုတစ်ခုအဖြစ် မှတ်ယူကာကြင်နာစိတ်ဖြင့်ရောင်းရန် စိတ်မကူးမိခဲ့ချေ။ ကျွန်တော် ပင်စင်ယူပြီးခါစ မိသားစုဝင်ငွေလျော့ကာ အခက်အခဲဖြစ်ချိန်များတွင်လည်း ထိုကားလေးနှင့် ဆီထုတ်၊ ပြန်ရောင်းကာ နောက်ဖေး ဆန်အိုးပြည့်ခဲ့ရသည့်အချိန်များကိုလည်း သားများအား မပြောပြချင်တော့ပေ။ ကားကျန်းမာရေးအတွက် ကုန်ကျငွေရှိသည်မှန်သော်လည်း မြို့တွင်းသွားလာမှုသာရှိသည့်အတွက်အသေးစားကုန်ကျမှုသာရှိခဲ့သည်။

ယခုနောက်ပိုင်းတွင် ပြောင်းလဲလာသောဓာတ်ဆီထုတ်ယူမှုပုံစံကြောင့် ယခင်က တစ်ပတ် တစ်ကြိမ်အစား နေ့စဉ် ထုတ်ယူလာရသောအခါတွင် အင်ဂျင်၏ ကြံ့ခိုင်မှုကို စဉ်းစားလာရတော့သည်။ နံနက် ၄ နာရီခန့်တွင်ထကာ ကား စက်နှိုးရသောဒုက္ခ၊ ဆိုင်ရှေ့တွင် ကားထိုး၊ တန်းစီရသောဒုက္ခ၊ ကားစက်ရပ်ပြီးလျှင် ပြန်နှိုးမရသောဒုက္ခများကို နေ့စဉ် တွေ့လာရပေသည်။ သို့သော် နေ့စဉ် ဝင်ငွေဟူသောအတွေးလောဘက ရှိနေရဆဲပင်။

ဒုက္ခဟူသည် အပေါင်းအဖော်နှင့်လာတတ်သည်ဟု ယူဆကြလျှင် သုခဟူသည်လည်း အသင်းအဖွဲ့နှင့် လာတတ်ပေသည်ဟု ကျွန်တော်ဆိုချင်ပါသည်။ ပင်စင်လစာငွေများ တိုးပေး၍ လင်မယားနှစ်ယောက် ပြုံးပျော်ခဲ့ရသည်။ လှူရေးတန်းရေးတွင် ယခင်က ခပ်ကွယ်ကွယ်ထိုင်ကာ နောက်တန်း၌ ခပ်ဝပ်ဝပ်နေရသောဘဝမှ မိမိတတ်နိုင်သော အတိုင်းအတာပမာဏငွေကြေး လေးကိုဖွဲ့ကာ လှူဒါန်းနိုင်ခဲ့ပေသည်။ ယနေ့ကားဈေးကွက်၏ ပြောင်းလဲမှုအောက်၌ ကျွန်တော့်အိမ်ရှေ့တွင် ပွဲစားများ ခြေချင်းလိမ်နေတော့သည်။ ယခင်က ကျွန်တော့်၏ မျက်နှာမွဲ ဖယ်မလီယာလေးသည် မျက်နှာပွင့် ဖယ်မလီယာလေးအဖြစ် အသွင်ပြောင်းလာသည်။ ဟိုလမ်း၊ ဒီလမ်းကြားတွင် မကြာခဏပျက်ကာ စက်နှိုးမရ မျက်နှာငယ်လှသောကားငယ်သည် ယခု စက်နှိုးမရလျှင်ပင် တွန်းယူသွားမည်ဟုပြောလာကြပေသည်။ ယခင်က မကြားဖူးသောဈေးနှင့် စကားဆိုကာ ရောင်းမည်လား မေးလာကြတော့ သည်။

"ဒီကားလေးပဲ သားသမီးလုပ်ပြီး ဟိုသွား၊ ဒီသွား အဖော်လုပ်နေရတာ။ မရောင်းချင်ဘူး"

ဇနီးသည်က မျက်ရည်စက်လက်နှင့် နှမြောစကားဆိုကာ တင်းခံနေသော်လည်း ကျွန်တော် တင်းမခံလိုတော့ပြီ။ ကားအဟောင်းတစ်စီးကိုပေး၍ ပါမစ်ယူကာ ကားဝယ်နိုင်သောအခြေအနေလည်း ကျွန်တော့်တွင်မရှိပြီ။ မွဲလာသောမျက်လုံး၊ ကျိုးလာသောသွားနှင့်ဖြူလာသောခေါင်းမွေးကို အရောင်ဆိုးကာ ကလေးများကြားတွင် ဆီလည်း မတိုးစားလိုတော့ပေ။ သံယောဇဉ်ရှိလှသော ကားလေးကိုလည်း ရက်စက်စွာ စွန့်ရပေတော့မည်။ ယခုလိုဈေးပေးသောကာလမှာ ကားလေးကိုရောင်းကာ ရလာသောငွေလေးကို သာရေးကိုထား၍ နာရေးအတွက် လျာထားရပေတော့မည်။ ပင်စင်လစာငွေကို အမှီထားကာ လင်မယားနှစ်ယောက် တရားဘာဝနာပွားရန် တရားရိပ်သို့ခိုလှုံရပေမည်။ နှမြောတသမှုကို ဥပေက္ခာပြုကာ တစ်သက်လုံး ခိုင်းစားလာသော ကျွန်ယုံနွားကို ချစ်တီးကုလား ဆွဲသွားသကဲ့သို့ ရင်နင့်စွာနှင့် ပွဲစားလက်သို့ အပ်လိုက်ရတော့သည်။

အမိုးမလုံသောအိမ်အတွက် မိုးရွာလျှင် ခွက်နှင့်ရေခံ၊ ခါးနာလျှင် လင်မယားနှစ်ယောက် ထွန်းရှေ့ဝါ တစ်ယောက်တစ်လှည့်လူးကာ ဇရာကို အံတုရင်း၊ မနက်ဖြန် မနက် ဈေးအထွက်နှင့် ဘုရားကျောင်းတက်အတွက်တော့ အိမ်ဘေးနားမှ ဆိုက်ကားကို ပင်တိုင်ဖောက်သည်အဖြစ်ထားကာ ငှားရပေတော့မည်ဟု စိတ်ကူးရင်း ။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ခန္ဓာက ပြတဲ့တရား

အမှတ်တမဲ့ မနေဘဲ အရာရာကို တရားသဘောနဲ့ဆင်ခြင်ပြီးတော့ သုံးသပ်လိုက်ရင် ခန္ဓာထဲကဖြစ်စဉ်တွေကလည်းပဲ တရားရစရာကောင်းတာပါပဲ။ မွေးဖွားတဲ့အချိန်ကာလကစပြီး နေ့တိုင်းနေ့တိုင်း အိုတဲ့ဘက်ကိုသာ တရွေ့ရွေ့တိုးဝင်နေတာ ကိုယ်က သတိမထားမိလို့ပါ။ အိုခြင်းတရားကို အန်တုနေလို့မရပါဘူး။ ဇရာတရားကို တစ်နေ့ထက်တစ်နေ့ ပိုပိုပြီးတော့ ထင်ရှားအောင် ခန္ဓာကပြပါတယ်။ အဲဒါကို ကြည့်တတ်မြင်တတ်သူက ငါ့မှာ အိုခြင်းတရားပဲရှိပါလား၊ ခန္ဓာကိုယ်ကြီးဟာ ငါ့အလိုကို မလိုက်ပါလား၊ ငါဟာ မအိုချင်ဘဲ အိုရတာပါလားလို့သိလာ ရပါတယ်။ ခန္ဓာကိုယ်ကြီးဟာ ကိုယ့်စိတ်တိုင်းကျ ဘယ်တော့မှမဖြစ်ပါဘူး။ ဘယ်သူမှ မသေချင်ကြပေမယ့် ထာဝစဉ်အသက်ရှင်နေလို့မရပါဘူး။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ သေရပါတယ်။ အသက်ကြီးတဲ့သူ၊ ငယ်တဲ့သူတွေ၊ ရွယ်တူတွေ ကိုယ့်ရှေ့မှာ တဖြုတ်ဖြုတ်နဲ့ ကြွေလွင့်သေဆုံးသွားကြတယ်။ သူများရဲ့သေခြင်းကို ကိုယ်မြင်နေရတယ်။ ကိုယ်လည်းပဲ တစ်နေ့ သူတို့လို သေရပါဦးမယ်။ ခန္ဓာကြီးဟာ သေရမယ့် ခန္ဓာပဲဖြစ်ပါတယ်။

တရားမမြင်ကြတဲ့သူတွေကတော့ ဒီခန္ဓာကြီးအကြောင်းပြုပြီး ခန္ဓာကြီးအတွက်နဲ့ လောဘတွေထွက်၊ ဒေါသတွေဖြစ်၊ မောဟတွေ ဖုံးလွှမ်းပြီး အကုသိုလ်တွေသာတိုးပွားလာကြပါတယ်။ ကိုယ့်ကိုယ်ကို ချမ်းသာရာ ချမ်းသာကြောင်း ရှာရင်းဖွေရင်းနဲ့ပဲ ဒုက္ခရောက်ကြောင်းတွေကိုပြုပြီး လောဘ၊ ဒေါသ၊ မောဟတွေနဲ့ နေကြမယ်ဆိုရင် တရားနဲ့ ဝေးသွားပါလိမ့်မယ်။ ဒါကြောင့်မို့ အရာရာမှာ သတိနဲ့ယှဉ်ပြီး ပညာဉာဏ်နဲ့ ဆင်ခြင်သုံးသပ်နေတတ်မယ်ဆိုရင် တရားဓမ္မဟာ နီးကပ်စွာရှိနေပါတယ်။ တရားသိမြင်ဖို့ဆိုတာ ဝေးကွာလွန်းခက်ခဲလွန်းတာမဟုတ်ဘူးလို့ မြတ် ဗုဒ္ဓဟောကြားတော်မူတယ်။

ရည်ညွှန်း - "ဓမ္မလမ်းပေါ်မှာ" ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ



# စတီရီယိုခေတ်ဦးက ကြယ်တစ်ပွင့်ကို ဂုဏ်ပြုကြသူများ

နေလင်းအောင်







ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**မြန်မာပြည်ရဲ့ ခေတ်ပေါ် ဂီတရေစီးကြောင်းထဲမှာ တစ်ချိန်တုန်းက မှတ်တိုင်အသီးသီးစိုက်ထူခဲ့ကြသူတချို့ဟာ ဒီနေ့ခေတ်ကာလမှာတော့ ဂီတအနုပညာသမားတွေရဲ့ အလေးထားရာ၊ အတုယူစရာ ပြယုဂ်တွေအဖြစ် ကျန်နေတုန်းပဲဖြစ်ပါတယ်။ ဒီပြယုဂ်အဖြစ် ရှိနေသူတွေထဲမှာ အချို့က သက်ရှိထင်ရှား၊ အချို့က အသက်ရှိလျက်မထင်မရှားနဲ့ အချို့ကတော့ ကွယ်လွန်သူစာရင်းဝင်တဲ့အချိန်။ ဒီလိုမှတ်တမ်းဝင်တဲ့ အဆိုတော်ကြီးတွေကို ကျွန်တော်တို့နိုင်ငံမှာ ဂုဏ်ပြုပြီး ဝိုင်းဝန်း ဂုဏ်ဖော်၊ အလေးပေးကြတဲ့ အလေ့အထပုံစံတစ်ခုက ဒီဘက်ခေတ်မှာ တော်တော်လေးခေတ်စားနေတယ်ပဲဆိုရမလိုပါ။**

အဲဒီ့အလေ့အထကတော့ နာမည်ကျော်တစ်ဦးကို ဘုံထားပြီး အဆိုတော်အပေါင်း ဝိုင်းဝန်းသီဆိုကြတဲ့ Live Show ဆိုတာပါပဲ။ အချို့က ကွယ်လွန်ပြီးသား အဆိုတော်ကြီးတွေ အောက်မေ့ဖွယ်ရာအဖြစ် စီစဉ်ကြသလို၊ အချို့ကလည်း အသက်ရှိစဉ်မှာကတည်းက Respect ပေးတဲ့အနေနဲ့ လုပ်နေကြတာ တွေ့ရပါတယ်။

ဒီလိုလုပ်ကြတဲ့အထဲမှာတော့ အခု Show Master ကြီး ပီးပေါ် စီစဉ်တဲ့ တစ်ခေတ်တစ်ခါက စတီရီယိုခေတ်ဦး အဆိုကျော်ကြီး ပလေးဘွိုင်သန်းနိုင်ရဲ့ Live Show ကလည်း စာရင်းဝင်သွားပြန်ပါပြီ။ တကယ်တော့ မြန်မာပြည်ရဲ့ စတီရီယိုခေတ်ဦးမှာ အဲဒီ့အချိန်အခါက ရှေးလူကြီးတွေ နှာခေါင်းရှုံ့ခံခဲ့ရတဲ့ ခေတ်ပေါ်ဂီတ စတင်သူတွေထဲမှာ Playboy အဖွဲ့လည်း အပါအဝင်ဖြစ်ခဲ့ပါတယ်။ ဒီလိုအခြေအနေကနေ ယနေ့အချိန်အထိ အဆက်ဆက်သော မျိုးဆက်သစ် ဂီတသမားတော်တော်များများကို လူသိသူသိဖြစ်စေတာက ပလေးဘွိုင်သန်းနိုင်ရဲ့ သီချင်းတွေအများအပြားနဲ့ဖြစ်ပါတယ်။ ဒါက ပလေးဘွိုင်သန်းနိုင်ရဲ့ ထင်ရှားမှုတစ်စိတ်တစ်ဒေသသာဖြစ်ပါတယ်။

စက်တင်ဘာ ၂၃ ရက်မှာ သူ့ရဲ့ မှတ်တမ်းဝင်မယ့် ဂီတပွဲ Playboy Than Naing Sweet 16 Live ကို အဆိုတော်ပေါင်း ၃၀ လောက်ပါတဲ့အဖွဲ့နဲ့ တင်ဆက်ခဲ့ပါတယ်။ ဒီအဆိုတော်တွေထဲမှာ အချို့က သူ့နဲ့တစ်ချိန်က အတွဲညီခဲ့ဖူးသူတွေပါသလို အချို့ကလည်း သူ့သီချင်းတွေနဲ့ နာမည်ကြီးခဲ့သူတွေပါဝင်ပါတယ်။ ဒါ့အပြင် တက်သစ်စ လူငယ်အဆိုတော်အထိ ဆိုတော့ ၃၀ နီးပါးဖြစ်သွားတာတောင် နည်းနေသေးတယ်ဆိုရ မလိုပါပဲ။

ဂစ်တာသံ၊ ဒရမ်သံတွေ လုံးထွက်နေတဲ့ပွဲထဲဝင်လိုက်တယ်ဆိုတာနဲ့ ပလေးဘွိုင်အဖွဲ့ဝင်မဟုတ်တဲ့ လူငယ်အတီးသမားတွေနဲ့ တွဲဖက်ဖျော်ဖြေနေတာက တစ်ချိန်က နာမည်ကြီးပလေးဘွိုင်သန်းနိုင်နဲ့ ယနေ့ခတ်အဆိုတော် ဆုန်သင်းပါရဲ။

စာ(၂၆)သို့

## စာ - ၁၁၊ မုန်လာဥနီသုပ် မှ

မုန်လာဥနီတွေခြစ်ပြီးပြီဆိုရင်တော့ပါးပါးလှီးထားတဲ့ကြက်သွန်နီ သုံးလုံးလောက်ကိုမွှေးပြီး ရဲနေအောင် ကြော်ပေးထားပါ။ ကြက်သွန်နီကြော်ကိုသပ်သပ်ဖယ်ထားပြီး ခုနခြစ်ထားတဲ့ မုန်လာဥနီထဲကို ကြက်သွန်ကြော်ထားတဲ့ဆီချက်လေးနည်းနည်းစမ်းပေးပါ။ ပဲဆီသန့်ဆီချက်နဲ့လေးသင်းရုံပဲထည့်မှာဖြစ်ပါတယ်။ ပြီးတော့အသင့်ထောင်းထားတဲ့ မြေပဲဆန်၊ ငရုတ်သီးစိမ်း၊ ပုစွန်ခြောက်တို့ကိုထည့်ပါ။ ငံပြာရည်အနည်းငယ်နဲ့ ဆားလည်း ထည့်ပါမယ်။ သက်သတ်လွတ်စားချင်တဲ့သူတွေကတော့ ပုစွန်ခြောက်နဲ့ ငံပြာရည်ကိုရှောင်ပြီး သုပ်လို့ရပါတယ်။ အားလုံးထည့်ပြီးသွားလို့ သံပရာသီးနှစ်စိပ်လောက်ညှစ်ပြီး နယ်ဖတ်၊ အရသာမြည်းကြည့်ပြီး အနေ တော်ပဲဆိုရင်တော့ အပေါ် ယံကနေကြော်ထားတဲ့ကြက်သွန်နီတွေကို ဖြူးပေးလိုက်ရုံပါပဲ။

အရသာလည်းရှိ၊ ကျန်းမာရေးနဲ့လည်းညီညွတ်တဲ့ မုန်လာဥနီသုပ်ကို တစ်ပတ်တစ်ခါလောက် သုပ်စားသင့်ပါတယ်လို့ ဝိုက်ဖီ ကအကြံပြုတိုက်တွန်းလိုက်ရပါ တယ်။

## မျက်နှာဖုံး-ဘဏ်ခြောက်ခုကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ချပေး မှ

နိုင်ငံတကာတွင် မိတ်ဖက်ဘဏ်လုပ်ငန်းများလုပ်ကိုင်ရန် မိမိတို့ဘဏ်၏ နောက်ဆုံးသုံးနှစ်မှအခြေအနေများကို မိတ်ဖက်ဘဏ်အဖြစ်လုပ်ကိုင်လိုသော နိုင်ငံခြားဘဏ်သို့ အသိပေးတင်ပြရန်လိုသည်။ ထို့ကြောင့် ၂၀၁၀ခုနှစ်တွင်မှ ဖွင့်လှစ်လိုက်သော ပုဂ္ဂလိကဘဏ်များမှာဘဏ်သက်တမ်းနုနယ်သေးသည့်အတွက် နိုင်ငံခြားဘဏ်များနှင့် မိတ်ဖက်ဘဏ်လုပ်ကိုင်ရန်အခက်အခဲ ရှိနိုင်ပြီး၊ နောင်တွင် အဆိုပါပုဂ္ဂလိကဘဏ်များမှာလည်း နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ရရှိနိုင်ကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူတစ်ဦးက ပြောသည်။

အဆိုပါလိုင်စင်ရရှိသည့်အတွက် ကမ္ဘောဇဘဏ်အနေဖြင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ဘဏ်လမ်းနှင့် ဘားလမ်းထောင့်ရှိ အဆောက်အအုံတွင် နိုင်ငံဘဏ်လုပ်ငန်းဌာန-International Banking Department ဖွင့်လှစ်ရန်စီစဉ်နေပြီဖြစ်ကြောင်းလည်း ဦးသန်းလွင်က ပြောသည်။ ထို့အပြင်အဆိုပါဘဏ်က ပြည်ပရှိ ဘဏ်လုပ်ငန်းကျွမ်းကျင်သူများကို အကြံပေးအဖြစ်ခေါ်ယူရန်စီစဉ်နေပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။

နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်မှာ နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်(Money Changer) ရရှိခြင်းထက် ပို၍ ကြီးမားကျယ်ပြန့်သည်။ အထက်ပါဘဏ်ခြောက်ခုမှာ နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ကိုလည်း ဗဟိုဘဏ်က ခွင့်ပြုထားပြီး၊ လာမည့် အောက်တိုဘာလ ၁ ရက်တွင် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများ ဖွင့်လှစ်လုပ်ကိုင်နိုင်ရန် စီစဉ်နေသည်။

အဆိုပါကောင်တာများကို သိမ်ဖြူလမ်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး ဒေါ်လာ၊ ယူရိုငွေ၊ စင်ကာပူဒေါ်လာ၊ အက်ဖ်အီးစီတို့ကို လဲလှယ်ရောင်းဝယ်သွားမည်ဖြစ်သည်။

"အနီးစပ်ဆုံးကတော့ ပြင်ပက ဈေးနှုန်းအတိုင်း ဈေးနှုန်းကိုမီပြီး ရောင်းလို့ဝယ်လို့ရအောင် လုပ်နိုင်မယ်လို့ထင်တယ်။ ဒေါ်လာဈေးနှုန်းကိုတော့ ငွေလဲကောင်တာမှာ ခြောက်ဦးကော်မတီကနေပြီးတော့ ဈေးကွက်အခြေအနေကိုကြည့်ပြီး သတ်မှတ်ပေးသွားမယ်" ဟု နိုင်ငံခြားငွေ လဲလှယ်သည့် လုပ်ငန်းလုပ်ကိုင်မည့်အခြေအနေကို ဦးသန်းလွင်ကရှင်းပြသည်။

ယခင်က အဆိုပါဘဏ်ခြောက်ခုမှာ အက်ဖ်အီးစီကိုင်ဆောင်ခွင့်ရရှိခဲ့ဖူးသည်။ ထို့အပြင် နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ကိုလည်း ရရှိခဲ့ဖူးပြီး၊ ၁၉၉၈ ခုနှစ် အာရှစီးပွားရေးအကျပ်အတည်းကာလတွင် ထိုလိုင်စင်များကို ပြန်လည်ရပ်နားခဲ့ခြင်းဖြစ်သည်။

"Money Changer ရော Authorize Dealer Licence ရော နှစ်ခုစလုံးကိုလုပ်ခွင့်ပေးမယ်လို့ ဘဏ်တွေကို ခေါ်ပြောတယ်လို့ကြားတယ်။ ဒါပေမဲ့ တရားဝင်စာထွက်တယ်လို့တော့ ဒီနေ့ထိ ပြောသံ မကြားသေးဘူး"ဟု ၎င်းဘဏ်များထဲမှ တစ်ခု၏စီမံမန်နေဂျာတစ်ဦးက ပြောသည်။

ထို့ကြောင့် လက်ရှိအခြေအနေအထိ လုပ်ဆောင်ပေးမည့် ငွေကြေးဈေးနှုန်းများနှင့် စတင်လုပ်ဆောင်မည့် ရက်ကို သေချာစွာမသိရှိရသေးကြောင်း ၎င်းက ပြောသည်။

ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ ယခုလပိုင်းအတွင်း ဖြေလျှော့မှုများပြုလုပ်နေသည်။ ဩဂုတ်လမှစတင်၍ ဘဏ်များသို့ ရွှေအပ်နှံမှုကို ခွင့်ပြုခဲ့ပြီး ပြည်ပနိုင်ငံများထက်များစွာမြင့်မားနေသော ဘဏ်အတိုးများကိုလည်း ၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့သည်။

## မျက်နှာဖုံး-လုပ်ငန်းရှင်များ ဝယ်ယူခွင့်တင်ထားသည့် မြို့လယ်ရှိ ရှေးဟောင်းအဆောက်အအုံနှစ်လုံး ပြုပြင်ရေးရပ်နား မှ

ရန်ကုန်မြို့တွင်ရှေးဟောင်း အဆောက်အအုံပေါင်းများစွာရှိသည့်အနက် ပြုပြင်ထိန်းသိမ်းရန် အလိုအပ်ဆုံးအဆောက်အအုံ ၅ခုကို ၂၀၁၀ဒီဇင်ဘာလကုန်ပိုင်းကတည်းက ပုဂ္ဂလိကကန်ထရိုက်များအား ပြုပြင်စေခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တစ်မြို့လုံးတွင် ရှေးဟောင်းလက်ရာ အဆောက်အအုံပေါင်း ၁၀၂ လုံးရှိပြီး ကျောက်တံတားမြို့နယ်တွင် အများဆုံးတည်ရှိကာ အဆောက်အအုံပေါင်း ၃၉ လုံးရှိကြောင်း သိရသည်။

သတ်မှတ်ရှေးဟောင်းအဆောက်အအုံ ၁၀၂ ခုတွင် ရွှေတိဂုံစေတီတော်၊ မြို့တော်ခန်းမ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဗဟိုတရားရုံးချုပ်၊ ကြေးနန်းရုံး၊ ယခင်အမေရိကန်သံရုံး၊ ဗြိတိသျှသံရုံး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဗဟိုမီးသတ်ကြီး၊ မြန်မာ့အာမခံလုပ်ငန်း၊ ကမ်းနားဟိုတယ်၊ ရန်ကုန်စာတိုက်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့ပါဝင်သည်။

"အချို့ရှေးဟောင်းအဆောက်အအုံတွေက လက်ရှိအသုံးပြုနေတာမျိုးဆိုတော့ပြုပြင်လို့အဆင်မပြေပါဘူး။ ဦးစားပေးပြုပြင်နေတဲ့ အဆောက်အအုံ ၅ ခုမှာ ၃ခု မပြင်တော့တာက တစ်ခုကလုပ်ငန်းရှင်ကလေလံအောင်ပြီးဝယ်သွားတဲ့အတွက်ရယ်၊ ကျန်နှစ်ခုကလည်းလုပ်ငန်းရှင်တွေဝယ်ယူဖို့အတွက် ခွင့်ပြုချက် တင်ထားတာရယ်ကြောင့်ပါ။ ဝန်ကြီးများရုံးကိုတော့ ဒီနှစ်ဘတ်ဂျက်မှာ ဆက် ပြီးပြင်သွားမယ်။ အဲဒီမှာပြတိုက်လုပ်ဖို့လည်းအစီအစဉ်ရှိပါတယ်"ဟုရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးကော်မတီမှ ဗိသုကာပညာရှင်တစ်ဦးကပြောသည်။

ရှေးဟောင်းအဆောက်အအုံများကို လေလံအောင်သည်ဖြစ်စေ၊ BOD စနစ်ဖြင့်ငှားရမ်းခွင့်ရသည်ဖြစ်စေ ရှေးဟောင်းအဆောက်အအုံများထိန်းသိမ်းရေးကော်မတီ၏ညွှန်ကြားချက်အတိုင်းသာ ပြုပြင်သုံးစွဲရမည်ဖြစ်သည်ဟုသိရသည်။

## မျက်နှာဖုံး-မြို့လယ်တွင် အုပ်စုဖွဲ့ဓားထောက်လုယက်မှုငါးကြိမ်ဆက်တိုက် ကျူးလွန်ခဲ့သူများ ဖမ်းမိ မှ

ယင်းဖြစ်ရပ်များကဲ့သို့ ဒဂုံမြို့နယ်၊ ကြည့်မြင်တိုင်နှင့် ဗဟန်းမြို့များတွင်လည်း ဖြစ်ပွားခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းမှ တပ်ဖွဲ့ဝင်များက မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနဂါးဒင်းဟိုတယ်အနီး ကင်းပုန်းချစောင့်ဖမ်းခဲ့ရာ မသင်္ကာသူတစ်စုကို ဖမ်းဆီးစစ်ဆေးရာမှ ဆက်စပ်ကျူးလွန်သူများကိုဖော်ထုတ်နိုင်ခဲ့သည်။

ဆက်လက်၍ စစ်ဆေးဖော်ထုတ်ချက်အရ ဗဟန်းမြို့နယ်တွင် ဖြစ်ပွားသည့် အငှားယာဉ်အား ခြိမ်းခြောက်လုယက်မှု၊ ကြည့်မြင်တိုင်မြို့နယ်တွင် အမှုဖွင့်ထားသည့် အငှားယာဉ်မောင်းအား ဦးထောင်ဘိုအဝိုင်းအနီး၌ ဓားထောက်လုယက်မှုနှင့် ဒဂုံမြို့နယ်ရှိ နဝဒေးလမ်းအနီး ဂုံးကျော်တံတားပေါ်တွင် စကားပြောနေသည့် အမျိုးသမီးငယ်နှင့် အမျိုးသားတစ်ဦးထံမှ တန်ဖိုးကျပ်ကိုးသိန်းတန် ဆွဲကြိုးတစ်ကုံး၊ တန်ဖိုးကျပ် ၁၃ သိန်းရှိ ပလက်တီနမ်လက်စွပ်တို့ကို ခြိမ်းခြောက်ရယူခဲ့မှုများ ဆက်တိုက်ကျူးလွန်ခဲ့ကြောင်းသိရသည်။

အဆိုပါအမှုများနှင့် ပတ်သက်၍ စစ်ဆေးဖော်ထုတ်ချက်များအရ လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သောသူများဖြစ်သည့် ဆိပ်ကြီးခနောင်တိုမှ မိုးတိမ်(ခ)ကျော်ကျော်(၂၂နှစ်)၊ သိဂီဝင်း(၃၄နှစ်)၊ ငတစ်(ခ)နေဇာလင်း(၁၈နှစ်)၊ မအုန်းရီ(၃၈နှစ်)နှင့် ရန်ကင်းမြို့နယ် မိုးကောင်းဘုရားလမ်းနေ သက်ဇော်မာန်(၂၃ နှစ်) တို့ငါးဦးအား ထိရောက်ပြစ်ဒဏ်ချမှတ်ရေးအတွက် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

## စာ - ၉၊ မကွဲပြားတဲ့ဘဝနှစ်ခုပိုင်ရှင် မှ

အသက် ၁၆၊ ၁၇ အရွယ် သမိုင်းအဓိကဖြင့် တက္ကသိုလ်ကျောင်းသူတစ်ဦးဘဝတွင် ၁၉၈၈ အရေးအခင်းနှင့်ကြုံတွေ့ခဲ့ရသော မဖြူဖြူသင်းက ထိုကာလအခြားကျောင်းသူကျောင်းသားများနည်းတူနိုင်ငံရေးတက်ကြွသည့် ကျောင်းသူတစ်ဦးဖြစ်ခဲ့သည်။

သို့သော်လည်း ၁၉၉၆- ၉၇ ဝန်းကျင်မှသာ နိုင်ငံရေးလောကထဲ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ အချိန်ပိုင်း သွားရောက်ကာ စာကြည့်တိုက်ကိစ္စ၊ စာပေကိစ္စများ၊ လူငယ်ရေးရာကိစ္စများတွင် သွားရောက်ကူညီလုပ်ကိုင်ရင်း လူငယ်အဖွဲ့ဝင်တစ်ဦးဖြစ်လာခြင်းဖြစ်သည်။

"အဲတုန်းက စာဖတ်ဝိုင်းတွေမှာ ဝင်တက်တာ။ စာကြည့်တိုက်မှာတာဝန်ယူပေးတာ။ အဲဒါလောက်ပဲရှိပါတယ်။ ထဲထဲဝင်ဝင်နိုင်ငံရေးလုပ်တာမျိုးမဟုတ်ပါဘူး" ဟု မဖြူဖြူသင်းက ဆိုသည်။

သို့သော်လည်း ၁၉၉၉-၂၀၀၀ပြည့်နှစ်က ပါတီစည်းရုံးရေးခရီးစဉ်တစ်ခုတွင် လိုက်ပါရင်း ပထမဆုံးအကြိမ် အဖမ်းဆီးခံလိုက်ရသည်က သူမအတွက်နိုင်ငံရေးလောကထဲသို့ ဝင်ရောက်ရန် အကြီးမားဆုံးတွန်းအား ဖြစ်ခဲ့သည်ဟုဆိုသည်။

လေးလနှင့် လေးရက်ကြာ အင်းစိန်အကျဉ်းထောင်တွင် ဖမ်းဆီးခံရစဉ်က သူမအသက်က ၂၇၊ ၂၈ အရွယ်ဖြစ်သည်။

ထောင်ကထွက်လာပြီးမှ နိုင်ငံရေးလောကထဲသို့ လုံးလုံးဝင်ရောက်ကာ ကျရာတာဝန်ထမ်းဆောင်ရင်းက အိတ်ချ်အိုင်ဗွီပညာပေးသင်တန်းတစ်ခုသို့ ပါတီ၏ စေလွှတ်မှုဖြင့် တက်ရောက်ခဲ့ရသည်။ ထိုသင်တန်းမှတစ်ဆင့် လူမှုရေးလောကထဲသို့ မဖြူဖြူသင်းတစ်ယောက်ရောက်မှန်းမသိရောက်လာခဲ့ရသည်။

"အဲဒီတုန်းက ပညာပေးတွေဆင်းတော့ လူနာတွေအများကြီးထွက်လာတယ်။ အဲဒီလူနာတွေက ပညာပေးတာတော့ဟုတ်ပြီ။ သူတို့အတွက် ဆေးဝါးအကူအညီတွေရော မေးလာတယ်။ အဲဒီကနေပြီးတော့ ပါတီထဲက သူငယ်ချင်းတွေစုပြီး ရှိတာလေးနဲ့စခဲ့ကြတာ" ဟု အိတ်ချ်အိုင်ဗွီ လူနာများအတွက် ယခုကဲ့သို့လူမှုရေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ဖြစ်ခဲ့ပုံကို သူမက ပြန်ပြောပြသည်။

ထိုအချိန်က ဆေးဝါးဈေးကမြင့်မားလွန်းသည့်အတွက် တစ်နေ့နှင့်တစ်နေ့ ဆေးမှန်မှန်ပေးနိုင်ရန် စဉ်းစားတွေးတောရင်း အိပ်မပျော်သည့် ညများစွာပင်ရှိခဲ့သည်ဟုဆိုသည်။

မဖြူဖြူသင်းနှင့် အတူ ရဲဘော်၊ ရဲဘက်များ စတင်ခဲ့သည့်ထို လုပ်ငန်းက တစ်နေ့တခြားကြီးမားလာသည်ကို များပြားလှသည့်လူနာများက သက်သေပြနေ၏။

သို့သော်လည်း ယနေ့အထိ အဖွဲ့အစည်းအမည်မရှိ၊ ရာထူးနေရာမရှိ။ လူနာစောင့်ရှောက်သည့် ဆရာဝန်၊ ငွေရေးကြေးရေးတာဝန်ယူစစ်ဆေးပေးမည့် စာရင်းကိုင်၊ ဆေးရုံ၊ဆေးခန်းကိစ္စ တာဝန်ယူမည့်သူ စသဖြင့် လုပ်ငန်းကောင်းမွန်စွာ လည်ပတ်နိုင်ရေး အတွက်သာ တာဝန်ယူဆောင်ရွက်မည့်သူများ သူ့နေရာနှင့်သူ အကွက်ကျထားရှိကာ လူပိုဟူ၍မရှိ။

မဖြူဖြူသင်းက ဦးဆောင်သူဖြစ်သည့်အလျောက် လူနာ တစ်ဦးဦးရောဂါဖောက်လျှင် နေ့၊ညရွေးစရာမရှိပေ။

ထို့ကြောင့် အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ ခန္ဓာကိုယ်ပြည့်ပြည့်နှင့် မဖြူဖြူသင်းကိုတွေ့လိုက်ရသည့်အချိန်တိုင်းတွင် လှုပ်လှုပ်ရှားရှား၊ ပြေးပြေးလွှားလွှား ဖြစ်သည်။

လူမှုရေးလုပ်ငန်းဘက် အားစိုက်ရသောအခါ မိမိရပ်တည်နေရှိသော နိုင်ငံရေးသမားတစ်ယောက်၏ လုပ်ငန်းတာဝန်များ လျော့နည်းသွားခဲ့ရသည်လို့တော့ တစ်ခါမှမခံစားရ။ ထို့ကြောင့်လည်း လူမှုရေးလုပ်ငန်း လုပ်ကိုင်နေရင်းကပင် နိုင်ငံရေးလှုပ်ရှားမှုများကိုလည်း အားမလျော့စေခဲ့ဟု မဖြူဖြူသင်းကဆိုသည်။

ထို့အတူ ယခုလုပ်ကိုင်နေသည့် လူမှုရေးနှင့် နိုင်ငံရေးသမားဘဝက ကွဲပြားခြားနားမှု တစ်စုံတစ်ရာမရှိပါဟုလည်း သူမမြင်သည်။ "နိုင်ငံရေးကတော့ ပိုပြီးကျယ်ပြန့်တာပေါ့။ ဒါပေမဲ့ ဒီအိတ်ချ်အိုင်ဗွီကိစ္စကလည်း နိုင်ငံအတွက်လိုအပ်နေတဲ့အလုပ်၊ လုပ်ကိုလုပ်ရမယ့်အလုပ်လို့ ခံယူထားတဲ့အတွက်နိုင်ငံရေးလိုပဲ ဒီအလုပ်ကလည်း ပြည်သူလူထု ကောင်းကျိုးဖြစ်လို့ လုပ်ကိုင်ရတဲ့ ခံယူချက်ချင်းက အတူတူပါပဲ"ဟု မဖြူဖြူသင်းကဆိုသည်။

အပျိုကြီးဘဝဖြင့် ရှင်သန်ရပ်တည်နေသည့် မဖြူဖြူသင်းက သူ့ထံတွင် ပူပန်စရာဆို၍ သူ့လူနာများသာရှိသည်ဟုဆိုသည်။ ယခုလည်း သူမထံတွင် ရောက်ရှိနေသော ပေါင်မပြည့်သည့် လသားအရွယ်ကလေးငယ်နှစ်ဦးနှင့် တစ်နှစ်ခွဲအရွယ် ကလေးငယ်တစ်ဦးတို့အတွက် သောကမအေးနိုင်။

"ဒီကလေးလေးတွေလည်း မိဘတွေမရှိတော့လို့ လာထားသွားတော့ ဘယ်လိုလုပ်မလဲ။ ဒီကလူတွေပဲ ဝိုင်းဝန်းစောင့်ရှောက်ရမှာပဲ။ အခုလည်း ဒီဗိုက်ကြီးသည်ကို မွေးပေးဖို့ရှိသေးတယ်" ဟုဆိုရင်း သူမနံဘေးတွင် ထိုင်နေသည့် ကိုယ်ဝန်ခြောက်လဖြင့် အိတ်ချ်အိုင်ဗွီဝေဒနာရှင် မိခင်လောင်းကို လက်ဖြင့် တစ်ချက်ပုတ်ပြရင်းပြောဆိုသည်။

လတ်တလောတွင် နိုင်ငံရေးအခြေအနေအခင်းအကျင်းများက သူမအတွက် အားတက်စရာဟုဆိုနိုင်သလို သူမ ပါတီခေါင်းဆောင်လူကြီးများ လွတ်မြောက်လာခြင်းကလည်း သူမအတွက်ရော သူမ လူနာများအတွက်ပါ အားတက်စရာဖြစ်နေသည်။

ထို့ကြောင့် မဖြူဖြူသင်းတစ်ယောက် ပြည်သူလူထုအတွက် တတ်စွမ်းသမျှအလုပ်လုပ်လိုစိတ်က ပို၍ပို၍ အားကောင်းလာနေသည်။

"နိုင်ငံရေးကို လုပ်မှဖြစ်မယ်။ လုပ်ကိုလုပ်ရမယ်"ဆိုသည့် ခံယူချက်ဖြင့် ဝင်ရောက်ခဲ့သလို အိတ်ချ်အိုင်ဗွီ၊ အေ့စ်ဝေဒနာရှင်များ အကူအညီပေးရေးလုပ်ငန်းကိုလည်း "နိုင်ငံက လက်ရှိလူနာတွေအတွက် တကယ်လိုအပ်ချိန်မှာ လိုအပ်လို့ လုပ်ကိုလုပ်ရမယ်"ဟူသော ခံယူချက်ဖြင့် ဝင်ရောက်ခဲ့သည့် မဖြူဖြူသင်းက ပြည်သူလူထုအတွက် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာက ဝင်ရောက်ပါဝင်ရန် အမြဲ အစဉ်သင့်ရှိနေပါသည်ဟု ဆိုပါသည်။

## စာ – ၇၊ ပြည်သူ့လွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်း နှစ်ခုရှိ မှ

အများစုအနိုင်ရပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များနှင့် ပါတီအားလုံးမှ ကိုယ်စားလှယ်အားလုံးက အပိုဒ်လိုက် စာကြောင်းအလိုက် စကားလုံးအလိုက်အကြိတ်အနယ်ဆွေးနွေးပြီး မဲခွဲဆုံးဖြတ်၍ အတည်ပြုခဲ့ခြင်းဖြစ်သည်။

ထိုဥပဒေကြမ်းနှစ်ခုသည် လူများစုနှင့်သက်ဆိုင်သော ဥပဒေများဖြစ်၍ အားလုံးသိရှိနားလည်ပြီးသော အကြောင်းအရာများဖြစ်သကဲ့သို့အခြေခံအကျဆုံးလိုအပ်သည့်ဥပဒေများဖြစ်ခြင်းကြောင့် အားလုံးပါဝင်ဆွေးနွေးခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

အဆိုပါဥပဒေကြမ်းများကိုပြည်သူ့လွှတ်တော်က အတည်ပြုပြီးသည့်နောက် အမျိုးသားလွှတ်တော်သို့ ဆက်လက်ပေးပို့၍ ဆွေးနွေးအတည်ပြုရမည်ဖြစ်သည်။

# ရန်ကုန်ဆေးရုံကြီးကို နိုင်ငံတကာအဆင့်ပြောင်းလဲရန် တိုင်းရင်းသားလုပ်ငန်းရှင်များပူးပေါင်းမှု လိုအပ်ဟုဆို



ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနနှင့် ပြင်ပလူနာဌာနအဝင်မြင်ကွင်း ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဝတ်ရည်

ရန်ကုန်၊စက်တင်ဘာ- ၂၃

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို နိုင်ငံတကာအဆင့်မီဆေးရုံကြီးအဖြစ်ပြောင်းလဲနိုင်ရန်အတွက် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များပါထပ်မံ၍ပူးပေါင်းဆောင်ရွက်ပါက အချိန်တိုတိုဖြင့်ပြောင်းလဲနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးနု၏မေးခွန်းကို ကျန်းမာရေးဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံတကာ အဆင့်မီဆေးရုံ ကြီးဖြစ်ပေါ်ရန်အတွက် နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းကိရိယာများလိုအပ်ပြီး လက်ရှိအချိန်တွင် ရောဂါရှာဖွေရေးလုပ်ငန်းများမှ စရိတ်မျှပေးဝင်ငွေ၏ အချိုးကျရရှိငွေဖြင့် စက်ပစ္စည်းများ ရေရှည်သုံးစွဲနိုင်ရေးအတွက်ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ပေးနေကြောင်း ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင်ကပြန်လည်ဖြေကြားခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းကလည်း လွှတ်တော်တွင်ရန်ကုန်ဆေးရုံကြီးအတွက် လိုအပ်နေသည့်ကင်ဆာရောဂါဝေဒနာရှင်များအသုံးပြုနိုင်ရန် ဓာတ်ကင်သည့်စက်ကိရိယာတစ်ခုအား ဝယ်ယူအသုံးပြုနေပြီဖြစ်ကြောင်း ဒေါက်တာဖေသက်ခင်က ဖြေကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ရှိနေပြီဖြစ်ပြီး ဆေးရုံခွင့်ပြုခုတင် ၁,၅၀၀ တွင်လက်ရှိအသုံးပြုခုတင် ၁,၃၅၀ နှင့် ဆေးရုံကြီးတွင်အထူးပြုဘာသာရပ်ဆိုင်ရာ ဌာနပေါင်း (၂၅) ခုနှင့် အရေးပေါ်လူနာလက်ခံ ကုသပေးသည့် ဌာနပေါင်း ခုနစ်ခုအတွက် ပါမောက္ခများ၊အထူးကုဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုများနှင့် ကျွမ်းကျင်ဝန်ထမ်းများဖြင့် ကုသပေးနေကြောင်းသိရသည်။

# အသည်းရောင်အသားဝါရောဂါနှင့် အယူအဆအလွဲများ

သီဟ

**အသည်းသည် လူ့ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များတွင် များစွာအထောက်အကူပြုသည့် ကိုယ်တွင်းကလီစာတစ်ခုဖြစ်သည်ဟု ဆေးပညာရှင်များက ဆိုကြသည်။ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်လာသည့် အစားအစာ၊ရေနှင့် အခြားသော အဆီများ အစရှိသည့်အရာများကို အသည်းမှ စီမံခန့်ခွဲကာ လိုအပ်သည့် နေရာများသို့ပို့ဆောင်ပေးခြင်း၊ မလိုအပ်သည်များကို ခြေဖျက်ပေးခြင်း စသည့်အလုပ်များ လုပ်ဆောင်ပေးလျက်ရှိသော ကိုယ်တွင်းကလီစာတစ်ခု ဖြစ်သည်။**

ထို့ကြောင့် လူတို့စားသုံးလိုက်သည့် အစားအသောက်များသည် အသည်းမှ ချေဖျက်နိုင်စွမ်းအားထက်ကျော်လွန်သည့် အစားအစာများအား စားသုံးမှုများပြားလာသည့်အခါတွင် အသည်းသည် ခံနိုင်ရည်အားများ ကျဆင်း၍ ရောဂါရကာ ပျက်စီးတတ်သည်။

အသည်းတွင်ဖြစ်တတ်သည့်ရောဂါများအား အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားနိုင်သည်ဟုသိရသည်။အဆိုပါ နှစ်မျိုးမှာ ရုတ်တရက် လက်ငင်းဖြစ်တတ်သည့် အသည်းရောဂါနှင့် နာတာရှည်အသည်းရောဂါတို့ဖြစ်ကြောင်း အသည်း အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

ရုတ်တရက်လက်ငင်းဖြစ်ပွားသည့်အသည်းရောဂါဟူသည်မှာ လူအများဖြစ်လေ့ရှိသည့် အသည်းရောင် အသားဝါရောဂါများကိုဆိုလိုကြောင်း သိရသည်။အဆိုပါရောဂါများတွင် အသည်းရောင် အသားဝါ ဘီ၊စီ စသည့်ရောဂါများနှင့်အသည်းခြောက်ရောဂါများ၊ အသည်းကင်ဆာရောဂါများမပါဝင်ပေ။

အဆိုပါရောဂါများမှာ နာတာရှည်အသည်းရောဂါများတွင် အကျုံးဝင်ကြောင်း



သိရသည်။လူအများသည် အသည်းရောင်အသားဝါရောဂါဖြစ်ပွားပါက ထားရှိသည့် အချို့သောအယူအဆများမှာ လွဲမှားနေကြကြောင်း ပါမောက္ခဒေါက်တာ ခင်မောင်ဝင်းကပြောသည်။

စာ(၃၀)သို့

# ဝမ်းပျက်ဝမ်းလျှောနှင့် တုပ်ကွေးလူနာ များပြားနေ

ဝတ်ရည်

ရန်ကုန်၊ စက်တင်ဘာ- ၂၁

ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှု များပြားနေသဖြင့်ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသည့်လူနာများနှင့် တုပ်ကွေးရောဂါဖြစ်ပွားသူ များပြားလျက်ရှိကြောင်း အထွေထွေရောဂါကုဆရာဝန်များက ပြောသည်။

မုတ်သုံပြန်လည် ဆုတ်ခွာသည့် အချိန်တွင် မိုးဆက်တိုက် ရွာသွန်းနေသည့်အတွက် မိုးရာသီတွင် ဖြစ်ပွားမှုများပြားလေ့ရှိသည့် ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် ဖျားနာခြင်းများအဖြစ်များရခြင်းဖြစ်ကြောင်း သိရသည်။

"အခုရက်ပိုင်းဖျားတဲ့သူနဲ့ဝမ်းပျက်ဝမ်းလျှောဖြစ်ကြတဲ့အကြောင်း တော်တော်ကိုကြားရတယ်။ အရမ်းဖြစ်တဲ့သူတော့ သိပ်မရှိဘူး။ ကိုယ့်ဘာသာကိုပဲ ပုံမှန်ဆေးသောက်ပြီး သက်သာသွားကြတာများတယ်။ ဟိုရက်ပိုင်းကတော့ ကလေးတွေမှာ ဖျားပြီးအရေပြားမှာ အဖုတွေပေါက်ကြတယ်။ အဖုတွေကနေ အနာကြီးတွေဖြစ်သွားလို့ ဆေးခန်း ရောက်လာတဲ့ ကလေးတွေတော့ သုံး၊ လေးယောက်လောက်ရှိတယ်"ဟု ဒေါက်တာထွန်းသိန်းကပြောသည်။

မိုးရွာသွန်းသည့်အချိန်တွင် ယင်ကောင်များပိုမိုပေါက်ဖွားသည့်အတွက် အစားအစာကြောင့်ဖြစ်ပွားသည့်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများပြားပြီး အအေးမိခြင်းလည်း များပြားနေခြင်းဖြစ်သည်။



# Regional

7Day NEWS JOURNAL

Vol.10, No.28 • SEPTEMBER 29, 2011


## နေပြည်တော်ရှိ ဆိုင်ကယ်ကယ်ရီများ နံပါတ်ပါဝေ့စ်ကုတ်အင်္ကျီ ဝတ်ဆင်ရမည်

**ထူးသန့်**

**ရန်ကုန်၊စက်တင်ဘာ- ၂၂**

နေပြည်တော်၌တွင်ကျယ်လျက်ရှိသည့်ဆိုင်ကယ်ကယ်ရီများအပေါ် စည်းကမ်းထိန်းသိမ်းရေး အစီအစဉ်ကို လာမည့် အောက်တိုဘာ ၁ ရက်တွင် စတင်မည်ဖြစ်ပြီး ကယ်ရီသမားများသည် ထင်ရှားသောနံပါတ်များပါဝင်သည့် အရောင်ကွဲဝေ့စ်ကုတ်များကို ဝတ်ဆင်ရတော့မည်ဖြစ်သည်။



*နေပြည်တော်ရှိဆိုင်ကယ် တက္ကစီများကို တွေ့ရစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆိုပါ ဝေ့စ်ကုတ်များ၏ ကျောဘက်၌ အင်္ဂလိပ်နံပါတ်အကြီးနှင့်မြို့နယ်အမည်များ ပါရှိပြီး အရှေ့ဘက်တွင် မြန်မာလိုနံပါတ်အသေး ပါရှိမည်ဖြစ်ကာ အရောင်လေးမျိုးသတ်မှတ်ထားသည်။ နေပြည်တော်မြို့သစ် ငါးမြို့နယ်အတွက် အပြာနုရောင်တစ်မျိုးတည်းကို မဲနှိုက်ရွေးချယ်သတ်မှတ်ထားပြီး ပျဉ်းမနားမြို့နယ်အတွက် အစိမ်းရင့်ရောင်၊ တပ်ကုန်းမြို့နယ်အတွက် အစိမ်းရောင်နှင့် လယ်ဝေးမြို့နယ်အတွက် ကာကီရောင်များသတ်မှတ်ထားခြင်းဖြစ်သည်။

ယခုအစီအစဉ်အရဆိုင်ကယ်ကယ်ရီမောင်းသူများအနေဖြင့် ခရီးသည်ပို့ဆောင်ရာတွင် သတ်မှတ်ဝေ့စ်ကုတ်များ ဝတ်ဆင်ရမည်ဖြစ်ပြီးအခြားမြို့နယ်များတွင် ဂိတ်ထိုးပြေးဆွဲခွင့်မရှိကြောင်း ၎င်းအပြင် ဗွီးတက်တွင် အမည်ပေါက်သူသာ ပြေးဆွဲခွင့်ရှိပြီး မိသားစုဝင်အခြားတစ်ဦးအမည်ပေါက်ဖြစ်ပါကလည်း အိမ်ထောင်စုလူဦးရေစာရင်း ပါရှိရမည်ဖြစ်ကြောင်းသိရသည်။

ယနေ့ကျင်းပသော အစည်းအဝေးတွင် ငါးမြို့နယ်မှ တင်ပြသော စာရင်းများအရ ဆိုင်ကယ်ကယ်ရီအရေအတွက် ၁,၅၀၀ ခန့်ရှိနေပြီး အခြား သုံးမြို့နယ်အပါအဝင်ဆိုလျှင် ပိုများလာမည်ဖြစ်ကြောင်း သို့သော်လည်း သေချာထပ်မံစိစစ်ပါက လျော့နည်းလာဖွယ်ရှိကြောင်း ဆွေးနွေးချက်အရ သိရသည်။

## သားအမိချင်းစကားများရာမှ သားဖြစ်သူရိုက်ချက်ကြောင့် မိခင်သေဆုံး

**ယဉ်ယဉ်လှ**

**မန္တလေး၊ စက်တင်ဘာ- ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ မူးကမ်းကြီးကျေးရွာအုပ်စု ဆူးတပ်အရှေ့ပိုင်းတွင် မိခင်ရင်းအား သားဖြစ်သူကရိုက်နှက်သဖြင့် မိခင်ဖြစ်သူသေဆုံးသွားရကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

သားအမိနှစ်ဦး မိသားစုတွင်းကိစ္စအချေအတင် စကားပြောရာမှ သားဖြစ်သူက ဒေါသမထိန်းနိုင်ဘဲ မိခင်ဖြစ်သူအား အနီးရှိတုတ်နှင့်ဦးခေါင်းကိုရိုက်လိုက်ရာ မိခင်ဖြစ်သူမှာ အဆိုပါနေရာတွင် ပင်သေဆုံးသွားကြောင်း ရပ်မိရပ်ဖတစ်ဦးက ရှင်းလင်းပြောကြားသည်။ အသက် ၂၄ နှစ်ရှိ သားဖြစ်သူကို မူးကမ်းကြီးရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ အရအမှုဖွင့်အရေးယူပြီး ဇူလိုင် ၁၄ ရက်က ဒီပဲယင်းမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့လိုက်ကြောင်း မူးကမ်းကြီး ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့အတည်ပြုပြောကြားသည်။

## လယ်ယာမြေများတွင် လူနေအိမ်ရာ တည်ဆောက်ခွင့်ကို တားမြစ်ထားသော်လည်း လုပ်ငန်းရှင်များ အဝယ်လိုက်

**ရန်နိုင်ကျော်**

**မုံရွာ၊ စက်တင်ဘာ- ၂၁**

မုံရွာမြို့နယ်အတွင်း လယ်ယာမြေများတွင် လူနေအိမ်ရာတည်ဆောက်ခွင့်ကို သက်ဆိုင်ရာကတားမြစ်ထားသော်လည်း လုပ်ငန်းရှင်များ၊ကုမ္ပဏီများက လုပ်ငန်းချဲ့ထွင်လုပ်ကိုင်ရန်ဝယ်လိုအားပိုမို များပြားလာကြောင်း မုံရွာဒေသခံ အိမ်ခြံမြေအကျိုးဆောင်များက ပြောကြားသည်။

“ဒီနေ့ခေတ်မှာ မြေရောင်းခွန်ဝယ်ခွန်ရှောင်လိုတဲ့ လုပ်ငန်းရှင်တွေအများစုက လယ်ယာမြေတွေကို အိမ်ရာတည်ဆောက်ရေး၊လုပ်ငန်းတိုးချဲ့ရင်းနှီးမြှုပ်နှံရေးအတွက် ဝယ်လိုအားပိုများလာတယ်။ လူနေထိုင်ခွင့်မရှိတဲ့ လယ်ယာမြေတွေကို လူနေအိမ်ရာတွေတိုးချဲ့တာကိုလည်း သက်ဆိုင်ရာကတားမြစ် ထားတဲ့အတွက် အာမခံချက်ရှိတဲ့ မြေတွေမှာရင်းနှီးမြှုပ်နှံဖို့လိုပါတယ်” ဟု မုံရွာမြို့နည်းပညာတက္ကသိုလ်အနီး အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

မုံရွာ-ဗောဓိတစ်ထောင်လမ်းမကြီးတန်း ပေ (၆၀×၈၀)မြေကွက်တစ်ကွက် လျှင် ပြီးခဲ့သည့်နှစ်ကကျပ် ၈၅သိန်း မှ သိန်း ၁၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုနှစ်အတွင်း ကျပ်သိန်း ၁၅၀ မှ ၂၀၀ ကျော် အထိအရောင်းအဝယ်ဖြစ်ခဲ့သည်။အတွင်းဘက်ပိုင်းအိမ်ခြံဝင်းများလည်း ယခင်နှစ်ကကျပ်သိန်း ၃၀ မှ ၈၅ သိန်းအထိရှိရာမှ ယခုနှစ်တွင် ကျပ်သိန်း ၉၀ မှကျပ် သိန်း ၁၅၀ ဝန်းကျင်အထိဈေးကောင်းရရှိခဲ့သည်။ အနီးပတ်ဝန်းကျင်လယ်ယာမြေများလည်း ယခင်တစ်ဧကကျပ်သိန်း ၂၀ မှကျပ်သိန်း ၁၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုနှစ်လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံသူများကြောင့် တစ်ဧကကျပ်သိန်း ၈၀ မှ သိန်း ၂၀၀ ကျော်အထိအရောင်းအဝယ်ဖြစ်ခဲ့သည်။ မုံရွာနည်းပညာတက္ကသိုလ်တွင် ယခင်ကျောင်းသားကျောင်းသူ ၃,၀၀၀ ဝန်းကျင် လက်ခံသင်ကြားခဲ့ရာမှ ယခုနှစ်အတွင်း ကျောင်းသားကျောင်းသူ ၅,၀၀၀ ကျော်ကို တိုး ချဲ့လက်ခံသင်ကြားခဲ့သဖြင့် စာသင်ဆောင်များတိုးချဲ့ဆောက်လုပ်လျက်ရှိပြီး လုပ်ငန်းရှင်များက ဘော်ဒါဆောင်များတိုးချဲ့လုပ်ကိုင်ရန် လယ်ယာမြေများဝယ်လိုအားပိုများလာကြောင်း သိရှိရသည်။

မုံရွာမြို့နယ်အတွင်းအဓိက လမ်းမကြီးများဖြစ်သော မုံရွာ-မန္တလေးကားလမ်းမကြီးဘေး မအူကျေးရွာနှင့် အောင်သာကျေးရွာအကြား လယ်ယာမြေများကိုစက်သုံးဆီကုမ္ပဏီများနှင့် လမ်းတံတားဆောက်လုပ်ရေးကုမ္ပဏီများတိုးချဲ့လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

***စာ(၁၈) သို့***

## သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာဒေသမှ တောင်သူများကို လျော်ကြေးငွေပေးအပ်

**စောရန်နိုင်**

**မကွေး၊ စက်တင်ဘာ- ၁၉**

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့လိုင်း စီမံကိန်း (CNPC) မှ (Mr.Zoudecheng) အပါအဝင် တရုတ်နိုင်ငံသား ၇ ဦးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်အရာရှိ ဦးအောင်နိုင်တို့က သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းမည့် ကျေးရွာအုပ်စု ၅ အုပ်စုမှတောင်သူများအားယခုလ ၉ရက်ကချောက်မြို့နယ်၊ အုပ်ချုပ်ရေးမှူးရုံးခန်းမတွင် သီးနှံလျော်ကြေးပေးအပ်ခဲ့သည်။

အဆိုပါအစီအစဉ်အရပိုက်လိုင်းစီမံကိန်းအတွင်း ကျရောက်နေသောပိုက်လိုင်းသွယ်တန်းမည့် ကျေးရွာအုပ်စုငါးခုမှ တောင်သူ ၂၂၀ဦးနှင့် ယာယီပိုက်လိုင်းသွယ်လမ်းတွင် ပါဝင်မည့်ယာမြေများမှ တောင်သူ ၁၆ ဦးတို့၏ ယာမြေဧက ၁၁၂ ဒသမ ၉၉ ဧကအတွက် လျော်ကြေးငွေအဖြစ် (ပ)အကြိမ် ၅၀ ရာခိုင်နှုန်းအဖြစ် ငွေကျပ် (၃၉,၄၂၆,၈၂၀) ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါပေးအပ်ပွဲသို့မြို့နယ်အုပ်ချုပ်ရေးမှူးမြေစာရင်း ဦးစီးမှူး ဦးစစ်မောင်သန်း၊ စီမံကိန်း ဦးစီးမှူး ဦးသန်းစိုး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ မင်းဇော်အောင်၊စည်ပင်အမှုဆောင်အရာရှိ အုပ်စု (၅) အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။




7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011




## မန်းကုန်စည်ဒိုင်တွင် ဝိုင်ဖိုင်စနစ်တပ်ဆင်မည်

ညီညီဇော်

**မန္တလေး၊ စက်တင်ဘာ - ၂၂**

မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)တွင် ကြိုးမဲ့အင်တာနက်စနစ်(ဝိုင်ဖိုင်) တပ်ဆင်တော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

တပ်ဆင်ရသည့် အကြောင်းရင်းမှာ ကုန်စည်ဒိုင်တွင် နေ့စဉ်လာရောက် အရောင်းအဝယ်ပြုလုပ်နေကြသော ပွဲစားကုန်သည် စက်ပိုင်များအား သတင်းနည်းပညာအချက်အလက်များ လျင်မြန်စွာသိရှိနိုင်စေရန်အတွက်ရည်ရွယ်ကြောင်းကုန်စည်ဒိုင်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ထို့အပြင် ကုန်စည်ဒိုင် အဆောက်အအုံတွင် ဂျီအက်စ်အမ်တာဝါတိုင်တစ်ခုထောင်မည် ဖြစ်ပြီးတာဝါတိုင်လာရောက်ထောင်သည့် နည်းပညာကုမ္ပဏီမှ ကနဦးတပ်ဆင်ခ လှူဒါန်းမည်ဟု ဆိုသည်။

"မကြာခင် မန်းကုန်စည်ဒိုင်ဝက်ဘ်ဆိုက်လွှင့်တင်ဖို့လည်း ရှိပါတယ်။ အခု ကုန်စည်ဒိုင်မှာ အင်တာနက်ရတော့မယ်ဆိုလို့ ဝိုင်ဖိုင်စနစ်ပါတဲ့ဖုန်းတွေတောင် အသင်းသားတွေက ပြောင်းသုံးလာကြတယ်" ဟု မန်းကုန်စည်ဒိုင်မှ အမှုဆောင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။ မန်းကုန်စည်ဒိုင်တွင် ကြိုးမဲ့အင်တာနက်စနစ်ကိုအောက်တိုဘာလလယ်ခန့်တွင် စတင်အသုံးပြုနိုင်ရန်စီစဉ်နေကြောင်းသတင်းရရှိသည်။

## စက်ဘီးအဖွဲ့ချုပ် နေပြည်တော်သို့ ပြောင်းမည်

ထူးသန့်

**နေပြည်တော်၊**
**စက်တင်ဘာ-၂၀**

လေ့ကျင့်ရန် နေရာအခက်အခဲကြောင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ကို ယခုလကုန်တွင် နေပြည်တော်သို့ပြောင်းရွှေ့မည်ဖြစ်ကြောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌဦးသာဌေးက ပြောသည်။

"အဖွဲ့ချုပ်က ရန်ကုန်မှာ ပေါက်ဖွားခဲ့တယ်ဆိုပေမယ့် ကန့်သတ်ချက်က လေ့ကျင့်ရန် နေရာအခက်အခဲရှိလာတာကြောင့် ဒီလကုန်ရင် နေပြည်တော်ကို အပြီးပြောင်းရွှေ့ဖို့စီစဉ်နေပါတယ်"ဟု နေပြည်တော်ရှိ MICC ခန်းမတွင် နိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် တွေ့ဆုံပွဲတွင်ၶင်းကပြန်လည်ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မြန်မာ့စက်ဘီးအားကစားတွင် စက်ဘီးများ ခေတ်မီရန်အားနည်းချက်ရှိနေပြီးကွင်းအတွင်းပြိုင်ပွဲအတွက် လေ့ကျင့်ရန် နေရာမရှိသောကြောင့် ထိုင်းနိုင်ငံသို့သွားရောက်လေ့ကျင့်သည်မှာ သုံးကြိမ်ရှိခဲ့ပြီဟုဆိုသည်။

တာဝေးပြိုင်ပွဲအတွက်မူ နေပြည်တော်တွင် လေ့ကျင့်မည်ဖြစ်သည့်အတွက် အားသာချက်များရှိထားကြောင်းဦးသာဌေးက ဆက်လက်ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စက်ဘီး အားကစားနည်းကိုးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လောလောဆယ်ရွှေဆုကို မမျှော်မှန်းနိုင်သေးကြောင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်မူ အောင်မြင်မှု ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။






# ကားဟောင်းများ ဈေးကောင်းရသော်လည်း ရောင်းပြီးငွေနှင့်ရင်းနှီးမြှုပ်နှံရန် ရွေးရခက်နေ

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ- ၂၄**


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မန္တလေးမြို့တွင် ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းရေးအစီအစဉ်အရ ဈေးကောင်းရသည့် ကားဟောင်းများ ထုတ်ရောင်းလိုက်ကြသော်လည်း လေးဘီးတက္ကစီမိသားစုများမှာ မိသားစုစားဝတ်နေရေးအတွက် ရရှိသောငွေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရန် ရွေးချယ်ရခက်နေကြောင်း သိရှိရသည်။

မန္တလေးမြို့ လမ်း ၈၀×၁၂ လမ်းဆုံ လေးဘီးတက္ကစီအငှားစခန်းမှ မိသားစုဝင် အိမ်ရှင်မတစ်ဦးက "ကျွန်မတို့ လေးဘီးကားက ကျပ်သိန်း ၅၀ နဲ့ရလို့ ရောင်းလိုက်တယ်။ အဲဒီသိန်း ၅၀ ကိုင်ပြီး မိသားစုစားဝတ်နေရေးမိသားစုရပ်တည်ဖို့ဘာလုပ်ရမှန်းမသိဘူး။ အရင်က တစ်ရက်ကို မိသားစုအတွက် အနည်းဆုံး ၅,၀၀၀ ကျပ်က ၁၀,၀၀၀ ထိစရိတ်နုတ်ပြီးကျန်တယ်။ မိသားစုဘဝ ရပ်တည်လို့ရတယ်။ အခုတော့ ကျွန်မတို့ မိသားစု နေ့စဉ်ဝင်ငွေမရှိတော့လို့စိုးရိမ်မိပါတယ်" ဟု ပြောသည်။

မန္တလေးမြို့မှ အငြိမ်းစား ဝန်ထမ်းတစ်ဦးက "မိသားစု စားဝတ်နေရေးအတွက် ဆန်နီပစ်ကပ်လေးဝယ်ထားတယ်။ အော်ဒါလိုက်တယ်။ အခုဒီကားက ယာဉ်အိုယာဉ်ဟောင်းစာရင်းထဲပါသွားပြီ။ နောက်ထပ်လိုက်စရာငွေပိုမရှိဘူး။ ကျွန်တော်တို့ကတော့ ဒီကားလေးနဲ့ပဲဘဝဝမ်းရေးအတွက် လုပ်စားချင်ပါသေးတယ်"ဟုပြောသည်။ "မန္တလေးမြို့ ယာဉ်အိုဟောင်းများဖျက်သိမ်းမည့်အစီအစဉ်အရ အများဆုံးပါသွားတာကတော့ လေးဘီးတက္ကစီတွေပါပဲ။ အခုမန္တလေးဘူတာကြီး၊ ကားကြီးဂိတ်တွေမှာ ရှိတဲ့လေးဘီးတက္ကစီတွေမရှိသလောက်ဆိုတော့ ကားငှားခတွေ ၄၀ ရာခိုင်နှုန်းခန့် မြင့်တက်သွားပါတယ်။ ယခင် ၃,၀၀၀ ကျပ်တန်လမ်းက ၅,၀၀၀ ကျပ်။ ၅,၀၀၀ တန်လမ်းက ၇,၀၀၀၊ ၇,၀၀၀တန်လမ်းက ကျပ် ၁၀,၀၀၀ အထိဖြစ်သွားပါတယ်။ ဆိုင်ကယ်တက္ကစီတွေကတော့ ဈေးမတက်ပါဘူး"ဟု ကျွဲဆည်ကန်ကားကြီးကွင်းမှ ဆိုင်ကယ်တက္ကစီသမားတစ်ဦးကပြောသည်။

မန္တလေးမြို့တွင် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ယာဉ်အိုဟောင်းများ ဖျက်သိမ်းရေး အစီအစဉ်ကြောင့်လေးဘီးတက္ကစီ၊ဂျစ်ကားနှင့် မာဇဒါကားများကို ရသလောက်ဝယ်ယူရာကားအစီးပေါင်း ၁၀၀ ခန့်ဝယ်ယူရရှိထားကြောင်း ကားပွဲစားများထံမှ သိရသည်။

## ကျောက်ဖြူလေယာဉ်ကွင်းတိုးချဲ့တည်ဆောက်

**ကေရာဇ်**

**ကျောက်ဖြူ၊စက်တင်ဘာ- ၂၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး စီမံကိန်းရှိသဖြင့် ကျောက်ဖြူလေယာဉ်ကွင်းအား တိုးချဲ့တည်ဆောက်လျက်ရှိကြောင်းသိရသည်။

အဆိုပါကျောက်ဖြူလေယာဉ်ကွင်းပြေးလမ်းအားအလျား ၄၆၂၀ ပေ၊ အနံ ၁၀၀ ပေခန့် တိုးချဲ့တည်ဆောက်လျက်ရှိရာ အလျား ၁၀၀၀ ပေတိုးချဲ့တည် ဆောက်ပြီးစီးသွားပြီဖြစ်၍ လာမည့်နှစ်တွင် အလျားပေ ၁၀၀၀ ခန့် ထပ်မံတိုးချဲ့တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ လာမည့် ၂ နှစ်အတွင်း ကျောက်ဖြူလေယာဉ်ပြေးလမ်းမှာ အလျားပေ ၇၀၀၀၊ အနံပေ ၁၀၀ ရှိလာမည်ဖြစ်ပြီး F2 ကဲ့သို့ ဂျက်လေယာဉ်များလည်း ဆင်းသက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်ဖြူလေယာဉ်ကွင်းတိုးချဲ့တည်ဆောက်မှုပြီးစီးပါက ကျောက်ဖြူလေယာဉ်ကွင်းနှင့် ၃၆ မိုင်သာ ကွာဝေးသည့် မာန်အောင်(စမုံတဲ)လေယာဉ်ကွင်းအားပေ ၄၀၀ ခန့်ထက်တိုးချဲ့တည်ဆောက်ရန်မလိုအပ်ကြောင်း၊ မာန်အောင်(စမုံတဲ)လေယာဉ်ကွင်းသည် မာန်အောင်မြို့၏ အနောက်ဘက် ၃ မိုင်ခန့်အကွာတွင် တည်ရှိပြီး ၁၉၈၅ ခုနှစ်က လေယာဉ်ပျံသန်းမှုရပ်ဆိုင်းသွားခဲ့ရကြောင်း သိရသည်။ ၁၉၉၀-၁၉၉၁ ခုနှစ် တွင် အရှည်ပေ ၄၀၀၀ ရရှိရန်လေယာဉ်ပြေးလမ်းအား တိုးချဲ့ တည်ဆောက်ခဲ့ရာတွင် အလျား ၃၇၀၀ ပေ၊ အနံ ၇၅ ပေခန့် တည်ဆောက်ပြီးစီးခဲ့ပြီး လက်ရှိအချိန်၌ ရာသီဥတုဒဏ်ကြောင့် လေယာဉ်များဆင်း၊တက်ရန် အခက်အခဲရှိကြောင်းသိရသည်။

မာန်အောင်ကျွန်းတွင် နေထိုင်ကြသော ဒေသခံများမှာ ရေလမ်းတစ်ခုတည်းဖြင့်သာ ဆက်သွယ်သွားလာနေကြရကြောင်း သိရသည်။ သို့သော် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ပါက လိုက်ပါစီးနင်းမည့်ခရီးသည်များအပေါ် မူတည်၍ လေယာဉ်ငယ်များဝယ် ယူကာ ကွင်းတိုပျံသန်းပြေးဆွဲမည့် အစီအစဉ်များရှိကြောင်း ပြည်ထောင်စုဝန်ကြီးဦးညဏ်ထွန်းအောင်က ပြောသည်။

## ရခိုင်ပြည်နယ်တွင် GSM မိုဘိုင်းတိုးချဲ့စခန်းသစ် ၄၉ ခု တည်ဆောက်မည်

**မာန်ယုကျော်**

**စစ်တွေ၊ စက်တင်ဘာ- ၂၀**

ရခိုင်ပြည်နယ်အတွင်းကျပ်သုံးသိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်း သုံးစွဲနိုင်ရေးအတွက် ဂျီအက်စ်အမ်မိုဘိုင်း တိုးချဲ့စခန်းသစ်ပေါင်း ၄၉ ခုတည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

ရခိုင်ပြည်နယ်တွင် ကျပ်သုံးသိန်းတန်ဂျီအက်စ်အမ်မိုဘိုင်းဖုန်းသုံးစွဲနိုင်ရေးအတွက်ဂျီအက်စ်အမ်မိုဘိုင်းတိုးချဲ့စခန်းသစ်ပေါင်း ၄၉ ခုကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တွင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်အဖွဲ့ IGE ကုမ္ပဏီတို့ပူးပေါင်းကျင်းပသည့် စစ်တွေမြို့၊ ဝက်ပါကွင်းအနီး ဂျီအက်စ်အမ်မိုဘိုင်းတိုးချဲ့စခန်းသစ်အဆောက်အအုံပန္နက်တင်မင်္ဂလာအခမ်းအနား၌ ရခိုင်ပြည်နယ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်နယ်ခေတ္တမန်နေဂျာက အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ယခုကဲ့သို့ကျပ်သုံးသိန်းတန်ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများသုံးစွဲခွင့်ရပြီးသည့် နောက်ပိုင်း ပြည်နယ်အတွင်း တယ်လီဖုန်းသုံးစွဲမှုနှုန်းမှာ လူ ၁၀၀ လျှင် ၆ ဦးခန့်အထိ ဖုန်းသုံးစွဲလာနိုင်တော့မည်ဖြစ်သည်။

## ရခိုင်ကမ်းလွန် လုပ်ကွက် အမှတ် အေ-၃ တွင် တွင်းထိန်း ကိရိယာများတပ်ဆင်


**မောင်ကံ**

**ကျောက်ဖြူ၊စက်တင်ဘာ- ၁၉**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော International Corporation Myanmar မှာ ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် အေ-၃၌တူးဖော်ခဲ့သောတွင်းများတွင်တွင်းထိန်းကိရိယာများတပ်ဆင်ခြင်းများကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်မှ ၂၀၁၃ ခုနှစ်မေလ ၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

လုပ်ကွက်အမှတ် အေ-၃ တွင်တူးဖော်ထားသောရေနံတွင်းများ၏ အလယ်ဗဟိုချက်တည်နေရာမှာ တွင်းအမည် Well Come မြောက်လတ္တီတွဒ် (၁၉ ဒီဂရီ ၃၄ မိနစ်၊ ၄၇ ဒသမ ၂၄၇၆ စက္ကန့်)၊ အရှေ့လောင်ဂျီတွဒ်(၉၂ ဒီဂရီ ၃၅ မိနစ် ၀၄ ဒသမ ၅၀၆၉ စက္ကန့်)တွင် ဖြစ်ကြောင်း သိရသည်။

လုပ်ကွက်အမှတ် အေ-၃ အတွင်းရှိ ရေနံရှာဖွေရေးတွင်းထိန်းကိရိယာများ တပ်ဆင်ထားစဉ်ကာလအတွင်း တွင်း၏တည်နေရာ မီတာ ၅၀၀ ဧရိယာအတွင်း သင်္ဘောကြီးငယ်များကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊စက်တပ်သမ္ဗန်များ၊ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။





# သင်္ဘောသားအကြိုသင်တန်း၏ အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲ ရပ်နားထား

**သိမ့်သိမ့်စိုး** **ရန်ကုန်၊ စက်တင်ဘာ - ၁၇**

သင်္ဘောသားအလုပ်အကိုင် အခွင့်အလမ်း ရရှိရန်မြန်မာနိုင်ငံ ကုန်သွယ်ရေးကြောင်း ကောလိပ်တွင်ဖြေဆိုရသော အင်္ဂလိပ်အရည်အချင်းစစ်စာမေးပွဲဖြစ်သည့် Basic English Skill Text (BEST) စာမေးပွဲဖြေဆိုခွင့်ကိုယခုလဆန်းမှစ၍ ရပ်နားထားကြောင်းအဆိုပါကောလိပ်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

"အရင်က BEST စာမေးပွဲဖြေပြီး 4 tickets Basic Safety Training (BST) တက်ဖို့စောင့်နေတဲ့ ကျောင်းသားတွေများလို့ နားထားတဲ့ သဘောပဲ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ယခုလတ်တလောကာလ တွင် BEST စာမေးပွဲဖြေဆိုပြီး BST တက်ရန်စောင့်နေသောကျောင်းသား ၄၅၀၀ ဦးရှိကြောင်း သိရသည်။

ယခင်က BEST စာမေးပွဲကိုမြန်မာနိုင်ငံကုန်သည်ရေကြောင်းကောလိပ်၌နေ့စဉ်စာမေးပွဲများ ဖြေဆိုခွင့်ပေးထားပြီး တစ်ချိန်လျှင် အယောက် ၃၀ ဦး နှင့် ၃ ချိန်ဖြေဆိုလေ့ရှိသည်။ ထို့ကြောင့် တစ်နေ့လျှင် ၁၂၀ ဦး စာမေးပွဲဖြေဆိုလေ့ရှိကြောင်း သိရသည်။

BST တက်ရန်စောင့်နေသော ကျောင်းသားအရေအတွက်များနေခြင်းကြောင့် ယခင်က မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်တစ်ခုတည်းသာ ဖွင့်လှစ်သင်ကြားပေးသော သင်တန်းများဖြစ်သည့် BST နှင့် Pre-sea Training Course များအတွက် သင်္ဘောကုမ္ပဏီငါးခုနှင့် မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းတို့ကပါ ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်သည်။

# ရန်ကုန်တွင် ပွင့်လင်းရာသီ၌ အိမ်ရာစီမံကိန်းသစ်များ တိုးချဲ့မည်

**မေဝင်းမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၅**

လာမည့်ပွင့်လင်းရာသီတွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက အင်းစိန်၊ သာကေတ၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ သဃ်န်းကျွန်းနှင့် ရန်ကင်းတို့တွင် အိမ်ရာစီမံကိန်းသစ်များတိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုစီးဌာနမှသတင်းရရှိသည်။

နှစ်စဉ်ပွင့်လင်းရာသီရောက်တိုင်းအိမ်ရာစီမံကိန်းသစ်များ ဖော်ဆောင်လျက်ရှိရာ ယခုနှစ်တွင် အင်းစိန်၌ လုံးချင်းများဖြစ်သည့် အောင်ဇေယျအိမ်ရာစီမံကိန်း၊ မင်းကြီးလမ်း အိမ်ရာစီမံကိန်း၊ သာကေတတွင် အထပ်မြင့်မြင်တော်သာအိမ်ရာစီမံကိန်းနှင့် လုံးချင်း Water Front Villa စီမံကိန်း၊ ဒဂုံမြို့သစ်တောင်ပိုင်းတွင် လုံးချင်း အင်း၀အိမ်ရာစီမံကိန်း၊ သဃ်န်းကျွန်းတွင် ကြီးပွားရေး အထပ်မြင့်အိမ်ရာစီမံကိန်းနှင့် ရန်ကင်းတွင်လည်း အထပ်မြင့်အိမ်ရာစီမံကိန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆိုပါအိမ်ရာစီမံကိန်းများကို အိုးအိမ်နှင့်လက်တွဲဆောက်လုပ်သည့် ဆောက်လုပ်ရေး လုပ်ငန်းများနှင့်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပြီး ၁၀ လစီမံကိန်းများဖြစ်သည်ဟုသိရသည်။

ပြီးခဲ့သည့်နှစ်ပွင့်လင်းရာသီကဆောက်လုပ်ခဲ့သည့် ရန်ကင်း၊ ကြို့ကုန်း၊ ကန်တော်ကလေး အိမ်ရာစသည်များတည်ဆောက်မှုပြီးစီးပြီဟုသိရသည်။

အထူးစီးပွားရေးဇုန်အဖြစ်သတ်မှတ်ထားသည့် ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့ သီလဝါ-ကျောက်တန်းစက်မှုဇုန်မြေကွက်များနှင့် အောင်ချမ်းသာ ရပ်ကွက်သစ်များတွင်လည်း အိမ်ရာစီမံကိန်းသစ်များ လုပ်ဆောင်လျက်ရှိသည်။ အောင်ချမ်းသာ အိမ်ရာစီမံကိန်းတွင် ပေ ၄၀× ၆၀ မြေကွက်များကို ရောင်းချပေးလျက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများကိုဦးစားပေး ရောင်းချသည်ဟု သိရသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနနှင့်ဖွံ့ဖြိုးအောင်၊ ရွှေတောင်၊ အေးရိပ်ငြိမ်၊ အေးရိပ်မွန်၊ အေအမ်၊ ဂရိတ်ဝေါ၊ မြန်မာ့ရွှေသရဖူစသည်ဖြင့် ဆောက်လုပ်ရေး ကုမ္ပဏီ ၃၀ ကျော်ဆောင်ရွက်လျက်ရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

အသက် ၂၀ အောက် ထမင်းချက်၊ သန့်ရှင်းရေးအိမ်အကူ အလိုရှိသည်။ **ဖုန်း-၀၉ ၇၃၀၄၉ ၅၄၃**

---

သွားဆေးခန်းအကူ -ကျား ၁ ဦး၊ ဗိုလ်တထောင်မြို့နယ်တွင်နေထိုင်သူဦးစားပေးမည်။ အမှတ်-၁၇၉၊ မြေညီ၊ ၄၇ လမ်း၊ ဗိုလ်တထောင်။

---

Marketing -M/F -5 Post Accountant LCCI(III)- F -2 Post, B-14, နောင်ရိုးလမ်း၊ ဘုရင့်နောင်။ **ဖုန်း-၅၂၈၉၅၅**

---

အမျိုးသမီး စက်ချုပ်ကျွမ်းကျင်ဝန်ထမ်းနှင့် လက်ချုပ်ဝန်ထမ်း အလိုရှိသည်။ Made moiselle Fashion ၊ အမှတ် -၇၃၊ မြေညီထပ်၊ ရေဝတီလမ်း၊ အလုံမြို့နယ်။ ရန်ကုန်မြို့။ **ဖုန်း-၂၁၁၃၈၉**

---

အနည်းဆုံး အထက်တန်းပညာ အရည်အချင်းလိမ္မာပါးနပ်သွက်လက် အမျိုးသမီးဝန်ထမ်း အလိုရှိသည်။ ကျောက်မြောင်းတွင် အလုပ်ဆင်းရမည်။ **ဖုန်း-၀၉ ၇၃၀၄၉ ၅၄၃**

---

ယာဉ်မောင်းကျွမ်းကျင် -ကျား-၂ ဦး၊ အထွေထွေဝန်ထမ်း -ကျား-၄ ဦး၊ နေစရာပေးမည်။

**ဖုန်း-၀၉ ၇၃၀ ၂၇၇၃၃**

---

Marketing - မ-၂ ဦး၊ ရုပ်ရည်သန့်ပြန်ရမည်။ ဆက်ဆံရေး ပြေပြစ်ရမည်။ **ဖုန်း-၀၉ ၅၄၁၇၈၈၂**

---

သန့်ရှင်းရေး -မ -၂ ဦး အလိုရှိသည်။ **ဖုန်း-၀၉ ၇၃၁၈၇၉၀၄**

---

Creation (Myanmar)Co.,Ltd, Import Products Manager -M/F -1 Post
No. 15,16,17,18, Thamain Bayain Road, Myittar Yeik Mon Housing, Tomwe Township.
**Ph: 098623381~ 3ex-139**

---

စားသောက်ကုန်ပစ္စည်းဖြန့်ဖြူးရန်အတွက် Brand Executive -ကျား-မ -၂၀ ဦး၊ Driver- ကျား- ၃ဦး၊ အမှတ်-၃၃/၂၊ ရတနာလမ်း၊ ၇ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

---

Human Resources Officer -M/F-3 Posts, Programmer -M/F-3 Posts, Officer (International Trading) Japanese-M/F-3 Posts, Trainee Engineer-M/F-6 Posts, Sales & Marketing Staff -M/F-10 Posts, Distributor -M/F-5 Posts, Transporter -M/F-5 Posts, **ဖုန်း-၀၉ ၇၃၀၄၈၃၀၂၊ ၀၁ -၂၂၇ ၆၃၈**

---

ရှမ်းပြည်တောင်ပိုင်း အင်းလေးဒေသရှိ Inle Lake View Resort ဟိုတယ်နှင့် ရန်ကုန်ရုံးချုပ်ခရီးသွားလုပ်ငန်းတွင် အလုပ်လုပ်ရန်အတွက် စာရင်းစစ် (B.Com, C.P.A)၊ စာရင်းကိုင် (B.Com, LCCI Level -3)၊

**ဖုန်း-၀၁ ၂၄၈၉၀၇၊ ၂၄၈၉၀၈**

---

Receptionist -F -1 Post, Office Staff-M/F -2 Posts, B.E Mechanical - M-1 Post

**ဖုန်း-၂၅၂၃၈၈၊ ၂၅၃၁၈၃**

---

ယာဉ်မောင်းကျွမ်းကျင် -၂ ဦး၊ စက်ပြင်ကျွမ်းကျင် -၂ဦး၊
**ဖုန်း-၀၁ ၄၀၁၃၄၄၊၀၁ ၇၀၅၅၁၉**

---

Marketing -မ-၅ ဦး၊ Furniture - ကျား-၅ ဦး၊ Store Keeper -မ-၅ ဦး၊ စာရင်းကိုင် - မ-၄ ဦး၊ အမှတ်-၁၅၊ ပြည်လမ်းနှင့် ဝိဇ္ဇာညီနောင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ Ocean Center အနီး။

**ဖုန်း- ၀၁ ၆၆၄၆၇၅**

---

နဂါးပုံလက်ဖက်ခြောက်လုပ်ငန်းအတွက် ယာဉ်မောင်း -ကျား- ၃ ဦး၊ လစာ တစ်သိန်းဝန်းကျင်။

**ဖုန်း-၀၁ ၅၂၃၄၉၆**

---

Min Thurein Publishing Services အတွက် ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ - မ- ၂ ဦး။

**ဖုန်း-၀၉ ၅၁ ၄၈၅၂၄**

---

Photoshop ဝန်ထမ်း -ကျား၊မ၊ Counter -မ- အလိုရှိသည်။ အမှတ်-၂၂၊ ဦးဝိဇ္ဇာလမ်း၊ ရွှေဘုန်းပွင့်ဘုရားအနီး၊ ပုဇွန်တောင်မြို့နယ်။ **ဖုန်း-၃၉၆၁၁၆**

---

Waiter - 2 ဦး၊ အမှတ်-၂၂၅၊ အခန်း-၁၅၀၄၊ ၁၅ လွှာ၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ BAK Shopping Cetre အပေါ်ထပ်။

---

North East Gate Fruit Co.,Ltd. (Muse,Myanmar) အတွက် Accountant -မ- ၁ ဦး၊

**ဖုန်း- ၀၉ ၄၃၀၀၁၈၈၆**

---

Auto CAD ကျွမ်းကျင်-ကျား/မ- ၁ ဦး၊ May Phue Zaw Construction,

**ဖုန်း- ၂၀၅၆၉၉၊ ၀၉ ၅၅၀၀၇၈၇**

---

Telephone Operator-ကျား-၁ ဦး၊ လုံခြုံရေးဝန်ထမ်း-ကျား-၅ ဦး၊

**ဖုန်း- ၂၀၁၃၂၆၊ ၂၉၃၃၈၄**

---

Engineering Lecturers (Electronic)-ကျား-၃ ဦး၊ Engineering Lecturers (Mechanical)-
ကျား/မ-၃ဦး၊ အမှတ်-၁၂၅(ဘီ)၊ ပထမထပ်၊ ၃၈ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

Do-Re_Mi Family Club is seeking for the Music Instructors for young children. Kids Garden at Marina Residence. No.8, Kabar Aye Pagoda Rd, Mayangone,

**Ph: 650634**

---

Accountant -M/F-5 Posts, Marketing -M-5 -Posts, Sale Promoter-M/F-5 Posts, အမှတ်-၁၁၄၊ ပထမထပ်၊ Junction Centre (Maw Tin), အနော်ရထာလမ်းနှင့် လမ်းသစ်လမ်းထောင့်၊လမ်းမတော်မြို့နယ်။

---

Hardware and Network Techinician -1 Male,
225, Room No.1502, 15th Floor, Olympic Tower, Bo Aung Kyaw Street, Kyauktada Tsp, Yangon. Ph: 95 1 392 886, 381 945

---

ဂန္ထဝင်ဗိသုကာကုမ္ပဏီ (Classical Architect Co.,Ltd)အတွက် ဗိသုကာပညာရှင်(B.Arch)-ကျား/မ-၄ ဦး၊ အင်ဂျင်နီယာ(B.E-Civil)-ကျား/မ-၄ ဦး၊ Structural အင်ဂျင်နီယာ B.E(Civil) -ကျား/မ-၄ ဦး၊ Reception - မ-၂ ဦး၊ Marketing -မ-၂ ဦး၊ အမှတ်-၄၀၂၊ တိုက်-၃၅၁၊ သိမ်ဖြူကွန်ဒို၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၃၉၉၂၀၂**

---

ကုန်ပစ္စည်း လှည့်လည်ဖြန့်ဖြူးရောင်းချရန်-ကျား/မ ၊ အမှတ်-၇၉၀၊ ၄ လွှာ၊ အခန်း-၄၀၃၊ ခနသီဟစင်တာ၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်။

**ဖုန်း-၂၂၄၈၂၀၊ ၂၁၁၈၇၀**

---

Sales Manager - 2- Female, No.225, Room No.1502, 15th Floor, Olympic Tower, Bo Aung Kyaw Street, Kyauktada Tsp, Yangon.

**Ph: 951392886, 381945**

---

Boiler Poerator -ကျား-၁ ဦး၊ အမှတ်-၁၀၉၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန် ၃၊ လှိုင်သာယာမြို့နယ်။

**ဖုန်း-၆၈၅၂၃၃၊ ၆၈၅၆၅၈**

---

ယာဉ်မောင်းအလိုရှိသည်။

**ဖုန်း- ၀၉ ၈၅၀ ၁၈၀၀၊ ၀၉ ၅၆၈၀၄၄၉**

---

ကလေးဝတ်ဆိုင်အတွက်အရောင်းကျွမ်းကျင် -မ-၁၀ ဦး၊

ဖုန်း-၀၉ ၅၀ ၃၃၅၈၉၊ ၀၉ ၇၃၀၉၆၁၂၄

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


BRAND'S
၁၀၀% ငှက်သိုက်အစစ်က
ခန္ဓာကိုယ်တွင်း သန့်ရှင်းကျန်းမာစေပြီး
ထာဝရ နုပျိုလှပသည့်အသွင်ကိုရရှိစေပါသည်
ရာနှုန်းပြည့် သဘာဝငှက်သိုက်
ဘုရင်ငှက်သိုက်ရည်သည်...
စစ်စစ်ဖြစ်ကြောင်း
ပြီးဖြစ်သည်
Sugar Free Formula
နုပျိုလှပ...ကျန်းမာ ထာဝရ

# Education

7DAY NEWS JOURNAL

Vol.10, No.28 • SEPTEMBER 29, 2011



# ဗြိတိန်ကျောင်းသားပြည်ဝင်ခွင့် အပြောင်းအလဲဆိုင်ရာ အမေးအဖြေများ သံရုံးမှ ထုတ်ပြန်

နေလင်းထွန်း

**မြန်မာကျောင်းသားများ သွားရောက်ပညာသင်ယူရန် စိတ်ဝင်စားကြသည့် ဗြိတိန်နိုင်ငံသည် ကျောင်းသားပြည်ဝင်ခွင့်မူဝါဒဆိုင်ရာ အပြောင်းအလဲများဖြစ်ပေါ် နေသည်။ နိုင်ငံတကာကျောင်းသားများ တက်ရောက်နိုင်သည့်ကျောင်းများ၊ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုလိုအပ်ချက်၊ ကျောင်းတက်ရောက်နေစဉ်နှင့် ကျောင်းပြီးဆုံးချိန်တွင် အလုပ်လုပ်ကိုင်ခွင့် စသည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအား ဧပြီလ ၂၁ ရက်မှစတင်ပြောင်းလဲလိုက်ခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် ပညာသင်ယူရန် ပြင်ဆင်နေသူများအတွက် ကျောင်းသားပြည်ဝင်ခွင့်အပြောင်းအလဲများနှင့် ပတ်သက်၍ သံရုံးမှ ထုတ်ပြန်လိုက်သည့် အမေးအဖြေများအား ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ကျောင်းသားများအား လက်ခံရန် မည်သူတို့က အာမခံပေးနိုင်မည်နည်း။**

ယူကေဘော်ဒါအေဂျင်စီ၏ မှတ်ပုံတင်စာရင်းပါ အလွန်ယုံကြည်ထိုက်သောကျောင်းများ (Highly Trusted)နှင့် အေအဆင့် စာရင်းဝင်ကျောင်းများသာ ကျောင်းသားများအား အာမခံခွင့်ရရှိလိမ့်မည်။

**ထောက်ပံ့ရန် အာမခံသူ (တက္ကသိုလ်၊ ကောလိပ်များ)၏ အခြေအနေကို မည်သို့သိရှိနိုင်သနည်း။**

ထောက်ပံ့ရန်အာမခံသူများနှင့် စပ်လျဉ်းသော မှတ်ပုံတင်စာရင်းကိုwww.ukba.homeoffice.gov.uk/sitecontent/documents/employersandsponsors/pointsbasedsystem/registerofsponsorseducation အင်တာနက်စာမျက်နှာတွင် စစ်ဆေးကြည့်ရှုနိုင်သည်။

**အင်္ဂလိပ်ဘာသာစကားလိုအပ်ချက် မည်သို့သတ်မှတ်ထားပါသလဲ။**

ဒီဂရီအဆင့်နှင့် အထက်ပညာသင်ကြားရန် လျှောက်ထားသည့် ကျောင်းသားများသည် Common European Framework of Reference (CEFR) အနိမ့်ဆုံး B2 အဆင့် အင်္ဂလိပ်စာအရည်အချင်းပြည့်မီရန်လိုအပ်သည်။ (B2 အဆင့်မှာ အနည်းဆုံး IELTS အမှတ် ၅ ဒသမ ၅ ဖြစ်သည်) အင်္ဂလိပ်ဘာသာစကားသင်တန်းများ၊ အကြိုသင်တန်းများ၊ ဒီဂရီဘွဲ့အခြေခံသင်တန်းများနှင့် ဒီဂရီဘွဲ့အဆင့် အောက်သင်တန်းများကို တက်ရောက်မည့် ကျောင်းသားများသည် CEFR အနိမ့်ဆုံး B1 အဆင့် အရည်အချင်း ပြည့်မီရန် လိုအပ်သည်။ (B1 အဆင့်မှာ အနည်းဆုံး IELTS အမှတ် ၄ ဖြစ်သည်)

**ဗြိတိန်နိုင်ငံတွင် အင်္ဂလိပ်ဘာသာစကား သင်ယူလိုသော်လည်း ကျောင်းသားပြည်ဝင်ခွင့်လျှောက်ထားရန် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကားစွမ်းရည်များ မရှိလျှင် အခြားရွေးချယ်စရာရှိပါသလား။**

ရှိပါသည်။ အင်္ဂလိပ်စာသင်ကြားလိုလျှင် ကျောင်းသားဧည့်သည်(Student Visitor) အနေဖြင့် အလုပ်မလုပ်လျှင်၊

စာ(၂၂)သို့



## မန္တလေးတွင် ပုဂ္ဂလိကကောလိပ်တစ်ခု ဖွင့်လှစ်မည်

**ရန်ကုန်၊ စက်တင်ဘာ - ၂၃**

မန္တလေးမြို့တွင် မြန်မာနိုင်ငံ၏ တတိယမြောက် ပုဂ္ဂလိကကောလိပ်တစ်ခုဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။ Mandalay International College ဟု အမည်ပေးထားသည့်ကျောင်းတွင် ဗြိတိန်နိုင်ငံမှ ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။ ယခင်က မန္တလေးမြို့တွင် ချင်းတွင်းကောလိပ်အမည်ဖြင့် ကျောင်းဖွင့်လှစ်ထားသည့်အတွက် ယင်းမြို့တွင် ပြည်ပနိုင်ငံနှင့် ချိတ်ဆက်သင်ကြားသည့် ကောလိပ်ကျောင်း ထပ်မံပေါ် ပေါက်လာခြင်းဖြစ်သည်။

## ဗြိတိန်ပညာရေးဆိုင်ရာ အချက်အလက်များ အီးမေးလ်မှတစ်ဆင့် မေးမြန်းနိုင်

**ရန်ကုန်၊ စက်တင်ဘာ - ၂၃**

ဗြိတိန်နိုင်ငံတွင် ပညာသင်ယူလိုသောကျောင်းသားများအနေဖြင့် ပညာရေးဆိုင်ရာ သတင်းအချက်အလက်များအား အီးမေးလ်မှတစ်ဆင့် မေးမြန်းစုံစမ်းနိုင်သည့် ဝန်ဆောင်မှုဆောင်ရွက်လျက်ရှိကြောင်း ဗြိတိသျှကောင်စီမှသိရသည်။ ဗြိတိန်နိုင်ငံတွင် ကျောင်းတက်ရောက်လိုသော ကျောင်းသားများ သိလိုသောမေးခွန်းများကို education.enquiries@mm.britishcouncil.org သို့ အီးမေးလ်ပေးပို့ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

## ဂျပန်ပညာသင်ဆု အင်တာနက်မှတစ်ဆင့် လျှောက်ထားနိုင်

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

ဂျပန်နိုင်ငံတွင် ပညာသင်ယူရမည့် အာရှကျောင်းသားများအတွက် ပညာသင်ဆုအစီအစဉ်ကို မြန်မာကျောင်းသားများ လျှောက်ထားနိုင်ကြောင်း သိရသည်။ ၂၀၁၂ ခုနှစ်အတွက် ဂျပန်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့မှ ပေးအပ်သည့် ပညာသင်ဆုအတွက် www.scholarship-positions.com/asian-students-scholarships-2012-japan-imf-scholarship-program တွင်ဝင်ရောက် လျှောက်ထားနိုင်သည်။

# အင်္ဂလန်မှဘွဲ့ရရှိရန် ကုန်ကျစရိတ်သက်သာစွာဖြင့် တက်ရောက်နိုင်

သီဟ

**ရန်ကုန်၊**

**စက်တင်ဘာ - ၂၂**

အင်္ဂလန်နိုင်ငံ အခြေစိုက် London School of Commerce ၏ မလေးရှားကျောင်းခွဲတွင် University of Wales Institute မှပေးအပ်သည့် ဘွဲ့များအား ကုန်ကျစရိတ်သက်သာစွာဖြင့် တက်ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျောင်းသားကျောင်းသူများအနေဖြင့် အဆိုပါဘွဲ့များအား မလေးရှားတွင် ၂နှစ်နှင့် အင်္ဂလန်တွင် ၁နှစ် အစီအစဉ်ဖြင့်သော်လည်းကောင်း မလေးရှားတွင်ပင် ဘွဲ့ရသည်အထိသော်လည်းကောင်း တက်ရောက်နိုင်ကြောင်း သိရသည်။

မလေးရှားနိုင်ငံတွင် သင်ယူမည်ဆိုပါက တစ်နှစ်လျှင် ပညာသင်စရိတ်ပေါင်နှစ်ထောင်မြန်မာကျပ်ငွေ ၂၄ သိန်းခန့် ကုန်ကျနိုင်ပြီး အင်္ဂလိပ်စာကျွမ်းကျင်မှုရမှတ်များ မတင်ပြနိုင်ပါက ကျောင်းမှ စစ်ဆေးသည့်အင်တာဗျူး ဝင်ရောက် ဖြေဆိုတက်ရောက်နိုင်ကြောင်းသိရသည်။

ကျောင်းလျှောက်ထားရာတွင် ဘဏ်စာရင်းတင်ပြစရာမလိုဟုသိရပြီး မလေးရှားနိုင်ငံ၏လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အသက် ၁၇ နှစ်ပြည့်ပြီးဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။



မြန်မာနိုင်ငံမှ ဘွဲ့တစ်ခုခုရရှိပြီးသူများအနေဖြင့် စီးပွားရေးနှင့် စီမံခန့်ခွဲမှုဘာသာရပ် မဟာဘွဲ့ (MBA)ကို တိုက်ရိုက်လျှောက်ထားနိုင်ပြီး အဆိုပါဘွဲ့အတွက် ကုန်ကျစရိတ်မှာ ပေါင်တစ်ထောင်ခန့်ကုန်ကျနိုင်ပြီး ပညာသင်ထောက်ပံ့ကြေးလျှောက်ထားနိုင်ကြောင်း သိရသည်။

Job Announcements

Yangon International School (YIS) is seeking candidates for the following posts.

1. Receptionist (M/F)

Must be proficient in Myanmar and English languages, have good computer skills and pleasant and outgoing personality.

2. Assistant to the Business Manager (M/F)

Must be proficient in Myanmar and English languages. Must have a business background and experience with accounting and business software programs. Computer skills are essential.

Those who are qualified and interested in the posts may send their CV forms to Mr.James at james@yismyanmar.com or call 0973044271 and 01578171 by 30 Sept 2011.

KMD Computer Centre

Quality Management System

ISO 9001:2008 လက်မှတ်ရ

Microsoft Office 2010 (Advance)

• iOffice 2010

• Microsoft Office 2010 version

• Office Application

Tel:381035/397944/241951/384268/527438/524400/541328/660887/700895

7 DAY NEWS JOURNAL

Vol.10, No.28 • SEPTEMBER 29, 2011

## စာ-၂၁၊ ဗြိတိန်ကျောင်းသားပြည်ဝင်ခွင့်အပြောင်းအလဲ ဆိုင်ရာ အမေးအဖြေများ သံ႔ုးမှထုတ်ပြန် မှ

အလုပ်လျှောက်ထားခြင်း မလုပ်လျှင်၊ နေထိုင်ခွင့်သက်တမ်းတိုးခြင်းမပြုလုပ်လျှင် ဗြိတိန်နိုင်ငံတွင် ခြောက်လအထိ နေထိုင်၍ ပညာ သင်ယူခွင့်ရှိသည်။

**ကလေးကျောင်းသား(Child Student) ပြည်ဝင်ခွင့်လျှောက်ထားသူသည် အနိမ့်ဆုံး အင်္ဂလိပ်ဘာသာစကားလိုအပ်ချက် သတ်မှတ်ထားပါသလား။**

မလိုပါ။ကလေးကျောင်းသားလျှောက်လွှာများအတွက် အနိမ့်ဆုံး အင်္ဂလိပ်ဘာသာစကား လိုအပ်ချက်၊ သို့မဟုတ် စိတ်ချ ရသော အင်္ဂလိပ်ဘာသာစကား စစ်ဆေးမှုမလိုအပ်ပါ။

**ဒီဂရီဘွဲ့ သင်တန်းတစ်ခုတွင် သင်ကြားရန် လျှောက်ထားမည်ဆိုပါက အချိန်ပိုင်း အလုပ်လုပ်နိုင်ပါသေးလား။**

လုပ်နိုင်ပါသည်။ပညာသင်ကာလတွင်တစ်ပတ်လျှင်နာရီ ၂၀ အထိအလုပ်လုပ်နိုင်ပြီး အားလပ်ရက်များအတွင်း အချိန်ပြည့် အလုပ်လုပ်နိုင်ပါသည်။ သို့ရာတွင် မိမိကို အာမခံသူ (ကျောင်း)သည် ပိုမိုမြင့်မားသော ပညာရေးဌာန (Higher Education Institutions) တစ်ခုဖြစ်နေ ရမည်ဖြစ်သည်။

**ဒီဂရီဘွဲ့သင်တန်းထက်နိမ့်သော သင်တန်းတစ်ခုတွင် သင်ကြားရန် လျှောက်ထားမည်ဆိုပါက အချိန်ပိုင်း အလုပ်လုပ်နိုင်ပါသေးလား။**

လုပ်နိုင်ပါသည်။ပညာသင်ကာလတွင်တစ်ပတ်လျှင် ၁၀ နာရီအထိအလုပ်လုပ်နိုင်ပြီး အားလပ်ရက်များအတွင်း အချိန်ပြည့်အလုပ်လုပ်နိုင်ပါသည်။သို့ရာတွင် မိမိကို အာမခံသူ(ကျောင်း)သည် ပိုမိုမြင့်မားသောပညာရေးဌာန (Higher Education Institutions) တစ်ခုဖြစ်နေရမည် ဖြစ်သည်။

**ပုဂ္ဂလိကကောလိပ်တစ်ခုတွင် ဒီဂရီဘွဲ့သင်တန်းထက်နိမ့်သော သင်တန်းတစ်ခု သင်ကြားရန် လျှောက်ထားမည်ဆိုပါက အချိန်ပိုင်းအလုပ်လုပ်နိုင်ပါသေးလား။**

၂၀၁၁ ခုနှစ် ဇူလိုင်လမှ စတင်လျှောက်ထားသူများအနေဖြင့် အလုပ်လုပ်ခွင့်များ ရရှိလိမ့်မည်မဟုတ်ပါ။

**သင်တန်းပြီးဆုံးသွားသောအခါ ဗြိတိန်နိုင်ငံတွင် အလုပ်လုပ်နိုင်ပါသလား။**

၂၀၁၂ခုနှစ် ဧပြီလမှစတင်၍ ပညာသင်ကြားပြီးနောက် ဗြိတိန်နိုင်ငံတွင် နေထိုင်လိုပါက အခွင့် အမိန့်အရ(Tier2) အာမခံသူတစ်ဦးဖြင့် ဘွဲ့ရအဆင့် အလုပ်တစ်ခုရရှိထားရန် လိုအပ်ပါလိမ့်မည်။ အဆိုပါသတ်မှတ်ချိန်မှ စတင်ပြီး စာသင်ပြီးနောက် အလုပ်လုပ်သောလမ်းကြောင်း( Post Study Work Route) ကိုပိတ်လိုက်တော့မည်ဖြစ်သည်။

**(ပြည်ဝင်ခွင့် လျှောက်လွှာလက်ခံရေးဌာနမှ ဝန်ထမ်းများနှင့် လျှောက်ထားသူများအတွက် အမေးအဖြေများကို ဆီလျော်အောင် ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်)**

## တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်တွင်သင်တန်းများဆက်လက်ဖွင့်မည်မဟုတ်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၂**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်တွင် သင်တန်းများဆက်လက်ဖွင့်လှစ်တော့မည်မဟုတ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အမျိုးသားလွှတ်တော်တွင် ပြောကြားသည်။

လက်ရှိအခြေအနေတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်ကို ဆက်လက်ဖွင့်လှစ်ရန် မလိုအပ်ပါသဖြင့် ၂၀၁၁-၂၀၁၂ပညာသင်နှစ်တွင် သင်တန်းများကို နောက်ဆုံးနှစ်အဖြစ်သတ်မှတ်ဖွင့်လှစ်ပေးပြီး နောက်ပိုင်းကာလများအတွက် သင်တန်းများဆက်လက်ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ်မရှိပါကြောင်း လွှတ်တော်အမတ်တစ်ဦး၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သင်တန်းသားများခေါ်ယူ၍ ပညာရေးဘွဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးကာ ၁၉၉၄-၁၉၉၅ ပညာသင်နှစ်မှစ၍ မဟာဘွဲ့သင်တန်းများအထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့တွင် တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များကို ဖွင့်လှစ်တည်ထောင်ပြီးဖြစ်သောကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်သင်တန်းများအား ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

## NIM မှ အင်ဂျင်နီယာဒီပလိုမာရပြီးသူများ နိုင်ငံတကာတက္ကသိုလ်နှစ်ခုမှပေးအပ်သည့် အင်ဂျင်နီယာဘွဲ့တက်ရောက်နိုင်

သီဟ

ရန်ကုန်၊စက်တင်ဘာ-၂၄

စင်ကာပူနိုင်ငံရှိ Nanyang Institute of Management(NIM) မှ အင်ဂျင်နီယာဒီပလိုမာတစ်ခုဖြစ်သည့် Diploma in Construction Engineering ပြီးမြောက်သူများသည် နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်နှစ်ခုမှ ပေးအပ်သည့် အင်ဂျင်နီယာဘွဲ့အတန်းများအား ဆက်လက်တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါဒီပလိုမာရသူများ သည် University of South Australia မှပေးအပ်သည့် Bachelor of Construction Management & Economic ဘွဲ့နှင့် Bachelor of Built Enviroment ဘွဲ့တို့အား ဒုတိယနှစ်မှစတင်တက်ရောက်နိုင်ပြီး Griffith University မှပေးအပ်သည့် Bachelor of Engineer ing(Civil) ဘွဲ့အား ၂နှစ်နှင့် ငါးလတက်ရောက်ရုံဖြင့် ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘွဲ့များတွင် Bachelor of Engineering(Civil) ဘွဲ့ရသူများသည် အစိုးရနှင့် ပုဂ္ဂလိကနယ်ပယ်နှစ်ခုစလုံးတွင် အလုပ်ရရှိနိုင်ပြီး၊ Bachelor of Construction Manangement ဘွဲ့သည် ဟောင်ကောင်၊ ဩစတေးလျ၊ စင်ကာပူ စသည့်နိုင်ငံများမှ အင်ဂျင်နီယာအဖွဲ့အစည်းများက အသိအမှတ်ပြုသော ဘွဲ့တစ်ခုဖြစ်ကြောင်း သိရသည်။

TRADEMARK CAUTION

P.T. KALBE FARMA,TBK a Company incorporated in Republic of Indonesia at Kawasan Industri Delta Silicon, JLM.H. Thamrin Blok A3-1, Lippo Cikarang, Bekasi 17550, Republic of Indonesia is the Owner and Sole Proprietor of the following Trademark:-

KALBE

Reg . No . 4/1173/2007

In respect of : pharmaceutical and veterinary preparations; sanitary preparations for medical purposes; dietetic substances adapted for medical use, food for babies; plasters, materials for dressings; material for stopping teeth, dental wax; disinfectants; preparations for destorying vermin; fungicides, herbicides.(in class 5)

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myintadvocate@mptmail.net.mm

Ph : 371990 29 Sept.2011






# Technology

7 DAY NEWS JOURNAL

Vol.10, No.28 • SEPTEMBER 29, 2011


## ကွန်ပျူတာ တက္ကသိုလ်ပညာသင်နှစ် လေးနှစ် သတ်မှတ်

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ-၂၁**

အစိုးရကဖွင့်လှစ်တည်ထောင်ထားသည့် ကွန်ပျူတာတက္ကသိုလ်များ၏ ပညာသင်ကြားရေးနှစ်ကို သုံးနှစ်သင်ကြားရေးစနစ်မှ နောက်ထပ် တစ်နှစ် ထပ်မံတိုးမြှင့်လိုက်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယင်းကဲ့သို့ပညာသင်နှစ်ကာလပြောင်းလဲလိုက်ခြင်းကို လာမည့် ၂၀၁၁-၁၂ ပညာသင်နှစ်တွင်စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းရှိကွန်ပျူတာ တက္ကသိုလ်များ၏ ပညာသင်နှစ်ကို တစ်နှစ်ထပ်မံတိုးမြှင့်လိုက်ရခြင်းမှာနေ့စဉ်နှင့်အမျှ ကမ္ဘာနှင့် တစ်ဝန်းတွင် တိုးတက်လာသော ကွန်ပျူတာ နည်းပညာရပ်ဆိုင်ရာ ဘာသာရပ်များ၊ အကြောင်းအရာများကြောင့်ဖြစ်ကြောင်း ထိုဝန်ကြီးဌာနနှင့်နီးစပ်သောပြည်တွင်းကွန်ပျူတာပညာရှင်တစ်ဦးထံမှသိရသည်။

"ပညာသင်နှစ်ကိုပိုတိုးလိုက်တဲ့အချက်မှာ စာသင်နှစ်တိုးလိုက်တာ သက်သက်မဟုတ်ဘဲ အရင်ထက်ပိုပြီးလက်တွေ့ကျမယ့် သင်ခန်းစာတွေဖြစ်ဖို့လိုတယ်။ ပိုပြီး တိုးတက်ကောင်းမွန်လာတဲ့ ပညာရေးစနစ်ဖြစ်လာဖို့လိုပါတယ်" ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ယခုလက်ရှိ မြန်မာနိုင်ငံတွင် ကွန်ပျူတာတက္ကသိုလ် ၂၅ ခု၊ နည်းပညာတက္ကသိုလ် ၁၃ ခု၊ အစိုးရနည်းပညာကောလိပ် ၃ ခုတို့ကိုဖွင့်လှစ်ထားကြောင်းနိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားချက်များအရ သိရသည်။

ကွန်ပျူတာနှင့် နည်းပညာတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူအရေအတွက်မှာ တက္ကသိုလ်အဆင့်တွင် ၁၃,၃၀၄ ဦး၊ မဟာဘွဲ့သင်တန်းတွင် ၉၂၈ ဦးနှင့် ပါရဂူဘွဲ့သင်တန်းတွင် ၃၀၃ ဦးတက်ရောက် သင်ကြားနေကြသည်ဟု အဆိုပါဝန်ကြီးဌာနမှ ထုတ်ပြန်သောအချက်အလက်များအရ သိရသည်။

## ပြည်တွင်းသတင်းများထုတ်လွှင့်နိုင်ရန် ပထမဆုံး မြန်မာနိုင်ငံပိုင်ဂြိုဟ်တု လွှင့်တင်မည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ- ၂၁**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုတစ်လုံး လွှင့်တင်ရန် စီစဉ်နေရသည့် အကြောင်းမှာ ပြည်တွင်းသတင်းချန်နယ်များကို ထုတ်လွှင့်တင်ဆက်နိုင်ရန်အတွက်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့မြန်မာနိုင်ငံအနေဖြင့် ကိုယ်ပိုင်ဂြိုဟ်တုတစ်လုံးလွှင့်တင်နိုင်မည်ဆိုပါက နိုင်ငံတွင် ပထမဆုံးအကြိမ်လွှင့်တင်ခြင်းဖြစ်လာမည်ဖြစ်သည်ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။ ယခုလက်ရှိတာဝန်ယူနေသည့် အစိုးရသစ်က ၎င်းတို့လက်ထက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံပိုင် ကိုယ်ပိုင်ဂြိုဟ်တုတစ်လုံးကို လွှင့်တင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့် လအနည်းငယ်က ပြည်တွင်း၊ပြည်ပမီဒီယာများသို့ တရားဝင်ပြောကြားခဲ့သည်။

ထိုကဲ့သို့ မြန်မာနိုင်ငံပိုင် ကိုယ်ပိုင်ဂြိုဟ်တုတစ်လုံးကို လွှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ ပမာဏများစွာ ကုန်ကျမည်ဖြစ်ပြီး

စာ(၂၄)သို့


## မိုက်ကရိုဆော့ဖ် Window 8 တွင် ယူနီကုဒ်စံနှုန်း အတိအကျလိုက်နာထားသည့် မြန်မာဖောင့်ပါဝင်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ- ၂၃**

မိုက်ကရိုဆော့ဖ်ကုမ္ပဏီက မကြာမီထုတ်ဝေဖြန့်ချိတော့မည့် Microsoft Windows 8 တွင် ယူနီကုဒ်စံနှုန်းများကို အတိအကျလိုက်နာထားသည်ဟုဆိုသည့် မြန်မာဖောင့်ပါဝင်လာတော့မည်ဖြစ်ကြောင်း ယင်းဖောင့်များကို ရေးသားသည့် ကွန်ပျူတာပညာရှင်များထံမှသိရသည်။

Microsoft Windows 8 တွင် အသုံးပြုနိုင်တော့မည့် အဆိုပါဖောင့်အမည်မှာ Myanmar Text Regular ဖြစ်သည်ဟုသိရသည်။



ထို့အပြင် ယင်းဖောင့်အမျိုးအမည်နှင့် စာစီစာရိုက်စနစ် (Input Method) ကိုလည်း Microsoft Windows 8 တွင် တရားဝင်ထည့်သွင်းပေးမည်ဖြစ်သည်။

ယခုကဲ့သို့ မြန်မာဘာသာစကားအား ကွန်ပျူတာစနစ်များပေါ်တွင် အသုံးပြုနိုင်ရန်အတွက် တီထွင်ရေးဆွဲပေးသူများမှာ ပြည်တွင်း ကွန်ပျူတာပညာရှင်အချို့၊ ကွန်ပျူတာသုံး မြန်မာစာစနစ်အကောင် အထည်ဖော်ရေးအဖွဲ့ (Myanmar NLP Lab) ၊ ပြည်ပမှ ကွန်ပျူတာကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ယူနီကုဒ်ကွန်ဆိုတီယမ်အဖွဲ့တို့ဖြစ်သည်။

မိခင်ဘာသာစကားဖြစ်သည့် မြန်မာဘာသာစကား(တိုင်းရင်းသားဘာသာစကားများ အပါအဝင်)ကိုနိုင်ငံတကာမှ သတ်မှတ်

စာ(၂၄)သို့







# မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီကို အသစ်ပြန်လည်ဖွဲ့စည်း

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ-၂၁**

ယခုလက်ရှိ ပြည်တွင်း၏ ကွန်ပျူတာနည်းပညာဆိုင်ရာလုပ်ငန်းရပ်များကိုဆောင်ရွက်နေသည့်မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီသည် ယခုအစိုးရသစ်တက်လာပြီးသည့်နောက်တွင် အသစ်ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ထိုကောင်စီ၏ဥက္ကဋ္ဌကပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အသိပေး ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါကောင်စီသစ်ကို အစိုးရသစ်တက်ပြီးများမကြာမီအချိန်ဖြစ်သည့် ဧပြီလ ၂၀ ရက်ကတည်းက ပြောင်းလဲဖွဲ့စည်းလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

အသစ်ပြောင်းလဲဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီသည် ယခင်ကောင်စီဟောင်းတွင်မပါဝင်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုများကို တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

ထိုကောင်စီအသစ်၏ ပထမဆုံးအကြိမ်အစည်းအဝေးကိုပြီးခဲ့သည့် ရက်သတ္တပတ်က နေပြည်တော်ခရိုင်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစိုးရကျောင်းများ၌ ပညာသင်ကြားနေကြသည့် ကျောင်းသားများအနေဖြင့် ကွန်ပျူတာပညာကို အနည်းဆုံးအခြေခံအဆင့်တတ်မြောက်စေရန် အချက်ကိုတာဝန်ရှိသူများကဆွေးနွေးခဲ့ကြကြောင်း အဆိုပါအစည်းအဝေးသို့တက်ရောက်ခဲ့သည့် ကွန်ပျူတာပညာရှင်အချို့ထံမှသိရသည်။

ယခင်အစိုးရလက်ထက်ကဖွဲ့စည်းခဲ့သည့် ထိုကောင်စီသည် ၁၉၉၈ ခုနှစ်ကစတင်ခဲ့ခြင်းဖြစ်သည်။

ယခုလက်ရှိ ထိုကောင်စီအသစ်၏ ဥက္ကဋ္ဌမှာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းဖြစ်သည်။

ထိုကောင်စီကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၁ ဖြင့်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။







# အွန်လိုင်းမှ ဖုန်းခေါ်ဆိုနိုင်မည့် Ytalk ဝန်ဆောင်မှု စတင်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

ရတနာပုံတယ်လီပို့ကုမ္ပဏီ လီမိတက်သည်ပြည်တွင်း၊ပြည်ပသို့အွန်လိုင်းမှတစ်ဆင့် တယ်လီဖုန်းခေါ်ဆိုနိုင်မည့် Ytalk ဟုသည့် ဝန်ဆောင်မှုတစ်ခုကို ယခုနှစ်မကုန်မီအချိန်အတွင်း စတင်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီ၏တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရားမဝင်ဟုသတ်မှတ်ထားသည့် Pfingo၊ VZO ကဲ့သို့သောနိုင်ငံတကာဖုန်းခေါ်ဆိုမှုများ ပပျောက်စေရန်အတွက် ယင်းဝန်ဆောင်မှုကို ရောင်းချရန်စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

Ytalk စနစ်ဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာသို့ တယ်လီဖုန်းခေါ်ဆိုနိုင်သည့်အဆိုပါဝန်ဆောင်မှုကိုရတနာပုံတယ်လီပို့ကုမ္ပဏီက ကြိုတင်ငွေဖြည့်ကတ်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုကဲ့သို့ ကြိုတင်ငွေဖြည့်စနစ်ဖြင့်ရောင်းချရာတွင် မြန်မာကျပ်ငွေအပြင် အက်ဖ်အီးစီဖြင့်လည်းရောင်းချပေးသွားမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

တယ်လီဖုန်းခေါ်ဆိုနိုင်သည့် သတ်မှတ်နှုန်းထားများကိုမူ အသက်သာဆုံးပမာဏများဖြင့်ရောင်းချပေးသွားမည်ဖြစ်ကြောင်း လည်းသိရသည်။

ထိုဝန်ဆောင်မှုကို အသုံးပြုလိုသူများအနေဖြင့် http://ytalk.yatanarpon.com.mm တွင်ကိုယ်ပိုင် Ytalk Calling Account တစ်ခုကို ဖွင့်ထားရမည်ဖြစ်သည်။

ယင်းကဲ့သို့ ရတနာပုံဝက်ဘ်ပေါ်တယ်ပေါ်တွင် နိုင်ငံတကာသို့တယ်လီဖုန်းခေါ်ဆိုနိုင်သည့်စနစ်အား အစိုးရက ပထမဦးဆုံး အကြိမ်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး VOIP စနစ်ဖြင့်အသုံးပြုနိုင်မည်ဖြစ်သည်။

စာ(၂၃) - ပြည်တွင်းသတင်းများထုတ်လွှင့်နိုင်ရန်
ပထမဆုံး မြန်မာနိုင်ငံပိုင်ဂြိုဟ်တု လွှင့်တင်မည်ဟုဆို မှ

ယခုလက်ရှိ ပြည်တွင်းတွင် ကြည့်ရှုနိုင်သည့် သတင်းချန်နယ်များမှာ အခြားနိုင်ငံများမှ ဂြိုဟ်တုများကို ငှားရမ်းသုံးစွဲနေရခြင်းဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကဆက်လက်ပြောသည်။

အခြားနိုင်ငံများမှ ဂြိုဟ်တုများကို အခကြေးငွေများဖြင့် ငှားရမ်းသုံးစွဲနေရာတွင် ငွေကြေးများစွာကုန်ကျမှုများရှိနေခြင်းကြောင့် နိုင်ငံပိုင်ဂြိုဟ်တုတစ်လုံးကို လွှင့်တင်ရန်ဆောင်ရွက်ရခြင်းဖြစ်သည်ဟုလည်း သိရသည်။

စာ(၂၁) – မိုက်ကရိုဆော့ဖ် Window 8 တွင် ယူနီကုဒ်စံနှုန်း
အတိအကျလိုက်နာထားသည့် မြန်မာဖောင့်ပါဝင်ဟုဆို မှ

ထားသည့် ကမ္ဘာ့စံချိန်စံနှုန်းများကဲ့သို့ အပြည့်အဝရရှိစေရန်အတွက် ယခုကဲ့သို့ မြန်မာယူနီကုဒ်အား ရေးဆွဲရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ယူနီကုဒ်စံသတ်မှတ်ချက်များကို အသုံးပြုလိုသူများအနေဖြင့် ယခင်အသုံးပြုခဲ့သည့် အချက်အလက်များကို ပြောင်းလဲရန်လိုအပ်ပြီး ယခုပေါ်ထွက်လာသည့် အချက်အလက်အသစ်များအတွက် Myanmar NLP Lab ကတီထွင်ထားသည့် Programm များကိုအသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ Programm များကို အင်တာနက်ပေါ်ရှိ www.myanmarnlp.org.mm/download ဝက်ဘ်ဆိုက်လိပ်စာတွင် ရယူနိုင်မည်ဖြစ်သည်။

(၁)

မနက်မိုးလင်းတော့ ညက ကြည့်ခဲ့သော ရုပ်ရှင်ကိုအမှတ်ရနေလေသည်။ ဇာတ်ကားက ဖြစ်ရပ်မှန်အခြေပြု နိုင်ငံခြားကား။ အော်စကာစာရင်းဝင်မင်းသမီး Rachel Weisz ပါဝင်သော The Whistle Blower (ဝီစီမှုတ်သူများ)ဆိုသော ဇာတ်ကား။ Rachel Weisz သည် ကေသီအမည်ရှိ အမေရိကန် ရဲမေတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။ ကေသီသည် မိမိအလုပ်အပေါ် အလွန်တန်ဖိုးထား၍ အိမ်ထောင်ပျက်ခဲ့သူဖြစ်သည်။ နောက်အိမ်ထောင်မှာလည်း သမီးလေးတစ်ဦး ထွန်းကားပြီး ထပ်မံပြိုကွဲခဲ့ရသည်။ တရားရုံးက အမိန့်ချမှတ်တော့ သမီးကဖခင်အုပ်ထိန်းမှုအောက်တွင်သာရှိသင့်သည်ဟုဆို၍ သမီးနှင့်ခွဲခွာခဲ့ရသည်။ သို့သော်ကေသီ အရှုံးမပေး။ သမီးလေးနှင့်အတူပြန်လည်နေထိုင်ရေးနှင့် သမီးလေးရှေ့ရေးအတွက် ခြောက်လလုပ်သည်နှင့် ဒေါ်လာတစ်သိန်းရနိုင်သော လူမျိုးဖြုတ်စစ်ပွဲပြီးစီးခဲ့သည့်ဘော့စနီးယားဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ကုလသမဂ္ဂစီမံချက်အောက်သွားရောက်လုပ်ကိုင်သည်။ ဘော့စနီးယား၌ တာဝန်ထမ်းဆောင်ရင်းထိတ်လန့်တုန်လှုပ်ဖွယ်ရာ အမှုအခင်းကြီးနှင့် ကေသီကြုံတွေ့ရသည်။ ၎င်းသည်ကားစစ်ပြီးစဘော့စနီးယားဒေသတွင်အမျိုးသမီးငယ်လေးများကို ဖမ်းဆီးကာ ဘားဆိုင်များ၊ အရက်ဆိုင်များ၌ ခိုင်းစေခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊နိုင်ငံတကာသို့ရောင်းစားခြင်းအရေးအခင်းများတွင် ဒုစရိုက်ဂိုဏ်းများ၊ ဒေသခံရဲများအပြင် သူမတာဝန်ထမ်းဆောင်နေသောကုလသမဂ္ဂရုံးမှအမှုထမ်းများကထဲထဲဝင်ဝင်ပါဝင်ပတ်သက်နေပြီး အတိုက်အခံများကြား၊ အခက်အခဲများကြား အန္တရာယ်များကြားမှ ကေသီတစ်ယောက် ထိုအမှုအခင်းကြီးကိုဖော်ထုတ်ရန် ကြိုးစားသည်။

လူကုန်ကူးခံရသော အီရီကာနှင့် ရာယာဆိုသည့် မိန်းကလေးနှစ်ယောက်အား အကာအကွယ်ပေးပြီး သက်သေထွက်ဆိုနိုင်အောင်ကြိုးစားသည်။ မိန်းကလေးများက သက်သေထွက်ဆိုချင်သော်လည်း သူတို့ လုံခြုံမှုကို အပြည့်အဝပေးရန် ကေသီ့ထံ ကတိတောင်းကြသည်။ ကေသီကတိပေးခဲ့သည်။ ပေးသည့်အတိုင်းလည်း မိန်းကလေးများကို ကာကွယ်ရင်း ဖြစ်ရပ်မှန် ပေါ်ပေါက်ရန် ကြိုးစားရာ၌ အတိုက်အခိုက်ပေါင်းစုံနှင့် ကြုံရသည်။ နောက်ဆုံး သူမ လုံခြုံမှုကတိပေးခဲ့သော မိန်းကလေးများ အသတ်ခံရသည်။ တစ်ဖက်မှာတော့ ကေသီသည် ကုလသမဂ္ဂရုံးမှ အထက်လူကြီးများ ငြိုငြင်သည့်ကြားမှ ၎င်းတို့၏ အပုပ်ထုပ်ဖြည်ရန် အပြင်းအထန်ကြိုးစားစဉ် အလုပ်မှအထုတ်ခံရသည်။ ညှဉ်းပန်းနှိပ်စက်၍ အဓမ္မအပြုကျင့်ခံရသော မိန်းကလေးများ၏ ဖိုင်တွဲများ သိမ်းဆည်းခံရသည်။ သို့ရာတွင် သူမဘက်ကရှိသော အမှန်တရားလိုလားသူ အထက်လူကြီးတစ်ဦး၏ ကူညီမှုဖြင့် အသိမ်းခံရသည့် ဖိုင်တွဲ ကော်ပီတစ်စုံပြန်ရပြီး လန်ဒန်သို့သွားရောက်ကာ ဘီဘီစီ ရုပ်သံဌာနနှင့်တွေ့ဆုံ၍ ကုလသမဂ္ဂအမှုထမ်းများပါဝင်ပတ်သက်မှုရှိသော အမှုအခင်းကြီးကို ရုပ်သံမှတစ်ဆင့် ကမ္ဘာသို့ ဖွင့်ချလိုက်လေသည်။

ဘာကြောင့်မှန်းမသိ ဒါရိုက်တာကဇာတ်ကိုသည်မှာတင် အဆုံးသတ်ထားသည်။ ကေသီ အမေရိကန်ပြန်သွားသလား။ အလုပ်ထုတ်ခံရ၍ လစာငွေဒေါ်လာတစ်သိန်းရရဲ့လား။ ဖခင်အုပ်ထိန်းမှုအောက်မှ သမီးလေးနှင့်ပြန်လည်ဆုံတွေ့ခွင့်ရရဲ့လား။ ဘာတစ်ခုမျှ ဖော်ပြမထားပါ။

ဇာတ်ကတော့ စစ်ပွဲကြောင့်ဖြစ်သော လူမှုရေး ဝဲဂယက်၌ မိန်းကလေးငယ်များအတိ ဒုက္ခရောက်ရပုံ၊ အစွန်းရောက် လူမျိုးရေးခွဲခြားမှု၊ ဘာသာရေးခွဲခြားမှုများကြောင့် ဓားစာခံဖြစ်ရသော မိန်းကလေးငယ်များအပေါ် အခွင့်ကောင်းယူ၍ လူကုန်ကူးခြင်းကို ရိုက်ပြထားသောဇာတ်ကား၊ အခြားတစ်ဖက်မှာတော့ . . . .

ကေသီဆိုသော အမျိုးသမီး၏ဘဝ၊ တန်ဖိုးထားမြတ်နိုးသော အလုပ်အကိုင်ကြောင့်အိမ်ထောင်ရေးအဆင်မပြေမှုနှင့်ကြုံရ၊ အိမ်ထောင်ကွဲလေသောအခါ သမီးအရင်းကိုပင် စောင့်ရှောက်ခွင့်မရသည့်ဘဝ၊ သည်လိုအခြေအနေမှာ ကမ္ဘာရဲ့ အခြားတစ်ဖက်မှာ ငရဲကျနေသော အမျိုးသမီးငယ်ပေါင်းမြောက်မြားစွာကိုကယ်တင်ရန် အသက်စွန့်ကြိုးပမ်းခဲ့သော သူမ၊ အလင်းနှင့် အမှောင်၊ အလုပ်အကိုင်နှင့် မိသားစု၊ ဘဝကိုရင်း၍ လုပ်ကိုင်စဉ်တစ်ဖက်မှာပြုံလဲချိန်မှာ တစ်ဖက်မှာ ကြုံကြုံခံရင်း ဘဝပေါင်းများစွာကောင်းမွန်သွားအောင်စွမ်းဆောင်ခဲ့သော လူမသိသူမသိကြေကွဲဖွယ်ရာ ပုံရိပ် . . .

ဆို့နင့်နာကျင်စေပြီး ဘဝစာမျက်နှာတွေကို ပြန်လှန်သုံးသပ်ချင်သော ဇာတ်ကားလေးပဲဖြစ်ပါသည်။

(၂)

ဘဝအတွေ့အကြုံတွေတစ်လှေကြီးရပြီး အသက်ကြီးမှ စာရေးသော မြန်မာ စာရေးဆရာကြီးတစ်ဦးက ၎င်း၏ ဆောင်းပါးအချို့၌ "လူဆိုတာ လွယ်တာကို လိုက်မလုပ်ရဘူး။ ခက်ခဲတာကို လုပ်နိုင်ရမယ်။ လူတိုင်း လုပ်နိုင်ခဲ့တာကို လုပ်နိုင်စွမ်းရှိရမယ်"ဟု သဘောဆောင်သော စကားကို မကြာခဏ ထည့်သွင်းရေးလေ့ရှိပါသည်။ ဆိုလိုသည်မှာ အလွယ်တွေချည်းပဲ လိုက်လုပ်နေပါက မည်သည့်အခါမျှ ထွန်းထွန်းပေါက်ပေါက်ဖြစ်လာမည်မဟုတ်။ ခက်ခဲသည်ဆိုကြသော အရေးကိစ္စများကိုသာရွေး၍ လုပ်ကိုင်နိုင်မှသာ ထွန်းထွန်းပေါက်ပေါက်ဖြစ်မီဆယ်ပါးသည်လူသားတိုင်းဖြည့်ကျင့်အပ်သော ကိုယ်ကျင့်တရားများဖြစ်ပါသည်။ ထိုကိုယ်ကျင့်တရားများကိုဖြည့်ကျင့် စောင့်ရှောက်ခြင်းဖြင့် မျက်မှောက်ဘဝတွင်သာမက သံသရာတွင်ပါ အကျိုးထူးများရနိုင်ပါသည်။ အကျိုးထူးဆိုသည်မှာ မိုးပေါ်က အလိုအလျောက်ကျလာသည်မဟုတ်၊ ကောင်းမွန်စွာ ပြန်လည်ဆက်ဆံခြင်း၊ မိမိစားမည့် မိမိသုံးစွဲမည့် ခြိုးခြံချွေတာထားသည့်ငွေကြေးထဲမှတစ်စိတ်တစ်ပိုင်းကို မပြည့်စုံသောသူများအား စိတ်လက်သန့်ရှင်းစွာဖြင့် ကူလှူခြင်း၊ မိုးကုတ်ဆရာတော်ကြီးဟောသလို **ကိုယ်မှာပင်နာသော်လည်း စိတ်မှာမနာစေနှင့်** ဆိုသည့်အတိုင်း မိမိအားတစ်

ဆရာဝန်ကြီး အဲလ်ဘတ်ရှိုက်ဇာသည် သူ့မိသားစုကိုပစ်ကာ ဝေးလံခေါင်သီသော တောတွင်းတစ်နေရာ၌ လူသားတို့၏ဘဝကို မြှင့်တင်စောင့်ရှောက်ရင်း ကွယ်လွန်ခဲ့ရှာသည်။ ဖိလစ်ပိုင်မျိုးချစ်ခေါင်းဆောင် ဂျိုဆေရီဇော်သည် တိုင်းပြည်လွတ်လပ်ရေးအတွက် မိသားစုကိုစွန့်၍ စွမ်းစွမ်းတမံလုပ်ကိုင်ခြင်းကြောင့် စပိန်တို့၏ ပစ်သတ်ခြင်းကိုခံရသည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း မြန်မာပြည်ကြီး မလွတ်မြောက်ခင် လုပ်ကြံခံရရှာသည်။ သူတို့အားလုံးမှာ သက်ဆိုင်ရာ မိသားစုဝင်များ အသီးသီးရှိကြပါသည်။

နိုင်ကြောင်း ထိုသို့ ထွန်းပေါက်ရာ၌လည်း အတ္တအကျိုးအတွက်သာမက ပရအကျိုးအတွက်ပါ သက်ရောက်မှုရှိရမည်ဟုဆိုလိုရင်းဖြစ်ပါသည်။ ထိုစာရေးဆရာကြီးပြောသော **လူတိုင်း လုပ်နိုင်ခဲ့တာကို လုပ်နိုင်စွမ်း ရှိရမယ်** ဟူသောစကားကို စေ့စေ့တွေးကြည့်ပါက ဗုဒ္ဓအယူအဆအရပါရမီသဘောဆောင်ပါသည်။ ဒါနပါရမီ၊ ပညာပါရမီ၊ နိက္ခမပါရမီအစရှိသောပါရမီခက်ခဲလေးနက်သောအကြောင်းအရာတစ်ရပ်သည် မိမိစွမ်းဆောင်ချက်ကြောင့် လက်တွေ့ကျကျ အကျိုးတစ်စုံတစ်ရာဖြစ်ထွန်းခြင်းကို အကျိုးထူးဟုဆိုနိုင်သည်။

လူတိုင်း လုပ်နိုင်ခဲ့သော အလုပ်ဆိုသည်မှာလည်း နေ့စဉ်ဘဝတွင်ကြုံတွေ့နေရသော အဖြစ်အပျက်များထဲမှ အလွယ်တကူထုတ်ယူနိုင်ပါသည်။ ဥပမာ-မိမိအပေါ် ရန်သူသဖွယ်ဆက်ဆံတတ်သူအား စုံတစ်ရာအနှောင့်အယှက်ပေး ဒုက္ခပြုခြင်းကြောင့် စားဝတ်နေရေးထိခိုက်ခဲ့၍ ထိုသို့ပြုသူအပေါ် အငြိုးအတေးထားကာ အခါအခွင့်သင့်လျှင် ကလဲ့စားပြန်ချေမည်ဟူသော စိတ်အနာတရဖြစ်မှုမျိုး မရှိစေရလေအောင် လေ့ကျင့်ပျိုးထောင်ခြင်းသည် လူတိုင်း လုပ်နိုင်ခဲ့သောအလုပ်ဟု ဆိုနိုင်ပါသည်။ အမှန်တော့ ထိုလုပ်နိုင်ခဲသောအလုပ်မျိုးသည် မိမိတို့နှင့်ဝေးဝေးမဟုတ် လက်တစ်ကမ်း အကွာတွင်သာ ရှိတတ်ပါသည်။

(၃)

သို့ရာတွင် ဖော်ပြပါအတိုင်း လူတိုင်း လုပ်နိုင်ခဲသောအလုပ်ဆိုသည်၏ တစ်ဖက်မှာ ကြေကွဲမှုတွေရှိသည်။ မျက်ရည်စတွေရှိသည်။ လူမသိ သူမသိ ငိုကြွေးရသောဖြစ်ရပ်တွေရှိသည်။ တမြေ့မြေ့ပြိုကျသွားသော ကမ်းပါးတွေရှိပါသည်။ ၎င်းသည်ကိုတော့ ကြုံတွေ့ရမြဲဖြစ်ပါသည်။ဆရာဝန်ကြီး အဲလ်ဘတ်ရှိုက်ဇာသည်သူ့မိသားစုကိုပစ်ကာ ဝေးလံခေါင်သီသော တောတွင်းတစ်နေရာ၌လူသားတို့၏ဘဝကိုမြှင့်တင်စောင့်ရှောက်ရင်း ကွယ်လွန်ခဲ့ရှာသည်။ ဖိလစ်ပိုင်မျိုးချစ်ခေါင်းဆောင် ဂျိုဆေရီဇော်သည် တိုင်းပြည်လွတ်လပ်ရေးအတွက်မိသားစုကိုစွန့်၍ စွမ်းစွမ်းတမံလုပ်ကိုင်ခြင်းကြောင့်စပိန်တို့၏ ပစ်သတ်ခြင်းကိုခံရသည်။ ဗိုလ်ချုပ်အောင်ဆန်းလည်းမြန်မာပြည်ကြီး မလွတ်မြောက်ခင် လုပ်ကြံခံရရှာသည်။ သူတို့အားလုံးမှာ သက်ဆိုင်ရာ မိသားစုဝင်များ အသီးသီးရှိကြပါသည်။

(၄)

လူမှုဘဝတိုင်း၌ ဆုံးဖြတ်ရခက်ခဲသောပြဿနာမျိုးနှင့်မကြာခဏကြုံတွေ့တတ်ကြသည်။မိသားစုကိုပစ်၍ တစ်နယ်တစ်ကျေးတွင်သွားရောက် တာဝန်ထမ်းရွက်ရခြင်းမျိုး၊ အဖေအမေကိုစွန့်၍ ရပ်ဝေးမြေခြား၌ သွားရောက်လုပ်ကိုင်ရခြင်းမျိုး၊ ဝေးလံခေါင်ဖျား၍ လူသူအရောက်အပေါက်နည်းသော ဒေသများတွင် ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးမှုများအတွက် မိမိဆန္ဒကြောင့်ဖြစ်စေ၊ တာဝန်ပေးမှုကြောင့်ဖြစ်စေ သယ်ပိုးဆောင်ရွက်ရခြင်းမျိုး ကြုံတွေ့ရလေ့ရှိပါသည်။ ထိုသို့ ကြုံရလေတိုင်း လူသားကောင်းကျိုး ရည်မှန်းကာလုပ်ဆောင်နိုင်သူများသည်ပါရမီဖြည့်ကျင့်သူများဟုဆိုနိုင်ပါသည်။ ၎င်းတွင် ပါရမီဆိုသည်မှာ ဖြည့်ဖို့အတွက် လေ့ကျင့်ယူရခြင်းဟု တလေးတနက် နားလည်သင့်ပါသည်။ သို့ရာတွင်ထိုသို့သောပုဂ္ဂိုလ်မျိုးမှာလူ့အသိုင်းအဝိုင်းကြားမိသားစုကြား တစ်ဇွတ်ထိုးနိုင်သူ၊ အတ္တကြီးသူ၊ မိသားစုတာဝန်မကျေသူ၊ လူမှုရေးအသိခေါင်းပါးသူ ဟူ၍ မကြာခဏသမုတ်ခံရလေ့ရှိပါသည်။ ၎င်းတို့ကိုယ်တိုင်လည်း မပြည့်စုံခြင်း၊ အထီးကျန်ခြင်း၊ မျက်ရည်များဖြင့် စွန်းထင်းနေတတ်ခြင်းမျိုးကြုံရလေ့ရှိပါသည်။ သို့သော် ထိုပုဂ္ဂိုလ်များသည် ၎င်းတို့၏ဘဝကို ကျေနပ်နှစ်သိမ့်နိုင်ကြပါသည်။

စင်စစ်တွင်မူ ထိုပုဂ္ဂိုလ်များသည် လောက၌ မှောင်နေသည့်နေရာများတွင် အလင်းဓာတ်ရရှိအောင် လိုက်လံထွန်းညှိနေသူများဟု သတ်မှတ်နိုင်ပါသည်။

ဟိုမှာဘက်ခြမ်းမှာတော့ . . . ။ ။



7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# နော်ရူးနဲ့ဖိုးစော်ကဲရဲ့တဲပျက်

မောင်သာချို



(တစ်)

နော်ရူးဟူသည့် နိုင်ငံငယ်ကလေးတစ်နိုင်ငံ၏အကြောင်းကို မကြာခဏ ကြားရလေ့ရှိခဲ့သည်မှာ စာရေးဆရာဖေမြင့်၏ နှုတ်ဖျားမှဖြစ်ပါသည်။ ကျွန်တော်တို့က ဆရာဖေဟူ၍ ချစ်စနိုးခေါ်လေ့ရှိသော ထိုစာရေးဆရာကသူ့စာပေဟောပြောပွဲစင်မြင့်ပေါ်ကနေ ဟောပြောလေသောအခါ မကြာခဏဆိုသလိုထိုနော်ရူးနိုင်ငံကလေးအကြောင်း ပါတတ်ပါသည်။

Nauru (သို့မဟုတ်) Naoero ဟုစာလုံးပေါင်းလေ့ရှိသောထိုနိုင်ငံကလေးက ကျွန်းနိုင်ငံကလေးမျှသာဖြစ်ပါသည်။ ပစိဖိတ်သမုဒ္ဒရာ၏အလယ်ကသန္တာကျွန်းကလေး။ ဧရိယာစတုရန်းမိုင် ၁၀ မိုင်ပင်မပြည့်သည့် ဘဲဥပုံကျွန်းကလေး။ အီကွေတာမျဉ်း၏ တောင်ဘက်မှာ ကပ်နေသည့် ကျွန်းကလေး။

ဤကျွန်းနိုင်ငံကလေးရှိရာဆီသို့ ၁၇၉၈ ၌ဗြိတိသျှတို့ရောက်လာခဲ့ကြတာ၊ ၁၈၈၈ ၌ ဂျာမနီကသိမ်းပိုက်လိုက်တာ၊ ၁၉၁၄ ၌ ဩစတြေးလျတို့၏ လက်အောက်သို့ကျရောက်သွားခဲ့ပြန်တာ၊ ဒုတိယကမ္ဘာစစ်အတွင်း၌မှ ၁၉၄၂ မှ ၁၉၄၅ အထိ ဂျပန်တို့ လက်အောက်သို့ ကျရောက်သွားခဲ့ပြန်တာ၊ ထို့နောက် ဩစတြေးလျ၊ နယူးဇီလန်နှင့်အင်္ဂလန်နိုင်ငံတို့၏ ကြီးကြပ်မှုဖြင့် ကုလသမဂ္ဂလက်အောက်၌ ခိုလှုံနေထိုင်ခဲ့ကာ ၁၉၆၈ ဇန်နဝါရီ ၃၁ ၌ လွတ်လပ်သည့်နိုင်ငံအဖြစ် ပေါ်ထွန်းလာခဲ့တာ စသည်တို့မှတစ်ပါး နော်ရူးနိုင်ငံငယ်ကလေး၏အကြောင်းကို ကျွန်တော်သိပ်မသိလှပါ။ သို့သော်သဘာဝသယံဇာတကိုဘယ်တော့မှ မကုန်နိုင် မခန်းနိုင်သော တိုင်းပြည်၏ ရတနာများအဖြစ် ယူဆကာထုတ်ရောင်းစားလာကြရာကနောင်တွင် မွဲပြာကျသွားရသည့်နိုင်ငံတစ်ခုအဖြစ်မူစိတ်ထဲမှာစွဲ၍နေပါသည်။

နော်ရူးနိုင်ငံကလေးက ဖော့စဖိတ် (Phosphate)ခေါ် မီးစုန်းခတ်ပါသည့် သဘာဝမြေဩဇာဒြပ်ပေါင်းများဖြင့် ပြည့်နှက်နေသည့်နိုင်ငံကလေးဖြစ်ပါသည်။ သို့ဖြစ်ရာ ဘာမှပင်ပင်ပန်းပန်း တွေးခေါ်ကြံစည်လုပ်ကိုင်စားသောက်နေစရာမလို။ သဘာဝက ပေးထားသည့် သယံဇာတဖြစ်သောဖော့စဖိတ်ကြွယ်ဝသည့် မြေကြီးကိုတူးပြီး ရောင်းစားနေကြရုံ။ သည်မှာတွင် နော်ရူးက ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတွေထဲကတစ်နိုင်ငံဖြစ်သွားခဲ့ပါသည်။ တစ်ဦးချင်းဝင်ငွေကလည်း အမြင့်ဆုံး။

သို့သော် တူးရင်းဆွရင်းကနေသည် ဖော့စဖိတ်သတ္တုသိုက်တွေက ကျွန်းနိုင်ငံကလေး၏ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးပစ်လိုက်ပါသည်။ နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းသော နေရာတွေမှာ လူတွေအခြေချနေထိုင်လို့မရတော့။ ဒေသခံ ငှက်မျိုးစုံတို့ ခိုနားစရာအသိုက်အမြုံတွေပျောက်ဆုံးသွားကြရရှာပါသည်။ သို့ဖြင့် နောက်ဆုံးမှာ တူးဆွယူငင်စရာမရှိတော့သော နော်ရူးနိုင်ငံ ပိန်ချုံးသွေ့ခြောက် ကျုံ့လှီ၍သွားပါတော့သည်။ သည်မှာတွင် တိုင်းပြည်၏အနာဂတ်စီးပွားရေးအတွက်နိုင်ငံတကာအကူအညီကို လှည့်ရှာရသည့် နော်ရူးဖြစ်သွားခဲ့ရပုံကို သံဝေဂရဖွယ်တွေ့ရှိနိုင်ပါသည်။

> “ တိုင်းပြည်၏ အနာဂတ်စီးပွားရေးအတွက်
> နိုင်ငံတကာ အကူအညီကို လှည့်ရှာရသည့်
> နော်ရူးဖြစ်သွားခဲ့ရပုံကို သံဝေဂရဖွယ်တွေ့ရှိနိုင်ပါသည်။
> နိုင်ငံနှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်မလုပ်ဘဲ
> သဘာဝကပေးသည့် အရင်းအမြစ်ကို
> တူးရောင်းသည့် နော်ရူးအဖြစ်က
> ကြောက်ခမန်းလိလိပဲ မဟုတ်ပါလား။ ”

နိုင်ငံနှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်မလုပ်ဘဲ သဘာဝက ပေးသည့်အရင်းအမြစ်ကို တူးရောင်းသည့် နော်ရူးအဖြစ်က ကြောက်ခမန်းလိလိပဲ မဟုတ်ပါလား။

(နှစ်)

အမည်မသိ စာဆိုတော်တို့၏ လက်ရာ ကဗျာလင်္ကာများထဲ၌ လူသိများသော ကဗျာတစ်ပုဒ်ရှိပါသည်။ အခြေခံပညာကျောင်းသုံးစာအုပ်များထဲတွင်သာမကဘဲ ဟိုစာအုပ် သည်စာအုပ်များထဲ၌လည်း မကြာခဏ ပါလေ့ပါထရှိသည့် ကဗျာလေးတစ်ပုဒ်ဖြစ်ပါသည်။ ဖိုးစော်ကဲဟူသောအမည်ဖြင့် လူသိများသော ကဗျာဖြစ်ပါသည်။ ကြည့်ပါ။

လွမ်းမပြေ မန်းမြေတ,မိတော့
ကမ်းခြေမှာ စမ်းရေကျတယ်နှင့်
ဖျန်းလေက တသုန်သုန်။
တဲတစ်ဖက်
ဆွဲဖျက်ကာ အလျင်လိုရော့ထင့်
ကရင်အို ယာပြင်ကြီးမှာ
မီးထည့်ကာလှုံ။
မပူပေါင် နောက်ဆီက
ချမ်းရော့ထင့်
အဖြူစောင်
ခေါက်ထည်ကြမ်းကိုလ
လွှမ်းတဲ့လို့ လွှားကာခြုံ
ပါးမှာငုံပါလို့ နုဝါကွမ်း။
ဘေးအိတ်ကိုလျှို
ဆေးလိပ်တို နားမှာထိုးပါလို့
တောင်ရိုးမှာ ဘာသာပျော်ကြ
အမိုးခေါ် ဖိုးစော်ကဲတို့မှာ
ကွင်းအငူ နှင်းမြူမှ မစဲခင်က
တဲဖျက်တဲ့လမ်း။

ကဗျာ၏အနက်က ရှင်းပါသည်။ တဲတစ်လုံးနှင့် ကရင်အမျိုးသားအိုကြီးတစ်ယောက်။ ကရင်အိုကြီးက ကွမ်းနုဝါကလေးကို ပါးမှာငုံလို့။ ဘေးအိတ်ကလေးထဲမှာ လက်ကိုလျှိုလို့။ ဆေးလိပ်တိုကလေးကို နားကြားမှာထိုးလို့။ အဖြူရောင် စောင်ကြမ်းကလေးတစ်ထည်ကိုလည်း ကိုယ်ပေါ်မှာလွှမ်းခြုံလို့။ တဲနှင့် မလှမ်းမကမ်းဆီမှာက စမ်းချောင်းကလေးတစ်ခုက စီးဆင်းလျက်။ ဆောင်းလေက တသုန်သုန် တိုက်ခတ်လျက်။ တောင်ရိုးတစ်လျှောက် ကွင်းပြင်အနှံ့မှာ နှင်းမြူတွေက ထူထူထဲထဲ ကျလျက်။ ကရင်အိုကြီးက အချမ်းဒဏ်ကို တုပရန်အလို့ငှာ တဲတစ်ဖက်ကိုဆွဲဖျက်ကာ မီးပုံထဲ ထိုးထည့်ပြီး မီးလှုံနေခဲ့လေသတဲ့။

အော်. . . ပစိဖိတ်သမုဒ္ဒရာအလယ်က နော်ရူးနိုင်ငံကလေးကို ကျွန်တော်သတိရလိုက်တာ။

(သုံး)

ထင်းမရှိသောကြောင့် ခြံစည်းရိုးကိုချိုးပြီး မီးထိုးကာ ထမင်းအိုး ဟင်းအိုးချက်နေရသည့်မြင်ကွင်းမျိုးကို ကျေးလက်တောရွာများဆီ၌တွေ့ရတတ်ပါသည်။ ဖိုးစော်ကဲကဗျာထဲကလိုပဲ လတ်တလော အအေးဒဏ်ကို တုပဖို့ ကိုယ့်တဲကို ကိုယ်ဖျက်ကာ မီးထည့်လှုံရသည့်အဖြစ်က ကြေကွဲဖို့ကောင်းပါသည်။ အနီးကပ်ပြဿနာကိုဖြေရှင်းဖို့ အနာဂတ်ကို မျှော်မကြည့်နိုင်သည့် လုပ်ရပ်များ။

နော်ရူးက သည်သင်ခန်းစာပဲဖြစ်ပါသည်။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ကျောက်သံပတ္တမြား၊ ကိုယ့်တော၊ ကိုယ့်တောင်၊ ကိုယ့်သီးနှံ ကိုယ့်သစ်ဥသစ်ဖုတို့ကို မထိန်းသိမ်းဘဲ သဘာဝပတ်ဝန်းကျင်အပျက်ခံကာ လူရော ငှက်ပါနေစရာမရှိတော့အောင် ပိုက်ဆံရှာကြရာက အချမ်းသာဆုံးဘဝကနေ နိုင်ငံတကာကိုကယ်ပါဟု အကူအညီတောင်းခံရသော နော်ရူးအဖြစ်က ကြေကွဲစရာဖြစ်ပါသည်။

ချမ်းချင်သလောက် ချမ်းစမ်းပါစေ ဖိုးစော်ကဲရယ်။ တဲဖျက်ကာ မီးထဲတော့ ထည့်မလှုံလိုက်ပါနဲ့။ ။

## စာ-၁၁၊ စတီရီယိုခေတ်ဦးက ကြယ်တစ်ပွင့်ကိုဂုဏ်ပြုကြသူများ မှ

အဲဒီနောက်မှာတက်လာတဲ့အဆိုတော်ကြီးက ခင်မောင်ထူး။ ကျွန်တော်တို့ငယ်ငယ်က ဦးခင်မောင်ထူးရဲ့ခေါင်းကလေးလှုပ်ကာလှုပ်ကာဆိုတဲ့ Style က လူငယ်တွေတော်တော်ကြိုက်ခဲ့ကြပါတယ်။ ခင်မောင်ထူးက သန်းနိုင်ရဲ့ နာမည်ကြီးသီချင်းတွေဖြစ်တဲ့ ‘မဟာရန်သူအချစ်တော်ကြီး’ နဲ့ ‘အတ္တသမား’ သီချင်းတို့ကို ဆိုသွားပါတယ်။ သူလည်းပဲတစ်ခေတ်တည်းအဆိုတော်လိုဖြစ်နေတော့ ပိုင်ပိုင်နိုင်နိုင်ပဲ အမှားအယွင်းမရှိ ဆိုသွားပါတယ်။ သူ့နောက်မှာတော့ တကယ့် သီချင်းကောင်း နှစ်ပုဒ်ဖြစ်ခဲ့တဲ့ ‘ဖြည်းဖြည်းလေးနဲ့ငြိမ့်ငြိမ့်လေး’၊ ‘ဩော်မိန်းမ’ သီချင်းတို့ကို ဟေမာနေဝင်းနဲ့တွဲဆိုပါတယ်။

အရင်နှစ်များက သီချင်းခွေတွေမှာ အသံလေး တိမ်လိုက် ပျောက်လိုက် မြုပ်လိုက်နဲ့ ဆိုတတ်တဲ့ ဦးသန်းနိုင်က ခုတော့အဲလိုမဆိုပါဘူး။ သူ့အသက်အရွယ်နဲ့အသံသိပ်မဆွဲနိုင်တော့တာကလွဲလို့ဆိုကောင်းနေဆဲဖြစ်တာတွေ့ရပါတယ်။

ဒီနောက်ပိုင်းမှာ ခင်ဘုဏ်းက ‘ပင်လယ်ပြာမှာ’ နဲ့ ‘ကြိုက်သွားပြီ’ သီချင်းတွေ ဆိုသွားပါတယ်။ အဆိုတော်ကြီးရဲ့ သီချင်းတွေမို့လားမသိ။ ဂရုတစိုက်နဲ့ဆိုသွားပါတယ်။ သူပြီးတော့ ပွဲစကတည်းက ခပ်ငြိမ်ငြိမ် အားပေးလာတဲ့ပရိသတ်က နာမည်တစ်ခုကြေညာလိုက်တာနဲ့ လက်ခုပ်သံတွေ အားပေးသံတွေ ဝေါခနဲ ထွက်ကျလာပါတယ်။ အဲဒီအဆိုတော်က စိန်ဝင်းထွန်း။ သူ့အလှည့်မှာ သန်းနိုင်ရဲ့ သီချင်းနှစ်ပုဒ်ဖြစ်တဲ့ ‘မိန်းမနဲ့ ယောကျ်ား’ဆိုတဲ့ ခပ်မြူးမြူးသီချင်းတစ်ပုဒ်ကို သူများတွေနဲ့မတူတဲ့ပုံစံ၊ လက်ကလေး လှုပ်လှည့်ကာလှည့်ကာနဲ့ ကရင်းဆိုသွားပါတယ်။

စိန်ဝင်းထွန်းရဲ့ပါဖောမန့်စ်ကြောင့် သူဆိုနေတဲ့တစ်လျှောက်လက်ခုပ်သံတွေဆက်တိုက်ပါပဲ။

ဒါပြီးတော့ ပလေးဘွိုင်သန်းနိုင်နဲ့ တစ်ချိန်က အတွဲညီခဲ့တဲ့ အယ်လ်ခွန်းရီက ‘လေဟုန်ကိုဆန်’ သီချင်းကို စုံတွဲဆိုပြီးတဲ့နောက် ဘိုဘိုဟန်အလှည့်မှာတော့ ‘တစ်ခြမ်းပဲ့အသည်း’ နဲ့ ‘ဦးဘညွန့်ရဲ့ ချစ်ဒုက္ခ’ သီချင်းကို အားပါးတရ ဖျော်ဖြေသွားပါတယ်။ ဒီနောက်မှာတော့ ဒီနေ့ထိ ဂီတအလုပ်တွေ ဆက်တိုက် လုပ်နိုင်တုန်းဖြစ်တဲ့ နွဲ့ယဥ်ဝင်းက ‘အိပ်ဆေးမရှိ’နဲ့ သန်းနိုင်သီချင်းမဟုတ်တဲ့ ‘More Than I Can Say’ သီချင်းနဲ့ပညာပြသွားပါတယ်။

ပြီးတော့ ရော့ခ်ကာကြီး မာရဇ္ဇ၊ ထွန်းအိန္ဒြာဗိုစတဲ့အဆိုတော်တွေနောက်မှာ ကိုင်ဇာအလှည့်ရောက်လာပါတယ်။ အသံကောင်းနေတုန်းဖြစ်တဲ့ ကိုင်ဇာကလည်း တော်တော်များများ ရင်းနှီးပြီးသားဖြစ်တဲ့ ‘သီချင်းများနဲ့လူ’၊ ‘အိုမမ’ သီချင်းတို့ကို သူ့ပုံစံနဲ့ဆိုသွားတယ်။ ဒီမှာ တစ်ခုတွေ့ရတာက သူမဆိုခင်မှာ A3 ဆိုဒ်လောက်ရှိတဲ့သီချင်းစာသားတွေ ရှေ့ချကြည့်ဆိုတာပါပဲ။ တကယ်တော့ ဒီသီချင်းမသိတဲ့လူငယ်အချို့ တောင်အလွတ်ဆိုနိုင်ပြီးဝါရင့်အဆိုတော်တစ်ဦးက စာသားအလွတ်မရတာတော့ ကြည့်ရဆိုးပါတယ်။

ဒီနောက်ပိုင်းတွေမှာ ရှင်ဖုန်း၊ ရင်ဂို၊ သျှိုတို့ဆက်ဆိုပါတယ်။ ဇော်ဝင်းထွဋ်မဆိုဖြစ်တဲ့ ဒီပွဲမှာ သျှိုကဇော်ဝင်းထွဋ် ဆိုခဲ့ဖူးတဲ့ သီချင်းနှစ်ပုဒ်ကို ပြန်ဆိုပါတယ်။ ‘စီးကရက်မီးခိုးများ’ နဲ့ ‘ချစ်ရမ္မက်’ သီချင်းတွေက ရော့ခ်တွေပိုင်လှတဲ့ သျှိုနဲ့လိုက်ဖက်တယ်ပြောရမှာပါ။

သူပြီးတော့ Alex အလှည့်မှာတော့ သန်းနိုင်ဆိုပြီး၊ ဇော်ဝင်းထွဋ်ပဲဆိုခဲ့ဖူးတဲ့ ‘သေရည်အရက်ကိုမုန်းခဲ့တယ်. . မင်းကိုငါချစ်ခဲ့’ ဆိုတဲ့အချစ်ချိုအရက်ခါးသီချင်းကိုသူ့ကိုယ်ပိုင်ပုံစံနဲ့ဆိုပါတယ်။ အဆိုတော်တွေအကုန်နှစ်ပုဒ်ဆီဆိုခဲ့ကြပြီး၊ သူ့အလှည့်မှာတော့တစ်ပုဒ်ပဲဆိုပြီး ပြန်လှည့်သွားပါတယ်။ အော်တတ်၊ ဆဲတတ်တဲ့ ပရိသတ်တွေကိုစိတ်ကောက်လို့လား၊ စင်ပေါ်ရောက်မှ စိတ်မပါတော့လို့ပဲလားမသိပါဘူး။ ဒါကို ရှုတ်နောက်နောက်လုပ်တတ်တဲ့ Presenter တင်အောင်မိုးက တစ်ပုဒ်တည်းဆိုသွားတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောသွားပါသေးတယ်။

အဲဒီနောက် ‘အမည်းနဲ့ အဖြူ’၊ ‘သီချင်းလေးသေရင်လိုက်လို့သေမယ်’ စတဲ့သီချင်းတွေကိုရေဗက္ကာဝင်းဆိုသွားပါတယ်။ အဆိုတော်ကြီးတွေရဲ့ သီချင်းဟောင်းတော်တော်များများနဲ့ လိုက်ဖက်တဲ့သူမလည်း ဒီသီချင်းတွေမှာတော်တော်လေး အဆင်ပြေသွားခဲ့တယ်။

သူပြီးတဲ့နောက်တော့ ဘယ်ပွဲမဆို Band လိုက် တက်ဆိုတဲ့ နောနော်က Blaze မှာ ပုံမှန်တွေ့ရတဲ့ သူတွေမဟုတ်တဲ့ သူ့အဖွဲ့သားတွေနဲ့ ‘သုံးရာသီ’ သီချင်းကို ဆိုပါတယ်။ ‘မင်းလေးနားမှာ အမြဲ ချစ်တော ×× ကောင်းတော ချစ်သူ ဖြစ်ချင်တော ×× ကြင်နာဒူဟာ ကိုယ်ပါပဲကွယ် ×× ထာဝစဥ်မခွဲ’ တဲ့ အားပါးတရပါပဲ။ စာသားလေးတွေပျက်သွားတာတော့ စိတ်မကောင်းစရာပေါ့။ ပြီးတော့ သူ့ရဲ့သီချင်း ‘အတိုင်းထက်အလွန်’ တဲ့။ သန်းနိုင်ပွဲမှာ သူ့သီချင်းကြားရတာတော့ တစ်မျိုးပဲ။

အဲဒီနောက်မှာတော့ ဇော်ပိုင်၊ Rဇာနည်၊ ဖြူဖြူကျော်သိန်း၊ အေသင်ချိုဆွေ စတဲ့အဆိုတော်တွေ နှစ်ပုဒ်စီနဲ့ အလှည့်ကျဆက်တိုက်သီဆိုခဲ့ပါတယ်။ ထုံးစံအတိုင်းပဲ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ သီချင်းတွေဆိုတတ်တဲ့ ဖြူဖြူကျော်သိန်းနဲ့အေသင်ချိုဆွေတို့ အလှည့်မှာတော့ ပါဖောမန့်စ်နဲ့ ဝတ်ပုံစားပုံတွေနဲ့ပါ ပရိသတ်ကိုဖမ်းစားခဲ့ပါသေးတယ်။ ပြီးတော့ ချမ်းချမ်း။ သူကလည်း သူ့ရဲ့ လူသိများတဲ့ သီချင်း ‘တကယ်ဆိုရင် အချစ်ပဲလိုတယ်’ သီချင်းနဲ့ သန်းနိုင်သီချင်းတစ်ပုဒ် တွဲဖက်သီဆိုခဲ့ပါတယ်။ ဒါအပြီးမှာတော့ တစ်ပွဲလုံးက ပရိသတ်တွေကို မပြန်အောင် ဆွဲဆောင်ထားတဲ့ရော့ခ်ကာကြီးတွေဖြစ်တဲ့အငဲနဲ့လေးဖြူအလှည့်။ အငဲက သူဆိုဖူးခဲ့တဲ့ ‘ကိုယ်ရေးရာဇဝင်’၊ လေးဖြူကလည်း ပရိသတ်အကြိုက်သီချင်းတချို့နဲ့ နှုတ်ဆက်ပြီးနောက် ပလေးဘွိုင်သန်းနိုင်ပြန်တက်လာပါတယ်။ ‘ရွှေတောင်ကြား’ အပါအဝင် သီချင်းသုံးပုဒ်ဆိုပြီးတော့ ပွဲပြီးကြောင်း၊ ဘာကြောင်း မကြေညာခဲ့တဲ့အတွက် ပရိသတ်တွေ ကြောင်အမ်းအမ်းနဲ့ ထပြန်ခဲ့ကြတာတွေ့ရပါတယ်။ လက်မှတ်မှာပွဲစချိန် ၆ နာရီခွဲကြေညာပြီး စံတော်ချိန် ၇ နာရီခွဲခန့်မှာ စခဲ့တဲ့အတွက် ည ၁၁နာရီခွဲကျော်မှသာ အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း. . . .။

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.28 • SEPTEMBER 29, 2011

## ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် မသင့်လျော်သောကိစ္စပြုလုပ်သည့် သာသနာ့ဝန်ထမ်းများကို အရေးယူမည်

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ - ၂၃**

သမဏသာရုပ္ပမဖြစ်သော(ရဟန်း၊ သာမဏေများ၊ သီလရှင်များနှင့် မသင့်လျော်သော)ကိစ္စများ ရှောင်ကြဉ်ရန်နှင့်မလိုက်နာပါက သံဃာ့ဥပဒေများအရ အရေးယူခံကြရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့က စက်တင်ဘာလ ၁၇ ရက်တွင် ထုတ်ပြန်ကြေငြာသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် သမဏသာရုပ္ပမဖြစ်သော ရဟန်းသာမဏေများ၊ သီလရှင်များနှင့်မသင့်လျော်သောဈေး၊ ကားဂိတ်၊ ဘူတာ၊ လူစည်ကားရာ နေရာများတွင် အလှူခံခြင်း၊ မော်တော်ယာဉ်ဆိုင်ကယ်များကိုကိုယ်တိုင်မောင်းနှင်စီးနင်းခြင်း၊ ပွဲလမ်းသဘင်များ ကြည့်ရှုခြင်း၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင်နေ့လွဲညစာစားသုံးခြင်း စသည်တို့မှာ သာသနာတော်နှင့် မအပ်စပ်သည့်အပြင် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း သံဃာ့ဥပဒေများအရပါ ပြစ်မှုပြစ်ဒဏ်များ ငြိစွန်းနေပါသဖြင့် ရဟန်းသာမဏေ သီလရှင်များအားလုံး ရှောင်ကြဉ်ရန် တာဝန်ရှိကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာအမှတ် (၈၅)အရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိသံဃနာယကအဖွဲ့ အသီးသီးက သံဃာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဖြင့် မဖြစ်မနေ ဆောင်ရွက်ကြရတော့မည်ဖြစ်ကြောင်း ယခု လက်ရှိလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ရဟန်း၊ သာမဏေ၊ သီလရှင်များအားလုံး ဝိနည်းစည်းကမ်းဥပဒေများကို လေးစားလိုက်နာကြရန်နှင့်မလိုက်နာပါက သံဃာတော်များ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မဖြစ်မနေ သံဃာ့ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းကြေညာချက်တွင်ပါရှိသည်။

ချမ်းအေးသာစံမြို့နယ်ရှိ သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဆရာတော်များက မိမိတို့ မြို့နယ်တွင်းတွင်လည်း အထက်ပါညွှန်ကြားချက်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိမိတို့ ချမ်းအေးသာစံမြို့နယ်အတွင်းတွင် ရဟန်း၊ ကိုရင်များနှင့် သီလရှင်များ မသင့်လျော်သော အမှုကိစ္စများ ပြုမူဆောင်ရွက်နေပါက နီးစပ်ရာအုပ်ချုပ်ရေးမှူးရုံး၊ သံဃနာယကရုံးများနှင့် မိမိတို့အဖွဲ့အစည်း၏ ဖုန်းများဖြစ်သော ၀၉- ၆၅၀၂၁၃၆၊ ၀၉-၂၀၃၄၉၀၅၊ ၀၂-၆၆၄၆၂တို့ထံ ဆက်သွယ်သတင်းပေးတိုင်ကြားနိုင်ကြောင်းမိန့်ကြားသည်။

## အရက်တရားဝင်ရောင်းချခွင့် လိုင်စင်ထပ်မံချထားပေးမည်မဟုတ်

**ကျော်သီဟ**

**ရန်ကုန်၊ စက်တင်ဘာ- ၂၄**

ယစ်မျိုးလိုင်စင်အသစ်လျှောက်ထားခွင့်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြစ် ခွင့်မပြုတော့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

ယစ်မျိုးလိုင်စင်များမှာ အရက် ရောင်းဝယ်ဖောက်ကားခွင့်ပြုထားသော တရားဝင်ရောင်းချခွင့်လိုင်စင်ဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကိုင်တွယ်ဆောင်ရွက်သော လုပ်ငန်းတစ်ခုဖြစ်သည်။

“ယစ်မျိုးလိုင်စင်က တစ်နိုင်ငံလုံးကို ပြီးခဲ့တဲ့ ဇူလိုင်လလောက်ကတည်းက အသစ်မချပေးတော့ဘူး။ ရှိရင်းစွဲအဟောင်းတွေပဲ ဆက်လက်လုပ်ကိုင်ခွင့်ပြုထားတယ်”ဟု အထက်ပါ ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း မူးယစ်သောက်စားမှုခင်းများ ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရှိရ၍ အရက်ရောင်းချသည့် ယစ်မျိုးလိုင်စင်အား တိုင်းဒေသကြီးစံပြအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင်ပထမဆုံး ဇူလိုင်လက ထုတ်ပြန်ခဲ့ပြီး အရက်ရောင်းချခွင့်လိုင်စင် ချထားပေးခြင်းမရှိကြောင်း စုံစမ်းသိရသည်။

စနစ်သစ်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ ယစ်မျိုးခွန်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အခွန်ဘဏ္ဍာထဲသို့ဝင်ရောက်သော ဘဏ္ဍာခွန်တစ်မျိုးဖြစ်သည်။

## ရပ် / ကျေးရွာအိမ်မှူးများခန့်ထားခြင်းကိုမကျေနပ်သည့်ရွာသား၃၀၀ကျော်ပြည်ထဲရေးဝန်ကြီးဌာနသို့လက်မှတ်ထိုးတိုင်ကြား

**သန်းငွေး**

**ရန်ကုန်၊ စက်တင်ဘာ - ၂၀**

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ခန့်ထားခြင်းကိစ္စအား မကျေနပ်သောကြောင့် ဧရာဝတီတိုင်းဒေသကြီး အိုင်သပြုကျေးရွာအုပ်စုမှ ပြည်သူ ၃၂၅ ဦး လက်မှတ်ရေးထိုးကာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ တိုင်ကြားထားကြောင်း ဒေသခံ ကျေးရွာသား ဦးဇော်မင်းသိန်းကပြောသည်။

“မြို့နယ်အုပ်ချုပ်ရေးမှူးဟာလည်း ကျေးရွာအုပ်ချုပ်ရေးမှူးကို သူ့ဘာသာခန့်တယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးကလည်း ရာအိမ်မှူးတွေကို သူ့ဘာသာ ခန့်တယ်။ ရပ်မိရပ်ဖတွေရဲ့ ဆန္ဒအရ ရွေးချယ်တာမဟုတ်ခဲ့ဘူး”ဟု ၎င်းကပြောသည်။


ထို့ကြောင့် ရပ်မိရပ်ဖများ၏ ဆန္ဒသဘောပါသယောင် ဟန်ပြုလုပ်ဆောင်စေမှုဖြင့် မူလ ရာအိမ်မှူးဟောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းများကိုသာ ဆက်လက်ခန့်ထားမှုဖြစ်ပေါ်ခဲ့ကြောင်း ၎င်းကပြောသည်။

“ငါတို့ဆန္ဒအရ မရွေးချယ်ရရင် ငါတို့ကို ဘာကြောင့် ရပ်မိရပ်ဖအဖြစ်ဖိတ်ပြီး ဆန္ဒယူသလဲ။ နောက်ကို ဘယ်တော့မှ မဖိတ်နဲ့။ မလာတော့ဘူး။ ငါတို့ကို ရပ်မိရပ်ဖဆိုပြီး သိက္ခာချတယ်”ဟု ရပ်မိရပ်ဖတစ်ဦးက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးပေါ်တွင် ပြောဆိုခဲ့ကြောင်း အဆိုပါတိုင်ကြားစာ၌ ထည့်သွင်းဖော်ပြထားသည်။

အလားတူဖြစ်ရပ်များ ယခုရက်ပိုင်းအတွင်း ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် အခြားသောတိုင်းဒေသကြီးများတွင်လည်းဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

ယခု ကျင်းပလျက်ရှိသော ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင်ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပြည်သူ့ဆန္ဒမဲဖြင့် ရွေးချယ်ရေး အဆိုတင်သွင်းခဲ့ရာ အတည်ပြုခြင်းမခံခဲ့ရကြောင်း သတင်းရရှိသည်။

‘သက်ဆိုင်ရာက ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ၁၀ နှစ် နေထိုင်လျက်ရှိပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုတွင် အမှန်တကယ် နေထိုင်မည့်သူဖြစ်ကြောင်း’အဆိုအား ပြင်ဆင်ပေးရန် တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးလေးနိုင်က တင်သွင်းရာ လွှတ်တော်က အတည်ပြုလိုက်ကြောင်း သတင်းရရှိသည်။



## အိုင်စီတီကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် အခြေခံပညာရေးနှင့် အစိုးရဘတ်ဂျက်တွင် ပြောင်းလဲမှုများ ပြုလုပ်ပေးရန် လွှတ်တော်တွင် အကြံပြု



**ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း**

**ရန်ကုန်၊စက်တင်ဘာ- ၂၆**

မြန်မာ့အိုင်စီတီကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်ရေးအတွက် ကွန်ပျူတာဘာသာရပ်ကို အခြေခံပညာအဆင့်မှပင် စတင်သင်ကြားပေးရန်နှင့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း များ၏ ဘတ်ဂျက်သုံးစွဲငွေများတွင် အိုင်တီ ပိုမိုအသုံးပြုနိုင်ရေးတို့အတွက် သင့်လျော်သည့် ဘဏ္ဍာငွေကြေးရာခိုင်နှုန်းများကို သတ်မှတ်ပေးနိုင်ရန် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အကြံပြု တင်ပြခဲ့ကြောင်းသတင်းရရှိသည်။

ပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်းက အထက်ပါအကြံပြုချက်ကို ယခုလ ၂၃တွင် နေပြည်တော်ဒေသတွင် ပြုလုပ်သည့် ပထမအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အချို့ မေးမြန်းခဲ့သည်များကို ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ပြည်တွင်း၏ အိုင်စီတီကဏ္ဍတွင် လက်ရှိအနေအများထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင့်လျော်သည့် ဘဏ္ဍာငွေကြေးများကို နိုင်ငံတော်ကသတ်မှတ်ပေးသင့်ကြောင်း အကြံပြုချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဥက္ကဋ္ဌ ဦးသောင်းတင်က “ဒီလိုမျိုး နိုင်ငံ ရဲ့ အိုင်စီတီကဏ္ဍအတွက် ဘတ်ဂျက်ငွေပိုချပေးဖို့အတွက် အကြံပြုတင်ပြထားတာ အရမ်းကောင်းပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အိုင်စီတီကဏ္ဍဆိုတာ သီးခြားတည်ဆောက်လို့ရတာမဟုတ်ဘူး။ သူက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တွေနဲ့ အကုန်ဆက်စပ်နေတာ။ ဒါကို အစိုးရက ခွင့်ပြုချထားပေးခဲ့ရင် စနစ်တကျသုံးစွဲတတ်ဖို့ အရမ်းကိုအရေးကြီးပါတယ်။

ဒီလိုသုံးစွဲတတ်မှ ပိုပြီးတော့ အိုင်စီတီနဲ့သက်ဆိုင်တဲ့ ကဏ္ဍတိုင်းမှာ ပိုပြီးမြန်ဆန်၊ သက်သာ၊ လွယ်ကူလာစေမှာပါ”ဟု သုံးသပ်ပြောဆိုသည်။

ဆက်လက်ပြီး ၎င်းက ယခုလက်ရှိအချိန်တွင် နိုင်ငံတကာ၌ အိုင်စီတီကဏ္ဍအတွက် မည်မျှသုံးစွဲမည်ကို သက်ဆိုင်ရာအစိုးရများက သတ်မှတ်ချထားပေးနေခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ အစိုးရက နည်းပညာကဏ္ဍအတွက် ဘတ်ဂျက်ငွေသီးသန့်ချထားပေးခြင်းမှာ မြန်မာနိုင်ငံတွင် သိသာထင်ရှားမရှိသေးသဖြင့် ယခုပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အကြံပြုထားသည့် အကြောင်းအရာမှာ နည်းပညာနယ်ပယ်တစ်ခုတည်းအတွက်မဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံလုံးအတွက် တိုးတက်လာမည့်အကြောင်းရင်း များစွာထဲမှ တစ်ရပ်ဖြစ်ကြောင်း သုံးသပ်ပြောဆိုသည်။

7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# ဦးတေဇနှင့်အတူ ရဟတ်ယာဉ်ပျက်ရာတွင် ပါဝင်သူ လေယာဉ်မှူး ခြေထောက်နှစ်ဖက်လုံး ဖြတ်တောက်ခဲ့ရ

**အောင်သူရ**

**ရန်ကုန်၊**
**စက်တင်ဘာ - ၂၅**

ထူးကုမ္ပဏီဉက္ကဋ္ဌ ဦးတေဇနှင့်အတူ ကချင်ပြည်နယ် ပူတာအိုဒေသ အမြင့်ပေ ၁၃,၅၀၀ တွင် ရဟတ်ယာဉ်ပျက်ကျခဲ့ရာ၌ ပါဝင်ခဲ့သော လေယာဉ်မှူးမှာ ခြေထောက်နှစ်ဖက်ဖြတ်တောက်ခဲ့ရကာ ဆေးကုသမှုပြီးဖြစ်၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

စင်ကာပူနိုင်ငံ Raffles ဆေးရုံတွင် လေယာဉ်မှူး ဦးမောင်မောင်သန်း၏ ဘယ်ဘက်ဒူးအောက်မှလည်းကောင်း ညာဘက်ခြေချင်းဝတ်မှလည်းကောင်း ဖြတ်တောက်ခဲ့ရပြီး ခုနစ်လကြာ ဆေးကုသခဲ့မှုခံယူကာ စက်တင်ဘာ ၂၅ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

“ကျွန်တော်ထင်တာက ကျွန်တော့်ဖိနပ်က သိပ်မကောင်းဘူး။ နည်းနည်းပါးတယ်။ လေယာဉ်မောင်းဖို့ပဲ လုပ်ထားတာ။ နှင်းတောထဲမှာ သွားတဲ့အခါကျတော့ အေးပြီး နည်းနည်းတောင့်လာတယ်။ ပိတ်လို့မရဘူး။ ဇစ်ကိုဆွဲလို့ မရဘူး။ အဲဒီနေ့မှာပဲ ရေခဲတဲ့ချောင်းတွေကိုဖြတ်ရတယ်။ ရေတွေဝင်ပြီး ညာခြေမှာ ခဲနေတယ်။ အဲဒါကိုလည်း ထုံနေတဲ့အတွက် မသိဘူး။ စောင်ကလည်းတစ်ထည်ပဲပါတယ်။ ခြောက်ယောက်ခြုံရတယ်။ ဟိုဘက်ကဆွဲလိုက်၊ ဒီဘက်ကဆွဲလိုက်နဲ့ ကျွန်တော်က အအေးဆုံးခံလိုက်ရတယ်”ဟု လေယာဉ်မှူး ဦးမောင်မောင်သန်းက ရှင်းပြသည်။


လေယာဉ်မှူးဦးမောင်မောင်သန်းနှင့် ဦးတေဇတို့ကို အတူတွေ့ရစဉ်
ဓာတ်ပုံ - အောင်သူရ

ရဟတ်ယာဉ်ပျက်ကျရခြင်းနှင့်ပတ်သက်၍လည်း လေယာဉ်မှူးဦးမောင်မောင်သန်းက “တောင်ကြားထဲမှာဆိုတော့ လေကိုခန့်မှန်းလို့မရဘူး။ လေကဖိအားပေါ်လာတဲ့အချိန်မှာ အသိလေး နည်းနည်းလေးနောက်ကျသွားတယ်။ တစ်စက္ကန့်၊ နှစ်စက္ကန့်လောက်ပဲနောက်ကျသွားတဲ့ အနေအထားပါ။ သိလိုက်တဲ့အချိန်မှာမမီလိုက်တော့ဘူး။ အပေါ်ကနေ ဖိချသလိုဖြစ်ပြီး အမြီးနဲ့ အရင်တိုက်မိပြီးပျက်ကျသွားတာပါ”ဟုဆိုသည်။

ထူးကုမ္ပဏီပိုင် EC 130(B4) ရဟတ်ယာဉ်ဖြင့်အမြင့်ပေ ၁၅၁၁၀ ရှိသောမဒွယ်တောင် နတ်ရေကန်သို့သွားစဉ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက် ၇ နာရီ ၁၅ တွင် ပျက်ကျခဲ့ပြီး သုံးရက်ကြာမှ ကယ်တင်နိုင်ခဲ့သည်။ ထိုပျက်ကျမှုတွင် ဦးတေဇ၊ ဂရေ့စ်(လေယာဉ်မယ်)၊ ကိုဇေယျ၊ ဦးသက်ထွန်းနှင့် လေယာဉ်မှူးနှစ်ဦး ပါဝင်ခဲ့သည်။

ထိုကဲ့သို့ ထိခိုက်သွားခဲ့သည့် မိသားစုလေးယောက်ရှိသော လေယာဉ်မှူးဦးမောင်မောင်သန်းအား ထူးကုမ္ပဏီက တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၊ မော်တော်ယာဉ်တစ်စီး၊ မြေညီထပ် (သို့မဟုတ်) ဓာတ်လှေကားပါတိုက်ခန်း တစ်ခန်းနှင့် သားသမီးများအား ပညာသင်ကြားသည်မှ အလုပ်ရသည်အထိ ပညာသင်ဆု ချီးမြှင့်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

လေယာဉ်မှူး ဦးမောင်မောင်သန်းသည် စစ်တက္ကသိုလ် (DSA) အပတ်စဉ်-၂၀ ဆင်းဖြစ်ပြီး လေတပ်သို့ ပြောင်းရွှေ့ကာ လေယာဉ်မောင်းသင်တန်း(၄၁) တွင် တစ်နှစ်သင်ကြားခဲ့သည်။

၂၀၀၆ ခုနှစ်က ဟုမ္မလင်း လေတပ်စခန်းတွင် ဒုဗိုလ်မှူးကြီးရာထူးဖြင့်ခေတ္တလေတပ်စခန်းဌာနချုပ်မှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။




# ဟာရီရာ၊ တွန်ဒရာနှင့် ဖော်ကျူနာ ကားများကို တင်သွင်းခွင့်မပြု

**အားမာန်**

**ရန်ကုန်၊**
**စက်တင်ဘာ- ၂၄**

ယာဉ်အို၊ ယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်ဖြင့် တင်သွင်းခွင့်မပြုသော ကားများတွင် တိုယိုတာ ဟာရီရာ(Harrier)၊ တိုယိုတာ တွန်ဒရာ(Tundra)နှင့် တိုယိုတာ ဖော်ကျူနာ(Fortuner)တို့ ပါဝင်လာကြောင်း သတင်းရရှိသည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက သက်တမ်းလွန်ကားများ အစားထိုးအပ်နှံမှုအတွက် တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားရာ၌ သိရှိသင့်သော အချက်များ ကြေညာရာတွင် အထက်ပါကားသုံးမျိုးကိုပါ တင်သွင်းခွင့်မပြုကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် တိုယိုတာကားအမျိုးအစားထဲမှ လန်ခရူဇာ၊ လက်ဇက်စ်၊ ပါရာဒိုတို့အပြင် ဟာရီရာ၊ တွန်ဒရာနှင့်ဖော်ကျူနာကားများပါ တင်သွင်း၍ မရတော့ခြင်းဖြစ်သည်။ ထို့အပြင် နာမည်ကျော် မာစီးဒီးကားအမျိုးအစားမှ S-class ကိုလည်း တင်သွင်းခွင့်မပြုပေ။

စက်တင်ဘာ ၂၀ ရက်တွင် ပြုလုပ်သော One Stop Service အစည်းအဝေးဆုံးဖြတ်ချက်အရ တင်သွင်းခွင့်ပြုသော ကားအမျိုးအစား ၃၁ မျိုးတွင် ဘီအမ်ဒဗလျူ၊ အော်ဒီကဲ့သို့ နာမည်ကျော်ကားများပါဝင်သည်။ အိမ်ကားများကို တင်သွင်းသောအခါ ဆိပ်ကမ်းအရောက်ဈေး ကန်ဒေါ်လာ ၅၀၀၀ အထိ ခွင့်ပြုထားပြီး ထရပ်ကားနှင့် ဘက်စ်ကားများကို ဆိပ်ကမ်းအရောက် ကန်ဒေါ်လာ ၁၅၀၀၀ အထိ ခွင့်ပြုထားသည်ကို တွေ့ရသည်။

7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011



# ပြည်တော်ပြန်သီးလေးသီးအဖွဲ့၏ ပထမဆုံးဖျော်ဖြေပွဲ ပြုလုပ်ခွင့်ရရှိ



**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ ၂၆**

ပြည်တော်ပြန် သီးလေးသီး အဖွဲ့၏ ပထမဆုံးပြည်တွင်းဖျော်ဖြေပွဲအဖြစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၊ မျှော်စင်ကျွန်း၌ တင်ဆက်ကပြမည်ဖြစ်ကြောင်း သီးလေးသီး၏ ခေါင်းဆောင်ဖြစ်သူ လူရွှင်တော် ဂေါ်ဇီလာက အတည်ပြုပြောကြားသည်။

"ကျွန်တော်တို့အခုလေးတင် ပွဲပါမစ်ရပြီလို့ သိရပါတယ်။ ဒီပွဲမှာညီအစ်ကိုတွေဖြစ်တဲ့ကျော်ထူး၊ ကင်းကောင်၊ အရိုင်း၊ ငှက်ပျော်ကြော်တို့နဲ့ ပူးပေါင်းတင်ဆက်သွားမှာပါ။ ရှေ့ထွက် မင်းသမီးကိုလည်း ရှာနေပါတယ်" ဟု ၄င်းက ပြောသည်။

ပြည်ပတွင်ကျန်ရှိနေသေးသည့်သီးလေးသီးအဖွဲ့ဝင်အချို့ ယခုပွဲတွင် ပါဝင်နိုင်ဖွယ်ရှိမရှိမေးမြန်းရာ"ဒီပွဲမှာ သီးလေးသီးအဖွဲ့ဝင်တွေ အားလုံးဆုံပြီး ဖျော်ဖြေချင်ပေမယ့် သူတို့နဲ့ အဆက်အသွယ်မရဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်သူတို့ ပြန်လာရင် ကျွန်တော်တို့က လက်တွဲသွားဖို့အသင့်ပါ" ဟုဂေါ်ဇီလာက ဆက်လက်ပြောသည်။

ယခုဖျော်ဖြေပွဲအတွက်ပြက်လုံးများကို စီစဉ်ရာတွင်ယခင်ကထက် ဘောင်ကျဉ်းသွားနိုင်ခြင်း ရှိနိုင်မရှိနိုင်ဆိုခြင်းကိုမူ ဂေါ်ဇီလာက "ဘောင်မကျဉ်းပါဘူး။ ခုချိန်မှာ ကျွန်တော်တို့ကပြန်ရောက်တာသိပ်မကြာသေးတဲ့အတွက် ကိုယ်လက်လှုပ်ရှားမီလေ့လာမိသလောက် ကြိုးစားတင်ဆက်မှာပါ။ ခုချိန်မှာ နိုင်ငံတော်အစိုးရကလည်းပျော့ပျောင်းနူးညံ့တဲ့ပွင့်လင်းတဲ့ အစိုးရဖြစ်သွားတော့ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့အတွက် ပြက်လုံးပြက်ရမယ့်ကုန်ကြမ်းရှားသွားပါတယ်။ အဓိကက ဒီပွဲမှာ ကျွန်တော်တို့ရဲ့ ပြည်ပရောက်အတွေ့အကြုံတွေနဲ့ပြည်ပကနိုင်ငံရေးသမားတွေရဲ့ အားနည်းချက်တွေကိုပြက်လုံးအဖြစ်တင်ဆက်သွားမှာပါ" ဟု ပြောပြခဲ့သည်။

ယင်းဖျော်ဖြေပွဲကို အောက်တိုဘာလ ၂၉ ရက်(စနေနေ့)တွင် မျှော်စင်ကျွန်း၌ ညနေပိုင်းတွင် စတင်ဖျော်ဖြေမည်ဖြစ်ပြီး ဝင်ကြေး (သို့မဟုတ်) အခမဲ့ ဖျော်ဖြေမည့်ကိစ္စကိုမူ မျှော်စင်ကျွန်း တာဝန်ရှိသူများနှင့် ဆွေးနွေးသွားမည်ဖြစ်သည်။ သီးလေးသီးအဖွဲ့သည် ၂၀၀၇ ခုနှစ်က မျှော်စင်ကျွန်းတွင် ဖျော်ဖြေခဲ့ပြီး ယင်းအချိန်က နိုင်ငံအတွင်း အပြောင်းအလဲအဖြစ်အပျက်များကို ထင်ဟပ်သည့်သရုပ်ဖော်ပြက်လုံးဖျော်ဖြေခန်းများ တင်ဆက်ခဲ့ဖူးသည်။




## အနှစ်ချုပ် မြန်မာ့သမိုင်းအဘိဓာန်နှင့်ပတ်သက် အာဇာနည်ခေါင်းဆောင် မိသားစုဝင်အချို့က သမိုင်းအချက်အလက်များကို ထောက်ပြ

**ရန်ကုန်၊ စက်တင်ဘာ ၂၆**

သမိုင်းသုတေသီ စာရေးဆရာ သန်းဝင်းလှိုင်ရေးသားခဲ့သည့် အနှစ်ချုပ် မြန်မာ့သမိုင်းအဘိဓာန်စာအုပ်နှင့်ပတ်သက်၍ ဒီဗီဗီရုပ်မြင်သံကြားနှင့်ဆွေးနွေးချက်တွင် သမိုင်းအချက်အလက်အချို့ မှားယွင်းနေကြောင်း အာဇာနည်ခေါင်းဆောင်များ၏မိသားစုဝင်တို့က လက်မှတ်ရေးထိုးကာ ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် မီဒီယာများသို့ ပေးပို့အကြောင်းကြားလိုက်သည်။

ရုပ်မြင်သံကြားဆွေးနွေးချက်တွင် ခေါင်းဆောင်ကြီးများအား လုပ်ကြံခဲ့သူ ဂဠုန်ဦးစောက မိမိဇနီးအား စိန်ဘယက်နှင့် စိန်လက်စွပ်များကို ရောင်းချပြီး ကျဆုံးသွားသော ခေါင်းဆောင်ကြီးများ၏ ဇနီးများအား ပေးရန်ပြောကြားခဲ့သဖြင့် ဦးစော၏ဇနီးက ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်ထံရောက်ရှိလာပြီး ကျန်ခေါင်းဆောင်ကြီးများ၏ဇနီးများအားပေးပြီးဖြစ်ကြောင်း ယခု ဒေါ်ခင်ကြည်အတွက် လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားရာ ဒေါ်ခင်ကြည်က လက်မခံကြောင်း စသည်ဖြင့် ဆွေးနွေးချက်တွင်ပါရှိသည်။ ယင်းအချက်နှင့်ပတ်သက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သားသမီး၊ မြေးများသာမက နောက်ဆုံးတစ်ဦးတည်းကျန်ရှိသော ဦးအုန်းမောင်၏ဇနီးကပင် မည်သူမျှ လက်ခံရရှိခြင်း မရှိခဲ့ကြောင်း ပြောကြားခဲ့သည်ဟု မိသားစုဝင်များ ပေးပို့သောစာတွင် ဖော်ပြထားသည်။

သမိုင်းအချက်အလက်များ မှားယွင်းနေခြင်းကို အချိန်မီပြင်ဆင်ပေးစေလိုပြီး သမိုင်းအမှန်ဖြစ်စေလိုခြင်းကြောင့် ယခုကဲ့သို့ စာရေးသားပေးပို့ခြင်းဖြစ်ကြောင်း ယခုစာကို ဦးရာဇတ်၏သား ဦးဆောင်ကာ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက လက် မှတ်ရေးထိုးပေးပို့ထားခြင်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

CHICKEN SOUP

# အဖြူရောင်သေတ္တာကလေးများ

အိန်ဂျယ်လင်း



ရိုးရိုးရှင်းရှင်းစက္ကူဘူးကလေးနှစ်ခုက ကျွန်မရဲ့ ဘဝမှာ သိပ်အရေးပါခဲ့တယ်။ ဒီဘူးလေးနှစ်ခုက ကျွန်မရဲ့ အိမ်ရှေ့တံခါးကနေတစ်ဆင့်ရောက်လာတာလေ။ သူတို့ရောက်လာခဲ့ပုံအကြောင်းတွေးရင် အခုထက်ထိ စိတ်လှုပ်ရှားရတုန်းပါပဲ။

ဂျွန်လင်နွန်ရဲ့ သီချင်းတစ်ပုဒ်ရှိတယ်လေ။ 'မင်းတခြားကိစ္စတွေကိုအကွက်ချစီစဉ်ကောင်းတုန်းမှာမင်းတကယ်ကြုံလာရတဲ့ မျှော်လင့်မထားတဲ့အရာကသာ ဘဝပါကွယ်' ဆိုတဲ့သီချင်းလေ။ ကျွန်မတို့လည်းတစ်ခါမှစိတ်ကူးထဲတောင်ထည့်မယဉ်ဖူးတဲ့ နိဗ္ဗာန်ဘုံကိုရောက်ခဲ့ရပါတယ်။ ဘယ်ကြာဦးမလဲအလွန်ဆုံးရှိ သုံးလေးလပဲပေါ့။

ကျွန်မတို့အတွက် ပြီးပြည့်စုံတဲ့အိမ်ကလေးတစ်လုံးကိုလိုက်ရှာနေခဲ့တာ အတော်ကြာခဲ့ပြီပဲ။ နောက်ဆုံးတစ်နေ့မှာတော့ကျွန်မတို့အိပ်မက်ထဲကအိမ်ကလေးတစ်လုံးဟာကျွန်မတို့ရဲ့ဘဝထဲကိုရောက်လာခဲ့တယ်။ ကျွန်မနဲ့ ကျွန်မယောကျ်ားက ဒီအိမ်ကလေးကိုမှော်အိမ်ကလေးလို့ နာမည်ပေးထားတယ်။ ကျွန်မတို့သူ့ကိုအသည်းအသန်လိုအပ်နေတဲ့အချိန်မှာကျွန်မတို့ဆီကိုအချိန်ကိုက်သူရောက်လာခဲ့တာပဲလေ။ ဒီအိမ်ကလေးကို ရတော့ ကျွန်မတို့နှစ်ယောက်စလုံး အရုပ်အသစ်ရတဲ့ ကလေး ပျော်သလိုပျော်ခဲ့ကြတယ်။ မိသားစုတွေ၊ မိတ်ဆွေသူငယ်ချင်းတွေ၊ တစ်ခါတလေလာတတ်တဲ့ ဧည့်ကောင်းဆောင်ကောင်းတွေအတွက် နားခိုစရာကောင်းကောင်းရပြီလေ။ ပြီးတော့ကျွန်မတို့နှစ်ယောက်စလုံးရဲ့ အလုပ်ခန်းတွေကိုလည်း ဒီအိမ်မှာထားလို့ရတော့ အိမ်လည်းရုံး၊ ရုံးလည်းအိမ်လုပ်လို့ရတာပေါ့။ တကယ်တော့ ကျွန်မတို့အိမ်ကလေးက သေးသေးကလေးပါ။ အဲဒီအိမ်သေးသေးကလေးဟာ သူ့လိုပဲ သေးလွန်းလို့နာမည်တောင်မရှိရှာတဲ့ ရေကန်သေးသေးကလေးရဲ့ ကမ်းနဖူးမှာရှိတယ်။

ကျွန်မတို့ဒီအိမ်ကလေးနဲ့ ဒီပတ်ဝန်းကျင်ကို စပြီးပြောင်းလာခါစက ကျွန်မယောကျ်ားက ငါတို့ကတော့ ဒီနေရာဒီအိမ်ကလေးရဲ့ အစောင့်အရှောက်တွေပဲလို့ ကိုယ့်ကိုယ်ကိုယ်ထင်တယ်လို့ပြောသေးတယ်။ သူက ဒီလောက်မှော်ဆန်တဲ့ နေရာနဲ့ အိမ်ကလေးကို ဘယ်သူမှ တကယ်တမ်းမပိုင်ဆိုင်နိုင်ဘူးလို့ အတွေးပေါက်သတဲ့။ သူက ရေကန်ကလေးဘေးကပန်းခြံကလေးထဲမှာ ခေါင်းလောင်းစင်ကလေးတစ်ခုဆောက်ဖို့သေချာချာနေရာရွေးတယ်။ ဒီခေါင်းလောင်းကလေးကလည်း သူကိုယ်တိုင် သံထည်ပစ္စည်းအဟောင်းတွေကို အရည်ကျိုပြီးပြန်သွန်းထားတဲ့ခေါင်းလောင်းကလေးလေ။ ဒီခေါင်းလောင်းကလေးဟာ ခြောက်ပေလောက်မြင့်တဲ့ ဆီဒါသားနဲ့ လုပ်ထားတဲ့ စင်ကလေးမှာ ခန့်ခန့်ထည်ထည်နေနေပါတယ်။ ဒီခေါင်းလောင်းကလေးကနေမြည်တဲ့ တုန်ခါပဲ့တင်သံကလေးတွေကို ကြားရင် ဘယ်သူမဆိုခဏရပ်ပြီး နားထောင်ကြည်နူးမိကြမှာ မလွဲပါဘူး။ နူးညံ့တည်ငြိမ်တဲ့ ခေါင်းလောင်းသံလွင်လွင်ကလေးနဲ့ သဘာဝမိခင်ကြီးရဲ့ ရင်ခွင်ထဲက အသံဗလံပေါင်းစုံတို့ ပေါင်းစပ်မိကြတဲ့အခါမျိုးမှာ အလွန်လှပတဲ့ ဂီတသံစဉ်ရပါတယ်။ ရောမဗျိုင်းတောင်ပြာကြီးတွေရဲ့ အော်သံ၊ ကန်ကလေးထဲက ငါးတွေရဲ့ ဝဲလှည့်ကူးခတ်နေတဲ့အသံ၊ ဖားတွေရဲ့ အုံးအွမ်အော်မြည်သံ၊ ညအခါအစာရှာထွက်လေ့ရှိတဲ့ ဇီးကွက်တွေရဲ့ အသံတွေနဲ့ သဘာဝအော်ပရာကြီးဟာ ကျွန်မတို့ရဲ့ ပြတင်းပေါက်ကိုဖွင့်လိုက်တာနဲ့ အဆင်သင့်စောင့်ကြိုနေပါတော့တယ်။ ကွန်ကရစ်နဲ့ သံမဏိတွေရဲ့မြို့ကြီးအစွန်နားလေးမှာတင်အခုလိုလှပစုံလင်တဲ့ သဘာဝမြင်ကွင်းတွေရှိနေတာ အံ့သြကြည်နူးစရာပဲဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ အိမ်ကလေးက မျှော်လင့်ချက်တွေ၊ ဖြစ်နိုင်ခြေတွေအပြည့်နဲ့ ရွှက်လွှင့်နေတဲ့ သင်္ဘောတစ်စီးနဲ့တူပါတယ်။ ကျွန်မတို့ အိမ်ကလေးရဲ့ ပြတင်းတံခါးတွေကနေကြည့်လိုက်ရင် နောက်ထပ်အိမ်တစ်လုံးစာအကျယ်ရှိတဲ့ တောအုပ်ကလေးမှာ ငှက်လှောင်အိမ်ကလေးတွေ၊ ငှက်အစာကျွေးတဲ့ စင်ကလေးတွေတွဲလွဲခိုနေတာကိုတွေ့ရပါလိမ့်မယ်။ အဲဒီကနေ အောက်တစ်ဆင့်ကိုထပ်ဆင်းရင်တော့ သံထည်ခြံစည်းရိုးကလေးနဲ့ အနားသတ်ထားတဲ့ ကန်ကလေးရဲ့ ကမ်းစပ်ကိုတွေ့ပါလိမ့်မယ်။ အဲဒီကမ်းစပ်မှာ ဆိပ်ခံဇောသေးသေးကလေးတစ်ခု လုပ်ထားတယ်။ ကန်ထဲမှာ ဟိုဟိုဒီဒီ လှော်ခတ်သွားရင်သုံးတဲ့လှေကလေးတစ်စီး ကပ်စရာအနေတော်ဆိပ်ခံကလေးပေါ့။ ကျွန်မတို့ဒီနေရာကလေးကနေ ဘယ်တော့မှထွက်မသွားဘူးလို့ ပြောဖြစ်ကြတယ်။

ကျွန်မယောကျ်ားက အိမ်ထဲမှာလည်း စိတ်ကူးကောင်းကောင်းနဲ့ အလှဆင်ထားပါတယ်။ ဆေးရောင်စုံကို ပုံစံဒီဇိုင်းဖော်ပြီး သုတ်ထားသလို သူ့ရဲ့လက်ဖြစ် ရွှံ့ရုပ်တွေ၊ သလင်းကျောက်ကို ပုံစံစုံထွင်းထုထားတဲ့ လက်ရာတွေကလည်း အိမ်ထဲမှာ ဆိုင်ရာနေရာကို ယူထားကြသေးတယ်။ ကျွန်မတို့ရဲ့ အိမ်ကလေးထဲမှာ ပရိဘောဂတွေ၊ ရှေးဟောင်းပစ္စည်းတွေ၊ ပန်းချီကားတွေ၊ လက်နဲ့ရက်ထားတဲ့ အဖိုးတန်ကော်ဇောတွေ၊ စာအုပ်တွေ၊ ဂီတသံတွေနဲ့ ကျွန်မယောကျ်ားရေးထားတဲ့ စာအုပ်တွေနဲ့ ပြည့်နှက်နေပါတော့တယ်။

စားပွဲပေါ်မှာလည်း ဖယောင်းတိုင်စင်လှလှကလေးတွေ၊ ဖန်အိုးကလေးတွေ၊ အလှစိုက်ပန်းအိုးကလေးတွေနဲ့ တစ်အိမ်လုံးကိုဆင်ယင်မွမ်းမံလို့ထားတယ်။ အနုပညာရှင်တစ်ဦးဖြစ်တဲ့ ကျွန်မရဲ့ ယောကျ်ားကြောင့် ကျွန်မတို့ရဲ့ အိမ်ကလေးဟာ အရောင်သွေးစုံ၊ ပက်တန်အဆင်စုံနဲ့ အသက်ဝင်နေတဲ့ အနုပညာလက်ရာတစ်ခုလိုဖြစ်နေပါတော့တယ်။

> ကျွန်မတို့ အိပ်မက်ထဲက အိမ်ကလေးတစ်လုံးဟာ ကျွန်မတို့ရဲ့ ဘဝထဲကို ရောက်လာခဲ့တယ်။ ကျွန်မနဲ့ ကျွန်မယောကျ်ားက ဒီအိမ်ကလေးကို မှော်အိမ်ကလေးလို့ နာမည်ပေးထားတယ်။ ဒီအိမ်ကလေးကိုရတော့ ကျွန်မတို့ နှစ်ယောက်စလုံး အရုပ်အသစ်ရတဲ့ ကလေးပျော်သလို ပျော်ခဲ့ကြတယ်။

ဒီလောက်လှနေတဲ့ အိမ်ကလေးကနေထွက်ခွာသွားဖို့ခက်လှပါတယ်။ တစ်ခါတလေ ပစ္စည်းကလေးဘာလေးဝယ်ဖို့အပြင်ကိုထွက်မိရင်တောင် ကိစ္စပြီးတာနဲ့ အမြန်ဆုံးပြန်လာမိတယ်။

ကျွန်မတို့ ဒီအိမ်ကလေးကို ပြောင်းလာပြီးပစ္စည်းတွေနေရာချတာနဲ့ မွမ်းမံပြင်ဆင်တာဟာ ခြောက်လတိတိကြာသွားခဲ့တယ်။ ဒီလိုနဲ့တစ်ခုသောစနေနေ့တစ်နေ့ကိုဆိုက်ရောက်လာခဲ့တယ်။ သူလိုကိုယ်လိုမထူးခြားတဲ့ စနေနေ့တစ်ခုပါပဲ။ ဒါပေမဲ့ မျက်စိတစ်မှိတ်လောက်ကာလအတွင်းမှာပဲ ဘဝဟာ အပြောင်းလဲကြီးပြောင်းလဲခဲ့ရတယ်။ အဖြစ်အပျက်က တိုက်တန်းနစ်ဆန်လွန်းလှတယ်။ အားလုံးပြုံးပျော်ရွှင်ကြည်နူးနေကြတဲ့ အချိန်မှာပဲ ကျွန်မတို့ရဲ့ သင်္ဘောကြီးဟာ ရေခဲကျောက်ဆောင်ကြီးကိုဝင်တိုက်မိပါတော့တယ်။ အားလုံးပျော်ရွှင်စီးမျောနေကြတဲ့ ပါတီပွဲတော်ကြီးရုတ်တရက်အဆုံးသတ်သွားသလိုမျိုးပါပဲ။

ကျွန်မတို့ရဲ့ ကပ်ဆိုးကြီးကမီးဖိုခန်းမှာစတယ်။ ကျွန်မယောကျ်ားထမင်းစစားမလို့လုပ်နေတုန်းမှာ ရုတ်တရက်လဲပြိုကျပြီးပြောင်လက်မာကျောတဲ့ကြွေသားကြမ်းပြင်ကိုခေါင်းနဲ့ အရှိန်ပြင်းပြင်းဆောင့်မိသွားတယ်။ တကယ်တော့ လွန်ခဲ့တဲ့ သုံးလေးမိနစ်လောက်ကတင် သူကျွန်မကို ရယ်စရာတွေပြောနေခဲ့သေးတယ်။ သူ့ဘဝတစ်လျှောက်လုံးတစ်ခါမှနာဖျားမကျန်းမဖြစ်ဖူးတဲ့သူဟာ အခုလို ရုတ်တရက်ကြီးဆိုးဆိုးဝါးဝါးဖြစ်သွားရတာ နားမလည်နိုင်အောင်ပါပဲ။

ခဏချင်းအတွင်းမှာပဲ ကျွန်မတို့ရဲ့ မီးဖိုခန်းဟာဆေးရုံအရေးပေါ်အခန်းအဖြစ်အသွင်ပြောင်းသွားခဲ့တယ်။ အရေးပေါ်လူနာတင်ကားနဲ့ပါလာတဲ့ဆေးအဖွဲ့တွေက သူ့အသက်ပြန်ရှူလာအောင်နဲ့နှလုံးပြန်ခုန်လာအောင် နည်းပေါင်းစုံနဲ့အပြင်းအထန်ကြိုးစားကြတယ်။ ကျွန်မလည်းဆောက်တည်ရာမရဖြစ်ပြီး သူ့ရဲ့ အသက်အာမခံကတ်ပြားကို သွေးရူးသွေးတန်းနဲ့ရှာနေမိတယ်။ ဆယ်မိနစ်လောက်ကြာတဲ့အထိ သူ့နှလုံးကို ပြန်နှိုးဖို့ ကြိုးစားတာတွေ မအောင်မြင်တဲ့အခါ သူ့ကိုလူနာတင်ကားနဲ့ ဆေးရုံပို့ဖို့လုပ်ကြတော့တယ်။ ဆေးအဖွဲ့ခေါင်းဆောင်ကို ကျွန်မက သူ့ရဲ့ အသက်အာမခံကတ်ပြားကို ပေးတော့ မလိုပါဘူးလို့ပြောတယ်။ သူ့ကိုဆေးရုံကိုခေါ်သွားကြတယ်။ အဲဒီနောက်ပိုင်းရက်တွေအားလုံးကို ကျွန်မရဲ့မှတ်ဉာဏ်မှာဝိုးတဝါးပဲထင်မြင်မိတော့တယ်။ ဒီလိုနဲ့ သူ့ရဲ့ ဈာပနကို သိမှတ်မှုကင်းမဲ့စွာနဲ့ ကျွန်မဆောင်ရွက်ခဲ့ရတယ်။

သူဆုံးပြီးလေးဆယ့်ရှစ်နာရီအတွင်းမှာပဲ သူ့ကိုမီးသင့်သင်္ဂြိုဟ်ပြီးဖြစ်သွားသလို ကျွန်မရဲ့ အသက်ဝင်ရှင်သန်နေတဲ့ ဘဝတစ်ခုလုံးဟာလည်း မြေမြှုပ်သင်္ဂြိုဟ်ခြင်းခံလိုက်ရပါတော့တယ်။ ကျွန်မဟာ မြုပ်နေတဲ့သင်္ဘောပျက်ကြီးပေါ်မှာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ အူကြောင်ကြောင်နဲ့ပါသွားရတဲ့ ခရီးသည်တစ်ဦးနဲ့ တူလှတယ်။ နောက်တော့ မကြာသေးခင်ကမှ အလွန်ကျန်းမာကြံ့ခိုင်ခဲ့တဲ့ သူ့ရဲ့ ခန္ဓာကိုယ်ဟာ ကျွန်မဆီကို ခရမ်းရောင်အဝတ်စအုပ်ထားတဲ့ အဖြူရောင်သေတ္တာကလေးတစ်လုံးအဖြစ်ပြန်ရောက်လာခဲ့တယ်။ လီနင်သားနဲ့လုပ်ထားတဲ့ အဲဒီသေတ္တာဖြူဖြူကလေးထဲမှာ သူ့ခန္ဓာကိုယ်က ကြွင်းကျရစ်တဲ့ ပြာတွေကို ထည့်ထားခဲ့တယ်။

ဒါဟာ ရှင်တို့အနေနဲ့ တခြားကိစ္စဝိစ္စတွေနဲ့ရှုပ်ထွေးနေတုန်းမှာ ဘဝက သူ့သဘောသူဆောင်ပြသွားတဲ့ ဥပမာတစ်ခုပါပဲ။

သူ့ဈာပနပြီးတော့ ဈာပနတာဝန်ခံကျွန်မအိမ်ကိုရောက်လာပြီး ဈာပနအခမ်းအနားမှာ ပို့ခဲ့တဲ့ ဖယောင်းတိုင်ကလေးတွေကို သူ့အရိုးအိုးနဲ့ ပုံစံတူ ဘူးကလေးတစ်ဘူးနဲ့ လာပြီးပေးတယ်။ သူက ကျွန်မယောကျ်ားရဲ့ ဈာပနနဲ့ပတ်သက်ပြီး သူလုပ်လာခဲ့တဲ့သက်တမ်းတစ်လျှောက်မှာ အခုလောက်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းနဲ့ ပြီးသွားခဲ့တဲ့ ဈာပနမျိုးတစ်ခါမှ မကြုံဖူးသေးဘူးလို့ပြောတယ်။ အထူးသဖြင့် ဒီအလုပ်မှာသူ့အတွက် ဖိအားဖြစ်ရတာက ဈာပနရှင်တွေ အချင်းချင်း ရန်ဖြစ်ကြတာတို့ပဲလို့ ရှင်းပြတယ်။ ကျွန်မနဲ့ စကားပြောနေရင်းကနေ ခြံထဲကို သူမျက်လုံးဝေ့ကြည့်လိုက်တော့ ရေကန်ကလေးနဲ့ ဥယျာဉ်ကလေးကိုမြင်ပြီး သူ သဘောကျသွားတယ်လေ။ 'အိုး၊ တကယ်ကောင်းတဲ့နေရာကလေးပဲ။ ဒီကိုရောက်လာရတာစိတ်ထဲငြိမ်းချမ်းလိုက်တာ' ဆိုပြီး ကျွန်မတို့အိမ်ကလေးကို ချီးမွမ်းသွားခဲ့သေးတယ်။

အိမ်ထဲကဥယျာဉ်ကလေးထဲမှာ ကျွန်မယောကျ်ားဆင်သွားတဲ့ ခေါင်းလောင်း စင်ကလေးက အခုထက်ထိရှိနေပါသေးတယ်။ ဒီခေါင်းလောင်းသံကလေးတွေကို ကြားရတိုင်း အင်မတန်အေးချမ်းပြီးစိတ်ကောင်းနှလုံးကောင်းရှိတဲ့၊ ပျော်ပျော်နေတတ်တဲ့ ကျွန်မယောကျ်ားရဲ့ ဝိညာဉ်ဟာ ဒီအသံတွေမှာထင်ဟပ်နေတယ်လို့ ထင်မိစမြဲပါပဲ။ ဒီခေါင်းလောင်းသံကလေးတွေက ရေကန်ထဲက ကြာပန်းမွေ့ရာကြီးကို ဖြတ်သန်းပြီး ဆောင်းရာသီရဲ့ အဆုံးမရှိတဲ့ တစ်နံတစ်လျားထဲကိုဖြတ်သန်းတိုးဝင်သွားခဲ့ကြတယ်။

အခုတော့ သူ့ရဲ့ စိတ်ဝိညာဉ်ဟာ ခေါင်းလောင်းသံကလေးတွေအဖြစ်အသွင်ပြောင်းပြီး ကျွန်မဆီကိုပြန်လာနေတယ်ဆိုတာကိုကျွန်မကောင်းကောင်းယုံကြည်နေခဲ့ပါပြီ။ ဒီခေါင်းလောင်းသံကလေးတွေကို ကြားရတိုင်းလည်း လက်ရှိပစ္စုပ္ပန်တည့်တည့်မှာပဲ ဘဝကို ငြိမ်းငြိမ်းချမ်းချမ်းရှင်သန်ဖြတ်သန်းဖို့ သူကိုယ်တိုင်လာပြောနေသလိုမျိုး ကျွန်မအသိတရားဝင်ခဲ့ရပါတယ်။ အခုတော့ ကျွန်မတို့နှစ်ယောက်ကြားက ချစ်ခြင်းဟာ ပျောက်ဆုံးကွယ်ပျောက်သွားတာမျိုးမဟုတ်ဘဲ အသွင်သစ်တစ်မျိုးနဲ့ ထင်မထားတဲ့ ထောင့်တစ်နေရာရာကနေ ပြန်ပြီးပေါက်ဖွားလာနိုင်တယ်ဆိုတာကိုလည်း ကောင်းကောင်းနားလည်ခဲ့ရပြီ။ ရှင်သန်နေထိုင်နေတဲ့ ဘဝတစ်ခုဟာ ရုတ်တရက်လည်း ရပ်ဆိုင်းသွားတတ်တယ်။ လူတစ်ယောက်ကို ထာဝရဆုံးရှုံးသွားပြီးတဲ့နောက်မှာ ပြန်ရလိုက်တာကတော့သူ့ရဲ့အရိုးပြာတွေထည့်ထားတဲ့ လီနင်ဘူးဖြူဖြူကလေးပဲဖြစ်ပါတယ်။ ဒီဘူးကလေးကရုပ်ဝတ္ထုပိုင်းဆိုင်ရာအရ နေရာမယူလှပေမယ့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာအရတော့ ကျွန်မနှလုံးသားဖြန့်ကြက်ရောက်ရှိနိုင်တဲ့ စကြဝဠာနေရာအနှံ့ကို သက်ဝင်ပျံ့နှံ့နိုင်တယ်ဆိုတာကို ကျွန်မအခိုင်အမာယုံကြည်လျက်ပါပဲ။ ။

*Ref: 'White Boxes' by Jo Anne Flaming*

7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# မက်ဆေ့ချ် ဖန်တီးကြသူများ



ဖိုးမြိုင်(ကိုးခရိုင်)

"အန်တီကြိုင် ဟင်းချက်စရာယူဦးမလား" ကျုပ်အပြင်ထွက်မလို့အဝတ်လဲရင်းကြားလိုက်တဲ့အသံ။ လူမမြင်ရပေမယ့် "မြင့်မြင့်အေး" အသံဆိုတာ ကျုပ်သိတယ်။အရင်ကလည်းဒီလိုခုနစ်သံချီဟစ်ပြီး အော်နေတာကိုး။ ဒါပေမဲ့ ရောင်းကုန်တော့ မတူတော့ဘူး။ အဲဒီတုန်းကတော့ "အန်တီကြိုင် ဘာဂဏန်းထည့်ဦးမှာလဲ"ဆိုတဲ့ နှစ်လုံး၊ သုံးလုံး ရောင်းတဲ့အသံလေ။

"မမြင့်မြင့်အေး အခွေယူဦးမလား"ဒါက "ထွေးထွေးစိုး" ဒီအသံလည်းကျုပ်ကြားနေကျမို့ အသံကြားရင် လူသိပြီးသား။ ဟုတ်တယ်လေ။ သူလည်း အရင်က နှစ်လုံး၊ သုံးလုံး ကော်မရှင်စားတစ်ယောက်ပေ့ါ။ အမိန့်ရအောင်ဘာလေထီလို လူသိရှင်ကြားအော်ရောင်းနေတာလေ။ ခုတော့မြို့ထဲအခွေငှားဆိုင်ကနေ အခွေတွေယူပြီး အရပ်ထဲမှာ အိမ်တိုင်ရာရောက်လိုက်ငှားပြီး ဝင်ငွေရှာနေတာလေ။

ခုတော့ နှစ်လုံး၊ သုံးလုံးတွေကြပ်ကြပ်မတ်မတ် တားဆီးလိုက်ပြီဆိုတော့ သူတို့နှစ်ယောက်အပါအဝင် အခြားကော်မရှင်စားတွေလည်း ဥပဒေနဲ့လွတ်ကင်းတဲ့ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားကြလို့ လမ်းမှန်ပေါ်ရောက်ကုန်ကြပြီ။ ဝမ်းသာစရာသတင်းဆိုတော့ သက်ဆိုင်ရာအကြီးအကဲလည်းပီတိဖြစ်ကြမှာပေ့ါလေ။ "ကဲ ကိုရွှေတစ်လုံး၊ နှစ်လုံး၊ သုံးလုံးတို့ ဘာတတ်နိုင်သေးလဲ" လို့စိတ်ထဲကမေးရင်း ကျုပ်လည်းလက်ဖက်ရည်ဆိုင် ထွက်ခဲ့တယ်။

လက်ဖက်ရည်ဆိုင်ရောက်တာနဲ့ "ဦးလေးမြိုင် တစ်ခွက်လို့" စားပွဲထိုးလေးက အော်လိုက်တယ်။ လက်ဖက်ရည်ဖျော်တာစောင့်ရင်းကောင်တာနားက ဂျာနယ်ထည့်ထားတဲ့ခြင်းထဲက ဂျာနယ်တစ်စောင် ယူဖတ်နေလိုက်တယ်။ ဂျာနယ်ထဲမှာ သတင်းကောင်းတစ်ပုဒ်ဖတ်လိုက်ရတယ်။ ကျပ်သုံးသိန်းတန် ဂျီအက်စ်အမ်ဖုန်းတွေ ရောင်းပေးတော့မှာတဲ့။ ငါ့ခါးမှာလည်း တစ်နေ့တော့ ဖုန်းချိတ်နိုင်ကောင်းရဲ့လို့ကိုယ်ခါးကိုယ်တောင်ယောင်ပြီးစမ်းမိတယ်။ "သူ့ခေါင်းမှာလည်း သပြေညို ငါ့ခေါင်းမှာလည်း သပြေညို"ဆိုတာလိုပေ့ါဗျာ။ ကျုပ်တို့မြို့မှာ "သူ့ခါးမှာလည်း ဂျီအက်စ်အမ်၊ ငါ့ခါးမှာလည်း ဂျီအက်စ်အမ်" ဖြစ်နေတော့ ကျုပ်လည်းအားကျမိတာပေ့ါ။ ဂျီအက်စ်အမ်စိတ်ကူးယဉ်ကမ္ဘာထဲ ရောက်နေတုန်းစားပွဲထိုးလေးက လက်ဖက်ရည်ခွက်လာချတော့မှ စိတ်ကူးယဉ်အတွေးတွေ ရပ်တန့်သွားတော့တယ်။

"တီတီ. . . . . တီတီ. . . . တီတီ"

အသံလာရာကို ကြည့်လိုက်တော့ ဘေးစားပွဲကမြည်တဲ့အသံ။ သေချာကြည့်လိုက်တော့မှ ဖုန်းမြည်သံဖြစ်နေတယ်။ ကျုပ်ကတော့ ကြိတ်ပြီးပြုံးလိုက်မိတယ်။ "တို့လည်း သိပ်မကြာတော့ပါဘူး" ဆိုတဲ့ အတွေးနဲ့ပေ့ါ။

ကျုပ်ရဲ့ဘေးဝိုင်းမှာ ထိုင်နေကြတဲ့ မိသားစုက အရင်က "တစ်၊ နှစ်၊ သုံး" ဒိုင်ချုပ်တွေ။ အခုတော့ သူတို့လည်း ကော်မရှင်စားတွေလို လမ်းမှန်ပေါ် လျှောက်နေကြပြီအထင်နဲ့ ကျုပ်လည်းတော်တော် ဝမ်းသာသွားတယ်။ "ဘယ်သူလဲ"လို့ အစ်ကို ဖြစ်သူကမေးတော့ "ကေတီ. . တူးပီတဲ့"လို့ပြောရင်း အစ်ကိုဖြစ်သူကို ဖုန်းလှမ်းပေးလိုက်တယ်။ အစ်ကိုဖြစ်သူက ကြည့်ပြီး "ဝိုင်လိုက်ပေ့ါကွာ"လို့ညီဖြစ်သူကို ပြန်ပြောလိုက်တယ်။ တိုးတက်တဲ့နည်းပညာနဲ့ မြန်လိုက်တဲ့ ဆက်သွယ်ရေးစနစ်။ ကျုပ်သဘောကျတယ်ဗျာ။

ဟော အသံထပ်ကြားရပြန်ပြီ။ "အက်စ်ဒဗလျူ သရီးတီ"လို့ ညီဖြစ်သူကပြောရင်း အစ်ကိုလုပ်သူကို ဖုန်းပြလိုက်တယ်။ "ဒါဆိုရင် အင်န်လိုက်တော့"တဲ့။ ဟောခလုတ်တစ်ချက် နှိပ်လိုက်တာနဲ့ အသံမထွက်ဘဲ အလုပ်တစ်ခုပြီးသွားပြန်ပြီ။ နောက်တစ်ခါ ကြားရပြန်ပြီ"အေဂျီ . . တူးစီ"တဲ့။ အစ်ကိုလုပ်သူက ဖုန်းကိုယူကြည့်ပြီး"ဝိုင်လိုက်"တဲ့။

သူတို့ကိုကြည့်ပြီး ကျုပ်အားကျတယ်ဗျာ။ ကျုပ်လည်း ဝယ်နိုင်အောင် ကြိုးစားပြီး ဘော်ဒါတွေ၊ ဆွေမျိုးတွေနဲ့ တတီတီလုပ်ဦးမယ်လို့စဉ်းစားရင်း အိမ်ပြန်ခဲ့တယ်။အိမ်ရောက်တော့ အဝတ်အစားလဲပြီး သတင်းစာဖတ်နေလိုက်တယ်။

"ဦးကြီးမြိုင် တို့ကတော့ အငြိမ်ဇယားပဲ" လို့ အော်ပြီးနှုတ်ဆက်လိုက်တဲ့ အသံကြားလိုက်တယ်။ ကျုပ်ဝိုင်းထဲ ဝင်လာတာ "မောင်စိန်ဝင်း"ဖြစ်ရမယ်လို့အသံကြားတာနဲ့ ကျုပ်သိပြီးသား။ သူလည်း အရင်က"နှစ်လုံး၊ သုံးလုံး" ကော်မရှင်စား တစ်ယောက်ပေ့ါ။ ဘွဲ့လေးကလည်းရထားပြီးသားဆိုတော့သူ့ပညာလေးနဲ့သူထိုက်သင့်တဲ့ ရာထူးလေးနဲ့အခုတော့ စက်ရုံတစ်ခုမှာ အလုပ်ဝင်လုပ်နေပြီ။

"ထိုင်လေကွာ" လို့ "မောင်စိန်ဝင်း"ကိုပြောရင်း ကျုပ်လည်း ဖတ်လက်စ သတင်းစာကို ချလိုက်တယ်။ ကျုပ်တို့နှစ်ယောက် စကားကောင်းရင်း "တစ်လုံး၊ နှစ်လုံး၊ သုံးလုံး" အကြောင်းရောက်သွားတယ်။ ကျုပ်ကလည်းသူ့ကို ပြောလိုက်မိတယ်။

"ကဲ ခုတော့ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးတွေ အသံကြားချင်လို့တောင် မကြားရတော့ဘူး မဟုတ်လား"

သူက ကျုပ်ကိုဘာပြန်ပြောတယ်မှတ်လဲ။ ဦးကြီးမြိုင်ကတော့ ရိုးလွန်းတယ်ဗျာ" တဲ့။ ပြီးတော့ သူက ဆက်ပြောသေးတယ်။ "ဝမ်းတူးသရီးလိုင်းမှာ ကော်မရှင်စားရယ်၊ ကုပ်စီးရယ်၊ ဒိုင်ချုပ်ရယ်ဆိုပြီး လူတန်းစားသုံးရပ်ရှိ တယ်ဗျ။ ကုပ်စီးဆိုတာကော်မရှင်စားတွေရောင်းထားတဲ့စာအုပ်တွေကို စုပြီး စာရင်းလုပ်တယ်။ ပြီး တော့ ဒိုင်ချုပ်ကိုအပ်တယ်။ အခု တော့ ဒိုင်ချုပ်တွေက ကော်မရှင်စားတွေကိုဖြုတ်ပြီးတော့ဒီအလုပ်တွေကိုနားလိုက်ပြီလို့ အသံကောင်းဟစ်လိုက်တယ်။ ဒါပေမဲ့ ဦးလေးမြိုင်ရာလောင်းကစားဒိုင်ချုပ်တွေက ဥပဒေနဲ့ လွတ်ကင်းတဲ့ ကျန်တဲ့ အလုပ်တွေလည်း မလုပ်တတ်တော့ဘူးလေ"

ကျုပ်လည်း မောင်စိန်ဝင်းပြောတဲ့စကားတွေကို တော်တော်လေး စိတ်ဝင်စားသွားတယ်။ "ငါတို့ရပ်ကွက်ထဲက မြင့်မြင့်အေးတို့၊ ထွေးထွေးစိုးတို့ပြောတော့ အရင်အလုပ်တွေ သူတို့မလုပ်တော့ဘူးပြောတာပဲ။ မင်းပြောသလိုဆိုရင် ဒိုင်ချုပ်တွေက အခုဘာလုပ်နေကြလဲ""အဲဒါကြောင့် ဦးလေးမြိုင်က ရိုးလွန်းတယ်ပြောတာပေ့ါ"လို့ မောင်စိန်ဝင်းက ကျုပ်ကိုအပြစ်တင်စကား ဆိုလိုက်ပါတယ်။ "မင်းပြောလည်း ခံရတော့မှာပဲ။ ငါကတော့ နားမလည်ဘူး။ ပြောစမ်းပါဦးဟ"

"ဒီလို ဦးလေးမြိုင်ရ။ အရင်တုန်းကလိုကော်မရှင်စားတွေတော့ မထားတော့ဘူး။အရင်ကကုပ်စီးလုပ်တဲ့သူတွေကို ဒိုင်ချုပ်တွေက ဟမ်းဖုန်းတွေ တစ်ယောက်တစ်လုံး ထုတ်ပေးထားလိုက်တယ်။ ဖုန်းနဲ့ပဲ အလုပ်လုပ်တော့တာ" အဲဒီအချိန်ထိ ကျုပ်နားမလည်သေးဘူး။ "ဖုန်းနဲ့ဘယ်လိုများ လုပ်တုန်းဟ ပြောစမ်းပါဦး" လို့ မောင်စိန်ဝင်းကိုထပ်မေးလိုက်တယ်။

"ခုခေတ်သုံးနေတဲ့ဟမ်းဖုန်းတွေကကိုယ်ပြောချင်တဲ့အကြောင်းကို စာရိုက်ပြီးတော့ တခြားဖုန်းကိုပို့လို့ရတယ်။ အဲဒီလို ပို့မယ်ဆိုရင် ကိုယ်ပြောချင်တာကို ပါးစပ်နဲ့ပြောစရာ မလိုတော့ဘူး။ ပါးစပ်နဲ့ပြောရင် လူကြားမှာ၊ လူသိမှာကြောက်ရသေးတယ်။ အဲဒါကို ဖုန်းနဲ့မက်ဆေ့ချ်ပို့တယ်လို့ ခေါ်တယ်။ အခုဒိုင်ချုပ်တွေက မက်ဆေ့ချ်ပို့တဲ့နည်းကိုသုံးနေတာ။ မက်ဆေ့ချ်ပို့ရင်လည်း သာမန်လူတွေနားမလည်တဲ့ အသုံးအနှုန်းတွေ၊ အခေါ်အဝေါ်တွေနဲ့ ပို့ကြတာ။ တကယ်လို့အကြောင်း မညီညွတ်လို့ ပြဿနာတစ်စုံတစ်ရာတက်ခဲ့မယ်ဆိုလည်း အဲဒီအသုံးအနှုန်းတွေက ဝမ်းတူးသရီးနဲ့မဆိုင်ပါဘူးဆိုပြီး တခြားအကြောင်းပြချက်တွေနဲ့ ငြင်းစရာတွေ အများကြီးရှိတယ်လို့ ပြောတယ်"မောင်စိန်ဝင်းပြောတာတွေဟာ ကျုပ်အတွက်တော့ မကုန်ဆုံးနိုင်တဲ့ သင်ခန်းစာတွေပါပဲ။

မက်ဆေ့ချ်ပို့ရင် သုံးတဲ့ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေကိုလည်းရှင်းပြပါသေးတယ်။ "အမ်အမ်ဆိုတာ မောင်မောင်ရဲ့ နာမည်အတိုကောက်လေ။ သိန်းဂဏန်းကို ပုံးလို့သုံးတယ်။ တစ်သိန်းဆိုရင် တစ်ပုံးပေ့ါ။ သင်္ကေတနဲ့ဆိုရင် ဝမ်းပီတဲ့။ သောင်းဂဏန်းကို ပုလင်းလို့သုံးတယ်။ နှစ်သောင်းဆိုရင် နှစ်ပုလင်း။ သင်္ကေတက တူးဘီတဲ့။ သုံးထောင်ဆိုရင် သရီးကပ်၊ သရီးစီလို့သုံးတယ်။ ရတယ်ဆိုရင် ဝိုင်။ ဝိုင်ဆိုတာ ရက်စ်ရဲ့ သင်္ကေတပဲ။ မရဘူးဆိုရင် နိုးရဲ့ သင်္ကေတ အင်န်လို့သုံးတယ်" အဲဒီတော့မှ ကျုပ်လည်း ရှင်းသွားတော့တယ်။

"အဲဒါကြောင့် ဦးကြီးမြိုင် တစ်လုံး၊ နှစ်လုံး၊ သုံးလုံး အသံဘယ်ကြားရတော့မလဲ။ ဖုန်းတွေသုံးပြီး ပို့နေတဲ့ မက်ဆေ့ချ်ဗျ။ မက်ဆေ့ချ်။ အသံမကြားရတော့ဘူး"လို့ပြောပြီး မောင်စိန်ဝင်းလည်း ပြန်သွားလေရဲ့။ ခုမှသဘောပေါက်တော့တယ်။ လက်ဖက်ရည်ဆိုင်မှာတုန်းက ကြားခဲ့ရတာတွေက ကောင်းရောင်းကောင်းဝယ်မှ မဟုတ်ကြတာ။ မောင်စိန်ဝင်းပြောသွားတဲ့ မက်ဆေ့ချ်တွေကိုး။

ဂျာနယ်တွေထဲမှာ ဖတ်ရသလိုဟမ်းဖုန်းတွေကို ဈေးပေါပေါနဲ့ လူတိုင်းနီးပါးကိုင်နိုင်လာရင် လမ်းမှန်ပေါ်ရောက်နေတဲ့ကော်မရှင်စားတွေလည်းမက်ဆေ့ချ်ဖန်တီးကြတဲ့ လူတန်းစားတွေ ပြန်ဖြစ်ကုန်ရင် ဘယ်လိုလုပ်ကြမလဲ။ မက်ဆေ့ချ် ဖန်တီးကြသူတွေတစ်စတစ်စများလာမှာကိုရင်လေးမိပါရဲ့။ ။

## JOKE

### သစ္စာတိုင်ခြင်း

ဘုရားကျောင်းတွင် လက်ထပ်မည့်စုံတွဲတစ်တွဲ အစမ်းလေ့ကျင့်လျက်ရှိရာ သတို့သားက ဘုန်းတော်ကြီးနားကပ်၍ ယခုလိုကမ်းလှမ်းသည်။

"လူကြီးမင်းအတွက် ဒီမှာဒေါ်လာတစ်ရာပါ။ ထိမ်းမြားခြင်းမင်္ဂလာပြုလို့သစ္စာတိုင်ရမယ့်အချိန်မှာ 'သူမအပေါ် တစ်သက်လုံး သစ္စာရှိပါမည်' ဆိုတဲ့စာသားကို ချန်ပေးပါ" ဟုပြောပါ၏။

ထိမ်းမြားမင်္ဂလာပြုသောနေ့တွင် ဘုန်းတော်ကြီးက သတို့သားနှင့် သတို့သမီးတို့အား သစ္စာတိုင်ပေးရာ၌ သတို့သားအလှည့်တွင် ဘုန်းတော်ကြီးက . . .

"သူမ ခိုင်းသမျှကိုလုပ်ပေးပါမည်။ နံနက်စာကို သူမထံနေ့စဉ်အိပ်ရာထဲသို့ ယူလာပေးပါမည်။ နှစ်ဦးစလုံး အသက်ရှင်နေသရွေ့ မိမိမိန်းမမှလွဲ၍ အခြားမိန်းကလေးတစ်ဦးကို ကြည့်ပင်မကြည့်ရန် သစ္စာဆိုပါသည်" ဟု တိုင်ပေးလိုက်ရာ သတို့သားက ဘုန်းတော်ကြီးနားကပ်၍ . . .

"ကျွန်တော်တို့ နားလည်မှုရထားတယ်လို့ထင်တာ"ဟုပြောရာဘုန်းတော်ကြီးက ဒေါ်လာတစ်ရာတန်ကို အမျိုးသားလက်ထဲပြန်ပေးရင်း . . .

"မင်းမိန်းမရဲ့ကမ်းလှမ်းမှုက ပိုကောင်းတယ်ကွ"ဟုဆိုလိုက်ပါသည်။

### အလုပ်တစ်ဝက်

လူတစ်ဦးကွန်ပျူတာဆိုင်ထဲသို့ဝင်သွားရာ အရောင်းစာရေးက ကွန်ပျူတာအကြောင်းရှင်းပြရင်း "ဒီကွန်ပျူတာလေးက ခင်ဗျားရဲ့ အလုပ်တစ်ဝက်ကိုလုပ်ပေးပါလိမ့်မယ်"ဟုပြောလိုက်သည်။

ဤတွင် ကွန်ပျူတာဝယ်မည့်သူက "ကောင်းပြီ။ ဒါဆိုရင် ကျုပ် ဘာမှလုပ်စရာမလိုအောင် အဲဒါမျိုးနှစ်လုံးပေးဗျာ"ဟုဆိုပါတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ** - စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,ဝဝဝ။ **ရောင်းဈေး-** ၄၅ဝကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁ဝ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

7DAY NEWS JOURNAL
# Business
Vol.10, No.28 • SEPTEMBER 29, 2011

## ပြည်ပတင်ပို့ခွင့်ပေးမည်ဟူသောသတင်းကြောင့် ကြက်သွန်နီဈေး ဆက်တိုက်မြင့်တက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

ကြက်သွန်နီဈေးကွက်တွင်ပြည်ပတင်ပို့ခွင့်လိုင်စင်ချထား မပေးသည့်တိုင် ပြည်ပတင်ပို့ခွင့်ပေးမည်ဟူသော သတင်းကြောင့် ကြက်သွန်နီဈေးတောက်လျှောက်မြင့်တက်နေကြောင်း ကြက်သွန်ဈေးကွက်မှ မေးမြန်းသိရှိရသည်။

ပြီးခဲ့သည့်လကုန်ပိုင်းမှစ၍ ပြည်ပတင်ပို့ခွင့်လျှောက်ထားသည်ဟူသော သတင်းကြောင့် ဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာရာ ပိဿာချိန် ၃၀ ဝင်တစ်အိတ်လျှင် ၄၅၀၀ ကျပ် ဝန်းကျင်ထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ကြက်သွန်နီ လက်ကားဈေးကွက်၌ ပြီးခဲ့သည့်လကုန်ပိုင်း၌ တစ်ပိဿာလျှင် ၄၅၀ ကျပ်၊ ၅၇၀ ကျပ်၊ ၆၃၀ ကျပ်၊ ၇၃၅ ကျပ် အသီးသီးရှိနေခဲ့ရာမှ တစ်ပိဿာ ၅၆၀ ကျပ်၊ ၆၈၅ကျပ်၊ ၇၆၀ ကျပ်၊ ၈၆၀ ကျပ်ထိ မြင့်တက်လာခဲ့သည်။

ကြက်သွန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ပြည်ပတင်ပို့ခွင့်ရရန် ပထမအဆင့်အနေဖြင့်ကုမ္ပဏီတစ်ခုတည်းမှ တန်ချိန် ၆၀ တင်ပို့ရန် လျှောက်ထားမှုပြုထားကြောင်း အသင်းဝင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။



လတ်တလောတွင် ကြက်သွန်နီအသစ်များ စတင်ပေါ်နေပြီဖြစ်သည့်အပြင် ဘုရင့်နောင်ဈေးကွက်သို့ကြက်သွန်ဝင်ရောက်မှု ပုံမှန်ရှိနေသော်လည်း ကြက်သွန်နီဈေးနှုန်းများက မြင့်တက်နေသည်။

ယခုရက်ပိုင်းတွင် ဘုရင့်နောင်ဈေးကွက်သို့ ကြက်သွန်ကားအစီးရေ ၂၅ မှ ၃၀ စီးဝန်းကျင်နေ့စဉ်ဝင်ရောက်နေ၍ တန်ချိန် ၂၀,၀၀၀ နီးပါးနေ့စဉ်ဝင်ရောက်မှုရှိနေကြောင်းသိရသည်။

"လောလောဆယ်ဈေးတက်နေတာကနယ်တွေကနေတစ်ဆင့်နယ်စပ်သွားတာများနေတာကြောင့်ပါတယ်။ ဈေးက မနှစ်ကဈေးအထိ မဖြစ်နိုင်ဘူး။ လက်ကျန်များနေသေးတယ်" ဟုကြက်သွန်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးကပြောသည်။

ပြီးခဲ့သည့်နှစ်တွင် ကြက်သွန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁,၀၀၀ ကျပ်စွန်းစွန်းထိ ဈေးရှိသည်။ ယခုနှစ်တွင် ကြက်သွန်လက်ကျန်ပိဿာချိန်သိန်း ၅၀၀ ဝန်းကျင်ထိရှိနေသေးကြောင်း ၎င်းကပြောသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်းများ အတက်အကျမြန်



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

ပြည်ပမှ နိုင်ငံခြားငွေများ ပြည်တွင်းဈေးကွက်သို့ဝင်ရောက်လာခြင်းကြောင့်နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်လာရာမှ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်ဟု ငွေဈေးကွက်အတွင်းအရောင်းအဝယ်ပြုလုပ်သူများကပြောသည်။

"ငွေဈေးက အပြင်က ငွေတွေအဝင်များလာတာကြောင့် ဈေးက ပြန်ကျလာတာ။ ပစ္စည်းပေါလာလို့ ဈေးကျတဲ့သဘောပဲ။ အရင်ဈေးထိ မရောက်ရင်တော့ ဈေးပြန်တက်နိုင်ပါသေးတယ်" ဟုငွေဈေးကွက်တွင်အရောင်းအဝယ်လုပ်နေသူတစ်ဦးကပြောသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းများသည် ကားအဟောင်းများဖျက်ဆီးကာ ကားတင်သွင်းခွင့်လိုင်စင်ချပေးမည်ဟူသော သတင်းထွက်ပေါ်ချိန်မှစ၍ တဖြည်းဖြည်းမြင့်လာရာ စက်တင်ဘာ ၁၉ တွင်အမေရိကန် ၁ ယူနစ်လျှင် ၉၀၀ ကျပ်အထိ မြင့်တက်သွားခဲ့သည်။

သို့သော် ယင်းနေ့ညနေ၌ပင် ငွေဈေးကွက်တွင်းသို့ အဝေး(ပြင်ပ) မှ စီနီယာနံပါတ်အလိုက်အုပ်လိုက်ဝင်ရောက်လာသောငွေများကြောင့် ငွေဈေးပြန်လည်ကျဆင်းလာရာ စက်တင်ဘာ ၂၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁ ယူနစ်လျှင် ၈၂၀ ကျပ်အထိ ဈေးနှုန်းများ ကျဆင်းသွားခဲ့သည်။

ယင်းအချိန်၌ ကမ္ဘာ့ရွှေဈေး တက်ရိပ်ပြလာခဲ့သောကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ ပြန်လည်မြင့်တက်လာခဲ့ရာ စက်တင်ဘာလ ၂၂ ရက်တွင် အမေရိကန်ဒေါ်လာ တစ်ယူနစ်လျှင် ၈၃၅ ကျပ်၊ အက်ဖ်အီးစီးတစ်ယူနစ်လျှင် ၈၀၅ ကျပ်နှင့် ပို့ကုန်ရငွေတန်ဖိုးမှာ တစ်ယူနစ်လျှင် ၈၄၅ ကျပ်ထိ ပြန်လည်မြင့်တက်လာခဲ့သည်။

"အပြင်ငွေဝင်လာတာက အပြင်မှာ တစ်ယူနစ် ၈၁၀ ကျပ်လောက်ပဲရှိနေတဲ့အချိန်မှာ ပြည်တွင်းဈေးက တက်နေတော့ ဝင်လာတဲ့သဘောပဲ။ ဈေးကပြန်တက်မှာပါ။ အရင်ဈေးလောက်ထိတက်မတက် မသေချာဘူး" ဟုငွေဈေးကွက်ရောင်းဝယ်သူတစ်ဦးက ပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၃၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၀၅ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၂၅ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၆. ၀၅ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၁၉ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၄၀ | ကျပ် |

၂၀၁၁ စက်တင်ဘာ ၂၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် စက်တင်ဘာ ၂၃ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၆၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၀၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၅၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၈၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၉. ၃၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၇၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၆၄. ၉၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၆၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၉၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၅၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၅၂ | ဒေါင် | (ဖိဆို) |
| ၁ ဒေါ်လာ | ၁. ၀၂၂၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၈၉၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၇၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၁၀၁၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၃၉. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၀၃. ၉၇၀ |
| ငွေ | ၁ အောင်စ | ၃၀. ၁၀၁ |
| ကြေးနီ | ပေါင် | ၃၂၈. ၀၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၇၀၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ စက်တင်ဘာ ၂၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ဝယ်လိုအားနည်းနေသောကြောင့် ငွေလဲနှုန်းတက်သော်လည်း ကျောက်မျက်ဈေးကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

နိုင်ငံခြားငွေလဲလှယ်နှုန်းများမြင့်တက်လာသော်လည်း ဝယ်လိုအားနည်းနေသော ကျောက်မျက်ရတနာဈေးကွက်သည် အနိမ့်ဈေးဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေရကြောင်း ကျောက်မျက်ကုန်သည်များက ပြောသည်။

စာ(၃၄)သို့



7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

## ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသော ငါးပုစွန် မွေးမြူသူများကို ဘဏ်များက တစ်နှစ်ခန့် အတိုးငွေလျှော့ချပေးရန် စီစဉ်

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ - ၂၀**

ယခုနှစ်မိုးရာသီ တစ်လျှောက်လုံး ရေကြီးရေလျှံမှုများကြောင့် ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသော ငါးပုစွန်မွေးမြူသူများကို ဘဏ်များက အတိုးငွေ တစ်နှစ်ခန့်လျှော့ပေးရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများကပြောသည်။

"ရေလွှမ်းမိုးခံရတဲ့ ငါးကန်ပိုင်ရှင်တွေကို အချက်အလက်သေချာကောက်ပြီး အဲဒီလူတွေထဲကဘဏ်ကချေးထားတဲ့လူဖြစ်ရင် တစ်နှစ်တန်သည်ဖြစ်စေ အတိုးရပ်ဆိုင်းပေးဖို့ စီစဉ်နေတယ်" ဟုၿင်းကပြောသည်။

ထိုအခါ ဘဏ်ချေးငွေများမှ အတိုးငွေပေးဆပ်စရာ မလိုသည့်အပြင်အဆိုပါ အတိုးငွေမှ တိုးရင်းပေါင်းငွေလည်း မပေးရဘဲ သက်သာရာရနိုင်မည်ဖြစ်ကြောင်းၿင်းကပြောသည်။

အလားတူ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ် အပြင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းပိုင်ဘဏ်မှ ငါးမွေးမြူရေးချေးငွေချေးထားသူများမှာလည်း တစ်နှစ်တိတိအတိုးလျှော့ပေးရဖွယ်ရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

"တခြားဘဏ်တွေကပါ ဒီလိုလုပ်ပေးရင် ကျွန်တော်တို့တွေကို ပြန်စောင့်ရှောက်ပေးတဲ့သဘောဖြစ်မှာပါ" ဟုၿင်းကပြောသည်။

ယခုနှစ်မိုးဦး၊ မိုးလယ်၊ မိုးနှောင်းတစ်လျှောက်လုံး မိုးကောင်းခဲ့သောကြောင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိငါးနှင့် ပုစွန်မွေးကန်ဧကပေါင်း ၃၀၀၀ ကျော် ရေလွှမ်းမိုးမှုကြောင့် ကျပ်သိန်းပေါင်း ၃၀,၀၀၀ နီးပါးဆုံးရှုံးခဲ့ရကြောင်း သတင်းရရှိသည်။




## ရွှေဈေးအတက်ကြမ်းကာ စံချိန်ထပ်ချိုး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ- ၂၁**

နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်ကြမ်းခဲ့ခြင်းကြောင့် ပြည်တွင်းရွှေဈေးများလည်း အတက်ကြမ်းကာ စံချိန်တင်ဈေးနှုန်းတစ်ခုကို ထပ်ချိုးလိုက်ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ပြည်တွင်းရွှေဈေးသည် ယခင်က ကမ္ဘာ့ရွှေဈေးအတက်အကျပေါ် မူတည်၍ ဈေးနှုန်းပြောင်းလဲမှုရှိသည်ဟု ဆိုသော်လည်း လတ်တလောတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပေါ် မူတည်၍သာ ဈေးနှုန်းသတ်မှတ်နေရကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ထို့ကြောင့် ယခုရက်ပိုင်းတွင် ပြည်တွင်းရွှေဈေးနှုန်းသည်ကမ္ဘာ့ရွှေဈေးနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ ကမ္ဘာ့ရွှေဈေးကျချိန်၌ ပြည်တွင်းရွှေဈေးတက်ပြီး ကမ္ဘာ့ရွှေဈေးမြင့်ချိန်၌ ပြည်တွင်းရွှေဈေးများ ကျဆင်းနေသည်။

စက်တင်ဘာ ၂၀ ရက်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် အမေရိကန်ဒေါ်လာတစ်ယူနစ်လျှင် ၉၀၀ ကျပ်ထိ မြင့်တက်ခဲ့၍ ပြည်တွင်းရွှေဈေးနှုန်းသည် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၇၆,၈၀၀ ကျပ်ဖြင့် စံချိန်ချိုးခဲ့ခြင်းဖြစ်သည်။ ယင်းအချိန် ၌ ကမ္ဘာ့ရွှေဈေးသည်တစ်အောင်စလျှင်၁,၇၇၀ ဒေါ်လာစွန်းစွန်းတွင် ရှိနေသည်။

ယနေ့ စက်တင်ဘာ ၂၁ ရက်တွင် ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် ၁၈၂၀ ဒေါ်လာရောက်ချိန်တွင် နိုင်ငံခြားငွေလဲနှုန်းတစ်ယူနစ်လျှင် ၈၂၀ ကျပ်သို့ပြန်လည် ကျဆင်းလာခဲ့၍ ပြည်တွင်းရွှေဈေးနှုန်းသည် တစ်ကျပ်သားလျှင် ၇၇၀,၀၀၀ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။

"ဒီရက်မှာရွှေဈေးက ဒေါ်လာဈေးကြောင့် တက်နေတာ။ ဒေါ်လာဈေးတက်ရင် လိုက်တက်မယ်။ ကျရင်လိုက်ကျတယ်။ ကမ္ဘာ့ရွှေပေါက်ဈေးနဲ့က လုံးဝဆန့်ကျင်ဘက်ပဲ။ အတက်အကျမတူဘူး" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်ခြင်းသည် ကားဟောင်းများကို ဖျက်ဆီးကာ ကားသစ်တင်သွင်းခွင့်လိုင်စင် ထုတ်ပေးချိန်၌ ကားတင်သွင်းသူများ နိုင်ငံခြားငွေလိုအပ်ချက်ရှိလာနိုင်၍ ဝယ်ယူမည့်အပေါ်တွင် ငွေဈေးကွက်ကစားသူအချို့ ဝင်ရောက်လုပ်ကိုင်ခြင်းကြောင့် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း ရွှေဈေးများလည်း လိုက်တက်ခဲ့သည်။

"ရွှေဈေးတက်ပေမယ့် ၇၇၀,၀၀၀ကျပ်လောက်ထိဝယ်တဲ့သူရှိနေသေးတယ်။တခြား ရက်တွေထက်တောင်ရောင်းအားတက် တယ်ပြောလို့ရတယ်။ လူတွေက ငွေဈေးဘယ်လောက်တက်မယ် မခန့်မှန်းနိုင်တော့ ရွှေဈေးဆက်တက်ဦးမယ်အထင်နဲ့ ဝယ်ကြတယ်ထင်တယ်။ ရောင်းအားတက်တယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

## စာ(၃၃) - ဝယ်လိုအားနည်းနေသောကြောင့် ငွေလဲနှုန်းတက်သော်လည်း ကျောက်မျက်ဈေးကျ မှ

ကျောက်မျက်ဈေးကွက်ဝယ်လိုအားနည်းနေခြင်းမှာ တရုတ်နိုင်ငံဘက်မှ အဝယ်ရပ်ထားသည့်အချိန်တွင်ပြည်တွင်း၌ မိုးရွာသွန်းခဲ့ခြင်းကြောင့် ဗိုလ်ချုပ်အောင်ဆန်းဈေးအတွင်း ဈေးကွက် အရောင်းအဝယ်နည်းနေခြင်းတို့ကြောင့်လည်းဖြစ်သည်ဟုကျောက်မျက်ကုန်သည်များက ပြောသည်။ ထို့ကြောင့် လတ်တလောတွင် ကျောက်ကုန်သည် အများစုသည် ရွှေဘုံသာလမ်းဈေးကွက်တစ်ခုတည်းကသာ အားထားရာဖြစ်နေကြောင်း သိရသည်။

"ငွေဈေးတက်လို့ အဝယ်တော့လိုက်လာတာ။ ဈေးကတော့ မတက်ဘူး။ ဈေးကွက်မကောင်းလို့ပုံမှန်ဈေးတက်တော့ အရောင်းအဝယ်ဈေးက အေးတယ်" ဟု ကျောက်စိမ်းအရောင်းအဝယ်ပြုလုပ်သော ကျောက်ကုန်သည်တစ်ဦးက ပြောသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်လာခြင်းကြောင့်ကျောက်အရောင်းအဝယ်ဈေးကွက်ဝယ်လိုအားသည် ယခုရက်ပိုင်း၌ ၂၀ ရာခိုင်နှုန်းဝန်းကျင်ထိ ဈေးနှုန်းများမြင့်တက်လာကြောင်း သိရသည်။


"အဝယ်လိုက်တာက ငွေဈေးတက်ရင် အရင်က ငွေဈေးနဲ့ သိန်း ၅၀ တန်တဲ့ကျောက်က ဈေးတူရင် သိန်း ၆၀-၇၀ ရောက်လာတော့ အဝယ်လိုက်တဲ့သဘောပဲ" ဟု ကျောက်မျက်ကုန်သည်တစ်ဦးက ပြောသည်။

ကျောက်မျက်ဈေးကွက်မှာ လတ်တလော အရောင်းအဝယ်နှင့်ဈေးအေးနေသော်လည်း ပွင့်လင်းရာသီရောက်ပါက ပိုကောင်းလာနိုင်ကြောင်း ကျောက်မျက်ကုန်သည်များက ပြောသည်။

ငွေဈေးမြင့်လာခြင်းကြောင့် ဈေးကွက်အရောင်းအဝယ်တက်လာသည်ဟုဆိုသော်လည်း ယခင်အရောင်းအဝယ်ကိုမမီသေးသကဲ့သို့ ဈေးနှုန်းမှာလည်း ယခင်ကျပ်သိန်း ၅၀ တန်သော ကျောက်ကို ကျပ် ၄၅ သိန်းဝန်းကျင်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြရကြောင်းကျောက်ကုန်သည်များက ပြောသည်။

# 7DAY BOOK REVIEW

“မြန်မာကို ကမ္ဘာကသိရမည်ဟူသော စာအုပ်စာတမ်းကြွေးကြော် သံဆူညံလျက်ရှိသော မြန်မာနိုင်ငံတွင် စာအုပ်စာတမ်းအမျိုးမျိုး ရေးသားထုတ်ဝေလျက်ရှိကြရာ အများအားဖြင့် ထိုစာအုပ်များသည် နိုင်ငံခြားများမှ အဖြစ်အပျက်၊ အခြေအနေ၊ အုပ်ချုပ်ပုံ၊ နည်းမျိုးစုံတို့ကို သူတစ်မျိုး၊ ငါတစ်ဖုံဖော်ပြရေးသားကြသော စာအုပ်များဖြစ်သောကြောင့် မြန်မာကို ကမ္ဘာကသိရန်မဟုတ်သေးဘဲ ကမ္ဘာကိုမြန်မာကသိရန်ရေးသားသော စာအုပ်များဖြစ်လေသည်” ဟူ၍ လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က ရေးသားခဲ့သည့် သတင်းစာဆရာကြီးတိုးတက်ရေး ဦးထွန်းသန်းအဆိုက ယနေ့တိုင်




## မြန်မာပြည် နိုင်ငံရေး ရှင်းတမ်း
## (တိုးတက်ရေး ဦးထွန်းသန်း)

မရိုးနိုင်သေးသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထိုအဆိုကို တိုးတက်ရေးဦးထွန်းသန်းက မြန်မာပြည်နိုင်ငံရေးရှင်းတမ်း စာအုပ်၌ ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်သည် ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီက တစ်ကြိမ်နှင့် ၁၉၇၄ ခုနှစ်က တစ်ကြိမ် ထွက်ရှိခဲ့ပြီးနောက် နှစ်ပေါင်း ၃၀ ကျော်ကြာပြီးသည့်အခါ ရှားပါးစာအုပ် ဖြစ်နေပါသည်။ ယခုအခါထိုရှားပါးစာအုပ်ကိုတတိယအကြိမ်ထပ်မံထုတ်ဝေခြင်းဖြင့် ဖတ်ရှုနိုင်ပြီဖြစ်ပါသည်။

တိုးတက်ရေးဦးထွန်းသန်းသည် သတင်းစာဆရာကြီး ဦးစိန်(ဦးပဂျိုငို)ထုတ်ဝေသော တိုးတက်ရေးသတင်းစာ၊ ဂျာနယ်များ၏ အယ်ဒီတာ၊ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဦးထွန်းသန်းသည်သတင်းစာလောကတွင် ခိုင်လုံမှန်ကန်သောအချက်အလက်များ စုစည်းထားနိုင်ခြင်း၊ တိကျပြတ်သားသော ကိန်းဂဏန်းများကို ရှာဖွေတင်ပြရာ၌ အထောက်အထားခိုင်လုံစွာ တင်ပြနိုင်ခြင်းကြောင့်လူအများ၏ လေးစားမှုကို ခံယူရသူဖြစ်သည်။ ထို့ပြင် တိုးတက်ရေးသတင်းစာအယ်ဒီတာပီပီတိုးတက်သောအမြင်တိုးတက်ရေး အရေးတို့ဖြင့် ရေးလေ့ရှိရာ ၎င်း၏စာများမှာ တိကျခိုင်မာစွာဖော်ပြနိုင်မှုနှင့် ဝံသာနုစိတ်ဖြင့် ရေးသားထားခြင်းကြောင့်အလေးအနက်ဖတ်ရှုရသော စာများဖြစ်ခဲ့သည်။

‘မြန်မာပြည်ရှင်းတမ်း’ စာအုပ်တွင် သီပေါမင်း ပါတော်မူပြီးသည်မှစ၍ အင်္ဂလိပ်အုပ်ချုပ်ခြင်း၊ ပထမကမ္ဘာစစ်ကြီး၊ အိန္ဒိယပြည်သို့ ကိုယ်စားလှယ်လွှတ်ခြင်း၊ ၂၁ ဦးနှင့် လှိုင်-ပု-ကျော်၊ အိုင်အာခီ၊ ဝံသာနုများ ကွဲပြန်ခြင်း၊ ဆိုင်မွန်ကော်မရှင်၊ ခွဲရေးတွဲရေးရွေးကောက်ပွဲ၊ ၉၁ ဌာနအုပ်ချုပ်ရေး၊ အနာဂတ်အရေး စသည့် ခေါင်းစဉ်ငယ်များဖြင့် မြန်မာပြည်သမိုင်းကြောင်းကို ကိန်းဂဏန်းအချက်အလက်များဖြင့် ရှင်းလင်းပြတ်သားစွာ ရေးသားထားသည်။ တိုးတက်ရေးဦးသိမ်းက “ဆရာကြီးသည် ပဒေသရာဇ်ဆန့်ကျင်ရေးကို ဖော်ထုတ်၏။ နယ်ချဲ့အရင်းရှင်ဆန့်ကျင်ရေးကို ညွှန်ပြ၏။ ဗျူရိုကရက်နှိမ်နင်းရေးကို လှုံ့ဆော်၏။ တိုင်းရင်းသား စည်းလုံးရေးကို လမ်းညွှန်၏။ မျိုးချစ်စိတ်ရှိရေး၊ နိုင်ငံရေးအမြင်ကျယ်ရေးများကိုလည်း နှိုးဆွတိုက်တွန်း၏။ ခေတ်အဆက်ဆက်ရှိရင်းစွဲအခြေအနေကို တွယ်ကပ်ဆုပ်ကိုင်ထားလိုကြသော အင်အားစုက တစ်ဖက်၊ ရှေ့သို့တစ်ဆင့်တိုးတက်လိုကြသောအင်အားစုက တစ်ဖက် အားပြိုင်ခဲ့ရာတွင်ရှေ့သို့တစ်ဆင့်တိုးလိုကြသော အင်အားစုများဘက်ကသာလျှင် အနိုင်ရစမြဲဖြစ်သည်ကိုလည်းတစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာတင်ပြထားလေသည်” ဟုမိတ်ဆက်အမှာ၌ရေးသားထားပါသည်။

ပဥ္စဂံစာအုပ်တိုက်မှ တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### လော့ချ်နက်စ်သတ္တဝါကြီးအကြောင်း သိသလား

လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များကို စိတ်ဝင်စားသူများအနေဖြင့် စကော့တလန်နိုင်ငံရှိ လော့ချ်နက်စ်ရေအိုင်ထဲမှ ထူးဆန်းသောသတ္တဝါကြီးနက်ဆီကို လေ့လာချင်သည့် စိတ်ကူးရှိလျှင် လက်လျှော့ရမည်ဖြစ်သည်။ လော့ချ်နက်စ်သတ္တဝါကြီးရှိသည်ဟူ၍ ဟိုးလေးတကျော်ထွက်ပေါ်လာခဲ့သည့် ၁၉၃၄ ခုနှစ်က အဖြူအမည်းဓာတ်ပုံသည် အတုအယောင်သာဖြစ်သည်ဟုဆိုသည်။

အဆိုပါဓာတ်ပုံကိုရိုက်ကူးခဲ့သည့် ခရစ္စစပါလင်းသည် သေအံ့မူးမူးဖြစ်နေချိန် ၁၉၉၅ ခုနှစ်က သတ္တဝါကြီးနက်ဆီ၏ ဓာတ်ပုံမှာ လုပ်ကြံပြုလုပ်ထားသည့်အတုအယောင်ဖြစ်ကြောင်း ဝန်ခံသွားခဲ့သည်။ လန်ဒန် Daily Mail သတင်းစာက အဆိုပါဓာတ်ပုံနှင့်ပတ်သက်ပြီး ရုပ်ရှင်ဖန်တီးရှင်၊ ဓာတ်ပုံဆရာမာမဂျူဝက်သာရဲလ်ကိုငှားရမ်းကာ လေ့လာမှုပြုလုပ်စေခဲ့ပြီး အမှန်တကယ်ရှိသည်ဟု လူအများယုံကြည်လက်ခံနေမှုကို အဆုံးသတ်ပေးနိုင်ခဲ့သည်။ နက်ဆီအမည်ရှိသတ္တဝါကြီးမှာ တကယ်တမ်းတွင်ကစားစရာရေငုပ်သင်္ဘောကို ပင်လယ်မြွေနဂါးခေါင်းတပ်ကာ ရိုက်ကူးထားခြင်းသာဖြစ်သည်ဟု သိရသည်။ အတုအယောင်ဖြစ်ကြောင်း သက်သေမပြနိုင်ခင်အချိန်အထိ လော့ချ်နက်စ်ရေအိုင်တွင် နက်ဆီသတ္တဝါကြီးတကယ်ရှိသည်ယုံကြည်သူ ထုနှင့်ဒေးရှိခဲ့သည်။


*—Source:Reader's Digest*






### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အပြိုင်အဆိုင်များ၊ အတိုက်အခံများကိုကျော်လွှား၍ အလုပ်အကြံအစည်များကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ သူတစ်ပါးကြောင့် နှောင့်နှေးခက်ခဲနေသောကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ ငွေရေးကြေးရေးကိစ္စ ပြောဆိုအဆင်ပြေမည်။ လူမျိုးခြားများနှင့်ဆက်စပ်၍ လုပ်သောလုပ်ငန်းများမှ ထူးခြားသောအကျိုးဆက်များဖြစ်ထွန်းမည်။




### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အိမ်ခြံမြေဝယ်ယူခြင်းများတွင် ဖြစ်ပေါ်သည့်အမှုပြဿနာများအားလုံး လိုက်လံဖြေရှင်းပေးရခြင်းရှိမည်။ အလုပ်အပြောင်းအလဲပြု၍ အဆင်မပြေဖြစ်နေသောသူများကိုလည်း အိမ်တွင် လက်ခံကျွေးမွေးရခြင်းရှိမည်။ အလောတကြီးလုပ်ကိုင်မှုကြောင့် အမှားအယွင်းများတတ်သည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများ မပြုသင့်၊ ပြဿနာများရှိမည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အလုပ်အကြံအစည်များအောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ဥစ္စာခနေတိုးပွားမည်။ အပြိုင်အဆိုင်ကြားမှတက်လမ်းပေါ်မည်။ သူတစ်ပါးနှင့်မတူသော အတွေးသစ်များပေါ်ထွန်းမည်။ ၎င်းအတွေးအခေါ်များကို လက်တွေ့ဆောင်ရွက်ရန် ဝန်မလေးသင့်။ အရှေ့အရပ်မှ သူများနှင့် အလုပ်အသစ်များဆောင်ရွက်ရန်အခြေအနေကြုံမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

လူမျိုးခြားနှင့် ဆက်ဆံလုပ်ကိုင်၍အကျိုးရှိမည်။ ရန်နှင့်ယှဉ်၍ အလုပ်ကိစ္စများလုပ်ကိုင်ရမည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ လူယုံမထားရ။ မတော်တဆအန္တရာယ်ဂရုစိုက်ရမည်။ လုပ်ငန်းခွင်ရှိသူများ အလုပ်သမားရေးရာပြဿနာများကြုံမည်။ နာမည်သိက္ခာထိခိုက်အောင်ပြုသောသူများနှင့်တွေ့မည်။ ဆေးထိုးဆေးသောက်မှားယွင်းတတ်သည်။




### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ပြည်ပနိုင်ငံရပ်ခြားနှင့် ဆက်သွယ်၍အဆင်ပြေမည်။ လူမျိုးခြားများနှင့် တွဲဖက်လုပ်ကိုင်၍အကျိုးရှိမည်။ ငွေကြေးထူးထူးခြားခြားဝင်မည်။ ခြေနှစ်ချောင်းဝင်မည်။ စုတ်ဝင်မည်။ မျက်နှာပွင့်လန်းမည်။ စန်းပွင့်မည်။ အရှေ့အရပ်မှ တနင်္လာသားများနှင့်ပူးပေါင်းဆောင်ရွက်၍ အကျိုးပေးမည်။ တနင်္လာနံကုန်ပစ္စည်းများ အရောင်းအဝယ်ပြု၍ကောင်းသည်။ ရင်းနှီးမြှုပ်နှံမှုပြုရန်ကောင်း၏။




### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ခြံ၊ ကား၊ အခန်းနှင့်ပတ်သက်သောငွေကြေးဝင်ခြင်းကံကောင်းမည်။ မြေကိစ္စ၊ နေရာထိုင်ခင်းကိစ္စစကားပြောရမည်။ ဖဲဝိုင်း၊ အရက်ဝိုင်းများနှင့် နီးစပ်သောနေရာသို့သွားခြင်းများရှောင်ပါ။ အခိုက်မသင့်က အမှုအခင်းများဖြစ်တတ်သည်။ ဆရာများထံ သွားရောက်၍ပြုပြင်မှုများအတွက် ဖြေရှင်းရခြင်းများကြုံမည်။ မြောက်အရပ်မှ သောကြာသမီးလာရောက်၍ ပြဿနာဖြစ်လာတတ်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

လူငယ်များ စုတ်ပျက်၊ စန်းပျက်နေသော နာမည်ပျက်ရှိသော အမျိုးသမီးများနှင့်ပတ်သက်၍ စိတ်သောကဖြစ်ရန်ရှိသည်။ စက်ပစ္စည်းများ အပျက်အစီးများမည်။ နေအိမ်တွင်လည်းကောင်း၊ အလုပ်နေရာတွင်လည်းကောင်း အခြေခံအလုပ်သမားများ ထွက်ခွာသွားတတ်သည်။ အင်္ဂါသားများနှင့် ပြဿနာဖြစ်တတ်သည်။




### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ဓာတ်ဆီ၊ ဒီဇယ်ဆီ အစရှိသည့်လောင်စာဆီတို့ကို အများအပြားမထားရ။ မီးအန္တရာယ်ရှိတတ်သည်။ ငွေကြေးကိစ္စများ ပြောဆိုအောင်မြင်မည်။ အရှေ့အရပ်နှင့် ဆက်သွယ်သောလုပ်ငန်းများ အကျိုးပေးမည်။ ငွေကြေးကိစ္စများ စနစ်တကျဆောင်ရွက်နိုင်သည်။ ကြန့်ကြာနေသောငွေကြေးများ ပြန်လည်ရရှိလာမည်။ ခြံ၊ မြေ၊ ကား၊ အခန်းကိစ္စ အစရှိသည့် တနင်္လာနံများ ဆောင်ရွက်အဆင်ပြေမည်။




### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အထည်၊ ရတနာသစ်များဝင်မည်။ စနေနံပစ္စည်းများ လက်ခံရန် အခါကောင်းဖြစ်သည်။ အနောက်တောင်အရပ်နှင့် ဆက်ဆံအကျိုးပေးမည်။ သူတစ်ပါးအတွက် လိုက်လံကူညီရင်း ပြဿနာဖြစ်တတ်သည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများတွင် ပြဿနာများ တစ်မျိုးပြီးတစ်မျိုးလိုက်လံဖြေရှင်းရတတ်သည်။ အနောက်အရပ်သို့ ခရီးသွားခြင်းများ၊ ညဥ့်အချိန်မတော်သွားလာခြင်းများရှောင်ရမည်။




### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ရန်အတိုက်များနှင့် ကြုံမည်။ လူမှား၍ ရန်ပြုခံရမည်။ ခိုက်ရန်ဖြစ်တတ်သည်။ ရပ်ထဲရွာထဲမှ နာမည်ပျက်ရှိသော သောကြာသားသမီးနှင့် တွဲသွားရာမှ အစွပ်အစွဲခံရတတ်သည်။ အရောင်းထိုင်းပစ္စည်းများ အရောင်းထွက်မည်။ ငွေကြေးကိစ္စ ပြောဆိုဆောင်ရွက်အောင်မြင်မည်။ တနင်္လာနံပစ္စည်းများမှ အကျိုးအမြတ်ကောင်းစွာရရှိမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အဆင့်မြင့်အထက်တန်းကျသော ညှော်ခံပွဲများသို့ သွားလာရခြင်းရှိမည်။ ကြီးကဲသောသူများ၏ အထောက်အကူကောင်းရမည်။ လာဘ်လာဘစီးပွားရေးရာကိစ္စအတွက် ပြောဆိုဆောင်ရွက်ခြင်းများ အဆင်ပြေနိုင်သည်။ နိုင်ငံရပ်ခြားခရီးကိစ္စများ သွားလာခြင်း ဆောင်ရွက်ရခြင်းများရှိမည်။ အနီးအပါးတွင် ပျော်ပွဲရွှင်ပွဲများရှိတတ်သည်။ အကြံအစည်ရည်ရွယ်ချက်များအောင်မြင်မည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ အကြီးအကဲများထံမှ အထောက်အကူကောင်းရမည်။ နေအိမ်သို့ တနင်္လာနံမွေးသူရောက်ရှိလာပြီးနောက် စကားအရှုပ်အထွေးဖြစ်ခြင်း၊ ပြဿနာဖြစ်ခြင်းများကြုံမည်။ တနင်္လာနံပရိဘောဂများဖြစ်သည့် ကြိမ်ခုံ၊ ခွေးခြေ အစရှိသည်တို့ ပျက်စီးကချက်ချင်းပြုပြင်ပါ။ ပြင်ဆင်ရန်မဖြစ်ပါက အရှေ့မြောက်အရပ်တွင်သွား၍စွန့်ပစ်ပါ။

7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

အိန္ဒိယနိုင်ငံ ရာဂျက်စ်သန်ပြည်နယ်သည်ကျောက်ဆောင် ကျောက်သား တောင်ကုန်းများနှင့်ပြည့်နေပြီး အိန္ဒိယနိုင်ငံတွင် အခြောက်သွေ့ဆုံးပြည်နယ်တစ်ခုဖြစ်သည်။ ယခုနှစ်တွင် မိုးရွာသွန်းနှုန်းကောင်းခဲ့သော်ငြား 'ရေ'မှာ ဤနေရာ၌ အမြဲတမ်းလိုလိုပြဿနာတစ်ရပ်အဖြစ် ကြုံတွေ့နေရသည်။



# အိန္ဒိယနိုင်ငံနှင့် ရေအရင်းအမြစ်

ကြည်နေဝင်းမင်း

သို့သော် ယခုကြုံတွေ့နေရသည့်ပြဿနာမှာ စိမ်းစိမ်းစိုစို သစ်ပင်များနှင့် ရေသွင်းစိုက်ပျိုးထားသည့် သီးပင်စားပင်များ၏ မြေပြင်အောက်၌ မြေအောက်ရေအလျင်အမြန်လျော့ပါးလာခြင်း ဖြစ်သည်။

မြို့တော်နယူးဒေလီမှ ၉၅ မိုင်ခန့်သာဝေးသော နီရာမာခရိုင်တွင် ယင်းရေရှားပါးမှု ပြဿနာမှာ လူသားတို့၏ ကြားဝင်ကိုင်တွယ်မှုကြောင့် ပိုဆိုးရသည်။ အမျိုးသားအဝေးပြေးလမ်းမကြီးဘေး တွင်ရှိသောဒေသမှာ နယူးဒေလီမှ မွမ်ဘိုင်းကို စက်မှုလုပ်ငန်းများဖြင့် ချိတ်ဆက်ရေးစီမံကိန်း၏ အစိတ်အပိုင်းလည်းဖြစ်သည်။ အဝေးပြေးလမ်းမကြီးဘေးတွင်စက်မှုလုပ်ငန်းအများအပြားတည်ထောင်ထားပြီး ၎င်းတို့အထဲတွင် ရေကိုအများအပြားအသုံးပြုရသော အရက်ချက်၊ ဘီယာချက် စက်ရုံများလည်း ပါဝင်ပါသည်။

ပြည်နယ်အစိုးရကလည်း မြေအောက်ရေအနေအထားကိုကြည့်ပါက ၎င်းခရိုင်မှာ အခြေအနေအဆိုးဆုံးဒေသဟု သတ်မှတ်ထားသည်။ ၎င်းဒေသတွင် မြေအောက်ရေပြုန်းတီးမှုတစ်နှစ်လျှင် ဒသမ ၄ မီတာရှိသည်ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။

ပထမဆုံး ထိခိုက်သူများမှာ လယ်သမားများဖြစ်သည်။ အာမာဆင်းမိသားစုသည် မျိုးဆက်ပေါင်းများစွာစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ခဲ့သည်။

ရာဂျက်စ်သန်ပြည်နယ် နီရာမာခရိုင်ရှိလယ်ယာမြေမှာ မိသားစု ဝင်ငွေရရှိရေးအတွက် တစ်ခုတည်းသော အရင်းအမြစ်ဖြစ်သည်။ သို့သော် မြေအောက်ရေဖြင့်စိုက်ပျိုးနေသော သူ၏စိုက်ခင်းများမှာ မြေအောက်ရေခန်းခြောက်လာသည်နှင့်အမျှ သီးနှံကောင်းကောင်းထွက်ရန် ပို၍ပို၍



ခက်ခဲလာသည်။

မစ္စတာဆင်း (၆၅ နှစ်)မှာ ပူပန်နေသည်။

"ရေဟာ ငါတို့အတွက် အသက်ပဲ။ ဒါပေမဲ့ ဒီနေရာကခြောက်သွေ့တယ်။ ရေကလည်း ရှားတယ်။ မြေအောက်ရေ ဒီလောက်မြန်မြန်ဆုတ်ယုတ်လာနေရင်တော့ လယ်သမားတောင်ကျန်မှာမဟုတ်တော့ဘူး။ ရေမရှိရင်တော့ ငါ့ကလေးတွေ၊ မြေးတွေအတွက် ဒီလယ်မြေပေါ်မှာ အနာဂတ်မရှိတော့ဘူး"ဟု ဆင်းကပြောသည်။

မြေအောက်ရေမှာ အိန္ဒိယနိုင်ငံ၏ အသက်ဆက်လမ်းကြောင်းလည်းဖြစ်သည်။ ကျေးလက်ဒေသရေပေးဝေရေးနှင့် စိုက်ပျိုးရေပေးဝေရေး ၈၀ ရာခိုင်နှုန်းကျော်မှာ မြေမျက်နှာပြင်အောက် ရေအရင်းအမြစ်များမှ လာခြင်းဖြစ်သည်။

မြေအောက်ရေမှာ မြေမျက်နှာပြင်အောက်၌ သဘာဝရေစီးကြောင်း ရေကြောများနှင့် ရေခိုအောင်းနိုင်သည့် နေရာများ၊ ကျောက်စိုင်ကျောက်ခဲများ ရွံ့မြေများတွင် ပေါင်းစုနေခြင်းဖြစ်သည်။ ထုံးစံအားဖြင့် မြေပြင်မှ စိမ့်ဝင်သွားသော မိုးရေများ စုဖွဲ့နေခြင်းဖြစ်သည်။ ယင်းသို့ စုဖွဲ့ဖြစ်တည်နေသောရေမှာ မြေမျက်နှာပြင်၏ အောက်နားမှာပင် ရှိနိုင်သလို နက်ရှိုင်းသော နေရာများ၌လည်း ရှိနေတတ်ရာ မြေပြင်ပေါ်သို့ အားကောင်းသော မော်တာများဖြင့် စုပ်တင်ခြင်းဖြစ်သည်။

မိုးရွာသွန်းမှုအားကောင်းပါက ၎င်းမြေအောက်ရေကြောများကိုပြန်လည်ဖြည့်တင်းပေးသည်။ နီရာမာဒေသ တစ်ခုလုံးမှာ မြေအောက်ရေပေါ်တွင် မှီခိုနေရသည်။ လယ်သမားများမှာ နည်းပညာကိုအသုံးပြု၍ ၎င်းတို့သီးနှံများအတွက် စိုက်ပျိုးရေရရှိအောင်လုပ်ဆောင်ရသည်။ လယ်သမားများက ရေကိုချွေတာနိုင်ရန် ရေဖျန်းစနစ်များ၊ ရေကိုလိုသလောက်သာ သွယ်ယူအသုံးပြုခြင်းများ လုပ်ဆောင်ကြသည်။ ရေသုံးစွဲရမှုနည်းသော သီးနှံများ (ဥပမာအားဖြင့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဂျုတ်စိမ်း၊ ရုံးပတီ) အစရှိသည့်သီးနှံများကို ပြောင်းလဲစိုက်ပျိုးကြသည်။

လယ်သမားများမှာ ဒေသခံစက်မှုလုပ်ငန်းများထံမှ အကူအညီရရှိပါသည်။ စက်မှုလုပ်ငန်းများမှာလည်း ၎င်းတို့ကဲ့သို့ပင် ရေအရင်းအမြစ်ပေါ် မှီခိုနေရ၍ဖြစ်သည်။

ယင်းဒေသတွင် ဘီယာချက်စက်ရုံထူထောင်ထားသည့် SAB Miller ကုမ္ပဏီက ၎င်းဒေသတွင် ရေအရင်းအမြစ်ပြန်လည်ဖြည့်တင်းရေးအတွက် ဆည်ငါးခုတည်ဆောက်ထားသည်။ ယင်းဆည်များက မြေအောက်ရေအလွန်အမင်း ဆုတ်ယုတ်ခြင်းကို ကာကွယ်ပေးပြီး သဘာဝအတိုင်း ရေပြန်လည်ဖြည့်ဆည်းရာတွင်အထောက်အကူဖြစ်သည်။

ဒေသတွင် ရေရရှိနိုင်မှု မြေပုံဆွဲရန် ကုမ္ပဏီက ကျယ်ကျယ်ပြန့်ပြန့်လေ့လာမှုပြုသည်။ ရေငွေ့ပျံခြင်းနှင့် ရေစီးနှုန်းမြန်ဆန်ခြင်းကြောင့် တောင်တန်းထူထပ်ရာနယ်မြေများတွင် ရေဆုံးရှုံးမှု ပိုမိုများပြားကြောင်းတွေ့ရှိခဲ့သည်။ မြေအောက်ရေကြောတိမ်ပြီး ကျေးလက်တောရွာရေတွင်းများ လုံးဝခန်းခြောက်နေကြောင်းတွေ့ရှိရသည်။

ရေဖြည့်ဆည်များကိုမည်သို့ တည်ဆောက်မည်ဆိုသောပုံကြမ်းနှင့် ပုံစံကိုဖော်ထုတ်ရန်ပင် အချိန်တစ်နှစ်နီးပါးယူခဲ့ရကြောင်း SAB Miller မှ ရေရှည်ထိန်းသိမ်းထားနိုင်ရေးဌာန (Sustainability) ဒုတိယဥက္ကဋ္ဌ ပစ္စနီနာရှိရှားမားက ပြောပြသည်။ ယင်းသို့လုပ်ဆောင်ရာတွင်ဂြိုဟ်တုမှ ရရှိသောအချက်အလက်များ GPS နည်းပညာနှင့် အဝေးမှ အာရုံခံနည်းပညာ (Remote sensing) အသုံးပြုခြင်း အပြင် ဒေသခံလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်းများလည်း ပါဝင်သည်။ ဒေသခံများမှာ ၎င်းဒေသတွင် နေထိုင်ခဲ့သည်မှာ ကြာပြီဖြစ်၍ မိုးရေများ အလွယ်တကူစီးဆင်းမသွားဘဲ မြေအောက်တွင် ရေစုဖွဲ့နေသောနေရာများကို သိရှိနိုင်ကြ၍ဖြစ်သည်။ သို့သော် ဝေဖန်သူများကမူ စက်မှုလုပ်ငန်းများမှာ ရေသုံးစွဲမှုများ၍ ၎င်းတို့ကိုယ်တိုင်ပင်ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဆိုကြပါသည်။

ရာဂျက်စ်သန် ပြည်နယ်ဧရိယာ သုံးပုံနှစ်ပုံမှာ ကန္တာရဒေသဖြစ်ပြီး မိုးခေါင်ရေရှားမှု ထပ်ခါထပ်ခါ ကြုံတွေ့နေရသောဒေသဖြစ်သည်။ ၎င်းပြည်နယ်၏ မြေအောက်ရေအခြေအနေမှာ "အမည်းရောင်နယ်မြေ" အဆင့်တွင်ရှိကြောင်း အစိုးရကဆိုပါသည်။ ဆိုလိုသည်မှာ ၎င်းဒေသတွင် မြေအောက်ရေ ၈၅ ရာခိုင်နှုန်းကို ထုတ်ယူသုံးစွဲပြီး အချို့နေရာများတွင် ၁၀၀ ရာခိုင်နှုန်း သုံးစွဲကြသည်ဟုဆိုခြင်းဖြစ်သည်။ အခြေနေအဆိုးဆုံးဟု သတ်မှတ်သည့် နီရာမာဒေသတွင် မြေအောက်ရေ တစ်နှစ်လျှင် ဒသမ ၄ မီတာ နိမ့်ကျလာသည်။

၂၀၀၉ ခုနှစ် အမေရိကန်အာကာသအေဂျင်စီ (NASA) ၏ လေ့လာမှုတစ်ခုအရလည်း အိန္ဒိယနိုင်ငံသည် ဆိုးဆိုးဝါးဝါး ရေရှားပါးမှုဆီသို့ ဦးတည်နေသည်ဟု ဖော်ပြသည်။ နာဆာ၏ Gravity Recovery and Climate Experiment (GRACE) မစ်ရှင်က အိန္ဒိယနိုင်ငံ၏ အနောက်မြောက်ပိုင်းမှ မြေအောက်ရေကြောများသည် တစ်နှစ်လျှင် ၁ ဒသမ ၆ လက်မ လျော့ကျလာနေသည်ဟု တွေ့ရှိခဲ့သည်။ ယင်းဒေသ ရေကြောများတွင် ရေပမာဏမည်မျှရှိသည်ကို မသိရှိသော်လည်း ယခုနှုန်းထားအတိုင်းသာ ရေကိုထုတ်ယူသုံးစွဲနေပါက ၎င်းရေအရင်းအမြစ်များကို တာရှည်ထိန်းသိမ်းနိုင်မည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များကဆိုပါသည်။

*—Ref: The Technology of saving India's precious water supply.*




Welcome to Nature's Product
TA AYE MAR
HON MIRIN
TA AYE MAR သဘာဝဟင်းချက်အချိုရည်
လူသားတွေအတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေဟာ သဘာဝကရတာပါ...
ဒါဆိုကျွန်တော်တို့ဘယ်လိုလုပ်မလဲ...
Living Eternity Industrial Co., Ltd.
TA AYE MAR (HON MARIN)
သဘာဝအရသာ TA AYE MAR

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775)Processor | 54,400 |
| Intel P4 Core i5  3.2 GHz (1,156,650) Processor | 129,800 |
| Intel P4 Core i7 2.93 GHz (1156,870) Processor | 219,700 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 85,500 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 214,600 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 44,200 |
| MSI H55M-E32 (1156) | 63,800 |
| ASUS P8H67 (B3)(1155) | 97,200 |
| ASUS P8H61-MLE (B3) (1155) | 65,300 |
| ASUS P8H67MLE | 83,400 |
| Gigabyte P67A-UD3 (B3) (1155) | 126,900 |
| Gigabyte G41MT-S2P (775) | 45,000 |
| Gigabyte H55M- S2V (1156) | 72,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 34,800 |
| 1 GB DDR2 (800) Kingston | 13,100 |
| 2 GB DDR2 (800) Kingston | 19,600 |
| 4 GB DDR3 (1333) Kingston | 19,600 |
| **Harddisk** | |
| 500 GB Seagate SATA | 37,835 |
| 1.5 TB Seagate SATA | 64,400 |
| 2 TB Seagate SATA | 78,085 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 45,080 |
| MSI NX 8400GS 512MB PCI Express Card | 35,420 |
| MSI R5450 1GB DDR3 PCI Express Card | 44,275 |
| ASUS EAH 5750 Formula 1GB  PCI Express Card | 115,115 |
| ASUS EN 430 1GB DDR3 PCI Express Card | 70,840 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,470 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,055 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 6,000 |
| Memory Stick Adata 4 GB | 6,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 7,000 |
| Memory Stick Sony  4 GB | 8,000 |
| Memory Stick Sony 8 GB | 13,500 |
| **UPS** | |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 27,000 |
| Allways (1.2 KVA) | 59,000 |
| Star (650 VA) | 28,980 |
| LNYX (600 VA) | 22,000 |
| Numeric (600 VA) | 30,590 |
| Numeric (1KVA) | 64,400 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA)(Light Scribe) | 22,500 |
| Liteon DVD Writer (SATA)(Light Scribe) | 23,900 |
| **အိတ်ဆောင်တိပိဋကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ စက်တင်ဘာ(၂၄)ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom  1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel  Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄၉၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄၈၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄၂၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄၈၅၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၀ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ(အနု) | တစ်ကျင်း | ၅၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၈၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၉၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ (၂၄) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၅,၀၀၀-၆,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ စက်တင်ဘာ (၂၄) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၅၀-၁၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၀၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၅,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၅၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၆၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၇၀၀-၄,၇၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၈,၀၀၀-၁၂,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |

စက်တင်ဘာ(၂၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၂၅ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၁၅၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ဂစ/၈ဆ | ၁၆၀ |
| စူဇူကီး R- (2Way) | - | ၉ခ | ၁၀၀ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၄ဂ | ၃၀၀ |
| တိုယိုတာ (ဖင်ကောက်) | ၂၀၀၀ | ၄ဂ/၃ဂ | ၄၀၀ |
| မတ်ခ်တူး(မတ်တူးရွှေငါး) | ၂၀၀၂/ ၂၀၀၄ | ၄ဂ/၅ဂ | ၆၀၀ |
| ဆပ် | ၉၄/၉၅ | ၄ဂ/၅ဂ | ၇၂၀-၅၀၀ |
| ပါဂျဲရို | ၉၆/၉၇ | ၃ဂ | ၅၀၀-၆၀၀ |

စက်တင်ဘာ (၂၄) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Sep(18) | Sep (19) | Sep (20) | Sep(21) | Sep (22) | Sep (23) | Sep (24) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# ယာဉ်နံပါတ်အတုဖြင့်ကြိမ်ရေများစွာ စီအင်န်ဂျီထုတ်ယူမှုများရှိနေ

မေဝင်းမွန်

**ရန်ကုန်၊ စက်တင်ဘာ - ၂၀**

သဘာဝဓာတ်ငွေ့(စီအင်န်ဂျီ)အသုံးပြုယာဉ်များသည်ယာဉ်နံပါတ်အတု၊ စာအုပ်အတုများဖြင့်မမှန်မကန်ပြုလုပ်ကာကြိမ်ရေများစွာဓာတ်ငွေ့ဝယ်ယူမှုများရှိနေကြောင်း စုံစမ်းသိရသည်။

စီအင်န်ဂျီတက္ကစီယာဉ်များမှာကြိမ်ရေများစွာထုတ်ယူမှုများပြီးတစ်နေ့ထဲတွင် ၄ ကြိမ်မှ ၇ ကြိမ်အထိထည့်ခြင်းပင်ရှိသည်ဟုဆိုသည်။

စာအုပ်အတုအပါအဝင်နည်းမျိုးစုံဖြင့် စီအင်န်ဂျီ ဝယ်ယူသည့်မော်တော်ယာဉ် စီးရေ ၁,၀၀၀ ကျော်ခန့်ရှိနေပြီး အဆိုပါယာဉ်များမှာ ကားနံပါတ်ပြားလဲလှယ်ခြင်း၊ ဝိုးတက်ပြောင်းပြီး အခြားကားဖြင့်ဝယ်ယူခြင်း၊ ယာဉ်ဘေးရှိစီးတီးတက္ကစီအမှတ်အသား ပေါ်တွင်စတစ်ကာကပ်ခြင်း၊ဓာတ်ငွေ့ဝယ်ယူခွင့်စာအုပ်ကိုစကန်ဖတ်ကာအတုပြုလုပ်ခြင်းများဖြင့် မမှန်မကန်ဝယ်ယူကြပြီး ခရီးသည်တင်ယာဉ်ကြီးအချို့သည်လည်းကားနံပါတ်ပြောင်းကာဓာတ်ငွေ့ဝယ်ယူသည်များရှိသည်ဟုသိရသည်။

"စာအုပ်အတုနဲ့ထုတ်တာတို့ ကားနံပါတ်ကိုစတစ်ကာကပ်ပြီး ထုတ်တာတွေက ကားသမားအချင်းချင်း၊ ယာဉ်ပိုင်ရှင်နဲ့ကားသမားတွေမပြောလည်းတော့မှစီအင်န်ဂျီဌာနကိုလာတိုင်ကြတယ်။ အဲဒီအခါစစ်ကြည့်တာနဲ့ဖမ်းမိပါတယ်။ စာအုပ်အတုနဲ့ အစစ်က ဒီတိုင်းကြည့်မယ်ဆိုရင်တော်တော်ကိုတူပါတယ်။ တက္ကစီတွေကအများဆုံးလုပ်ကြပြီး တစ်နေ့ထဲနေရာပြောင်းပြီးအကြိမ်ရေ ၇ ကြိမ်၊ ၆ ကြိမ်စသဖြင့်ထုတ်ကြတယ်။ စာအုပ်အတုနဲ့ဝယ်တာတွေ့ရင် ဝယ်ယူခွင့် ၃ လရပ်ဆိုင်းပြီး ထပ်မံပြုလုပ်တာတွေ့ရင်ဝယ်ယူခွင့်ပိတ်သိမ်းတဲ့အထိ အရေးယူခံရနိုင်ပါတယ်" ဟုစီအင်န်ဂျီဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မမှန်မကန်ဓာတ်ငွေ့ဝယ်ယူမှုလျော့နည်းစေရေးအတွက် စီအင်န်ဂျီယာဉ်များနှင့်ပတ်သက်သည့်အချက်များကို စီအင်န်ဂျီဌာနအတွင်းနှင့် အရောင်းဆိုင်များတွင်ကွန်ပျူတာစနစ်ဖြင့်စာရင်းသွင်းကာယာဉ်နံပါတ်နှင့်ဓာတ်ငွေ့ဝယ်ယူသည့်ယာဉ်မှန်ကန်ပါမှ ဓာတ်ငွေ့ဖြည့်နိုင်သည့်စနစ်ကိုအသုံးပြုသွားမည်ဖြစ်ကြောင်း စီအင်န်ဂျီဌာနမှသိရသည်။

# ကုန်တင်ယာဉ်များ ယခုလကုန်အထိ တင်ဆောင်နိုင်သည့် ကုန်တန်ချိန်ထုတ်ပြန်

သိမ့်သိမ့်စိုး

**ရန်ကုန်၊ စက်တင်ဘာ- ၂၂**

အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းမှ ကုန်တင်ယာဉ်များ ယခုလကုန်ထိ တင်ဆောင်နိုင်သည့် ကုန်တန်ချိန်များကို ထုတ်ပြန်ကြေငြာထားကြောင်း သိရသည်။

အဆိုပါကြေငြာချက်ကို ယခုလ ၁၇ ရက်တွင် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များထံသို့ အကြောင်းကြားစာများ ပေးဝေခဲ့ကြောင်း ကားဂိတ်လုပ်ငန်းရှင်များက ပြောသည်။ ကုန်တင်ယာဉ်များ တင်ဆောင်နိုင်သော ကုန်အလေးချိန်များမှာ ကုန် ၃ တန်၊ ယာဉ် ၃ တန်သတ်မှတ်ထားသော ၁၄ ပေ ဒိုင်နာဆိုလျှင် ၁၀ တန်တင်ဆောင်ရမည်ဖြစ်သည်။ ထို့အပြင် ယာဉ် ၅ တန်၊ ကုန် ၅ တန်နှင့် ယာဉ် ၅ တန်၊ ကုန် ၆ တန်ခွဲ ၆ ဘီးကားဆိုလျှင် ၁၅ တန် တင်ဆောင်နိုင်ပြီး၊ ယာဉ် ၅ တန်နှင့် ကုန် ၇ တန်မှ ၈ တန်ထိ တင်ဆောင်ရန် သတ်မှတ်ထားသော ၆ ဘီးယာဉ်ဆိုလျှင် ၁၀ တန်တင်ဆောင်ရမည်ဟူသော သတ်မှတ်ချက်ကို ထပ်မံထုတ်ပြန်ခြင်းဖြစ်သည်။

"ဒီနှုန်းက သိပ်မပြောင်းဘူး။ အရင်အာဆီယံနှုန်းပါပဲ။ စာထဲမှာလည်း ဒီအတိုင်းတင်ဖို့ပဲပါတယ်။ မတင်ရင်အရေးယူမယ့် အစီအစဉ်မပါဘူး" ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

# ရခိုင်ပြည်နယ်တွင် ကြိမ်ကို ပထမဆုံးအကြိမ် စိုက်ပျိုးလာရ

မောင်ကံ

**မြေပုံ၊ စက်တင်ဘာ- ၁၉**

ရခိုင်ပြည်နယ်သစ်တောများအတွင်း ပေါက်ရောက်လျက်ရှိသည့်ကြိမ်များမှာ ယခုအခါ ရှားပါးလာပြီဖြစ်သဖြင့်ဧက ၂၀၀၀ ကျော်ခန့်ရှိကြိမ်စိုက်ခင်းတစ်ခုကို မြေပုံမြို့နယ်အတွင်းရှိတောင်တန်းများပေါ်တွင် စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ မြေပုံမြို့နယ်အတွင်းကြိမ်စိုက်ခင်းစိုက်ပျိုးခြင်းမှာ ပထမဆုံးအကြိမ်စိုက်ပျိုးကြခြင်းဖြစ်ပြီး ကြိမ်မှာယခင်ကသဘာဝတောင်များအတွင်းမှ သဘာဝပေါက်ပင်အဖြစ်ထုတ်ယူရရှိခဲ့သည့်သစ်တော ထွက်ပစ္စည်းတစ်မျိုးအဖြစ်တည်ရှိခဲ့သည်။ ယခုအခါတောတောင်များမှကြိမ်ထုတ်လုပ်မှုမှာမရှိသလောက် လျော့နည်းရှားပါးနေခြင်းကြောင့်စိုက်ခင်းများအဖြစ်စိုက်ပျိုးလာခြင်းဖြစ်ကြောင်းသိရသည်။

ရခိုင်ဒေသထွက် ကြိမ်များ၏ ဈေးကွက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ကြရကြောင်းဆိုသည်။ သို့သော်လည်း ကုန်ကြမ်းအဖြစ်တင်ပို့နေရခြင်းဖြစ်ပြီး တန်ဖိုးမြင့် ကုန်ချောပစ္စည်းအဖြစ် မတင်ပို့နိုင်သေးကြောင်းသိရသည်။

တောတောင်များအတွင်း ကြိမ်စိုက်ခင်းများစိုက်ပျိုးလာသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုလည်း အထောက်အကူပြုသည်ဟု သိရသည်။

TRADEMARK CAUTION

P.T. KALBE FARMA,TBK a Company incorporated in Republic of Indonesia at Kawasan Industri Delta Silicon, Jl.M.H. Thamrin Blok A3-1, Lippo Cikarang, Bekasi 17550, Republic of Indonesia is the Owner and Sole Proprietor of the following Trademark:-

KALBE

Reg. No. 4/1174/2007

In respect of : Advertising; business management; business administration; office functions. (in class 35)

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myintadvocate@myanmar.com.mm

www.mipadvocate.com

Ph : 371990 29.Sept.2011

# စာ(၄၁) လူမှုသစ်တောဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းတစ်ခု ပေါ်ထွက်လာရန် သုံးသပ်မှုများပြုလုပ်နေ မှ

အကြံပြုချက်များမှာ မြေယာအသုံးချမှုပြဿနာကိုရှင်းရှင်းလင်းလင်းဖော်ပြထားရန်နှင့် CF နှင့် ပတ်သက်သော ညွှန်ကြားချက်တစ်ခုကို ယနေ့အချိန်တွင် ဥပဒေအဖြစ် ထည့်သွင်းရန် လူမှုသစ်တောဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းရပ်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

CF နှင့်ပတ်သက်သော မြေယာအသုံးချမှုသည် ရှင်းလင်းမှုမရှိသည့်အတွက် CF စိုက်ပျိုးမည့်ဒေသခံတို့အတွက် ရပိုင်ခွင့်များကိုရှင်းရှင်းလင်းလင်းဖြစ်စေရန်လိုကြောင်းနှင့် လက်ရှိကြုံတွေ့နေရသောအခက်အခဲများမှာ CF တောတည်ထောင်စေကာမူစီမံကိန်းများအကောင်အထည်ဖော် လုပ်ငန်းများ၊ သစ်ထုတ်ခွင့်များရှိလာပါက ရပိုင်ခွင့်မရှင်းလင်းမှုကြောင့် CF တောများဖယ်ပေးရကြောင်းတက်ရောက်ခဲ့သူတစ်ဦးကပြောသည်။

"Capacity Bulding အကြောင်းဆွေးနွေးတဲ့အထဲက CF ကို အဆင့်မြှင့်တင်ဖို့ သင်တန်းကျောင်းလိုအပ်တယ်လို့ထောက်ပြကြတယ်။ မော်ဘီမှာတော့ ဗဟိုသစ်တောဖွံ့ဖြိုးမှုကို အဆင့်မြှင့်တင်ဖို့ပြောတော့ လက်ခံမယ့် အရိပ်အယောင်တွေ့ရတယ်။ ပြီးတော့ CF File ကိုဘယ်သူပြန်လည်သုံးသပ်မှာလဲ။ နှစ်ပိုင်းခြားအထဲမှာ ၅ နှစ်လား၊ ၁၅ နှစ်လား၊ နှစ် ၃၀ လားတင်ပြတော့ CF review လုပ်ဖို့ လက်ခံတယ်" ဟု တက်ရောက်ခဲ့သူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတစ်ဦးကပြောသည်။


ယင်းအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို သုံးရက် ကြာပြုလုပ်ခဲ့ပြီး ပြည်တွင်း၊ပြည်ပ သဘာဝပတ်ဝန်းကျင်ပညာရှင်များ၊ အာဆီယံလူမှုသစ်တောကွန်ရက်မှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ၏ ပထမနေ့များတွင်ပြည်တွင်းမှ သဘာဝပတ်ဝန်းကျင်ပညာရှင်များ တက်ရောက်ခွင့်ပြုခဲ့သော်လည်း နောက်ဆုံးနေ့ညနေပိုင်းတွင် အာဆီယံမှ ကိုယ်စားလှယ်များနှင့် တံခါးပိတ်ဆွေးနွေးပွဲပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

"အကြံပြုချက်တွေ၊ အခက်အခဲတွေကိုပညာရှင်တွေကဆွေးနွေးကြတယ်။ ဘယ်လိုလုပ်မလဲ။ လုပ်ပုံလုပ်နည်းဘယ်လိုရှိတယ်ဆိုတယ်ပြောတော့ပြောကြတယ်။ Action Plan တစ်ခုထွက်လာဖို့တော့ သူတို့လည်း ဆွေးနွေးနေတယ်လို့သိရတယ်။ တစ်ကြိမ်တည်းတော့မထွက်လာနိုင်သေးဘူးထင်တယ်" ဟု တက်ရောက်ခဲ့သူ ပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတစ်ဦးက ပြောကြားသည်။

အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမတိုင်မီ နှစ်လခန့်က ASFN, RECOFTC နှင့် SDC (Swiss Agency for Development and Coorperation) မှ ကိုယ်စားလှယ်သုံးဦး လာရောက်ဆွေးနွေးခဲ့ကြသည်။



Environment

7 DAY NEWS JOURNAL

Vol.10, No.28 • SEPTEMBER 29, 2011

# အိုဇုန်းလွှာပျက်စီးစေသောဓာတုပစ္စည်းတစ်မျိုးသုံးစွဲမှု လျှော့ချမည်

အိဖြူမွန်

**ရန်ကုန်၊စက်တင်ဘာ - ၂၁**

အိုဇုန်းလွှာပျက်စီးယိုယွင်းမှုဖြစ်စေသော ဓာတုပစ္စည်းတစ်ခုဖြစ်သည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs)လျှော့ချရေးအတွက်ယင်းကာဗွန်သုံးစွဲမှု အခြေအနေကို ၂နှစ်ဆက်တိုက် ကောက်ယူထားသည့်စာရင်းကိုအခြေခံ၍ ၂၀၁၃ ခုနှစ်တွင် သုံးစွဲမှုစတင်လျှော့ချမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းရုံးမှစုံစမ်းသိရှိရသည်။

HCFCs သုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးကို ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နှင့် ဝန်ကြီးဌာနတို့ဆွေးနွေးခဲ့ကြသည်။ ၂၀၀၉-၂၀၁၀ ခုနှစ် HCFCs သုံးစွဲမှုစာရင်းကောက်ယူနေပြီး ယခုနှစ်စက်တင်ဘာလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ယင်း ၂နှစ်ကိုအခြေခံ၍ သုံးစွဲမှု ကန့်သတ်မည်ဖြစ်ကြောင်း၊ HCFCsစာရင်းကိုSubကန်ထရိုက်ဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက တာဝန်ယူကောက်ယူနေကြောင်းအထက်ပါရုံးမှ တာဝန်ရှိသူတစ်ဦးကပြော သည်။

မြန်မာနိုင်ငံသည်ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်ပံ့ပိုးမှုဖြင့် ၂၀၀၄ ခုနှစ်တွင် အမျိုးသားအိုဇုန်းယူနစ်ကိုတည်ထောင်ခဲ့သည်။ အိုဇုန်းစည်းမျဉ်းရေးဆွဲရေးစီမံကိန်းအရ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများအား လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာဥပဒေမူကြမ်းတစ်ခုကိုရေးဆွဲပြီးဖြစ်သည်။

အိုဇုန်းလွှာပျက်စီးယိုယွင်းစေသော လူတို့ ထုတ်လုပ်အသုံးပြုမှုသည် ဓာတုပစ္စည်းထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ကလိုရိုဖလူရိုကာဗွန်(CFC)တင်သွင်းမှုကို ၂၀၀၇ ခုနှစ်တွင် လုံးဝရပ်ဆိုင်းခဲ့သည်။ ယခုလျှော့ချမည်ဖြစ်သော ဓာတုပစ္စည်းကို အအေးသေတ္တာ Chiller၊ အဲကွန်းတို့တွင်ထည့်သွင်းအသုံးပြုသည်။

# လူမှုသစ်တောဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းတစ်ခုပေါ်ထွက်လာရန် သုံးသပ်နေ

အိဖြူမွန်

**ရန်ကုန်၊ စက်တင်ဘာ-၁၉**

လူမှုသစ်တောဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသော ရှုထောင့်မျိုးစုံမှ အကြံပြုချက်များကို လုပ်ငန်းစီမံကိန်း(Action Plan) တစ်ခု ပေါ်ထွက်လာရန် သုံးသပ်မှုများပြုလုပ်နေကြောင်း ယင်းပွဲတက်ရောက်ခဲ့သူများထံမှ သတင်းရရှိသည်။

စာ(၄၀)သို့

ဓာတ်ပုံ-အိဖြူမွန်



# နိုင်ငံသစ်တောကြိုးဝိုင်းဧရိယာ စုစုပေါင်း၏ လေးပုံတစ်ပုံကျော်မှာ ကျူးကျော် မြေဧရိယာများဖြစ်နေ

အိဖြူမွန်

**ရန်ကုန်၊ စက်တင်ဘာ - ၂၃**

မြန်မာနိုင်ငံတွင် သစ်တောကြိုးဝိုင်းဧရိယာ ၁၈ ဒသမ ၀၁ ရာခိုင်နှုန်းရှိသည့်အနက် ၄ ဒသမ ၅ ရာခိုင်နှုန်းသည် သစ်တောကြိုးဝိုင်းအတွင်း လယ်မြေ၊ ယာမြေနှင့်အခြား ကျူးကျော်မြေဧရိယာများဖြစ်နေကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်မြေ ဧရိယာအဖြစ် အကောင်အထည်ဖော်ထားသည့် တိုင်းနှင့်ပြည်နယ် ဒေသကြီးများအနက်စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံး ဖြစ်ကြောင်းသိရသည်။ ဧရိယာအားဖြင့် တွက်ချက်ပါက ဧက ၄၅၀,၀၀၀ ကျော်ရှိကြောင်း သိရသည်။

ကြိုးဝိုင်းဧရိယာသည် နိုင်ငံစီးပွားရေးအတွက် သစ်ထုတ်လုပ်ရန် သတ်မှတ်ထားသောမြေဧရိယာဖြစ်သည်။ ယင်းဧရိယာမှာ သစ်ထုတ်လုပ်ရေးအတွက် ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနမှ လုပ်ငန်းရှင်များအား သစ်ထုတ်လုပ်ခွင့်ချပေးရန် သတ်မှတ်ထားသည့် မြေဧရိယာ ဖြစ်သည်။

ကျူးကျော် မြေဧရိယာအများစုမှာ သစ်ခုတ်ပြီး ကြွင်းကျန်ခဲ့သော မြေဧရိယာ၌ စိုက်ပျိုးခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိကျေးရွာဒေသခံများက ကျူးကျော်မြေနှင့်ပတ်သက်၍ပြောသည်။

မြန်မာနိုင်ငံတွင် နိုင်ငံသစ်တောကြိုးဝိုင်း ဧရိယာမှာ ဧကပေါင်းသန်း ၃၀ ကျော်ရှိပြီး ကြိုးပြင်ကာကွယ်တောဧရိယာသည် ဧကပေါင်း ၁၀ သန်းရှိသည်။

## Environment Cartoon












Tourism
7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# ရန်ကုန်အဲဝေးလေကြောင်းပိုင်ရှင်အပြောင်းအလဲမရှိ

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ- ၂၀**

အောက်တိုဘာ ၁၆ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲပျံသန်းရန် စီစဉ်နေသော ရန်ကုန်အဲဝေးလေကြောင်းလိုင်းအနေဖြင့် လေကြောင်းလိုင်းပိုင်ရှင်မှာ အပြောင်းအလဲမရှိကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနထံ ပြန်လည်ပြေးဆွဲခွင့်လျှောက်ထားရာတွင်လည်း ယခင်အဖွဲ့အစည်းနာမည်နှင့်သာ လျှောက်ထားကြောင်း မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းကပြောသည်။



ဓာတ်ပုံ-အင်တာနက်

ရန်ကုန်အဲဝေးလေကြောင်းလိုင်းသည် သက်ဆိုင်ရာသို့ လေကြောင်းပျံသန်းခွင့်လက်မှတ် (AOC) ရရှိရန် စတင်လျှောက်ထားပြီး သက်ဆိုင်ရာကလည်း စီစဉ်မှုများပြုလုပ်နေကြောင်း သတင်းရရှိသည်။ အောက်တိုဘာ ၁၆ ရက်တွင် စတင်ပျံသန်းပါက ရန်ကုန်မြို့ကို အခြေပြု၍ မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ တာချီလိတ်၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့များသို့ ပျံ သန်းနိုင်ရန် စီစဉ်ထားသည်။

ရန်ကုန်အဲဝေးလေကြောင်းလိုင်းကို ၁၉၉၆ ခုနှစ်တွင် မြန်မာ့လေကြောင်းနှင့် ထိုင်းနိုင်ငံမှ Krong-Sombat Company တို့ ဖက်စပ်တည်ထောင်ခဲ့ပြီး ၁၉၉၇ အောက်တိုဘာမှစ၍ MHE-May flower ကုမ္ပဏီက ထိုင်းကုမ္ပဏီပိုင် အစုရှယ်ယာများကို ဝယ်ယူပျံသန်းခဲ့ခြင်းဖြစ်သည်။

ထို့နောက် ၂၀၁၀ပြည့်နှစ်ဒီဇင်ဘာ ၄ ရက်မှစ၍ ပြည်တွင်းခရီးစဉ်ပျံသန်းမှုများရပ်နားထားခဲ့သည်။

## ပြည်တွင်းလေကြောင်းလိုင်းသစ် လျှောက်ထားခြင်း မရှိသေးဟုဆို

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ- ၂၀**

မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် ပြည်တွင်းလေကြောင်းလိုင်းအသစ် လျှောက်ထားမှုမရှိကြောင်း အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဝင်းဆွေထွန်းက စက်တင်ဘာ ၂၁ ရက်တွင်ပြောသည်။

သို့သော် ပြည်တွင်းလေကြောင်းလိုင်း အသိုင်းအဝိုင်းတွင် တနင်္သာရီ(သို့မဟုတ်)ထားဝယ်အမည်ဖြင့် ပြည်တွင်းလေကြောင်းလိုင်းအသစ်တစ်ခု ပေါ်ပေါက်လာမည်ဟု ထင်ကြေးပေးသတင်းများထွက်ပေါ်နေကြောင်း သိရသည်။

ယခုလက်ရှိရန်ကုန်အဲဝေးလေကြောင်းလိုင်းပြန်လည်ပြေးဆွဲနိုင်ရန် ကနဦးစိစစ်မှုများသာ စတင်ဆောင်ရွက်ခြင်းရှိကြောင်း ဦးဝင်းဆွေထွန်းက ရှင်းပြသည်။

လက်ရှိ ပြည်တွင်းခရီးစဉ်များကို မြန်မာ့လေကြောင်း၊ အဲပုဂံ၊ အေးရှားဝင်း၊ အဲကမ္ဘောဇနှင့် အဲမန္တလေးလေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲလျက်ရှိသည်။

## အာဆီယံ ဧည့်လမ်းညွှန် ပြိုင်ပွဲသို့ မြန်မာ ဧည့်လမ်းညွှန်နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်




**နေလင်းအောင်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၀**

အင်ဒိုနီးရှားနိုင်ငံဂျကာတာမြို့တွင် ပြုလုပ်မည့်ပထမဆုံးအကြိမ် အာဆီယံဧည့်လမ်းညွှန်ပြိုင်ပွဲသို့မြန်မာနိုင်ငံမှ ဝါရင့်ဧည့်လမ်းညွှန်နှစ်ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အာဆီယံ ၁၀ နိုင်ငံဝင်ရောက်ယှဉ်ပြိုင်မည့်Asian Guide Contestပြိုင်ပွဲသို့တစ်နိုင်ငံလျှင်နှစ်ဦးစီဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အင်္ဂလိပ်ဘာသာဧည့်လမ်းညွှန်နှစ်ဦးဖြစ်သူကိုနေဝင်းဦးနှင့် ဒေါ်စန်းစန်းမြင့်တို့ သွားရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း(MTGA)မှ အတွင်းရေးမှူးတစ်ဦးက 7Day News သို့ပြောကြားသည်။

“ဒါက ပထမဆုံးအကြိမ်လုပ်တာ၊ အင်ဒိုနီးရှားနိုင်ငံဟိုတယ်ခရီးက မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးကိုအကြောင်းကြားစာပို့ပြီးတော့မှ ဒီကနေပြိုင်ပွဲဝင်မယ့်သူကိုပြန်ရွေးတာပါ”ဟု MTGA မှ အထက်ပါတာဝန်ရှိသူကပြောသည်။ အဆိုပါပြိုင်ပွဲကို ယခုလကုန်ပိုင်းတွင် ပြုလုပ်ရန်စီစဉ်ထားပြီး မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်နှစ်ဦးသည် ယခုလ ၂၃ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာမည်ဖြစ်သည်။



The Cartoon Logo























7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# ဘေးကင်းရေးသည် ပထမ လျှပ်စစ်ထုတ်လုပ်ရေးသည် ဒုတိယဟု အိန္ဒိယဝန်ကြီးပြောကြား



**နယူးဒေလီ၊ စက်တင်ဘာ - ၂၁**
အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူးပြည်နယ်တွင် ကူဒန်ကူလမ် နျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းအပေါ် ဆန့်ကျင်ဆန္ဒပြနေသူများကို အိန္ဒိယဝန်ကြီးချုပ်ရုံး ပြည်နယ်ရေးရာဝန်ကြီး နာရာယာနာဆာမီသွားရောက်၍ ပြည်သူများ၏ ဘေးကင်းလုံခြုံရေးမှာ ထိပ်တန်းဦးစားပေးဖြစ်သည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

"လူထုရဲ့ ဘေးကင်းလုံခြုံမှုက ပထမဦးစားပေးပါ။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုက နောက်မှပါလာမှာပါ" ဟုကန့်ကွက်မှုပြုလုပ်ရာ ခရိုင်ဒေသသို့ ရောက်ရှိစဉ် အိန္ဒိယဝန်ကြီးကပြောကြားသည်။

ဂျပန်နိုင်ငံ ဖူကူရှီးမားနျူကလီးယား အကျပ်အတည်းဓာတ်ရောင်ခြည်ယိုစိမ့်မှု ပြဿနာမှပေါ်ထွက်လာသည့် စိုးရိမ်မှုများကိုပြေပျောက်စေရန် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ၎င်း၏ဝန်ကြီးကို စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ပြည်နယ်ရေးရာ ဝန်ကြီး နာရာယာနာဆာမီသည်ယင်းနေရာသို့မလာရောက်မီ အိန္ဒိယနျူကလီးယားစွမ်းအင် ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝန်ကြီးက အစာငတ်ခံဆန္ဒပြမှုများသို့လာရောက်တွေ့ဆုံစဉ် ဆန္ဒပြမှုများ စီစဉ်သူက ဝန်ကြီးအား စကားပြောခွင့် မပေးခဲ့ဘဲ စာချွန်လွှာတစ်ခုသာ ပေးအပ်ခဲ့သည်။ ယင်းစာချွန်လွှာတွင် နျူကလီးယား ဓာတ်အားပေးစီမံကိန်းအား ပြည်သူလူထု၏ ထင်မြင်ချက်ရယူခြင်း မရှိ၊ အသေအချာကွင်းဆင်းလေ့လာမှု မရှိ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုလည်း လေ့လာထားခြင်းမရှိ၍ ယင်းစီမံကိန်းကို ပယ်ဖျက်သင့်သည်ဟု ဖော်ပြထားကြောင်း သိရသည်။

*—Ref: The Hindu*




## တ ုတ် နျူဓာတ်အားပေးစက် ုံစီမံကိန်းများ ၂၀၁၂ တွင် ပြန်လည်စတင်မည်

**ဘေဂျင်း၊ စက်တင်ဘာ - ၂၁**
တရုတ်နိုင်ငံသည် ဂျပန်ဖူကူရှီးမား နျူစက်ရုံ ပြဿနာပေါ်ပေါက်မှုကြောင့် ၎င်း၏နျူဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးစီမံကိန်းကို ရပ်တန့်ထားခဲ့ရာမှ လာမည့်နှစ်တွင် ပြန်လည်စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်းသိရသည်။

တရုတ်နိုင်ငံပိုင် မီဒီယာ၏ အဆိုအရ အာဏာပိုင်များသည် ၎င်း၏ နျူစက်ရုံများ လုံခြုံရေးကို စစ်ဆေးခဲ့ပြီး စက်ရုံစီမံကိန်းသစ်များ အကောင်အထည်ဖော်ရန် အတည်ပြုခဲ့ကြောင်းသိရသည်။ တရုတ်နေ့စဉ်ထုတ် ဂျာနယ်ချိုင်းနားစီကျူရတီကလည်း တာဝန်ရှိသူများသည် နျူဓာတ်အားပေးစက်ရုံသစ် တည်ဆောက်ရေးစီမံကိန်းများကို ဩဂုတ်လကုန်တွင် အပြီးသတ်စစ်ဆေးခဲ့ပြီး ရလဒ်များအား မကြာမီ လူထုထံ ထုတ်ပြန်သွားမည်ဟုဖော်ပြထားသည်။

တရုတ်နိုင်ငံသည် လက်ရှိတွင် နျူစွမ်းအင်မှ တစ်နှစ်လျှပ်စစ်ဓာတ်အား ၁၀ ဒသမ ၈ ဂစ်ဂါဝပ် ရရှိနေပြီး ၂၀၁၅ ခုနှစ်အရောက်တွင် ၄၀ ဂစ်ဂါဝပ်အထိ ရရှိရန် မျှော်မှန်းထားသည်။ ထို့ပြင် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးကို ပိုင်ဆိုင်သည့် တရုတ်နိုင်ငံသည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များမှ ဓာတ်အားထုတ်ယူမှု ၁၅ ရာခိုင်နှုန်းတိုးတက်ရရှိရန်ရည်ရွယ်ထားသည်။ တရုတ်နိုင်ငံတွင် ယခုအခါ နျူဓာတ်ပေါင်းဖို ၁၄ လုံးရှိပြီး နောက်ထပ် ဓာတ်ပေါင်းဖိုနှစ်ဒါဇင်ခန့် တည်ဆောက်ရန်ရှိသည်။ ယင်းမှာ ကမ္ဘာတစ်ဝန်း၌ရှိသမျှ နျူဓာတ်ပေါင်းဖိုအားလုံး၏ ၄၀ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်းသိရသည်။

*—Ref: AFP*

## တ ုတ်လယ်သမားတစ်ဦး နိုင်ငံတော်အလံ မီး ို့မှုဖြင့် ဟောင်ကောင်တွင် ထောင်ဒဏ် ချမှတ်ခံရ

**ဟောင်ကောင်၊ စက်တင်ဘာ - ၂၀**
တရုတ်ပြည်မကြီးမှ လယ်သမားတစ်ဦးသည်နိုင်ငံတော်အလံအား မီးရှို့ဖျက်ဆီးမှုဖြင့် ဟောင်ကောင်ကျွန်းတွင် ထောင်ဒဏ်သုံးပတ် ချမှတ်ခံခဲ့ရကြောင်းသိရသည်။

အဆိုပါ လယ်သမားမှာ ပြည်မကြီးမှ ကျူရောင်ချန်ဆိုသူ အသက် ၇၄ နှစ်အရွယ် အဘိုးအိုတစ်ဦးဖြစ်ပြီး ဘေဂျင်းရှိ တရုတ်အစိုးရကို ဆန့်ကျင်ဆန္ဒပြသောအားဖြင့် တရုတ်အလံကို မီးရှို့ခဲ့ခြင်းဖြစ်ကြောင်းဆိုသည်။

မစ္စတာကျူသည် တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်အား ၁၉၉၇ ခုနှစ်တွင် ပြန်လည်ပေါင်းစည်းပြီးနောက် အသက်ဝင်လာခဲ့သော နိုင်ငံတော်အလံ မီးရှို့ဖျက်ဆီးမှုဥပဒေအရ တရားစွဲခံရသည့် တတိယမြောက်ပုဂ္ဂိုလ်ဖြစ်သည်။ သို့ရာတွင် ၎င်းသည် ထိုအမှုဖြင့် ထောင်ဒဏ်ကျခံရသည့် ပထမဆုံးပုဂ္ဂိုလ်ဖြစ်လာသည်။

*—Ref: BBC*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

## နောက်ကျောဖုံး - ရွေးကောက်ပွဲပြုလုပ် အာဏာလွှဲပြောင်းပေးရန်အသင့်ရှိကြောင်း ယီမင်သမ္မတပြောကြား မှ



Photo - Getty Images

"အာဏာနောက်လိုက်နေသူတွေကိုတော့ မဲပုံးတွေဆီ အတူပြန်လည်ဦးလှည့်ကြဖို့ ပြောချင်ပါတယ်"ဟု စက်တင်ဘာ ၂၆ ရက် နိုင်ငံတည်ထောင်ခြင်း (၄၉ နှစ်) မြောက်နှစ်ပတ်လည်နေ့တွင်နိုင်ငံတော်ရုပ်သံမှ ထုတ်လွှင့်သည့် မိန့်ခွန်းတွင် ယီမင်သမ္မတက ပြောကြားသည်။

ယင်းမတိုင်မီတစ်ရက်က မြို့တော် ဆာနား၌ ချီတက်ဆန္ဒပြသူထောင်ပေါင်းများစွာအား လုံခြုံရေးတပ်ဖွဲ့များက ပစ်ခတ်ခဲ့ရာ ၁၈ ဦးဒဏ်ရာရရှိသွားကြောင်း ဆေးအဖွဲ့များကပြောကြားသည်။ ယင်းနေ့ညနေပိုင်းတွင်မူ မစ္စတာဆာလေး၏မိန့်ခွန်းအား မျှော်လင့်စောင့်စားရင်း ဆာနားမြို့၌ ငြိမ်သက်နေကြောင်း သိရသည်။

ပင်လယ်ကွေ့နိုင်ငံများ၏ အစီအစဉ်ကို အကောင်အထည်ဖော်ရန် စိတ်ပိုင်းဖြတ်ထားကြောင်း ယင်းကို ဒုတိယသမ္မတ အက်ဒရာဘူမန်ဆိုးဟာဒီကလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ကြိုတင်အသံသွင်းထားသည့် မိန့်ခွန်းတွင် ယီမင်သမ္မတက ပြောကြားသည်။

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ သဘောတူညီချက်ကို ပြီးခဲ့သည့် သီတင်းပတ်အတွင်း အပြီးသတ်ဆောင်ရွက်ရန်ဖြစ်သည်။ သို့သော် ယီမင်လုံခြုံရေးတပ်ဖွဲ့များနှင့် ဆာလေး၏ သစ္စာခံများသည် ယင်းရက်သတ္တပတ်မှစတင်၍ ခွဲထွက်တပ်ဖွဲ့များ၊သဘောထားကွဲလွဲသူ မျိုးနွယ်အုပ်စုများနှင့် တိုက်ပွဲများဖြစ်ပွားနေသည်။

အဗ္ဗဒူလာဆာလေးသည် ဆာနားမြို့ သမ္မတအိမ်တော် တိုက်ခိုက်ခံရပြီးနောက် ဆော်ဒီအာရေဗီးယား နိုင်ငံသို့ သွားရောက်ဆေးရုံတက်ကုသမှုခံယူခဲ့ရပြီး ငြိမ်းချမ်းရေးရရှိစေရမည်ဟု ကတိပေး၍ စက်တင်ဘာ ၂၃ ရက်တွင် ယီမင်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။ *—Ref: AFP*

## နောက်ကျောဖုံး - နျူကလီးယား ဆန့်ကျင်ရေး ဆနပြသူများက တိုကျိုကို စိန်ခေါ် မှ

"ဒီချီတက်ပွဲကနေ နျူကလီးယားဘေးကင်းလုံခြုံရေးနဲ့ ပတ်သက်ပြီး အစိုးရဟာ ပြည်သူတွေကို မှန်ကန်တဲ့သတင်းအချက်အလက်တွေ ပေးသလားဆိုတာကို မေးခွန်းထုတ်ချင်ပါတယ်" ဟု ချီတက်ပွဲစည်းရုံးလှုပ်ရှားသူ အန်ဂျလိုဒီရိုဆာ (၄၅ နှစ်)ကပြောကြားသည်။

ယခင်သီတင်းပတ်အတွင်း တိုကျိုမြို့တွင် အကြီးမားဆုံးသော နျူကလီးယားဆန့်ကျင်ရေးဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ယခုချီတက်ပွဲဖြစ်ပေါ် လာခြင်းဖြစ်သည်။ ချာနိုဘိုင်းနျူကလီးယားစက်ရုံပေါက်ကွဲမှုနောက်ပိုင်း အဆိုးဝါးဆုံး နျူကလီးယား အကျပ်အတည်းအဖြစ် မတ်လ ၁၁ ရက်က ဖြစ်ပွားခဲ့သော ဖူကူရှီးမား နျူခာတ်အားပေးစက်ရုံပေါက်ကွဲမှုကြောင့် ဂျပန်နိုင်ငံတွင် နျူကလီးယား စွမ်းအင် အဆုံးသတ်ရေးဆန္ဒပြပွဲများ ဆက်တိုက်သလိုဖြစ်ပေါ်ခဲ့သည်။ *—Ref: AFP*

## နောက်ကျောဖုံး - ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ယူိုငွေတန်ဖိုးကျဆင်း မှ

ယခင်ရက်သတ္တပတ်အတွင်း ဂျီ-၂၀ နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့သော်လည်း စျေးကွက်များ၏ စိုးရိမ်မှုကို လျော့ပါးမသွားစေခဲ့ပေ။ ဂရိနိုင်ငံ၏ကြွေးမြီပြဿနာကြောင့် ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်လာနိုင်သည်ကို ဘဏ္ဍာရေးစျေးကွက်များက စိုးရိမ်ပူပန်နေခြင်းဖြစ်သည်။

ယနေ့ကမ္ဘာ့စီးပွားရေးတွင် အသစ်တစ်ဖန် ရင်ဆိုင်နေရသော စိန် ခေါ်မှုများကို ဖြေရှင်းနိုင်ရန် နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်၍ အင်တိုက်အားတိုက် တုံ့ပြန်မှုတစ်ရပ် ပြုလုပ်ရန် သန္နိဋ္ဌာန်ချထားပါကြောင်း ဂျီ-၂၀ အစည်းအဝေး၏ အရေးပေါ်ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

*—Ref: AFP*

## Leader's Profile

### ဒိန်းမတ်နိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာမည့်သူ

# မစ္စဟယ်လီသောနစ်ရှမစ်

ရဲမင်း

Photo - Reuters

မစ္စဟယ်လီသောနစ်ရှမစ်သည် ဒိန်းမတ်ဆိုရှယ်လစ်ဒီမိုကရက်စ်ပါတီ၏ ခေါင်းဆောင်ဖြစ်ပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ဒိန်းမတ်နိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာရန် တာစူနေသူဖြစ်သည်။

မစ္စဟယ်လီအား ၁၉၆၆ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် နိုင်ငံရေးအရ ရှေးရိုးဆန်သည့် ပညာတတ်မိဘများက မွေးဖွားခဲ့သည်။ ဟယ်လီသည် ကိုပင်ဟေဂင် ဆင်ခြေဖုံးအီရှော့ဒေသတွင် ကြီးပြင်းခဲ့ပြီး အခြေခံပညာရေးကိုလည်း အီရှော့ဒေသခံကျောင်းမှာပင် တက်ရောက်ခဲ့သည်။

မစ္စဟယ်လီသည် ၁၉၉၄ ခုနှစ်တွင် ကိုပင်ဟေဂင်တက္ကသိုလ်မှ နိုင်ငံရေးမဟာသိပ္ပံဘွဲ့ရရှိခဲ့သည်။ မစ္စဟယ်လီသည် ၁၉၉၂ မှ ၁၉၉၃ ခုနှစ်အထိ ဘယ်ဂျီယမ်နိုင်ငံ ဘရပ်စ်မြို့အခြေစိုက် College of Europe တက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး ဥရောပရေးရာပေါ်လစီနှင့် ပြည်သူ့စီမံခန့်ခွဲရေး အထူးပြုဖြင့် မဟာဘွဲ့လည်း ရရှိခဲ့သည်။ ၎င်းနာမည်ကြီးတက္ကသိုလ်သို့ ဒိန်းမတ်နိုင်ငံမှ တက်ရောက်ခွင့်ရရှိသည့်တစ်ဦးတည်းသောနေရာအတွက် မစ္စဟယ်လီ ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

၁၉၉၃ ခုနှစ်တွင် ဆိုရှယ်ဒီမိုကရက်စ်ပါတီသို့ ဝင်ရောက်ခဲ့သည့် မစ္စဟယ်လီသည် ၁၉၉၄ မှ ၁၉၉၇ ခုနှစ်အထိ ဥရောပပါလီမန်အတွက် ဒိန်းမတ်ဆိုရှယ်ဒီမိုကရက်စ် ပါတီကိုယ်စားလှယ်အဖွဲ့အတွင်းဝန်ရုံးကို ဦးဆောင်ခဲ့သည်။ ယင်းနောက် မစ္စဟယ်လီသည် ဘရပ်ဆဲလ်မြို့တွင် နေထိုင်ရင်း ဒိန်းမတ်ကုန်သွယ်ရေးအဖွဲ့များအတွက် နိုင်ငံတကာ အကြံပေးအဖြစ် လုပ်ကိုင်ခဲ့သည်။

မစ္စဟယ်လီရှမစ်သည် ဥရောပဆိုရှယ်လစ် ပါတီအဖွဲ့ဝင်ဖြစ်သောကြောင့်လည်း ၁၉၉၉ ခုနှစ်တွင်ဥရောပပါလီမန် အမတ်အဖြစ် ရွေးချယ်ခံရသည်။ ငါးနှစ်သက်တမ်း ဥရောပပါလီမန်အမတ်အဖြစ် မစ္စဟယ်လီသည် ဥရောပပါလီမန် အခြေခံဥပဒေကော်မတီ၏ အဖွဲ့ဝင်နှင့် အလုပ်အကိုင်နှင့် လူမှုရေး ကော်မတီ အဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

၎င်းနောက် မစ္စဟယ်လီသည် ၂၀၀၅ ခုနှစ် ဒိန်းမတ်ပါလီမန်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဒိန်းမတ်ပါလီမန်အဖွဲ့ဝင်ဖြစ်လာသည်။ ယင်းနှစ်ရွေးကောက်ပွဲမှာပင် ၎င်းတို့၏ ဆိုရှယ်ဒီမိုကရက်စ်ပါတီသည် ၂၀၀၁ ခုနှစ်ကဆုံးရှုံးခဲ့သည့်လူများစုနေရာကိုပြန်လည်ရယူနိုင်ခဲ့ခြင်း မရှိ၍ ပါတီခေါင်းဆောင် မိုဂန်လိုင်ကီတော့ဗ် နုတ်ထွက်သွားခဲ့သည်။ ပါတီခေါင်းဆောင်နေရာအတွက် ယှဉ်ပြိုင်ကြရာတွင် မစ္စဟယ်လီရှမစ်အား ပါတီခေါင်းဆောင်အဖြစ် ဆိုရှယ်ဒီမိုကရက်စ် ပါတီဝင်များက ရွေးချယ်ခဲ့ကြသည်။

မစ္စဟယ်လီကအတိုက်အခံပါတီခေါင်းဆောင်နေရာကို ယူထားစဉ် ၂၀၀၇ ခုနှစ် ပါလီမန်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လူများစုနေရာပြန်လည်မရရှိသော်လည်း သူမ၏ ဦးဆောင်မှုကို ပါတီက မေးခွန်းမထုတ်ခဲ့ပေ။ ထို့အပြင် ၂၀၀၈ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် လူထုစစ်တမ်းများ၌ ပါတီအပေါ် ထောက်ခံမှုတိုးလာသည်ကို တွေ့ရသည်။

၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် ပြုလုပ်သည့် ပါလီမန်ရွေးကောက်ပွဲ၌ အတိုက်အခံ ဆိုရှယ်ဒီမိုကရက်များက လူများစုနေရာမရရှိခဲ့သော်လည်း အတိုက်အခံညွန့်ပေါင်းအဖွဲ့က လက်ရှိ အာဏာရပါတီထက် အမတ်နေရာအများအပြား ထိန်းချုပ်နိုင်ခဲ့ရာ လက်ရှိဒိန်းမတ်ဝန်ကြီးချုပ် လာစ်ရက်မတ်ဆန်သည် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်စာတင်ခဲ့ရသည်။

အမတ်နေရာအများဆုံးပါတီညွန့်ပေါင်း အဖွဲ့၏ ခေါင်းဆောင်ဖြစ်လာ၍ ဘုရင်မကြီးမာဂရက်က မစ္စဟယ်လီသောနစ်ရှမစ်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပြီးပါက ဒိန်းမတ်နိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာမည့်မစ္စဟယ်လီသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးနှစ်ယောက်မိခင်ဖြစ်သည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - ပါလက်စတိုင်းတို့၏ လျှောက်ထားမှု ကုလသမဂ စဉ်းစားသုံးသပ်သွားမည် မှ



ကုလသမဂ္ဂ၌ပါလက်စတိုင်းတို့၏ တစ်ဦးတည်းဆန္ဒဖြင့် ကြိုးပမ်းနေမှုအား တန်ပြန်နိုင်မည့် အချက်ကို လေးပွင့်ဆိုင်အဖွဲ့က တင်ပြပြီး တစ်လအတွင်း နှစ်ဖက်လုံးက ငြိမ်းချမ်းရေးဆွေးနွေးပွဲအသစ်များပြန်လည်စတင်၍ နှစ်ကုန်တွင် သဘောတူညီမှုရရှိရေး သန္နိဋ္ဌာန်ပြုကြရန် တိုက်တွန်းပြောကြားသည်။

ခေါင်းဆောင်ဟောင်း ယာဆာအာရာဖတ် ကွယ်လွန်ပြီးနောက်ပိုင်း အနောက်ဘက်ကမ်းခြေတွင် လူထုထောက်ခံမှုအမြင့်ဆုံးရရှိနေသည့် ပါလက်စတိုင်းခေါင်းဆောင်မာမွတ်အဘတ်စ်ကမူ အစ္စရေးတို့၏ အိမ်ရာဆောက်လုပ်မှုများကို လုံးဝရပ်ဆိုင်းမထားပါက ဆွေးနွေးမှုအသစ်များ ဖြစ်ပေါ်နိုင်ဖွယ်မရှိ ဟုဆိုထားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နာတာညာဟုကမူ ငြိမ်းချမ်းရေးရရှိလိုပါက ကြိုတင်သတ်မှတ်ချက်အားလုံးကိုဘေးဖယ်ထားရန် မစ္စတာအဘတ်စ်အတွက် အကြံပေးချင်ကြောင်း NBC ရုပ်သံ၏ 'Meet the Press' အစီအစဉ်တွင် ပြောကြားသည်။

အိမ်ရာဆောက်လုပ်မှုများ ရပ်တန့်ထားရေးကို သက်တမ်းတိုးရန် အစ္စရေးက ပျက်ကွက်ခဲ့ပြီးနောက် ပါလက်စတိုင်းက နှစ်ဖက် တိုက်ရိုက်ဆွေးနွေးပွဲများမှ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလတွင် နုတ်ထွက်ခဲ့သည်။ အစ္စရေးတို့သည် ဂျေရုဆလင်ကိုလည်း ၎င်းတို့ နယ်မြေထဲ ဆွဲသွင်းထားပြီးဖြစ်၍ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကတည်းက မြေယာများ ခိုးယူနေကြောင်း ပါလက်စတိုင်းတို့က ပြောကြားသည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

ပါလက်စတိုင်းအစိုးရရယ်လို့ သတ်မှတ်ခေါ်ဝေါ်နေကြတဲ့ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ (Palestinian Authority)ဟာ မကြာသေးမီရက်ပိုင်းအတွင်းမှာပဲ ကုလသမဂ္ဂအထွေထွေညီလာခံမှာ ပါလက်စတိုင်းကို နိုင်ငံအဖြစ်အသိအမှတ်ပြုဖို့နဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံပေးရေးတို့ကို တင်ပြတောင်းဆိုသွားဖို့ရှိနေပါပြီ။ ဒီအချိန်မှာ အစ္စရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာလည်း ပျက်ပြားခဲ့တာ တစ်နှစ်ခန့်ရှိပြီဖြစ်သလို အစ္စရေးရဲ့ အဓိက မဟာမိတ် အမေရိကန်ကလည်း ပါလက်စတိုင်းရဲ့ နိုင်ငံတည်ထောင်မှုကိုလုံခြုံရေးကောင်စီမှာ ဗီတိုအာဏာသုံးပြီး ပယ်ချမယ်လို့ ပြောထားတာကြောင့် အရှေ့အလယ်အပိုင်းအရေးဟာ ကမ္ဘာ့ဇာတ်ခုံမှာ ပိုမိုဆူပွက်လာနေရပါတယ်။ ဒါကြောင့် ဂျာမန်စပိုင်းဂဲလ်မီဒီယာဟာ ပါလက်စတိုင်းအစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ် ဆလမ်ဖေးယတ်(၅၉ နှစ်)နဲ့တွေ့ဆုံကာ ပါလက်စတိုင်းနိုင်ငံတည်ထောင်ရေးနဲ့ပတ်သက်တဲ့ အကြောင်းတွေကို မကြာသေးမီကပဲ အချိန်မီ တွေ့ဆုံမေးမြန်းပြီး ဖော်ပြခဲ့ပါတယ်။ ယခု အင်တာဗျူးကတော့ မေးမြန်းသူ ဂျူလီယန်ဗွန်မစ်တယ်စတက်ဒ်နဲ့ ဝန်ကြီးချုပ်ဖေးယတ်တို့ရဲ့ အမေးအဖြေများမှ ကောက်နုတ်တင်ပြခြင်းပါပဲ။ စက်တင်ဘာ ၁၉ရက်နေ့က စပိုင်းဂဲလ်မှာဖော်ပြခဲ့တာဖြစ်ပါတယ်။

**ဝန်ကြီးချုပ်ရှင့် သမိုင်းမှာ နိုင်ငံကို တည်ထောင်သူ ဖခင်တစ်ဦးအနေနဲ့ ဝန်ကြီးချုပ်ဟာ ရှင်သန်သွားတော့မှာလား**

ကျွန်တော့်ရာထူး သက်တမ်းအတွင်း ပါလက်စတိုင်းနိုင်ငံတော်

TRADEMARK CAUTION
KLÜBER LUBRICATION MÜNCHEN KG, a Company incorporated in Germany at Geisenhausenerstra 7, 81379 München Germany is the Owner and Sole Proprietor of the following Trademark:-
KLÜBER
LUBRICATION
Reg: No.4/9146/2011
In respect of : "Technical oils and greases lubricants."
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph: 371990 29.Sept.2011



# ကမ္ဘာကြီးက ကျွန်တော်တို့ကို အသိအမှတ်ပြုပြီးသားပါ

## ပါလက်စတိုင်း ဝန်ကြီးချုပ် ဆလမ်ဖေးယတ်နှင့် နိုင်ငံတည်ထောင်မှုအကြောင်း မေးမြန်းခြင်း

ကျော်မျိုး

ဖြစ်ပေါ်လာမလားဆိုတာတော့ ကျွန်တော်မသိဘူး။ ဒါပေမဲ့ တစ်နေ့ပေါ်လာရမယ်ဆိုတာတော့ ကျွန်တော် သံသယမရှိပါဘူး။

**မကြာသေးမီနှစ်များအတွင်း ဝန်ကြီးချုပ်ဟာ ကျောင်းတွေဆောက်၊ လမ်းတွေဖောက်ရင်း အုပ်ချုပ်ရေးပိုင်းကို ပြန်လည်ပြုပြင်ရင်း အကြမ်းဖက်ဝါဒကို တိုက်ဖျက်ဖို့ကြိုးစားရင်း အလုပ်များနေခဲ့တယ်နော်။ ပါလက်စတိုင်းဟာ (အခုချိန်မှာ နိုင်ငံတစ်နိုင်ငံအနေနဲ့) လွတ်လပ်ရေးအတွက် အဆင်သင့်ဖြစ်နေပါပြီလား။**

ဟုတ်ကဲ့။ ကျွန်တော်တို့ အသင့်ဖြစ်နေပါပြီ။ ဒါကို ကျွန်တော်တစ်ဦးတည်းတင် ပြောနေတာမဟုတ်ပါဘူး။ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ကုလသမဂ္ဂလို အဖွဲ့အစည်းတွေကပါ ပြောနေတာပါ။ ဒီအဖွဲ့တွေအားလုံးဟာ ပြီးခဲ့တဲ့ ဧပြီကစလို့ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ဟာ နိုင်ငံတည်ထောင်ဖို့အတွက် လမ်းစကိုဖြတ်သန်းခဲ့ပြီးပြီလို့ အတည်ပြုခဲ့ပြီးပါပြီ။ ကျွန်တော့်အတွက်ကတော့ ဒါဟာ ကိုယ့်တိုင်းပြည်အတွက် မွေးစားရင်းလက်မှတ်ရသလိုပါပဲ။ အစ္စရေးဟာ သူ့ရဲ့ ကျူးကျော်မှုတွေကို မရပ်တန့်ခဲ့ဘူးဆိုရင်တောင်မှ အစီအစဉ်ချ ပုံဖော်ထားတဲ့ ပါလက်စတိုင်းနိုင်ငံရှိတဲ့ အရှိတရားက အများကြီးဖိအားပေးတော့မှာပါ။ အဲဒါက လွတ်လပ်တဲ့ ပါလက်စတိုင်းနိုင်ငံဟာ မလွဲမသွေဖြစ်ရတော့မယ်ဆိုတာပါ။

**ဝန်ကြီးချုပ်ဟာ လာမယ့် ရက်အနည်းငယ်အတွင်း သက်တမ်းကုန်တော့မယ့် ၂နှစ်သက်တမ်းရှိ နိုင်ငံရေးအစီအစဉ်တစ်ခုကို ချမှတ်ခဲ့တယ်။ 'အစ္စရေးကျူးကျော်မှုရပ်တန့်ရေး၊ (ပါလက်စတိုင်း) နိုင်ငံတော်ကို တည်ထောင်ရေး'ဆိုပြီးတော့ပေါ့နော်။ ဝန်ကြီးချုပ် ကတိပေးခဲ့တာ များလွန်းမနေခဲ့ဘူးလား။**

လူတော်တော်များများကတော့ အဲဒီအစီအစဉ်ကို ရည်မှန်းချက်မြင့်လွန်းတယ်လို့ပြောခဲ့ကြတယ်။ အစတုန်းကတော့ ကျွန်တော်လည်း အဲဒီလိုပြောသူတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အခုတော့ ကျွန်တော်တို့ဟာ လွတ်လပ်ရေးနဲ့ ပိုနီးစပ်လာနေပါပြီ။ ကျွန်တော်ဟာ နိုင်ငံရေးဖြစ်စဉ်က တိုးတက်မှုမရှိခဲ့လို့ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတာပါပဲ။

**ပါလက်စတိုင်းသမ္မတ မာမွတ် အဘတ်စ်ကလည်း လာမယ့် စက်တင်ဘာ ၂၃ မှာ ကုလအထွေထွေညီလာခံမှာ မိန့်ခွန်းပြောဖို့ မျှော်လင့်နေပြီး ပါလက်စတိုင်းကို ကုလအဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုဖို့ လုံခြုံရေးကောင်စီမှာ အဆိုတင်သွင်းမယ်လို့ဆိုပါတယ်။ ဝန်ကြီးချုပ်ကလည်းအဲဒီလို လုံခြုံရေး ကောင်စီကို သွားပြီး တောင်းဆိုဖို့ ထောက်ခံနေပါသလား။ အကြောင်းကဒါဟာပါလက်စတိုင်းနိုင်ငံတည်ထောင်ရေးကိစ္စကို ဗီတိုအာဏာသုံးပြီး ပယ်ချမယ်လို့ ကြေညာထားတဲ့ အမေရိကန်နဲ့ ထိပ်တိုက်တွေ့နေတာဆိုတော့လေ။**

ဒါဟာ ပါလက်စတိုင်းအတွက် ကုလသမဂ္ဂရဲ့ တင်းပြည့်ကျပ်ပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်လာဖို့ ဖြစ်နိုင်ခြေရှိတယ်လို့ ကျွန်တော်စဉ်းစားမိရင် အဲဒီ့အတိုင်း ကျွန်တော်လုပ်ရမှာပါပဲ။ ဒါပေမဲ့ ကျွန်တော်လုပ်ချင်တာနဲ့ ကျွန်တော်လုပ်နိုင်တာ ကြားထဲမှာ ကွက်လပ်တစ်ခုရှိနေတယ်။ တကယ်လို့ ပါလက်စတိုင်းနိုင်ငံကိစ္စဟာ လုံခြုံရေးကောင်စီမှာ အပယ်ခံရမယ့် တောင်းဆိုချက်တစ်ခုဖြစ်လာခဲ့မယ်ဆိုရင် ကျွန်တော်ကတော့ ဒီလိုပြောမှာပဲ။ "ကဲ၊ ပိုပြီးကောင်းမွန်တဲ့လမ်းကို ကျုပ်တို့ ရွေးကြပါစို့။ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ကျုပ်တို့ မိတ်ဆွေတွေနဲ့ လက်တွဲပြီး သေချာအောင် လုပ်ကြပါစို့" လို့။ ကျွန်တော်တို့မှာ နောက်ကွယ်ကနေ အကြီးမားဆုံးသော ဖြစ်နိုင်ခြေမဟာမိတ်တွေရှိသင့်ပြီး အဲဒါမှ ဥရောပသမဂ္ဂဟာ (ပါလက်စတိုင်းကိစ္စ မဲခွဲမှုလုပ်ရင်) မဲကြောင့် သွေးမကွဲမှာဖြစ်ပါတယ်။

**အမြင့်ဆုံးအနေနဲ့ဆိုရရင် ကုလသမဂ္ဂဟာ ပါလက်စတိုင်းကို ဗာတီကန်လိုမျိုးအလားသဏ္ဌာန်တူတဲ့ အဖွဲ့ဝင်မဟုတ်သော လေ့လာသူနိုင်ငံ (non-member observer state) အဆင့်မျိုးပဲပေးနိုင်မှာလား။**

တကယ်လို့ ကုလသမဂ္ဂဟာ ပါလက်စတိုင်းကို နိုင်ငံတည်ထောင်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ သတ်မှတ်ရင် အဲဒီလို တရားဝင်သတ်မှတ်မှုတစ်ခုတည်းကပဲ ကျွန်တော်တို့အတွက် အဓိကတာဝန်ပြီးမြောက်မှုပါပဲ။

**ဒါပေမဲ့ ပါလက်စတိုင်းဟာ လွတ်လပ်တဲ့နိုင်ငံဖြစ်လာဖို့ အများကြီးလိုနေသေးတယ် မဟုတ်လား။**

ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်နှိုက်ကလည်း အချင်းချင်း အပြန်အလှန်အသိအမှတ်ပြုထားတဲ့ တိုင်းပြည်တွေကို အသိအမှတ်မပြုတာရှိပါတယ်။ ကျွန်တော်တို့ရဲ့ ကွယ်လွန်သူ သမ္မတဟောင်းယာဆာအာရာဖတ်က ၁၉၈၈ မှာ လွတ်လပ်ရေးကြေညာပြီးတဲ့နောက် နိုင်ငံတော်တော်များများက ပါလက်စတိုင်းကို အသိအမှတ်ပြုခဲ့ကြပါတယ်။ တိုင်းပြည်တွေဟာလည်း ကျွန်တော်တို့ကိုဆက်ပြီး အသိအမှတ်ပြုနေကြပါပြီ။ သူတို့ရဲ့မြို့တော်တွေမှာ ကျွန်တော်တို့ရဲ့ သံကိုယ်စားလှယ်အဆင့်ကို မြှင့်တင်နေကြပါပြီ။ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့နဲ့ ဆက်ဆံရင်း (နိုင်ငံကိုပါ) အချုပ်အခြာအာဏာပိုင် တိုင်းပြည်အဖြစ် တွေ့ရှိလာကြတယ်။ ကမ္ဘာကြီးက ကျွန်တော်တို့ကို အသိအမှတ်ပြုပြီးသားပါ။

**အစ္စရေးနဲ့ ဆွေးနွေးမှုတွေ ပျက်ပြားခဲ့တာ တစ်နှစ်လောက်ရှိသွားပြီ။ ဒီတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဝန်ကြီးချုပ် ယုံကြည်နေတုံးပဲလား။**

ယုံတာပေါ့။ အစ္စရေးနဲ့ဆွေးနွေးမှုတွေဟာ လိုအပ်ပါတယ်။ နိုင်ငံရေးဖြစ်စဉ်မရှိဘဲ ဖြေရှင်းချက်မရှိနိုင်ပါဘူး။

**ဒီအတောအတွင်း အစ္စရေးဟာ အနောက်ဘက်ကမ်းခြေနဲ့အရှေ့ဂျေရုဆလင်မှာ ရွှေ့ပြောင်းအခြေချမှုတွေတိုးချဲ့နေပါတယ်။ ပါလက်စတိုင်းနိုင်ငံဆိုတဲ့ အိုင်ဒီယာကို သိပ်လက်တွေ့မကျဘူးလို့ ခံစားမိနေတဲ့ ပါလက်စတိုင်းသားတွေလည်း ပိုများလာနေတယ်။ (အစ္စရေးနဲ့ပါလက်စတိုင်းအတွက်) နှစ်နိုင်ငံပူးတွဲရပ်တည်ရေးဖြေရှင်းချက်(Two-state Solution) ဆိုတာရော (အကောင်အထည်ဖော်ဖို့) အခွင့်အရေးရှိသေးရဲ့လား။**

ကျွန်တော်ကတော့ ဒီနှစ်နိုင်ငံ ပူးတွဲရပ်တည်ရေးဖြေရှင်းချက်ဟာ ဖြစ်နိုင်ခြေရှိတယ်လို့ ယုံကြည်နေရုံသာမကဘဲ ဒီဖြေရှင်းချက်မဖြစ်နိုင်ဘဲ ပွဲပြီးသွားပြီလို့ လူတွေအနေနဲ့လည်း အလောသုံးဆယ်မကြေညာသင့်ဘူးလို့ ယုံကြည်နေတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါမှမဟုတ်ရင် အစားထိုးစရာက ဘာလဲ။ ဒါ အစ္စရေးက မဖြစ်မနေဖြေရမယ့်မေးခွန်းပါ။

**ကုလအဖွဲ့ဝင်ဖြစ်ဖို့ လျှောက်ထားရင် အခွန်ငွေတွေနဲ့ အကောက်ခွန်လုပ်ငန်းတွေ လွှဲပြောင်းပေးနေတာကို ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ကိုမပေးတော့ဘဲဖြတ်တောက်မယ်လို့ အစ္စရေးဘက်ကခြိမ်းခြောက်ထားတယ်။ ဒီတော့ဝန်ကြီးချုပ်တို့လည်း မကြာခင်ဝင်ငွေပြတ်လပ်သွားနိုင်ပါတယ်။**

ကျွန်တော်တို့ဟာ အကျပ်အတည်းရဲ့အလယ်ကို ရောက်ခဲ့ပြီးပါပြီ။ ဝန်ထမ်းလစာတွေပေးဖို့အရေးဟာလည်း အခုချိန်မှာ ခက်ခဲနေတာအမှန်ပါပဲ။

**ဒါဆို အစ္စရေးဘက်က ငွေစီးဆင်းမှုရပ်တန့်လိုက်ရင် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ပြိုလဲသွားနိုင်မလား။**

ကျွန်တော်တို့ဟာ ဘတ်ဂျက်အသုံးစရိတ်ကိုလျှော့ချပြီး ကူညီထောက်ပံ့မှုအပေါ် မှီခိုရမှုနည်းအောင်လုပ်နေပါတယ်။ တချို့ကတော့ ဒီအကျပ်အတည်းကို သက်သေထုတ်ပြပြီး ကျွန်တော်တို့ဟာ ကိုယ်ပိုင်နိုင်ငံအဖြစ် မရပ်တည်နိုင်ဘူးလို့ဆိုကြတယ်။ ဒါပေမဲ့ ဒါဇင်နဲ့ချီတဲ့ နိုင်ငံတွေဟာလည်း ဒီလို အကျပ်အတည်းမျိုးတွေနဲ့ကြုံပြီး ဆယ်စုနှစ်များစွာကြာအောင် ရှင်သန်ခဲ့တယ်။ ဒီအချက်က သူတို့ကို နိုင်ငံအဖြစ် ရပ်တည်ဖို့ အရည်အချင်းမမီဘူးလို့ ပြောနိုင်သလား။ မပြောနိုင်ဘူးလေ။

**အခုတစ်ကြိမ်ဟာ ဝန်ကြီးချုပ်ရဲ့ ရာထူးသက်တမ်း လေးနှစ်မြောက်ပါပဲ။ ဒါပေမဲ့ ဝန်ကြီးချုပ်ဟာ တစ်ခါမှ ရွေးကောက်တင်မြှောက်ခံပြီး ရာထူးရလာတာမဟုတ်ဘူးနော်။ ပါလက်စတိုင်းဟာ ဒီမိုကရက်တစ်နိုင်ငံဖြစ်ရဲ့လား။**

ကျွန်တော့်ကိုယ် ကျွန်တော် ဒီမိုကရက်တစ်ဦးလို့ပဲတွေးပါတယ်။ ဒါ့ကြောင့် ဟားမားစ်နဲ့ ဖတာ ပါလက်စတိုင်းအဖွဲ့ခွဲနှစ်ခုအကြား ကွဲပြားမှုတွေရပ်တန့်ဖို့ သဘောတူညီချက်ရတော့ ဝမ်းသာမိခဲ့တယ်။ ဒီကွဲပြားမှုကိုကျော်လွန်ပြီး ဒီမိုကရေစီစနစ်အပြည့်အဝလည်ပတ်နိုင်အောင် ကျွန်တော်တို့လုပ်ရပါမယ်။

*—Ref: Spiegel Interview with Palestinian Prime Minister Salam Fayyad. 19th Sept.*



## တရုတ်(တိုင်ပေ)မှာအောင်ပွဲခံခဲ့တဲ့ Girls Generation

**ဆိုးလ်-စက်တင်ဘာ ၂၂**

ကိုရီးယားပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Girls Generationအဖွဲ့သည်သူတို့၏ဒုတိယမြောက်တစ်ကိုယ်တော်ပြည်ပဖျော်ဖြေပွဲတစ်ရပ်ကို တရုတ်(တိုင်ပေ)တွင်ပြုလုပ်ခဲ့ရာ ပရိသတ်သုံးသောင်းကျော်လာရောက်ခဲ့သဖြင့် အောင်မြင်သောဂီတဖျော်ဖြေပွဲတစ်ခုဖြစ်လာခဲ့သည်။

အမျိုးသမီးငယ် ကိုးဦးပါဝင်သော တောင်ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ Girls Generation သည် ၂၀၁၁ခုနှစ်ဂီတဖျော်ဖြေရေးခရီးစဉ်၏ တစ်စိတ်တစ်ပိုင်းအနေနှင့် စက်တင်ဘာ၉ရက်မှ၁၁ရက်အထိ တရုတ်(တိုင်ပေ)တွင်ဖျော်ဖြေခဲ့သည်။ သူတို့၏အအောင်မြင်ဆုံးသီချင်းများဖြစ်သောGenie,Gee, Ohသီချင်းတို့အပြင်တစ်ဦးချင်းစီ လည်းဖျော်ဖြေခဲ့ပြီး စုစုပေါင်းသီချင်းအပုဒ်ရေ၃၁ပုဒ်သီဆိုခဲ့သည်။

Ref: KBS



C Talk

## နုနုရည်(အင်းဝ) ပြောပြတဲ့ ကျွန်မဖြစ်ချင်သူ နှစ်ယောက်အကြောင်း

ချမ်းခိုက်ခိုက်

"လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ"

(ဗန်းမော်တင်အောင်- ၁၉၂၀-၁၉၇၈)


**စာရေးဆရာမ နုနုရည်(အင်းဝ)က ယခုလဆန်းပိုင်းစာပေဟောပြောပွဲတစ်ခုမှာ ပြောခဲ့တဲ့ အကြောင်းအရာက လူငယ်တွေကြားမှာလှုပ်ခတ်မှုရှိခဲ့ပါတယ်။ ဆရာမဟာ ကျွန်မဖြစ်ချင်သူနှစ်ယောက်ဆိုတဲ့ ခေါင်းစဉ်နဲ့ သူလေးစားအားကျတဲ့စာရေးဆရာ ဗန်းမော်တင်အောင်နဲ့ ဗန်းမော်တင်အောင်ရဲ့ စာတွေကိုဖတ်ပြီး ကြီးပြင်းခဲ့သူ လူငယ်တို့နှစ်ဦးအကြောင်း ဟောပြောခဲ့တာဖြစ်ပြီး စာပေရေးသားခြင်းကြောင့်ဖဆပလအစိုးရလက်ထက်မှာ ပထမဆုံးအကျဉ်းကျခံခဲ့ရတဲ့ ဗန်းမော်တင်အောင်ရဲ့ သမိုင်းရုပ်ပုံလွှာကို ဒီကဏ္ဍကနေ ဆရာမက လှစ်ပြထုတ်ဖော်ခဲ့တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။**

စာပေဟောပြောပွဲတွေကို ပြည်တွင်းပြည်ပစာဖတ်ပရိသတ်တွေ ပိုပြီးစိတ်ဝင်စားလာကြတာတွေ့ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျေးဇူးလည်း တင်မိပါတယ်။ ကျွန်မတို့စာရေးဆရာတွေအနေနဲ့လည်း စာဖတ်ပရိသတ်အတွက် ကျွန်မတို့ စာပေဟောပြောပွဲတွေကနေ အကျိုးရှိရာရှိကြောင်းလေးတစ်ခုခုတော့ ပေးနိုင်ဖို့ တာဝန်ရှိတယ်လို့ကျွန်မထင်ပါတယ်။ အဲဒီတော့ ဘယ်လိုအကြောင်းအရာမျိုးတွေပြောရမလဲ၊ ပြောသင့်သလဲဆိုတာ စဉ်းစားရတာပေါ့လေ။ တကယ်ဆို. . ကျွန်မက စကားပြောကောင်းတဲ့သူမဟုတ်ပါဘူး။ လူရှေ့သူရှေ့စကားပြောဖို့လည်း အတော်အားမွေးရတဲ့သူပါ။ ဒါပေမဲ့ စာရေးဆရာတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်လို့ထင်လို့ ကိုယ်ပြောချင်တာလေးတွေကိုလည်း စာဖတ်ပရိသတ် အ တွက် ပြောရအောင်လို့ စင်ပေါ်တက်နေတဲ့သူပါ။

မကြာသေးခင်က ကျွန်မ နာရေးကူညီမှုအသင်းမှာ ဟောခဲ့တဲ့အကြောင်းအရာဟာ စာဖတ်ပရိသတ်ကို ကျွန်မပြောချင်တဲ့ အကြောင်းအရာတွေထဲကတစ်ခုပါ။ ကျွန်မဟောပြောခဲ့တဲ့ခေါင်းစဉ်က "ကျွန်မဖြစ်ချင်တဲ့သူ နှစ်ယောက်"တဲ့။

စာ(၄၉)သို့





## မြို့လေးမြို့ကပရိသတ်တွေနဲ့ တွေ့ဆုံခဲ့တဲ့ ရဲတိုက်

**ရန်ကုန်-စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့များဖြစ်သည့် ချောက်၊ ပခုက္ကူ၊ မုံရွာနှင့် မန္တလေးမြို့များသို့ သွားရောက်၍ ယင်းမြို့များ မှပရိသတ်များနှင့် တွေ့ဆုံ၍ လက်မှတ်ရေးထိုးပေးခဲ့ပြီး အမှတ်တရဓာတ်ပုံတွဲရိုက်ခြင်းများ ပြုလုပ်ခဲ့သည်ဟုရဲတိုက်ကပြော ကြားခဲ့သည်။

စက်တင်ဘာ၁၉ရက် နံနက်တွင် ချောက်မြို့သို့ရောက်ရှိပြီးမြို့လယ်ရှိတော်ဝင်နန်းခန်းမ၌ ပရိသတ်များနှင့်တွေ့ဆုံလက်မှတ်ရေးထိုးပေးကာ အမှတ်တရဓာတ်ပုံတွဲဖက်ရိုက်ကူးပေး ခဲ့သည်။ ထိုမှတစ်ဆင့် ပခုက္ကူမြို့သို့သွားရောက်ကာ လပ်ကီးဗီဒီယိုဖြန့်ချိရေးတွင် ပရိသတ်နှင့်တွေ့ဆုံခဲ့သည်။ ထိုနေ့မှာပင်မုံရွာမြို့သို့လည်း သွားရောက်ကာ ပရိသတ်နှင့်တွေ့ဆုံခဲ့သည်။

"မုံရွာမှာပရိသတ်အရမ်းများနေလို့ အရင်ကစိတ်ကူးထားသလို လက်မှတ်ထိုးတာ၊ဓာတ်ပုံတွဲရိုက်တာတွေမလုပ်ခဲ့ရဘူး။ မုံရွာကိုနောက်တစ်ခါပြန်သွားချင်သေးတယ်။ ဒီတစ်ခေါက်ပရိသတ်ကို ဘာမှလုပ်မပေးနိုင်ခဲ့လို့ အားမရဘူး"ဟုရဲတိုက်နှင့်အတူလိုက်ပါခဲ့သော ဆာတိုရီ ဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာရီဇော်ကပြောသည်။

စက်တင်ဘာ ၂၀ရက်တွင်မန္တလေးမြို့သို့သွားရောက်ကာ နံနက်ပိုင်း၌ စွမ်းစွမ်းဗီဒီယိုထုတ်လုပ်ရေး၌ပရိသတ်များကိုလက်မှတ်ရေးထိုးပေးခဲ့ပြီး ညနေပိုင်းတွင် ၇၈လမ်းမကြီးပေါ်ရှိ 78စျေးဝယ်စင်တာ၌ ပရိသတ်နှင့်တွေ့ဆုံပွဲပြုလုပ်ခဲ့သည်။ "မန္တလေးမှာအားအရဆုံးပဲ။ပရိသတ်တွေတော်တော်များများလာတယ်။ ပရိသတ်ကိုလက်မှတ်ထိုးပေးနိုင်ခဲ့သလိုအမှတ်တရဓာတ်ပုံရိုက်တာအပြင် ပရိသတ်တွေရဲ့ ရဲတိုက်အပေါ် အမြင်တွေ၊အကြံပေးချက်တွေ၊ဝေဖန်သံတွေနားထောင်ခွင့်ရခဲ့တယ်"ဟုထိုသို့တွေ့ဆုံပွဲကို စီစဉ်ခဲ့သူဆာတိုရီမှတာဝန်ရှိသူတစ်ဦးကပြောသည်။ ယခုခရီးစဉ်သည် ရဲတိုက်အတွက် ပရိသတ်နှင့်သီးသန့်တွေ့ဆုံသည့် ပထမဆုံးခရီးစဉ်ဖြစ်ကြောင်းလည်းသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# လက်ပံရုပ်ရှင်ဇာတ်ကား စင်ကာပူတွင် ပြရန်စီစဉ်နေ

**အေးသူစံ**

**ရန်ကုန်၊**

**စက်တင်ဘာ- ၂၂**

'လက်ပံ' ရုပ်ရှင်ဇာတ်ကားကို စင်ကာပူနိုင်ငံရှိ Kreta Ayer Theatre တွင် ရုံတင်ပြသနိုင်ဖွယ်ရှိကြောင်း ယင်းဇာတ်ကား ရိုက်ကူးသူ ဒါရိုက်တာဝိုင်းက ပြောကြားသည်။

"လက်ပံဇာတ်ကားကို စင်ကာပူမှာသွားပြဖို့ ပရိုဂျူဆာနဲ့ ဟိုဘက်ကလူတွေသဘောတူညီမှု ယူထားတာ ရှိပါသေးတယ်။ ကိုယ့်ဘက်က အသံပိုင်းဆိုင်ရာကို စိတ်ကြိုက် မဖြစ်သေးတဲ့အတွက် သေချာလုပ်နေပါတယ်။ ဆင်ဆာလည်း မကျသေးပါဘူး"ဟု ဒါရိုက်တာဝိုင်းကပြောသည်။

'အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်' ရုပ်ရှင်ကားကို စတင်ရုံတင်ပြသခဲ့ပြီးနောက်မြန်မာဇာတ်ကားများကို ဆက်လက်ပြသရန် စီစဉ်နေကြောင်းလည်း သိရသည်။

'လက်ပံ' ဇာတ်ကားမှာမူ ၂၀၁၃ ခုနှစ်ရောက်မှသာ ပြည်တွင်းတွင် ရုံတင်ပြသနိုင်မည်ဖြစ်သည်။




လက်ပံရုပ်ရှင်ဇာတ်ကားမှ အနုပညာရှင်များ

ယင်းဇာတ်ကားကို ပြည်ပတွင် သွားရောက်ပြသရန် နည်းပညာပိုင်းဆိုင်ရာအတွက် မည်သည့်အပိုင်းကို ထပ်မံဖြည့်စွက်လိုပါသလဲဟု မေးမြန်းရာ ဒါရိုက်တာဝိုင်းက "အသံပိုင်းဆိုင်ရာအပြင် တခြားနည်းပညာပိုင်းအရ ဘာမှလုပ်စရာသိပ်မရှိဘူး။ အစ်ကိုတို့နိုင်ငံမှာ နည်းပညာကအရမ်းကို ရှားပါးနေသေးတာ။ လက်ပံမှာ နည်းပညာပိုင်းအရဒီလောက်ပဲ လုပ်နိုင်တဲ့အတွက် ရပ်လိုက်ပါပြီ။ ဒီထက်ပိုပြီး နည်းပညာပိုင်တဲ့ပညာရှင်တစ်ယောက်ကို ရှာနေပါတယ်။ ဒီ့ထက်ပိုပြီး တိုးတက်ဖို့ပေါ့"ဟု ဆက်လက် ပြောကြားသည်။ လက်ပံဇာတ်ကားသည်မြားစစ်သည်၏ဝတ္ထုကိုပြေတီဦး၊ စိုးမြတ်သူဇာ၊ ဖွေးဖွေး၊ကလေးသရုပ်ဆောင်ယွန်းယွန်းတို့နှင့် ရိုက်ကူးထားသော ဒရာမာဇာတ်ကားတစ်ကားဖြစ်သည်။













7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011



## စာ-၄၇၊ နုနုရည်(အင်းဝ)ပြောတဲ့ ကျွန်မဖြစ်ချင်သူနှစ်ယောက်အကြောင်း မှ

ကျွန်မ မမွေးခင်၊ ၁၉၅၀ ခုနှစ်ဝန်းကျင်မှာ အင်မတန် နာမည်ကျော်ကြားထင်ရှားခဲ့တဲ့ ဆရာဇန်းမော်တင်အောင်ရဲ့ စာအုပ်တွေကို ကျွန်မတက္ကသိုလ်ကျောင်းသူဘဝ၊ (၁၉၇၇)ခုနှစ်ကျမှ ဖတ်ဖူးပါတယ်။ ၁၉၇၈ ခုနှစ်မှာ ဆရာကွယ်လွန်ရှာတာပါ။ အသက် ၅၉ နှစ်ပဲရှိပါသေးတယ်။ ဆရာ့ကို မမြင်ဖူး၊ မတွေ့ဖူးလိုက်ပေမယ့် ဆရာရဲ့ ဂုဏ်သတင်းနဲ့ ဆရာရဲ့ စာအုပ်တွေ၊ ဆရာရဲ့ဇာတ်ကောင်တွေ၊ ဆရာရဲ့ စာပေအပေါ် ယုံကြည်ချက်တွေဟာ ကျွန်မအတွက်လေးစားအံ့သြတုန်လှုပ်စရာတွေချည်းပါပဲ။ ဆရာဟာ စာပေအရေးအသားကြောင့် ဖဆပလ အစိုးရရဲ့ အကျဉ်းသားအနေနဲ့ ပထမဆုံးအဖမ်းခံခဲ့ရတဲ့စာရေးဆရာ၊ ပြည်တော်သာ ခင်ခင်ဦး၊ သူပုန်ကြီးစတဲ့ ဝတ္ထုတွေကြောင့် ထောင်ထဲရောက်ခဲ့ရတဲ့စာရေးဆရာတစ်ယောက်ပါ။မြိုင်၊အညတြ၊ ဒေါက်တာရေချမ်း၊ ချောကလက်ဗိုလ်ကြီး၊ မုန်တိုင်းထဲက လူ စတဲ့၊ စတဲ့ . . ဝတ္ထုပေါင်းများစွာထဲက ဆရာ့ရဲ့ ဇာတ်ကောင်တွေကို လူငယ်တွေအတွက် ဆရာဟာ စံပြပုံစံတွေ ထုဆစ်ပြသွားခဲ့ပါတယ်။ သူဟာ အချစ်အတွက် အရက်ပုလင်းထဲ ခေါင်းနစ်ပြီး ဘဝကို အရှုံးပေးဖို့အားမပေးခဲ့ပါဘူး။လူငယ်ပဲလောကကြီးမှာပျော်ပျော်ပဲ။ ထင်သလိုနေ၊ လုပ်ချင်သလိုဆို လုပ်တဲ့လမ်းမျိုးဆီကိုလည်း တွန်းမပို့ပါဘူး။ ငွေဟာ အရာရာကို ခြယ်လှယ်ဖန်တီးနိုင်တယ်ဆိုတဲ့ အတွေးအခေါ်မျိုးကိုလည်း တည်ဆောက်မပေးပါဘူး။ သူ့ခေတ်က စာပေနယ်မှာ အဲလို အယူအဆတွေကို သင်ပေးနေတဲ့ ကျော်ကြားတဲ့စာရေးဆရာတွေလည်း အများကြီးရှိခဲ့ပါသတဲ့။

ဆရာရဲ့ အနုပညာနဲ့ ထုဆစ်ပြခဲ့တဲ့ အများအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကို ချစ်တတ်တဲ့ ဝတ္ထုထဲက ဇာတ်ကောင်တွေကို အားကျလေးစားအတုခိုးပြီး ဆရာ့ဇာတ်ကောင်တွေအတိုင်း နေထိုင်လိုက်နာပြုမူခဲ့ကြတဲ့ လူငယ်တွေဟာလည်း အဲဒီခေတ်မှာ အများကြီးပေါ်ပေါက်ခဲ့ပါသတဲ့။

ကျွန်မအားကျလိုက်တာ။ ဆရာ့လို (ဆရာဇန်းမော်တင်အောင်လို)စာပေအတွက်ယုံကြည်မှုအတွက် အများအတွက် တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်အနစ်နာခံသွားတဲ့ စာရေးဆရာမျိုး ကျွန်မဖြစ်ချင်တယ်။ လူငယ်တွေလေးစားအားကျအတုခိုးရတဲ့ ဇာတ်ကောင်မျိုးတွေကို ဖန်တီးနိုင်တဲ့ဆရာ့လို စာရေးဆရာမျိုး ကျွန်မဖြစ်နိုင်ပါတယ်။ ပြီးတော့ ၁၉၆၂ ခုနှစ်မှာ လူမှုန်းစသိတတ်ပြီး (၁၉၆၂ မှ ၁၉၇၇ အထိ) ကျွန်မရဲ့ (မရေမရာ) လူငယ်ဘဝဖြတ်သန်းမှုကို အသစ်တစ်ဖန်ပြန်စလို့များ ရနိုင်မယ်ဆိုပါရင် ဆရာ့စာတွေကို ဖတ်ပြီး၊ ဆရာ့ဇာတ်ကောင်တွေကို အားကျလေးစားအတုခိုးပြီး တိုင်းပြည်နဲ့ လူမျိုးကို ချစ်စိတ်နဲ့ . . ။ အများအတွက် စွန့်လွှတ်အနစ်နာခံခဲ့ကြတဲ့ လူငယ်တွေရဲ့ဘဝဖြတ်သန်းမှုမျိုးနဲ့ အသစ်တစ်ဖန်ပြန်လို့စချင်ပြီး အဲလိုလူငယ်မျိုး ကျွန်မဖြစ်ချင်ပါတယ်။

ယနေ့အချိန်ထိ ဆရာဇန်းမော်တင်အောင်ရဲ့ စာတွေကိုဖတ်ပြီး မြန်မာပြည်ရဲ့တစ်နေရာရာမှာ ကမ္ဘာမြေရဲ့တစ်နေရာရာမှာ တိုင်းပြည်နဲ့ လူမျိုးကို ချစ်စိတ်နဲ့ အများအတွက် စွန့်လွှတ်အနစ်နာခံနေကြတဲ့ လူငယ်မျိုးကျွန်မဖြစ်ချင်ပါတယ်။ ကျွန်မဖြစ်ချင်တဲ့ သူနှစ်ယောက်ဟာ အဲဒီနှစ်ယောက်ပါ။ အဲဒီလူမျိုး နှစ်ယောက်ပါ။

ကျွန်မဖြစ်ချင်တဲ့အဲဒီလူမျိုးနှစ်ယောက်ရဲ့ တိုက်တိုက်ဆိုင်ဆိုင်တွေ့ဆုံမှုဟာလည်း အင်မတန်အံ့သြစရာကောင်းပါတယ်။ အတွေးအခေါ်တွေ၊ ယုံကြည်ချက်တွေ၊ တိုင်းပြည်နဲ့ လူမျိုးကိုချစ်တာတွေ တူညီနေတဲ့ ဆရာဇန်းမော်နဲ့ အဲဒီလူငယ်တွေ့ဆုံကြတဲ့နေရာဟာ အလှနဲ့ ရက်စက်မှုတွေ ဖန်တီးနေတဲ့ ကိုကိုးကျွန်းဆိုတဲ့ နေရာမှာပါ။ စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်မလိုပဲ ဟောပြောပွဲနားထောင်သူစာဖတ်ပရိသတ်အတွက် အကျိုးရှိရာရှိကြောင်း တစ်ခုခုလေးကိုပဲ ရလိမ့်မယ်လို့ထင်ပါတယ်။ ဒါကြောင့် ကျွန်မဒီအကြောင်းအရာကို ဟောပြောခဲ့တာပါ။

## ‘ပြုံး၍လည်းကန်တော့ခံတော်မူပါ’ ဝတ္ထုဖြစ်ပေါ်လာပုံ ကိုရီးယားနိုင်ငံတွင် စာတမ်းဖတ်ကြားမည်



**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ-၂၂**

တောင်ပြုန်းနောက်ခံနတ်ကတော်ဘဝဖြတ်သန်းမှု အကြောင်းကို ရေးသားထားသော‘ပြုံး၍လည်းကန်တော့ခံတော်မူပါ၊ရယ်၍လည်းကန်တော့ခံတော်မူပါ’ဝတ္ထုဖြစ်ပေါ်လာပုံကို စာတမ်းတစ်စောင်အဖြစ် ကိုးရီးယားနိုင်ငံတွင် ဖတ်ကြားမည်ဖြစ်ကြောင်းအဆိုပါ ဝတ္ထုရေးသားခဲ့သူ စာရေးဆရာမ နုနုရည်အင်းဝကပြောကြားသည်။

“ကိုးရီးယားကို အောက်တိုဘာလ ၂၆ ရက်သွားမယ်။ ၂၇ ကနေ ၃၀ အထိ ကိုရီးယား စာရေးဆရာအသင်းက ပြုလုပ်တဲ့ဆွေးနွေးပွဲကို တက်ရောက်ဖို့ ဖိတ်ကြားချက်အရသွား ရောက်တာပါ။ အဲဒီမှာ စာတမ်းလေးတစ်ခုဖတ်ပါမယ်။ ကျွန်မက ‘ဝတ္ထုတစ်ပုဒ်မွေးဖွားခြင်းနဲ့ နတ်ကိုးကွယ်ယုံကြည်မှု’ ဆိုတဲ့ ခေါင်းစဉ်ကိုစာတမ်းဖတ်မှာပါ။ ကျွန်မ ရေးထားတဲ့ ‘ပြုံး၍လည်းကန်တော့ခံတော်မူပါ’ ဝတ္ထုကို ဘယ်လို မွေးဖွားခဲ့လဲဆိုတာကို သူတို့ကိုရီးယားနိုင်ငံမှာလည်း ‘ရှာမနက်ဇင်’ ဆိုတဲ့ နတ်ကိုးကွယ်ယုံကြည်မှုနဲ့နှိုင်းယှဉ်ပြီး ဖတ်ကြားပါမယ်။ နိုဝင်ဘာ၅ရက် ပြန်ရောက်ပါမယ်” ဟု နုနု ရည် အင်းဝက ပြောသည်။

ဂျပန်နိုင်ငံသို့လည်း နိုဝင်ဘာလတွင် စာပေဟောပြောပွဲ သွားရောက်ရန်ရှိပြီး ချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း) တို့နှင့်အတူ သွားရောက်မည်ဖြစ်သည်။ ဂျပန်နိုင်ငံတွင်‘ကျွန်မရေးတဲ့စာ၊ ကျွန်မဖတ်တဲ့စာ’၊ ‘ကဗျာဆရာတစ်ယောက်မွေးဖွားခြင်း’ စသည့်အကြောင်းအရာများဟောပြောရန်စီစဉ်ထားသည်ဟု သိရသည်။

## “ဖလန်းဖလန်းဖြစ်တဲ့ အချစ်” ပုံရှင်ဇာတ်ကား မကြာမီကြည့်ရှုရတော့မည်

**အေးသူစံ**

**ရန်ကုန်၊**
**စက်တင်ဘာ-၁၂**

လူစွမ်းကောင်းရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးထားသည့် ‘ဖလန်းဖလန်းဖြစ်တဲ့အချစ်’ ရုပ်ရှင်ကားကိုအောက်တိုဘာလဆန်းပိုင်းတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် ငယ်ငယ်ရွယ်ရွယ်နှင့်သားတစ်ယောက်အမေ မုဆိုးမအဖြစ်ကျန်ရစ်သူ ဒေါ်ဥမ္မာတင်အဖြစ်မို့မို့မြင့်အောင်၊ သမီးတစ်ယောက် အဖေ မုဆိုးဖိုဦးမင်းကျော်စွာအဖြစ် ရန်အောင်တို့က သရုပ်ဆောင်ထားပြီး အသက်ကြီးမှ နှစ်ဦးသား အချစ်ကိုတွေ့ရှိခဲ့သော်လည်း ၎င်းတို့အသီးသီး၏ သားနှင့် သမီးဖြစ်သူတို့မှာလည်း စီးပွားပြိုင်ဘက်များဖြစ်ပြီး လူငယ်ချင်းလည်း ချစ်သူများဖြစ်နေကြသောကြောင့် နှစ်တွဲလုံးလက်ထပ်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် အချင်းချင်းအလျှော့ပေးရင်းမှ နှစ်တွဲလုံးဝေးကွာခဲ့ကြပြီးနောက် မိတ်ဆွေများ၏ ဖန်တီးမှုကြောင့် ပြန်လည်ပေါင်းစည်းကြပုံကို ဟာသဇာတ်ကွက်များဖြင့် ရိုက်ကူးထားခြင်းဖြစ်သည်။

သားနှင့်သမီးအဖြစ် နေတိုးနှင့် အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်ထားပြီး လူငယ်ဖြစ်စေ၊ လူကြီးဖြစ်စေ အချစ်နှင့်မကင်းနိုင်ကြပုံ၊ အချစ်စစ်မှန်လျှင်ပေါင်းဖက်တတ်ကြရပုံတို့ကို ဟာသနှော ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

ယခုလက်ရှိရုံတင်နေသော ‘အငိုမျက်လုံး အပြုံးမျက်နှာ’ဇာတ်ကားပြီးပါက ရုံတင်ပြသမည်ဖြစ်သည်။

## အနုပညာသတင်းတိုများ

**အေးသူစံ**

■မြန်မာပြည်သိန်းတန်၏ ဖျော်ဖြေပွဲကို ရန်ကုန် အောက်တိုဘာ ၂၂ရက်နှင့်မန္တလေးတွင် ကျင်းပမည်ဖြစ်ရာအောက်တိုဘာလ ၈ ရက်တွင် မန္တလေးမြို့၌စတင်ဖျော်ဖြေမည်ဖြစ်ပြီး ရန်ကုန်တွင် အောက်တိုဘာလလယ်ပိုင်း၌ ဖျော်ဖြေမည်ဖြစ်သည်။ ယင်းဖျော်ဖြေပွဲတွင် အင်ပါယာတီးဝိုင်းနှင့်အတူ ဇော်ဝင်းထွဋ်၊ ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ နီနီခင်ဇော် စသည့်အဆိုတော်များ ပါဝင်မည်ဖြစ်သည်။

■သီတင်းကျွတ်လပြည့်နေ့ပျော်ပွဲရွှင်ပွဲအဖြစ် ဘိုဘိုအန်တာတိန်းမန့်မှ ဦးစီးကျင်းပမည့် ဟစ်ဟော့ပ်ဖျော်ဖြေပွဲကို အောက်တိုဘာလ ၁၂ ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ စိုင်းစိုင်းခမ်းလှိုင်၊ ဂျေမီ၊ ရဲလေး၊ Snare၊ ဂျောက်ဂျက်၊ လွှမ်းပိုင်၊ ကျော်ထွဋ်ဆွေ၊ စန္ဒီမြင့်လွင်၊ ဝိုင်းစုခိုင်သိန်း၊ မိစန္ဒီ၊ Bobby Soxer စသည့် အဆိုတော်များပါဝင်ပြီး လက်မှတ်ဈေးနှုန်းကို ကျပ်ငါးထောင်သတ်မှတ်ထားကြောင်း သိရသည်။

■နာရေးကူညီမှုအသင်း(ရန်ကုန်)တွင် ဧရာဝတီမြစ်ရင်ခုန်သံပြပွဲကိုပြုလုပ်ခဲ့သည်။ ၎င်းပြပွဲတွင် စာပေဂီတ၊ အနုပညာရှင်က အက်ဆေး၊ ကဗျာစာတမ်းများကိုဖတ်ကြားခဲ့ကြသည်။ ပတ်သက်သည့် ကဗျာ၊ ခံစားချက်များကို စက်တင်ဘာလ ၂၃ ရက် နံနက်တွင် စာပေဂီတ ရုပ်ရှင်စသည့်အနုပညာရှင်များက ရွတ်ဖတ်ကြမည်ဖြစ်ကြောင်းအသင်းဥက္ကဋ္ဌ ဦးကျော်သူကပြောသည်။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Lion King | N/A | ၃၀,၁၅၁,၆၁၄ | ၁ |
| ၂။ | Contagion | Warner Bros | ၄၄,၂၆၀,၅၂၄ | ၂ |
| ၃။ | Drive | Film District | ၁၁,၃၄၀,၄၆၁ | ၁ |
| ၄။ | The Help | N/A | ၁၄၇,၄၃၉,၇၉၃ | ၆ |
| ၅။ | Straw Dogs | Screen Gems | ၅,၁၂၃,၇၆၀ | ၁ |
| ၆။ | I Don't Know How She Does It | The Weinstein Company | ၄,၄၀၂,၂၀၁ | ၁ |
| ၇။ | The Debt | Lionsgate | ၂၆,၅၆၄,၄၃၁ | ၃ |
| ၈။ | Warrior | Focus Features | ၁၀,၀၀၂,၆၂၅ | ၂ |
| ၉။ | Rise of the Planet of the Apes | 20th Century | ၁၇၁,၆၅၁,၅၃၇ | ၇ |
| ၁၀။ | Colombiana | Sony Pictures | ၃၃,၃၇၇,၅၂၃ | ၄ |

## Movie Review

### Killer Elite




ဒုက္ခတွေ့နေသောဆရာဖြစ်သူအား ကယ်တင်ရန် တာဝန်မှ အနားယူသွားပြီဖြစ်သော အထူးစစ်ဆင်ရေးအေးဂျင့်တစ်ယောက် ပြန်လည်လှုပ်ရှားရသည်။ သို့သော် ဆရာအားကယ်တင်နိုင်ရန်အတွက် ကောက်ကျစ်ယုတ်မာသော ခေါင်းဆောင်တစ်ဦး ဦးဆောင်သည့် လက်မရွံ့လုပ်ကြံရေးသမားသုံးဦးအဖွဲ့ကို ကျော်လွှားရမည်ဖြစ်ရာ အထူးစစ်ဆင်ရေးအေးဂျင့်ဟောင်းမှာ သူ့အစွမ်းအစအားလုံး ထုတ်သုံးရမည်ဖြစ်သည်။

တကယ့်အဖြစ်အပျက်ကို အခြေခံထားသော ဝတ္ထုအားရုပ်ရှင်အဖြစ် ပြောင်းလဲထားသည့် ဇာတ်ကားတွင် Jason Statham၊ Clive Owen၊ Rebert De Niro၊ Yvanne Strahovski တို့ ပါဝင်သရုပ်ဆောင်ထားပြီး Gary Mekendry က ရိုက်ကူးထားသည်။ စွန့်စားခန်း၊ အက်ရှင်၊ သည်းထိတ်ရင်ဖိုပေါင်းစပ်ထားသည့်ဇာတ်ကားကို စက်တင်ဘာ ၂၃ ရက် နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# အာဆီယံယူ-၁၉ ဗိုလ်လုပွဲ ည ၁၁ နာရီခွဲတွင်မှ ပြီးဆုံးသည့်အတွက် အချိန်နောက်အကျဆုံးပွဲအဖြစ် မှတ်တမ်းဝင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

အာဆီယံယူ-၁၉ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သည် ည ၁၁ နာရီခွဲဝန်းကျင်အချိန်တွင်မှ ပြီးဆုံးခဲ့ရာ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် နိုင်ငံတကာပွဲစဉ်များအနက် အချိန်နောက်ကျဆုံးသော ဘောလုံးပွဲအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။



ဓာတ်ပုံ - ဇေအောင်

ပွဲစဉ်ဇယားအရ စက်တင်ဘာ ၂၁ ရက်ညနေ ၃ နာရီခွဲအချိန်တွင် ၎င်းပြိုင်ပွဲ၏ တတိယနေရာလုပွဲ၊ ညနေ ၆ နာရီ ၁၀ မိနစ်တွင် ဗိုလ်လုပွဲစဉ်အား ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သုဝဏ္ဏကွင်းအခြေအနေဆိုးရွားခဲ့သည့်အတွက် တတိယနေရာလုပွဲစဉ်အား နှစ်နာရီကြာနောက်ဆုတ်ခဲ့ရကာ ညနေ ငါးနာရီခွဲမှစတင်ကျင်းပနိုင်ခဲ့သည်။

တတိယနေရာလုပွဲစဉ်တွင် မလေးရှားအသင်းက အိမ်ရှင်မြန်မာအသင်းအား ပယ်နယ်တီဆုံးဖြတ်ချက် ၄-၂ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက်ဗိုလ်လုပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့်ဗီယက်နမ်အသင်းတို့ပွဲစဉ်အား ည ၈ နာရီခွဲအချိန်တွင် စတင်ကျင်းပခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်တွင်လည်း အချိန်ပိုမိနစ် ၃၀ ကစားပြီးချိန်အထိ တစ်ဂိုးစီသရေကျနေသဖြင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာ ထိုင်းအသင်းက ၆-၄ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

၎င်းဗိုလ်လုပွဲစဉ် ပြီးဆုံးချိန်တွင် ည ၁၁ နာရီခွဲဝန်းကျင်အချိန်ရှိခဲ့ပြီး ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားပြီးဆုံးချိန်တွင် စက်တင်ဘာ ၂၁ ရက် ညသန်းခေါင်ယံ ၁၂ နာရီဝန်းကျင်အချိန် ရောက်ရှိနေပြီဖြစ်သည်။

"မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ ပြည်တွင်း၊ ပြည်ပ(နိုင်ငံတကာ) ဘောလုံးပြိုင်ပွဲပွဲစဉ်တွေမှာ ဒီလောက်အချိန်နောက်ကျပြီးဆုံးတဲ့ ပွဲစဉ်တစ်ခါမှ မရှိခဲ့ဖူးပါဘူး။ နောက်အကျဆုံး ည ၉ နာရီကျော်နောက်ဆုံးပါပဲ။ ဒီဗိုလ်လုပွဲစဉ်နောက်ကျသွားတာကတော့ ရှေ့မှာ တတိယနေရာလုပွဲစဉ်ရှိတာရယ်၊ ရာသီဥတု အခြေအနေကြောင့် အချိန်နောက်ဆုတ်ခဲ့ရတာရယ်၊ နှစ်ပွဲစလုံးပယ်နယ်တီအဆုံးအဖြတ်အထိ ဖြစ်သွားတာရယ် ဒါတွေကြောင့် ပွဲပြီးဆုံးချိန်အရမ်းနောက်ကျခဲ့ရခြင်းဖြစ်ပါတယ်"ဟု ဝါရင့်အားကစားကလောင်ရှင်တစ်ဦးက ပြောသည်။

"အဲဒီနေ့ ယူ-၁၉ အာဆီယံဖိုင်နယ် ထိုင်းနဲ့ဗီယက်နမ်ပွဲကတော့ဗျာ ကျွန်တော်ထင်တယ်။ မိုးအချုပ်ဆုံးပွဲလို့ပဲ။ အရင်တုန်းကလည်း အောင်ဆန်းကွင်းမှာရော၊ သုဝဏ္ဏကွင်းမှာပါ ညပွဲတွေ မီးထွန်းပြီးကစားဖူးပါတယ်။ ဒါပေမဲ့ ဒီပွဲလောက်နောက်မကျဘူး။ ခု ဒီပွဲကို အဓိကက မြန်မာပွဲလာကြည့်တာ။ ဗိုလ်လုပွဲလည်း ကောင်းလို့ဆက်ကြည့်ဖြစ်သွားတယ်။ ဆုပေးပွဲပြီးတော့ ည ၁၂ နာရီကျော်နေပြီ။ အိမ်ရောက်တော့ နောက်တစ်နေ့မနက် တစ်နာရီထိုးနေပြီ"ဟု မင်္ဂလာတောင်ညွန့်မြို့နယ်မှ လာရောက်ကြည့်ရှုသူ ပရိသတ်တစ်ဦးကပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းမှာ စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးအသင်းဆုကိုမလေးရှားအသင်းက ရရှိခဲ့သည်။

# မြန်မာ ယူ-၂၃ အသင်းနည်းပြအဖြစ် ဇေယျာရွှေမြေအသင်းနည်းပြကိုခန့်အပ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာ ယူ-၂၃ ဘောလုံးအသင်းနည်းပြအဖြစ် စတီဖင်ဟန်ဆန်(ဇေယျာရွှေမြေအသင်းနည်းပြ)ကို ခန့်အပ်တာဝန်ပေးခဲ့ကြောင်း သတင်းရရှိသည်။

"အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မယ့် မြန်မာဘောလုံးအသင်းအတွက် နိုင်ငံခြားသားနည်းပြတွေထဲ ရွေးချယ်ခဲ့ရာမှာ ဟန်ဆန်အနေနဲ့ အသင့်တော်ဆုံးဖြစ်နိုင်တဲ့အတွက်ခန့်အပ်ခဲ့တာပါ"ဟု အဖွဲ့ချုပ်မှတာဝန်ရှိသူတစ်ဦးက ယခုလ ၂၃ ရက်တွင်ပြောသည်။

ဆွီဒင်လူမျိုး စတီဖင်ဟန်ဆန်သည် လက်ရှိတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဇေယျာရွှေမြေအသင်း၏နည်းပြချုပ်ဖြစ်ပြီး လာမည့် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ဆီးဂိမ်းပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာ ယူ-၂၃ ဘောလုံးအသင်းအတွက် နည်းပြချုပ်အဖြစ် ဘောလုံးအဖွဲ့ချုပ်မှ ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

"သူ့(ဟန်ဆန်)ကို နှစ်လစာချုပ် ချုပ်ဆိုသွားမှာဖြစ်ပြီး လစာကတော့(ဇေယျာရွှေမြေ)မှာရတဲ့လစာထက်ပိုပေးသွားမှာပါ။ နောက်ဆီးဂိမ်းမှာ မြန်မာအသင်း အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲအထိရောက်ရင် သူ့အထွက် ထပ်မံချီးမြှင့်ငွေပေးသွားမှာပါ"ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။

လက်ရှိတွင် မြန်မာ ယူ-၂၃ပဏာမလက်ရွေးစင်ဘောလုံးအသင်းအတွက်ကစားသမား၄၅ဦးရွေးချယ်ထားပြီးစက်တင်ဘာလ ၂၉ ရက်မှစတင်ကာ စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် တောင်ကိုရီးယားလူမျိုး နည်းပြဆရာတစ်ဦးသည်လည်း ယခုလ ၂၆ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ၎င်းအား မြန်မာဘောလုံးအသင်း ရေရှည်စီမံကိန်းအတွက် ရည်ရွယ်ထားကြောင်းသိရသည်။

မြန်မာ ယူ-၂၃ ဘောလုံးအသင်းသည် ၂၀၀၇ ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် ဒုတိယရရှိခဲ့ပြီး ၂၀၀၉ လာအိုဆီးဂိမ်းပြိုင်ပွဲတွင်မူ အုပ်စုအဆင့်မှထွက်ခဲ့ရသည်။

# မြန်မာအားကစားသမားများ သက်လုံကောင်းရန်လို

**ထူးသန့်**

**နေပြည်တော်၊စက်တင်ဘာ- ၂၀**

ဆယ်စုနှစ်များအတွင်း အားရဖွယ်အောင်မြင်မှုများနှင့် အလှမ်းဝေးခဲ့သော မြန်မာ့အားကစားပြန်လည်ဦးမော့ရေးအတွက် ယနေ့ကျင်းပခဲ့သော တွေ့ဆုံပွဲတွင် အားကစားသမားများ သက်လုံပိုင်းကောင်းဖို့လိုကြောင်း အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ပြောသည်။

"အထူးသဖြင့် အားကစားသမားတွေ သက်လုံကောင်းဖို့ လိုနေတယ်"ဟု အခြားအားနည်းချက်များကို ပြောကြားရင်း အဆိုပါအကြောင်းအရာကို ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လာမည့် အောက်တိုဘာလအတွင်း ဘောလုံးအားကစားဖွံ့ဖြိုးရေးအတွက်သီးသန့်အလုပ်ရုံဆွေးနွေး ပွဲကျင်းပသွားမည်ဖြစ်သည်။ ထို့နောက်အခြားအားကစားကဏ္ဍများအတွက် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပြီး ထိုဆွေးနွေးပွဲများအတွက်တင်ပြရန်ရှိသည်များကို ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

အားကစားဖွံ့ဖြိုးရေးအတွက် ငွေကြေးများ အကုန်ခံစိုက်ထုတ်ပေးနေရသောပုဂ္ဂိုလ်များနှင့် အဖွဲ့များကိုလည်း အားကစားနှင့် စပ်လျဉ်းပြီး တရားသဖြင့် ရရှိသော ဝင်ငွေနှင့်အလှူငွေများအပေါ် ဝင်ငွေခွန်စည်းကြပ်ခြင်းမှ သက်သာခွင့်၊ ကင်းလွတ်ခွင့်များ ရရှိရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ထည့်သွင်းပြောကြားသွားခဲ့ခြင်းဖြစ်သည်။

လာမည့်အောက်တိုဘာလအတွင်း ကျင်းပရန် ရှိသည့်မြန်မာ့ဘောလုံးအားကစားစွမ်းရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲအတွက်အနယ်နယ်အရပ်ရပ်မှဘောလုံးဝါသနာရှင်များ၊ အစိုးရဌာနအဖွဲ့အစည်းများ အားကစားကလောင်ရှင်များထံမှ ပွင့်ပွင့်လင်းလင်းဝေဖန်ရေးသားထားသော အကြံပြုချက်များကိုလည်း အားကစားဝန်ကြီးဌာနမှကြိုဆိုလျက်ရှိကြောင်း ယနေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။




# ဘောလုံးအားကစားမြင့်တင်ရေး အကြံပြုစာများ ပေးပို့နိုင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

မြန်မာ့ဘောလုံးအားကစားစွမ်းရည်မြှင့်တင်ရေးအတွက် အကြံပြုစာများရေးသားပြုစု၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

ဝန်ကြီးဌာနများ၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်အသင်းများ၊ အားကစားကလောင်ရှင်များ၊ ဘောလုံးအားကစားဝါသနာရှင်များအနေဖြင့် မြန်မာ့ဘောလုံးအားကစားစွမ်းရည်မြှင့်တင်နိုင်ရေးအတွက်ဆောင်ရွက်သင့်သည့် အကြံဉာဏ်များ၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ရေးသားပြုစုပေးကြရန် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းကပြောကြားကြောင်း စက်တင်ဘာ ၂၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

စက်တင်ဘာ ၁၉ ရက်က နေပြည်တော်အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ ကျင်းပသည့်မြန်မာ့ဘောလုံးအားကစားစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးကအ ထက်ပါအတိုင်း ပြောကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

မြန်မာ့ဘောလုံးအားကစားတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် နှစ်ပေါင်းတစ်ရာကျော် အပျော်တမ်းစနစ်မှ ဆုကြေးစားစနစ်သို့ ၂၀၀၉ ခုနှစ်တွင်စတင်ပြောင်းလဲခဲ့ပြီး ကျပ်ငွေသိန်းပေါင်းများစွာ အကုန်အကျခံကာ ဘောလုံးကလပ်အသင်းများဖွဲ့စည်း၍ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများကို ကျင်းပခဲ့သည်။ သို့သော် ဆုကြေးစားစနစ်ကို ပြောင်းလဲပြီးသုံးနှစ်ကာလအထိ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှာ အောင်မြင်မှုကြီးကြီးမားမား မရရှိသေးပေ။

အကြံပြုစာများ ပေးပို့လိုသူများအနေဖြင့် ရုံးအဖွဲ့မှူးအားကစားဝန်ကြီးဌာန ရုံးအမှတ် (၃၁) နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၃၈ နှင့် သတင်းနှင့်ပြန်ကြားရေးဌာန ဒါရိုက်တာ ဦးစိုးမိုးကျော် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၊ ရန်ကုန်မြို့သို့စက်တင်ဘာ၃၀ရက်နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။


POND'S
flawless white
Unilever
သင်သုံးနေသော အသားဖြူခရင်မ်က ဒီလိုဖြူဝင်းစေပါသလား ?
POND'S ကတော့ ဖြူဝင်းစေပါတယ်။


PREMIER®
COFFEE
စာလုံးဆက်ကံစမ်းမဲ အစီအစဉ်မှ +P+R+E+M တွဲဆက်ပြီး
ငွေကျပ် တစ်သိန်း ကံထူးရှင် (၇) ဦး
သဘာဝကော်ဖီစစ်စစ်အရသာ... ပရီမီယာ
PREMIER
INSTANT
ကံစမ်းမဲကာလကို
(၃၀.၉.၂၀၁၁) ထိ
(၁) လတိုးမြှင့်ထားပါသည်။
PREMIER COFFEE CO., LTD. Head Office: No.299(A), Mya Mar Lar Street, Thaketa Industrial Zone, Thaketa Township, Yangon, Myanmar.
Tel : 95-1-551429, 09 8619037, 09 8619038, 09 8641163 Fax : 95-1-551429

# ဒစ်စနေးကုမဏီနှင့် ဒါိုက်တာ ကင်မရွန်းတို့ ပူးပေါင်း Avatar ဉယျာဉ်များ တည်ဆောက်မည်



**လော့စ်အိန်ဂျလိစ်၊ စက်တင်ဘာ - ၂၁**

ဝေါ့တ်ဒစ်စနေးကုမ္ပဏီနှင့် ဟောလိဝုဒ်ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်းတို့သည် နာမည်ကျော် Avatar ဇာတ်ကားပါဇာတ်ဝင်ခန်းများဖြင့် ဖန်တီးမည့် အပန်းဖြေဉယျာဉ်များ တည်ဆောက်ရန် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ Avatar ဇာတ်ကားသည် ခေတ်အားလုံး၌ ပြသခဲ့သမျှ ရုပ်ရှင်များတွင် ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဖြစ်ခဲ့ပြီး ဒါရိုက်တာကင်မရွန်းအတွက် အအောင်မြင်ဆုံး ရုပ်ရှင်တစ်ကားလည်း ဖြစ်သည်။ ဒါရိုက်တာကင်မရွန်း၊ ဝေါ့တ်ဒစ်စနေးနှင့် ဖောက်စ်ရုပ်ရှင်ဖျော်ဖြေရေးကုမ္ပဏီတို့၏ သဘောတူညီချက်အရ ဒစ်စနေးကုမ္ပဏီသည် Avatar ဉယျာဉ်များကို လာမည့် ၂၀၁၃ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝန်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ဉယျာဉ်များ တည်ဆောက်ရေးအတွက် ခန့်မှန်းခြေကုန်ကျစရိတ်မှာ ကန်ဒေါ်လာသန်း ၄၀၀ ခန့် ကုန်ကျနိုင်ပြီး တည်ဆောက်ချိန် ငါးနှစ်ခန့်ကုန်ကျနိုင်ကြောင်း နီးစပ်သူတစ်ဦးကပြောသည်။ Avatar ရုပ်ရှင်သည် ကမ္ဘာတစ်ဝန်း ဝင်ငွေကန်ဒေါ်လာသုံးဘီလီယံခန့်ရခဲ့ပြီး ယင်းကား၏ အဆက် ဒုတိယရုပ်ရှင်ကို ၂၀၁၄ ခရစ်စမတ်ကာလတွင် ဖြန့်ချိမည်ဟု ဒါရိုက်တာကင်မရွန်းက ပြောကြားထားသည်။ —Ref: Reuters

# တရုတ်တိုင်ပေရှိ အက်ဖ်-၁၆ တိုက်လေယာဉ်များကို အမေရိကန်က အဆင့်မြှင့်တင်ပေးမည်

**နယူးယောက်၊ စက်တင်ဘာ - ၂၀**

အမေရိကန်အစိုးရသည် တရုတ်တိုင်ပေလေတပ်မှအက်ဖ်-၁၆တိုက်လေယာဉ် ၁၄၅ စီးကို အဆင့်မြှင့်တင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ အမည်မဖော်လိုသည့် ကန်တာဝန်ရှိသူတစ်ဦးက တိုင်ပေလေတပ်၏ လေယာဉ်များအဆင့်မြှင့်တင်ပေးရေးကိုကွန်ဂရက်ကအတည်မပြုမချင်း တရားဝင်ထုတ်ပြန်မည် မဟုတ်ကြောင်း၊ သို့သော် ၎င်းကိစ္စအတည်ဖြစ်ရန် သေချာကြောင်းဆိုသည်။

၎င်းအရာရှိက "ကွန်ဂရက်ကအတည်ပြုမယ့် ဆုံးဖြတ်ချက်က အက်ဖ်-၁၆ အေ၊ ဘီအမျိုးအစားလေယာဉ်တွေကို တန်းတူအရည်အသွေးရှိကြောင်း အဆင့်မြှင့်တင်သွားမှာပါ။ တိုင်ပေမှာ အေ၊ ဘီအမျိုးအစားလေယာဉ် ၁၄၅ စီးနဲ့ စီ၊ဒီ အမျိုးအစားလေယာဉ် ၆၆ စီးရှိနေပါတယ်။ အနာဂတ်မှာ နောက်ထပ်လေယာဉ်တွေရောင်းချဖို့လည်း ကျွန်တော်တို့စဉ်းစားနေပါတယ်" ဟုပြောသည်။

တရုတ်တိုင်ပေသည် ၂၀၀၇ ခုနှစ်တွင် ၎င်း၏ လေတပ်အတွက် အက်ဖ်-၁၆ စီ၊ဒီအမျိုးအစား လေယာဉ် ၆၆ စင်းဝယ်ယူခဲ့ပြီး တရုတ်နိုင်ငံ၏ ကြီးထွားလာနေသော စစ်ရေးအင်အားကို ရင်ဆိုင်နိုင်ရန်ပြင်ဆင်ခဲ့သည်။ —*Ref: AFP*



# တရုတ်သိပ္ပံပညာရှင်များက စီချွမ်ငလျင်တွင် ကျန်ရစ်ခဲ့သည့် ဝက်ကလေးကို ပုံတူမျိုးပွား

**ဘေဂျင်း၊ စက်တင်ဘာ - ၂၀**

တရုတ်သိပ္ပံပညာရှင်များသည် ၂၀၀၈ စီချွမ်ငလျင်လှုပ်စဉ်က တစ်လကျော်ကြာမသေဘဲအသက်ရှင်ကျန်ရစ်ခဲ့သော နာမည်ကျော်ဝက်ကလေး ကျူကျန်းချင်၏မျိုးဗီဇကို ပုံတူမျိုးပွားကာ ဝက်ပေါက်ခြောက်ကောင် ဖန်တီးနိုင်ခဲ့ကြောင်း ဟောင်ကောင်သတင်းစာဒေးလီးမောနင်းပို့စ်က ဖော်ပြသည်။ အဆိုပါ မျိုးပွားသည့် စီမံကိန်းမှာ ဝက်ကလေးကျူ အသက်ငါးနှစ် (လူ့အသက်နှင့်နှိုင်းလျှင် နှစ် ၆၀) ရှိနေပြီး ကျန်းမာရေးမကောင်းတော့သော်လည်း အောင်မြင်ခဲ့ကြောင်းသိရသည်။

ဝက်ကလေးကျူသည် စီချွမ်ငလျင်ဒဏ်တွင် မသေဘဲ အသက်ရှင်ခဲ့သည့် အံ့ဖွယ်တိရစ္ဆာန်တစ်ကောင်ဖြစ်သည်။ ၎င်းသည် ပြင်းအား ၈ ဒသမ ၀ မဂ္ဂနီကျူဒ် အဆင့်ရှိ ငလျင်ဒဏ်ခံခဲ့ရပြီး အဆောက်အအုံပျက်များ အောက်တွင် တစ်လကျော်ကြာ ပိတ်မိခဲ့သော်လည်း အသက်ရှင်ခဲ့သည်။ ၎င်းသည် အပျက်အစီးများအောက် ပိတ်မိနေစဉ်အတွင်း မီးသွေးများ စားသောက်ကာ မိုးရေသောက်ပြီးအသက်ရှင်ခဲ့သည်။

စီချွမ်ငလျင်ကြောင့်လူပေါင်း ၉၀,၀၀၀ ကျော် သေဆုံးခဲ့ပြီး တရုတ်နိုင်ငံသမိုင်းတွင် အဆိုးဝါးဆုံး ငလျင်တစ်ခုဖြစ်ခဲ့သည်။ ပုံတူမျိုးပွားသည့် စီမံကိန်းကို ဦးဆောင်ခဲ့သည့် ပညာရှင် တူယူတောက်က မျိုးပွားထားသည့် ဝက်ပေါက်ခြောက်ကောင်သည် ၎င်းတို့၏ ဖခင်နှင့် အသွင်အပြင်တူညီကြောင်း၊ မျက်လုံးများတွင် မွေးရာပါအမှတ်အသားပါဝင်ကြောင်း ပြောသည်။ ၎င်းတို့ကို တစ်စုံစီတွဲဖက်ကာ ပြတိုက်တစ်ခုနှင့် မျိုးဗီဇအင်စတီကျူဒ်တစ်ခုသို့ပေးပို့ထားခဲ့ကြောင်း သတင်းစာကဖော်ပြသည်။

—*Ref: BBC*



# အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် 'ဖြတ်လမ်း' မရှိဟု အိုဘားမားပြောကြား



**ကုလသမဂ္ဂ၊ စက်တင်ဘာ - ၂၂**

ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာရေး ပါလက်စတိုင်းတို့၏ ကြိုးပမ်းမှုကြောင့် နိုင်ငံတကာ ပြဿနာဖြစ်လာမည့်အရေးကို ရှောင်လွှဲနိုင်ရန် ကြိုးစားစဉ်မှာပင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခနှင့် ပတ်သက်ပါက ဖြတ်လမ်းမရှိကြောင်း ပြောကြားလိုက်သည်။

ကုလသမဂ္ဂတွင် နှစ်စဉ်ပြုလုပ်သည့် ထိပ်သီးညီလာခံ မိန့်ခွန်းတွင် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ကိစ္စအား အဓိကထား ပြောကြားပြီးနောက် အိုဘားမားသည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နာတာညာဟုနှင့် ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်တို့နှင့်လည်း အရေးပါသောအစည်းအဝေးများ ပြုလုပ်ခဲ့သည်။

ပါလက်စတိုင်းတို့၏ လျှောက်ထားမှုကို လုံခြုံရေးကောင်စီသို့ တင်ပြလာပါက ဗီတိုအာဏာသုံးစွဲသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံက ခြိမ်းခြောက်ထားသည်။ နှစ်ဖက်တိုက်ရိုက်တွေ့ဆုံ ညှိနှိုင်းဆွေးနွေးမှုများမှသာ တာရှည်ခံမည့် သဘောတူညီချက် ထွက်ပေါ်လာနိုင်သည်ဟု အမေရိကန်က အခိုင်အမာပြောကြားသည်။

"ဆယ်စုနှစ်ပေါင်းများစွာ တာရှည်ခဲ့တဲ့ ပဋိပက္ခအဆုံးသတ်ရေးမှာ ဖြတ်လမ်းမရှိဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်" ဟုကုလသမဂ္ဂအထွေထွေ ညီလာခံမိန့်ခွန်းတွင် အိုဘားမားကပြောကြားသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ၏ ဗီတိုအာဏာခြိမ်းခြောက်မှုကို အိုဘားမားက ထည့်သွင်းမပြောကြားခဲ့ပေ။ သို့သော် "ကုလသမဂ္ဂ ဆုံးဖြတ်ချက်တွေ ကြေညာချက်တွေကနေ ငြိမ်းချမ်းရေးထွက်ပေါ်မလာပါဘူး။ အဲဒီလောက်သာ လွယ်ကူမယ်ဆိုရင် အခုအချိန်လောက်ဆိုရင် ဒီကိစ္စအောင်မြင်ပြီးမြောက်နေလောက်ပါပြီ"ဟု အိုဘားမားကပြောကြားသည်။

—Ref: AFP





Photo - Getty Images

# ငွေတိုက်စာချုပ် ပြန်လည်ဝယ်ယူရေး အစီအစဉ် အမေရိကန် အသက်သွင်း

**ဝါရှင်တန်၊ စက်တင်ဘာ - ၂၂**

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုဖြစ်ပေါ်လာစေရန်နှင့် အတိုးနှုန်းများလျှော့ချနိုင်ရန်မျှော်မှန်း၍ အမေရိကန်ဗဟိုဘဏ်သည် ကန်ဒေါ်လာ ၄၀၀ ဘီလီယံအား ကြွေးမြီကာလတိုမှ သက်တမ်းရှည် ငွေတိုက်စာချုပ်ဘွန်းများအဖြစ် လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုဘဏ်၏ အဓိကအတိုးနှုန်းကိုလည်း သုညရာခိုင်နှုန်းမှ သုည ဒသမ ၂၅ ရာခိုင်နှုန်းတွင်သာ ဆက်လက်ထားရှိရန် ဗဟိုဘဏ်က ဆုံးဖြတ်ခဲ့သည်။

၁၉၆၁ ခုနှစ်က ဖော်ဆောင်ခဲ့သည့်'Operation Twist' အစီအစဉ်ကို ပြန်လည်အသက်သွင်းမှုအဖြစ် ဗဟိုဘဏ်သည် သက်တမ်းတို ငွေတိုက်စာချုပ်များကို ထုတ်ရောင်းမည်ဖြစ်ပြီး ရှေ့နှစ်ဇွန်လကုန်ပိုင်းမှစတင်၍ ခြောက်နှစ်မှ ၁၀ နှစ်သက်တမ်းရှိသက်တမ်းရှည်ငွေတိုက်စာချုပ် ဘွန်းများကို ကန်ဒေါ်လာဘီလီယံ ၄၀၀ ဖိုးအထိ ဝယ်ယူသွားမည်ဖြစ်ပြီး ယင်းပမာဏထက်မှ ပို၍ဝယ်ယူမည်မဟုတ်ပေ။

ယခုအစီအစဉ်ကြောင့် ရေရှည်အတိုးနှုန်းများကို သက်သာရာရစေပြီး ဘဏ္ဍာရေးအခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် အထောက်အကူပေးမည်ဟု မျှော်လင့်ကြောင်း နှစ်ရက်ကြာ ပေါ်လစီပြန်လှန်သုံးသပ်မှုပြုလုပ်ခဲ့သည့် Federal Open Market Committee ကကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ FOMC ကော်မတီဝင် ဆယ်ဦးအနက် သုံးဦးက ယင်းအစီအစဉ်ကို သဘောမတူခဲ့ပေ။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

# လစ်ဗျားစစ်ဆင်ရေးကို ရက် ၉၀ ထပ်မံ သတ်တမ်းတိုးရန် နေတိုးအတည်ပြု

**လန်ဒန်၊ ထရီပိုလီ၊ စက်တင်ဘာ - ၂၂**

လစ်ဗျားနိုင်ငံအပေါ် လေကြောင်းမှစစ်ဆင်ရေးအား နောက်ထပ်ရက်ပေါင်း ၉၀ ထပ်မံသက်တမ်းတိုးရန် နေတိုးခေါင်းဆောင်များကဆုံးဖြတ်ခဲ့ရာ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များသည် လစ်ဗျားနိုင်ငံအရေးတွင် ခရစ္စမတ်ကာလအထိ ပါဝင်ပတ်သက်နေဖွယ်ရှိကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းက ဖော်ပြသည်။

သို့သော် နိုင်ငံတကာ အာဏာပိုင်များနှင့် လစ်ဗျားအစိုးရသစ်က နေတိုးအကူအညီမလိုအပ်တော့ကြောင်းဆုံးဖြတ်ခဲ့ပါကမဟာမိတ်တပ်ဖွဲ့များကို အချိန်မရွေး ပြန်လည်ရုပ်သိမ်းရန် အသင့်ရှိကြောင်း နေတိုးအတွင်း ရေးမှူးချုပ် အန်ဒါဖော့စ်ရက်မတ် ဆန်က အခိုင်အမာပြောကြားသည်။

အရပ်သားများအား အကာအကွယ်ပေးရေး ကုလသမဂ္ဂကပေးအပ်သည့်တာဝန်ကိုအကောင်အထည်ဖော်ရာတွင် ထူးထူးခြားခြားပင် အောင်မြင်ကြောင်း နေတိုးအတွင်းရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။



လစ်ဗျားနိုင်ငံအပေါ် မပျံသန်းရဇုန် အာဏာတည်စေရေးကို မတ်လမှစ၍ နေတိုးအဖွဲ့က လွှဲပြောင်းရယူခဲ့ပြီး ဇွန်လအကုန်တွင် အဆုံးသတ်ရန် ရည်မှန်းခဲ့သည်။ ယင်းကို သုံးလထပ်မံသက်တမ်းတိုးခဲ့ရာ ရှေ့လာမည့်ရက်သတ္တပတ်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ ယခုစက်တင်ဘာ ၂၁ ရက်ဆုံးဖြတ်ချက်ကြောင့် နေတိုးစစ်ဆင်ရေး



Photo - AP

များကို ဒီဇင်ဘာလကုန်အထိ ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိသည်။

*—Ref: LA Times*

# အီတလီအစိုးရ ကြွေးမြီစိတ်ချရမှု အဆင့်လျှော့ချခံရ

**နယူးယောက်၊ စက်တင်ဘာ - ၂၁**

ဥရောပ၏ ကြွေးမြီနက်ရှိုင်းလာမှု နောက်ဆုံးအမှတ်အသားအဖြစ် အီတလီနိုင်ငံ၏ အစိုးရကြွေးမြီစိတ်ချရမှုကို နိုင်ငံတကာငွေကြေးအဆင့်သတ်မှတ်ရေးအေဂျင်စီ S&P's က အဆင့်လျှော့ချလိုက်သည်။

အီတလီအစိုးရကြွေးမြီ အဆင့်အား A+/ A-1+ မှနေ၍ A/A-1 သို့ လျှော့ချလိုက်ပြီး အစိုးရကြွေးမြီအတွက် ရှေ့အလားအလာကိုလည်း အနုတ်လက္ခဏာပြသခဲ့သည်။ အစိုးရအသုံးစရိတ် လျှော့ချရေးနှင့် ဘဏ္ဍာရေးအခြေအနေများ ပြန်လည်တည့်မတ်နိုင်မှုအပေါ် စိုးရိမ်မှုများရှိနေသောကြောင့်ဟု Standard & Poor's အေဂျင်စီက အကြောင်းပြသည်။

အီတလီနိုင်ငံသည် မကြာသေးမီးကပင် ခြိုးခြံချွေတာရေးအစီအစဉ်တစ်ရပ်ချမှတ်ခဲ့သည်။ သို့သော် ယင်းကိုပြည်သူလူထုက ကြိုက်နှစ်သက်ခြင်းမရှိပေ။ အီတလီနိုင်ငံ၏ စီးပွားရေးအရှိန်အဟုန် နှေးကွေးလာခြင်းအတွက် အစိုးရက ပြန်လည်ပြင်ဆင်ချမှတ်ထားသည့် ဘဏ္ဍာရေးရည်မှန်းချက်များ အောင်မြင်ရန် ခက်ခဲမည်ဟုယုံကြည်ကြောင်း S&P's ၏ အစီရင်ခံစာတွင်ဖော်ပြသည်။

ငွေကြေးအဆင့်သတ်မှတ်ရေးအေဂျင်စီ၏ ရုတ်တရက်ထုတ်ပြန်လိုက်သည့်အစီရင်ခံစာကြောင့်ယူရိုငွေကြေးသုံးစွဲသည့် အခြားယူရိုဇုန်နိုင်ငံများသို့ပါ စီးပွားရေးကျဆင်းမှု ကူးစက်လာမည်ကို စိုးရိမ်မှုများဖြစ်ပေါ်လာခဲ့သည်။ အီတလီသည် ဥရောပတွင် ဒုတိယအကြွေးအထူဆုံးနိုင်ငံဖြစ်ပြီး အီတလီနိုင်ငံအနေဖြင့် ၎င်း၏ကြွေးမြီများ ပြန်လည်ပေးဆပ်နိုင်ပါ့မလားဆိုသည်ကို စိုးရိမ်မှုများ ကြီးထွားလာနေကြောင်း သိရသည်။ *—Ref: BBC*



7 DAY NEWS JOURNAL

# International

Vol.10, No.28 • SEPTEMBER 29, 2011

# ရွေးကောက်ပွဲပြုလုပ်၍ အာဏာလွှဲပြောင်းပေးရန် အသင့်ရှိကြောင်း ယီမင်သမ္မတပြောကြား



Photo - Getty Images

**ဆာနား၊ စက်တင်ဘာ-၂၆**

ရွေးကောက်ပွဲများ စောစောကျင်းပ၍ ရာထူးမှနုတ်ထွက်ရန် အသင့်ရှိကြောင်းနှင့် ပင်လယ်ကွေ့နိုင်ငံများကြား ဝင်ညှိနှိုင်းပေးသည့် အာဏာလွှဲပြောင်းရေး သဘောတူညီချက်ကိုလည်း လိုက်နာရန် စိတ်ပိုင်းဖြတ်ထားကြောင်း နိုင်ငံသို့ပြန်လည်ရောက်ရှိလာပြီး ပြောကြားသည့် ပထမဆုံးမိန့်ခွန်းတွင် ယီမင်သမ္မတ အဗ္ဗဒူလာဆာလေးက ပြောကြားသည်။ သို့သော် ပင်လယ်ကွေ့ သဘောတူညီချက်ကို ၎င်းကိုယ်တိုင်လက်မှတ်ထိုးရန်ကိုမူ ယီမင်သမ္မတက မပြောချေ။

စာ(၄၅)သို့




Photo - AP



Photo - Reuters

## ဒေါ်လာနှင့်နိုင်းယှဉ်လျှင် ယူရိုငွေတန်ဖိုးကျဆင်း

**တိုကျို၊ စက်တင်ဘာ-၂၆**

ဥရောပကြွေးမြီပြဿနာများအပေါ် စိုးရိမ်မကင်းဖြစ်နေပြီး စွန့်စားမှုမပြုလိုသည့် ရင်းနှီးမြှုပ်နှံသူများက ဥရောပယူရိုငွေကြေးကို ရှောင်ရှားလာကြရာဥရောပသုံးငွေကြေး ယူရိုသည် ဒေါ်လာနှင့်နှိုင်းယှဉ်ပါက တန်ဖိုးကျဆင်းလာသည်။

ယခင်သီတင်းပတ်က နယူးယောက်တွင် တစ်ယူရိုလျှင် ၁ ဒသမ ၃၅၀ ကန်ဒေါ်လာဈေးပေါက်ခဲ့သော ယူရိုမှာ စက်တင်ဘာ ၂၆ ရက် တိုကျိုဈေးကွက်တွင် တစ်ယူရိုလျှင် ၁ ဒသမ ၃၄၃၁ ကန်ဒေါ်လာသာ ဈေးပေါက်သည်။ ယန်းငွေနှင့် နှိုင်းယှဉ်ပါကလည်း တစ်ယူရိုလျှင် ၁၀၃ ဒသမ ၃၁ ယန်းမှ ၁၀၂ ဒသမ ၇၂ ယန်းသို့ ကျဆင်းလာသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်ကပေါက်ခဲ့သည့် ဆယ်နှစ်အတွင်း အနိမ့်ဆုံးဈေးနှုန်း ၁၀၂ ဒသမ ၂၂ ယန်းအနီးတွင် ဝဲလည်နေခြင်းဖြစ်သည်။

စာ(၄၅)သို့




Photo - Getty Images

## ဈျူကလီးယားဆန့်ကျင်ရေး ဆန္ဒပြသူများက တိုကျိုကို စိန်ခေါ်

**တိုကျို၊ စက်တင်ဘာ-၂၆**

ဈျူကလီးယားဆန့်ကျင်ရေး ဆန္ဒပြသူများသည် စက်တင်ဘာ ၂၅ ရက်က တိုကျိုမြို့တွင် ချီတက်ဆန္ဒပြခဲ့ကြပြီး ဈျူကလီးယားဘေးကင်းလုံခြုံရေးနှင့်ပတ်သက်၍ ၎င်းတို့၏ ရိုးသားမှုကိုပြသရန် မြို့တော်တိုကျို၌ ဈျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံး တည်ဆောက်ရန် ဂျပန်အာဏာပိုင်များအား စိန်ခေါ်ခဲ့ကြောင်း သိရသည်။

ဈျူကလီးယားစွမ်းအင် ဆန့်ကျင်ရေးဆန္ဒပြသူ ၅၀ ခန့်က "တိုကျိုမြို့တွင် ဈျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ကြစို့" ဟုအော်ဟစ်ခဲ့ကြကြောင်း အေအက်ပီသတင်းကဖော်ပြသည်။

စာ(၄၅)သို့

# ပါလက်စတိုင်းတို့၏ လျှောက်ထားမှု ကုလသမဂ္ဂ စဉ်းစားသုံးသပ်သွားမည်

**ကုလသမဂ္ဂ၊ စက်တင်ဘာ - ၂၆**

ကုလသမဂ္ဂ၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်ရေး ပါလက်စတိုင်းတို့၏ လျှောက်ထားမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက စတင်၍ဆွေးနွေးတိုင်ပင်နေပြီဖြစ်ကြောင်းသိရသည်။ သို့သော် ယင်းသမိုင်းဝင်လျှောက်ထားမှုအတွက် မဲခွဲဆုံးဖြတ်မှုမှာ ရက်သတ္တပတ်ပေါင်းများစွာအတွင်းဖြစ်ပေါ်လာမည်ဟု မျှော်လင့်မထားပေ။



Photo - Getty Images

ကုလသမဂ္ဂတွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်ရေး ပါလက်စတိုင်းတို့၏ လျှောက်ထားမှုကို ဗီတိုအာဏာသုံး၍ ပယ်ချမည်ဟု အမေရိကန်က ခြိမ်းခြောက်ထားပြီး ပါလက်စတိုင်း-အစ္စရေး တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းကသာ ပါလက်စတိုင်းနိုင်ငံ ထူထောင်နိုင်မည်ဟု အမေရိကန်နိုင်ငံက တစိုက်မတ်မတ်ပြောဆိုခဲ့သည်။

ကုလသမဂ္ဂတွင် ကြိုးပမ်းမှုမှာ လက်တွေ့အခြေအနေနှင့် မကိုက်ညီသည့်ဖြတ်လမ်းနည်းဟု အမေရိကန်သမ္မတ ဘားရက်အိုဘားမားကပြောကြားပြီး ယင်းသို့ကြိုးပမ်းမှုကြောင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား စစ်မှန်တာရှည်ခံမည့်လက်တွေ့ငြိမ်းချမ်းရေး ထွက်ပေါ်မလာနိုင်ဟု ၎င်းကဆိုသည်။

ကုလသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ရုရှားတို့ပါဝင်သည့် လေးပွင့်ဆိုင်ကြားဝင်ညှိနှိုင်းရေးအဖွဲ့ကလည်း ပါလက်စတိုင်းနှင့် အစ္စရေး နှစ်ဖက်စလုံးအား ဆွေးနွေးပွဲစားပွဲတွင်ပြန်ထိုင်ရေး အပူတပြင်းကြိုးစားနေကြသည်။

စာ(၄၅)သို့

INTERVIEW


## အိန္ဒိယနိုင်ငံနှင့် ရေအရင်းအမြစ်



NEWS ANALYSIS

## ကမ္ဘာကြီးက ကျွန်တော်တို့ကို အသိအမှတ်ပြုပြီးသားပါ

ပါလက်စတိုင်း ဝန်ကြီးချုပ် ဆလမ်ဖေးယတ်နှင့် နိုင်ငံတည်ထောင်မှုအကြောင်း မေးမြန်းခြင်း



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.28 · SEPTEMBER 29, 2011



# ဝေဒနာများနဲ့ သတို့သမီး

အေးမြကျော်

ပြည်မြို့အနီးမှ ဧရာဝတီမြစ်ပုံရိပ်ကို ၂၀၁၁၊ ဖေဖော်ဝါရီလအတွင်း ရိုက်ကူးထားစဉ်

ဓာတ်ပုံ - ဇေယျမောင်မောင်(အမရပူရ)



**သံချေးအထပ်ထပ်ဖြစ်နေသော ၈ လက်မပတ်လည်ခန့်ရှိသည့် သံပိုက်လုံးမှ အညိုရောင်ရွှံ့ရေများ ဒလဟောသွန်ကျနေသည်။**
**ထိုရွှံ့နှစ်ရည်များကြောင့်ပင် မြစ်ရေမှာ အညိုရောင်ထနေပြီး နောက်ကျိနေတော့သည်။**
**မြစ်မင်းရော၏ အဖဖြစ်သော မေခတစ်ဖက်ကမ်းတွင် စက်သံတဂျိန်းဂျိန်းနှင့် ရွှေတူးဖော်နေကြသူများက နေရာယူထားကြသည်။**
**အမိမလိခ၏ မြစ်ကမ်းတွင်တော့ တန်းလျားသဖွယ်အဆောက်အအုံများက အစီအရီ။ ထိုအဆောက်အအုံများနောက်မှ မီးခိုးများတလူလူ အူတက်လာသည်။**
**စီမံကိန်းဧရိယာတွင် ပါဝင်သော တောအုပ်ငယ်များကို ခုတ်ထွင်ရှင်းလင်းကာ မီးရှို့နေကြခြင်းဖြစ်သည်။**
**စက်သံတဂျိန်းဂျိန်းကြားမှပင် မီးလောင်မြိုက်နေသော ဝါးတောများမှ ဝါးဆစ်ပေါက်သံတ ဖြောက်ဖြောက်ကို ရံဖန်ရံခါတွင် ကြားရတတ်သေးသည်။**

အဖမေခနှင့် အမိမလိခ တို့မှ ပေါင်းဆုံမွေးဖွားလိုက်သော ဧရာဝတီ၏မြစ်ဖျားအစမှာစာရေးဆရာကြီးဦးသိန်းဖေမြင့် တင်စားခဲ့သလို မြစ်ဖျားရော ရောင်စုံမဖြာနိုင်တော့ဘဲ ရွှေတူးသမားများကြောင့် ရွှံ့ရည်အတိ လွှမ်းနေလေပြီ။

**'ဧရာဝတီမြစ်ဖျားအစ မေခ၊ မလိခပေါင်းဆုံ ရာဒေသ . . . စိမ်းလန်းတဲ့ မြက်ခင်းများနဲ့ စိုစိုပြည်'** စာသားများဖြင့် ရေးဖွဲ့ထားသော ဆွမ်ပရာဘွမ် သီချင်းအပါအဝင် မြစ်ဆုံအလွမ်း ဒီဗီဒီနှင့် မြစ်ဆုံဒေသရောက် အမှတ်တရ တီရှပ်များကို မြစ်ဆုံစားသောက်ဆိုင်တန်းရှေ့တွင်ကချင်လုံမလေး နှစ်ယောက်ကရောင်းချနေသည်။

"ဝယ်သွားပါဦးနော။ မြစ်ဆုံ အလှပုံတွေလည်းရှိပါတယ်" ဟု အသက် ၁၆ နှစ်အရွယ်ကောင်မလေးက ကချင်သံခပ်ဝဲဝဲဖြင့် ဆိုင်ရှေ့ရောက်လာသူတို့ကို ဝယ်ရန်ဖိတ်ခေါ်နေသည်။ တောအုပ်စိမ်းစိမ်းများအပြည့် နေရာယူထားသော သုံးမြှောင့်တြိဂံဒေသ (သို့မဟုတ်) မြစ်ဆုံကို ဝေဟင်မှ မြင်ရသော အလှဓာတ်ပုံများကိုလည်း သူမရှေ့က သစ်သားစားပွဲတွင် ဖြန့်ခင်းထားသည်။

လွန်ခဲ့သော ငါးလခန့်က တွေ့မြင်ခဲ့ရသောမြစ်ဆုံမြင်ကွင်းကိုပြန်လည်ဖော်ညွှန်းမည်ဆိုလျှင် ထိုသို့ သဏ္ဌာန်ပေါ်လာပေလိမ့်မည်။ ယခုအခါ တစ်နှစ်သားကျော်ရှိပြီဖြစ်သော မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှာ အတော်ပင် ရုပ်လုံးပေါ်နေလေပြီ။ အပြောင်ရှင်းထားသော တောင်ကတုံးနီနီများပေါ်တွင် မြေညှိနေသော ဘူဒိုဇာများ၊ မြစ်နဖူးတွင် မြေများ ကော်ထိုးနေသော မြေကော်စက်များ၊ ကိတ်မုန့်တုံးကိုဓားနှင့် လှီးထားသလို တောင်နံရံမျက်နှာများကို ညှိကာတောင်ခါးပန်းကားလမ်းဖောက်နေသည်များမှာ စီမံကိန်း၏တစ်စိတ်တစ်ပိုင်း လုပ်ငန်းခွင်များဖြစ်သည်။ တစ်ဖက်တွင်လည်း စီမံကိန်းကြောင့် ရေများဖုံးလွှမ်းမသွားခင် မြေအောက်မှ ရွှေသယံဇာတများကို ထုတ်ယူနေကြသည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှာ ဧရာဝတီမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်း ခုနစ်ခုအနက်မှ တစ်ခုဖြစ်ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ စတင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဒီဇင်ဘာ ၂၅ ရက်က အတိအလင်း ကြေညာခဲ့သည့်အတွက် ယခုဆိုလျှင် စီမံကိန်းသက်တမ်းမှာ လပေါင်း ၂၀ကျော်ကြာမြင့်လေပြီ။

ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဆက်လက်တည်ဆောက်ဖြစ်ပါက မြစ်ဆုံအောက်ဘက် ၃ မိုင်အကွာတွင် ပေ ၅၀၀ မြင့်သော တမံကြီးပေါ်ပေါက်လာမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်ပေါင်း ၆၀၀၀ ကျော်ကိုတစ်နှစ်အတွင်းထုတ်လုပ်ပေးပေလိမ့်မည်။ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားထဲမှ ၉၀ ရာခိုင်နှုန်းကျော်မှာ ယူနန်ပြည်နယ်အပါအဝင်တရုတ်နိုင်ငံဒေသအချို့မီးလင်းရေး ပို့လွှတ်မည်ဖြစ်ပြီး မြန်မာနိုင်ငံကဝေစုအနေဖြင့် အခမဲ့ ဓာတ်အား ၁၀ရာခိုင်နှုန်း ရရှိပေလိမ့်မည်။

မြန်မာနိုင်ငံတွင် မတ်လ ၃၀ ရက်နောက်ပိုင်းပေါ်ပေါက်လာသော အစိုးရသစ်လက်ထက်တွင် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်သွားနေသည့် နည်းတူ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်များ တဖြည်းဖြည်း ရရှိလာသည်။ ထို့ကြောင့် စီမံကိန်းအစကာလက စိုးရိမ်စိတ်များ သန္ဓေတည်ခဲ့သော်လည်း မပြောသာခဲ့ကြဘဲ ယခုကာလတွင်တော့ ဧရာဝတီမြစ်ထိန်းသိမ်းရေး ပြောဆိုမှုများမှာ ဒီရေအမြင့်ဆုံးသို့ ရောက်ရှိလာလေသည်။

တစ်ဖက်တွင်မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို မြန်မာနိုင်ငံဘက်မှ တာဝန်ယူတည်ဆောက်ပေးနေသော ရေအားလျှပ်စစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးက မြန်မာနိုင်ငံအနေနှင့် စီမံကိန်းမှ စီးပွားရေးအကျိုးအမြတ်အနေဖြင့် အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း ၁၇ ဒသမ၆၇ သန်းကျော်ရရှိမည်ဟုပြောထားသည်။

စီမံကိန်းနှစ်ပေါင်း ၅၀ လည်ပတ်ပြီးပါက မြန်မာနိုင်ငံအနေနှင့် အပြီးအပိုင်ရမည်ဟု ရှင်းလင်းတင်ပြချက်တွင် ထည့်သွင်းဖော်ပြထားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များကမူ မြစ်ဆုံစီမံကိန်းပြုလုပ်ခြင်းအားဖြင့် ရရှိလာသော အကျိုးအမြတ်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနှင့် ဧရာဝတီကို မှီတင်းနေကြသူများ၏ အသက်အိုးအိမ်ပျက်စီးမည်နှင့် ချိန်ဆလျှင် အကျိုးထက်အပြစ်က ပိုအလေးသာသည်ဟု ပြောဆိုနေကြသည်။

မြစ်ဆုံရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတည်ဆောက်မည့်နေရာနှင့် မိုင် ၂၀ ကျော်အကွာအဝေးတွင် နေထိုင်ကြသော မြစ်ကြီးနားမြို့ခံများကမူ တမံ၏ကြံ့ခိုင်မှုကိုစိုးရိမ်လျက်ရှိကြသည်။ တမံကွန်ကရစ်မှာ ကျောက်ဖြည့်တမံ CFRD (Concrete Face Rockfill Dam) အမျိုးအစားဖြစ်ကာ တမံအလျားပေ ၄၀၀၀ ကျော်နှင့် စီမံကိန်းပြီးစီးပါက သိုလှောင်ထားမည့်ရေပမာဏအကျယ်အဝန်းမှာ ဧကပေါင်း ၉၈ သိန်းနီးပါးရှိပြီး ထိုဧရိယာမှာ ကမ္ဘာကျော်နယူးယောက်မြို့တစ်မြို့စာနှင့် ညီမျှသည်။

မြစ်ဆုံစီမံကိန်းကိုအဓိကရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသော တရုတ်အစိုးရပိုင် CPI (China Power Investment) ကုမ္ပဏီဥက္ကဋ္ဌ၏အဆိုအရ တမံကို ရစ်ချ်တာစကေး ၈ အင်အားပြင်းငလျင်အထိ ခံနိုင်ရည်ရှိအောင် တည်ဆောက်သွားမည်ဟု ပြောကြားသွားသည်။

ငလျင်ပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များကမူ မြစ်ဆုံစီမံကိန်းမှ တမံကိုငလျင်ဒဏ်ခံနိုင်အား ရှိ၊ မရှိ သံသယဝင်လျက်ရှိသည်။ "မြစ်ဆုံစီမံကိန်းဟာ စစ်ကိုင်းငလျင်ကြောနဲ့ အရမ်းနီးတယ်။ စီမံကိန်းအပြီး သိုလှောင်တဲ့ ရေပမာဏကများတဲ့အတွက် အဲဒီရေပမာဏက မြေလွှာကိုဖိသလိုဖြစ်ပြီး ငလျင်လှုပ်ခတ်အောင် ဖန်တီးနိုင်တဲ့အနေအထားတွေကို ထည့်စဉ်းစားစေလိုတယ်"ဟုငလျင်နှင့်ပတ်သက်လျှင် နှစ် ၃၀ ကျော်ကြာစောင့်ကြည့်လေ့လာခဲ့သော ပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

ကချင်ဘာသာစကားဖြင့် 'မော်ရို'ဟု ခေါ်ဆိုသော တောင်တွေကွဲပြိုကျကာ ရေကြီးသည့် သဘာဝဘေးအန္တရာယ်ကို ၂၀၀၄ ခုနှစ်က အသက် ၈၀ ကျော် ကချင်အမျိုးသားကြီး ဒူးဝါးဇော်ဂမ်အပါအဝင် မြစ်ကြီးနားဒေသတစ်ဝိုက်မှ လူပေါင်း သုံးသိန်းကျော်ကြုံတွေ့ခဲ့စားခဲ့ကြရသည်။

"ကျွန်တော်လည်းညညအိပ်မပျော်ဘူး"ဟု ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူအရပ်တွင်နေထိုင်သော ကချင်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးလည်းဖြစ်သည့် အဘိုးဒူးဝါးဇော်ဂမ်က မြစ်ဆုံစီမံကိန်းနှင့် ဆက်စပ်ဖြစ်ပေါ်လာမည့် ငလျင်ဒဏ်ကို သူစိုးရိမ်ကြောင့်ကျပုံကိုပြောသည်။ ၂၀၀၄ ခုနှစ်နှင့် ၁၉၈၇ ခုနှစ်က မြစ်ကြီးနားမြို့ခံများ ကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်ကြီးနှစ်ခုမှာ ဒူးဝါးကြီးနှင့် ဒေသခံများကို အရိပ်ပမာ ခြောက်လှန့်နေဆဲဖြစ်သည်။

အသက် ၂၈နှစ်အရွယ် ကချင်လူငယ်တစ်ဦးက ငလျင်နှင့်ပတ်သက်၍ သူစိုးရိမ်ပူပန်ပုံကို"တကယ်လို့ ရေကာတာပေါက်လို့ရှိရင် ရေက စက္ကန့်ပိုင်းနဲ့မြစ်ကြီးနားတစ်မြို့လုံး လွှမ်းသွားနိုင်တယ်။ ပန်းကန်ဆေးချိန်တောင် ရလိုက်မှာ မဟုတ်ဘူး"ဟူ၍ ပြောကြားသည်။ ယင်းမှာမြစ်ဆုံနှင့် အနီးဆုံးအရပ်နေသူတို့၏ စိုးရိမ်ပူပန်မှုများ ဖြစ်သည်။

မြစ်ဆုံမှ သန္ဓေတည်စီးဆင်းခဲ့သော မြန်မာပြည်၏ အမိဟုတင်စားသည့် ဧရာဝတီမြစ်၏ ပုံရိပ်တစ်ခုကို နံရံတစ်ခုထက်တွင် ချိတ်ဆွဲလျက်သားတွေ့နေရသည်။ နာမည်ကျော် အင်းဝတံတား(စစ်ကိုင်းတံတား) နောက်ခံနှင့် မျက်စိတစ်ဆုံးဖြူဖွေးနေသော သဲသောင်ပြင်တွင် လမ်းလျှောက်သွားနေသည့် အမျိုးသမီးနှစ်ဦးအား ရိုက်ကူးထားသည့် ဓာတ်ပုံကို ပြခန်းနံရံထက်တွင် ချိတ်ဆွဲထားသည်။ မြစ်တစ်စင်း၏ ပုံရိပ်အမည်ရသော ဧရာဝတီမြစ်၏ ပုံရိပ်ပေါင်း ၁၅၀ ကို ချိတ်ဆွဲကာ စက်တင်ဘာ ၂၂ရက်မှ ၂၅ရက်ထိလေးရက်ကြာပြသသောပြပွဲတင်ဓာတ်ပုံများထဲတွင် အထက်ပါဓာတ်ပုံလည်းအပါအဝင်ဖြစ်သည်။

အချပ်ပို(B)သို့

7 DAY NEWS JOURNAL
Vol.10, No.28 • SEPTEMBER 29, 2011

## အချပ်ပို-ဝေဒနာများနဲ့ သတို့သမီး မှ

ကမ္ဘာပေါ်ရှိ အရှည်ဆုံးမြစ်ကြီး ၅၀ ထဲမှ တစ်စင်းဖြစ်သော မြန်မာတစ်ဦးတည်းပိုင် ဧရာဝတီမြစ်၏ ကျန်းမာရေးယိုယွင်းဆုတ်ယုတ်နေမှုများကို ထိုပြပွဲမှ ပုံရိပ်များက သက်သေအဖြစ် ထွက်ဆိုထားကြသည်။

အင်းဝ၊ မန္တလေး၊ ပုဂံစသည့် ဒေသများ၏ ရာဇဝင်အဆက်ဆက်တို့၏ သတို့သမီး ဧရာဝတီသည် ၂၁ ရာစုတွင်တော့ သစ်လွင်လှပသည့် သတို့သမီးအဖြစ်မှ အိုမင်းနွမ်းလျသော မိခင်အိုအဖြစ်ရောက်ရှိနေပြီကို သာမန်လူများပင် ကြည့်ရုံနှင့် သိနိုင်လေပြီ။

မိုးနှောင်းကာလတွင် မြစ်အောက်ပိုင်းဒေသများ၌ ရေကြီးရေလျှံခြင်းတို့ ဖြစ်နေသော်လည်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့အကြားတွင် သောင်ခုံကြီးများ ထီးထီးမြင်တွေ့နေရဆဲနှင့် ပုံမှန်မြစ်ရေအမှတ်ရောက်ရန် ရှစ်ပေမျှ လိုနေသေးသည်က ဧရာဝတီကျန်းမာရေးအမောဖောက်နေခြင်း၏ သာဓကတစ်ခုပင်ဖြစ်သည်။

ညောင်ဦးဆိပ်ကမ်း၊ လက်ပံခြေပေါ်ဇက်ဆိပ်မှ ပခုက္ကူမြို့သို့ အသွားမြစ်ပြင်ကို ဖြတ်လျှင် မြစ်လယ်၌ ကျွန်းကြီးတစ်ကျွန်းကို တွေ့ကာဝိုက်ကာ သွားရသည်။ ဧရာဝတီမြစ်လယ် ယခုဆောက်လုပ်ဆဲ ပခုက္ကူဧရာဝတီမြစ်ကူးတံတားအောက်ဘက်တွင် သောင်ခုံဖွေးဖွေးအစားမြက်ခင်းစိမ်းများ ပြည့်သော ကျွန်းမောက်မောက် သဏ္ဍာန်ပြောင်းလာသည်မှာသည် ဘက်နှစ်များမှပင်ဖြစ်သည်ဟု ဒေသခံများကပြောကြားသည်။ ယင်းမှာ ဧရာဝတီမြစ်၏ ဒဏ်ရာဒဏ်ချက်များစွာထဲမှ တစ်ခုဖြစ်သည်။

စစ်ကိုင်းမြို့တစ်ဖက်ကမ်း ရွှေကြက်ယက်ဘုရားဆိပ်ကမ်းတွင်စုပုံထားသည့်ဟိုတစ်ပုံ၊ သည်တစ်ပုံ သစ်လုံးပုံများမှာ ဧရာဝတီမြစ်အထက်ပိုင်း သစ်တောပြုန်းတီးခြင်းများ၏ သက်သေများအဖြစ် လဲလျောင်းနေသည်။

ယခုအခါ မြန်မာနိုင်ငံ၏ သစ်တောဖုံးဧရိယာမှာ နိုင်ငံ၏ ၄၇ ရာခိုင်နှုန်းသာကျန်ရှိပြီး သစ်တောပြုန်းတီးမှု အများဆုံးနေရာများတွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဘေးပတ်ဝန်းကျင်နေရာများမှာ ပိုမိုပြုန်းတီးလာနေကြောင်း ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များက ဖော်ပြနေသည်။

ဧရာဝတီမြစ်ကို အဓိကခြိမ်းခြောက်မှုပေးနေသော အခြားတရားခံမှာမြစ်ကြောင်းတစ်လျှောက် ရွှေတူးဖော်ရေးလုပ်ငန်းများပင်ဖြစ်သည်။ မြစ်ရေကျချိန် နွေနှင့်ဆောင်းတို့တွင် ဧရာဝတီမြစ်တစ်လျှောက် ဆန်တက်ကြည့်ပါက မြစ်ကိုပိတ်ကာ လှေများအစီအရီရပ်တန့်ထားသော ရွှေတူးသည့်လုပ်ငန်းများကို တွေ့ရမည့်အပြင် မြစ်ကမ်းစပ်တစ်လျှောက် သေလုမြောလူနာကို ပိုက်များတပ်ဆင်ပေးထားသည့်အလား မြေနီနီပေါ်တွင် အဝါရောင်ပိုက်များစွာ ယှက်ကာ ရွှံ့ရေများ မြစ်အတွင်း သွန်ထုတ်နေကြသည့် မြင်ကွင်းများက ခေတ်သစ်ဧရာဝတီမြင်ကွင်းများပင်။ ရာဇဝင်များရဲ့ သတို့သမီးမှာ ၂၁ ရာစုတွင်ပိုက်တန်းလန်းဖြင့် အိပ်ရာပေါ်လဲနေသည့် လူမမာတစ်ဦးအလား။

ထိုရွှေတူးဖော်ရေးများမှ စွန့်ပစ်လိုက်သော ဓာတုပစ္စည်းများကြောင့် မြစ်အတွင်းရေနေသတ္တဝါများတွင် ပြဒါးသင့်နေသည်ကို တွေ့ရှိခဲ့ရသည်ဟုမြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ ဧရာဝတီ၏ ရင်သွေးများဖြစ်သော ဧရာဝတီလင်းပိုင်များကို ခြိမ်းခြောက်နေသော အန္တရာယ်များတွင် ရွှေတူးဖော်ရေးလုပ်ငန်းများလည်း အပါအဝင်ဖြစ်သည်။

လူပြောများနေသောမြစ်ဆုံစီမံကိန်းကြီး ပြီးဆုံးသွားပါက သူတို့ရှေ့ရေးမှာ မည်သို့ဖြစ်လာမည်ကို ထည့်သွင်းတွက်ချက်ထားသည်လား မရေရာ။

“မြစ်ဆုံစီမံကိန်းပြီးသွားရင်တော့ သူတို့ရဲ့အလေ့အထတွေပြောင်းသွားနိုင်တာကတော့ သေချာတယ်။ သူတို့အတွက်လည်း ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနိုင်တယ်” ဟု ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေသူတစ်ဦးက မှတ်ချက်ချသည်။

တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ်တစ်စင်းဖြစ်သော ယန်စီမြစ်တွင်းတွင် ဆောက်လုပ်ခဲ့သည့် ရေကာတာစီမံကိန်းများကြောင့် မြစ်အတွင်း ငါးသယံဇာတများ လျော့ပါးခဲ့သည်က အကောင်းဆုံးသာဓကအဖြစ် ပြသလျက်ရှိသည်။

ဧရာဝတီမြစ်အတွင်း သဘာဝအတိုင်း စီးဆင်းနေသော မြစ်ရေများထဲမှ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းအတွက် ၇ ရာခိုင်နှုန်းသာ ပိတ်ယူထားမည်ဆိုသည်ကိုလည်း ပညာရှင်များက ထောက်ပြထားကြသည်။

ဧရာဝတီမြစ်ရေကို မှီတင်းကာနန်းပို့ချမှ စိုက်ရေးပျိုးရေးအတွက် အသက်ရှူချောင်မည့် ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်ဒေသတွေမှာလည်း ထိုအချက်ကို စိတ်ပူနေကြသည်။

နွေရာသီတွင်ရေပိုလွှတ်ပေးနိုင်မည်ဆိုသည့်အချက်မှာ ယေဘုယျအားဖြင့် ဝမ်းသာစရာ ဖြစ်သော်ငြား သဘာဝကိုလွန်ဆန်နေသည့် ဖြစ်စဉ်တစ်ခုဟု ဦးဝင်းမျိုးသူအပါအဝင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ထောက်ပြကြသည်။

“ရေနည်းချိန်မှာ ရေများလာတာဟာ သဘာဝကို လွန်ဆန်တဲ့ အကျိုးဆက် နှစ်ခုရှိနိုင်ပါတယ်။ ရေနေအပင်၊ သတ္တဝါတွေရဲ့ ပေါက်ဖွားကြီးပြင်းမှုကို အဆိုးအကောင်းဖြစ်စေနိုင်သလို၊ နုန်းပို့ချမှုနဲ့ မြစ်ကမ်းပါးတိုက်စားမှု ပုံစံတွေပြောင်းလဲမှုဖြစ်စေနိုင်တယ်” ဟု ဦးဝင်းမျိုးသူက သူ၏ ဧရာဝတီအတွက် မေးခွန်း(၂၀)စာတမ်းတွင် ထည့်သွင်းရေးသားထားသည်။

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးပညာရှင်များဘက်မှလည်း မြစ်ဆုံစီမံကိန်းကြောင့်ပျက်စီးပျောက်ဆုံးသွားမည့် ဇီဝမျိုးစုံမျိုးကွဲများအတွက် မေးခွန်းထုတ်နေကြသည်။

ကချင်ပြည်နယ်တွင် သစ်ခွမျိုးစိတ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို နှစ်ပေါင်းများစွာကြာအောင် သုတေသနပြုလုပ်ခဲ့သော ပန်းပညာရှင်ဖြစ်သလို BANGA မှ အလုပ်အမှုဆောင်တစ်ဦးဖြစ်သော ဦးစောလွင်က “ဒီနေရာ (ကချင်ပြည်နယ်)ကို နိုင်ငံခြားသားပညာရှင်ကြီးတွေက ပြောဖူးတယ်။ ဖြစ်နိုင်ရင် ဘာမှမလုပ်တာ အကောင်းဆုံးပဲတဲ့။ ဇီဝမျိုးစုံမျိုးကွဲအရမ်းကြွယ်ဝတဲ့ နေရာကိုး။ ဒီနေရာက ကမ္ဘာ့သဘာဝအမွေအနှစ်နေရာ (World Heritage) နေရာတောင်ဖြစ်သင့်တာ” ဟု မြစ်ဆုံစီမံကိန်း တည်ဆောက်လျက်ရှိရာ နေရာနှင့်ကချင်ပြည်နယ်ကို ရည်ညွှန်းပြောဆိုခဲ့သည်။

ယခုဆိုလျှင် မြစ်ဆုံစီမံကိန်းကို တည်ဆောက်လာခဲ့သည်မှာ တစ်နှစ်ခွဲ ကျော်ကြာခဲ့လေပြီ။ ဂြိုဟ်တုဓာတ်ပုံများမှ နှိုင်းယှဉ်ချက်များအရ ယခင်နှင့် ယခုအနေအထားမှာ အတော်ပင်ကွာခြားသွားလေပြီ။ ကချင်လူမျိုးတို့၏အသည်းနှလုံးမြစ်ဆုံနေရာတွင် စီမံကိန်းအခြေတည်သည်မှာ ၁၀ ရာခိုင်နှုန်းပင် ပြီးစီးနေလေပြီ။

တရုတ်နိုင်ငံတွင် ဆည်များ၊ ရေကာတာများ တည်ဆောက်လိုလျှင် ကြိုတင်လေ့လာဆန်းစစ်ချက်များ ပြီးပြည့်စုံအောင် ပြုလုပ်ပြီးမှ စီမံကိန်းစတင်ရမည်ဟု ဥပဒေအခိုင်အမာပြဋ္ဌာန်းထားသည်ဟု လေ့လာထားသူများက ပြောဆိုကြသည်။ မြစ်ဆုံစီမံကိန်း မဆောက်လုပ်မီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်



မှု လေ့လာရေး (EIA)ကို ငါးလနှင့် လုပ်ဆောင်ခဲ့ရသည်ဟု ဦးစီးလုပ်ဆောင်သူ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း BANCA မှ ဒေါက်တာထင်လှုက ပြောသည်။ ထိုလေ့လာတွေ့ရှိချက် EIA နောက်ဆုံးအဆင့် အစီရင်ခံစာကို ၂၀၁၀ မတ်လတွင် တရုတ်ကုမ္ပဏီသို့ အပြီးသတ်ပေးပို့ခဲ့သည်ဟု ဒေါက်တာထင်လှု၏ စာတမ်းတွင် ဖော်ပြထားသည်။ ထိုအချိန်မှာ စီမံကိန်း စတင်လည်ပတ်၍ သုံးလလွန် မြောက်သောကာလဖြစ်သည်။

"CPI ကို တရုတ်ပြည်က ချမှတ်တဲ့ဥပဒေအတိုင်းမြစ်ဆုံတည်ဆောက်တဲ့အခါ ကျင့်သုံးပါလို့ အကြံပြုချင်တယ်။ ဆန်းစစ်လေ့လာချက်တွေ မပြီးခင်မှာ ဆည်ဆောက်ဖို့လုပ်နေတယ်။ လျှပ်စစ်လိုချင်တာထက် ဆည်ဆောက်ဖို့က အရင်ဖြစ်နေတယ်"ဟု မြစ်ဆုံစီမံကိန်းအဓိကရင်းနှီးမြှုပ်နှံသူ တရုတ်ကုမ္ပဏီ CPI ကို ဦးဝင်းမျိုးသူက ယင်းသို့ထောက်ပြဝေဖန်ခဲ့သည်။

မြစ်ကြီးနား-ဆွမ်ပရာဘွမ်ကားလမ်းမကြီးဘေး၊ မြစ်ဆုံနှင့် ၁၀ မိုင်အကွာတွင် နှစ်ထပ်ဆင်တူအိမ်အလုံးပေါင်း ၃၀ ကျော်ကို ကားလမ်းမပေါ်မှပင် မြင်နိုင်သည်။ သည်နေရာကတော့ တန်မဲရွာ၊ မြစ်ဆုံရွာတို့အပါအဝင် ရေဝပ်မည့် ဧရိယာတွင်းပါဝင်သော ကျေးရွာများမှဒေသခံများအတွက် အေးရှားဝေါလ်ကုမ္ပဏီက တည်ဆောက်ပေးထားသော ရွာအသစ် စက်စက်သုံးခုမှ တစ်ခုပင် ဖြစ်သည်။

ယခုဆိုလျှင် မြစ်ဆုံဧရိယာတစ်ဝိုက်မှ ရေမြုပ်ဧရိယာတွင်ပါဝင်နေသော ရွာပေါင်း ၃၀ ကျော်ကို ရွှေ့ပြောင်းနေရာချပြီးသွားပြီဟု CPI ဥက္ကဋ္ဌ မစ္စတာလီဂွမ်ဂွားက စက်တင်ဘာ ၁၇ ရက်က နေပြည်တော်တွင်ပြုလုပ်သော ဧရာဝတီမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။ ရွှေ့ပြောင်းခံခဲ့ရသောလူဦးရေမှာ ၁၁၈၀၇ ဦးရှိသည်ဟု စာရင်းဇယားများအရ သိရသည်။ CPI ဥက္ကဋ္ဌက ရွှေ့ပြောင်းသည့်လုပ်ငန်းများအတွက် စီမံကိန်းရင်းနှီးမြှုပ်နှံငွေ၏ တစ်ရာခိုင်နှုန်းကို သုံးစွဲခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်းသုံးစွဲခဲ့ရသည်ဟု သူ၏စာတမ်းတွင် ပြောကြားသွားသည်။

"လေ့လာဆန်းစစ်ချက်တွေ မပြီးဆုံးသေးခင်မှာ ဒေသခံပြည်သူတွေကို ရွှေ့ပြောင်းခိုင်းနေတာဟာ အဆိုးဆုံးကိစ္စပါပဲ"ဟု ဦးဝင်းမျိုးသူက စက်တင်ဘာ ၂၄ ရက်က ပွဲခ်ရှိုင်ရယ်ဟိုတယ်တွင်ပြုလုပ်ခဲ့သော သဘာဝပတ်ဝန်းကျင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံဟောပြောပွဲတွင် ပြောကြားခဲ့သည်။

"မြစ်ဆုံကိစ္စကို လူတွေကလည်း ဆက်မလုပ်စေချင်ဘူးလို့ ပြောနေကြပြီ။ ပညာရှင်တွေကလည်း ထောက်ပြပြောဆိုတာတွေ ရှိလာပြီ။ ဒီလိုမျိုး အချိန်မှာ ဆက်မလုပ်ဘဲ ရပ်ပစ်လိုက်သင့်ပြီ" ဟု ကချင်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာတူးဂျာက စက်တင်ဘာ ၂၄ရက်တွင် ပြောကြားခဲ့သည်။

တရားဝင်ထုတ်ပြန်ထားခြင်းမရှိသော်လည်း အင်တာနက် စာမျက်နှာများတွင် ပျံ့နှံ့နေသော EIA တွင် ပညာရှင်များက ကချင်လူမျိုးတို့၏ အမြတ်တနိုး တန်ဖိုးထားရာမြစ်ဆုံဒေသ ပျောက်ကွယ်မသွားစေရန် မေခနှင့် မလိခ မြစ်နှစ်သွယ်အထက်ဘက်တွင် ဆည်နှစ်ခု တည်ဆောက်လိုက်ရန် အကြံပြုထားသည်။ ထိုသို့တည်ဆောက်ခြင်းဖြင့် မြစ်ဆုံစီမံကိန်းမှ ရရှိမည့်တူညီသည့်လျှပ်စစ်ပမာဏကို ထုတ်ပေးနိုင်လိမ့်မည်ဟု အကြံပြုထားကြသည်။

မြန်မာလူမျိုးတို့အတွက် ဧရာဝတီသည်မရှိမဖြစ်မြစ်တစ်စင်းဖြစ်သလို မြစ်ဆုံသည်လည်း ကချင်လူမျိုးတို့၏ အထွတ်အမြတ်ထားရာနေရာတစ်ခုပင်ဖြစ်သည်။

မြစ်ဆုံအထက်ဘက် ဈေးတန်းရှေ့၌ ကချင်မလေးနှစ်ဦးရောင်းသည့်တစ်ခုတည်းသော အမှတ်တရဆိုင်ရှေ့တွင် ဈေးဝယ်သုံးဦးသည် ချိတ်ဆွဲထားသော တီရှပ်များကို ကြည့်ရှုနေကြသည်။

မြစ်ဆုံဝေဟင်မြင်ကွင်းကို မျက်နှာစာရိုက်နှိပ်ထားကာ နောက်ကျောဘက်တွင် ရောင်စုံမနောတိုင်များအောက်တွင် 'မြစ်ဆုံရောက်အမှတ်တရ'ဟု ရေးသားထားသော တီရှပ်ဖြူများကိုကိုင်တွယ်ကြည့်နေကြသည်။

ဈေးဝယ်သူသုံးဦးကို ကချင်မလေးက "ဝယ်သွားပါနော၊ နောက်နှစ်ကျရင် ရောင်းရမှာမဟုတ်တော့ဘူး။ တစ်ထည်လောက် ဝယ်သွားပါနော"ဟု ပြောနေလေသည်။

## မြစ်တစ်စင်း၏ပုံရိပ်ပြပွဲသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေး


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အေးမြကျော်**

**ရန်ကုန်-စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ၏အသက်သွေးကြောဟုတင်စားခေါ်ဆိုကြသော ဧရာဝတီမြစ်၏ ဓာတ်ပုံ၊ပန်းချီ၊ ကာတွန်းနှင့်ဂရပ်ဖစ်လက်ရာများကိုစုစည်းပြသထားသည့် မြစ်တစ်စင်း၏ပုံရိပ်အနုပညာပြပွဲဖွင့်ပွဲသို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၂၂ရက်နေ့နံနက်၉ နာရီဝန်းကျင်တွင်ပြုလုပ်ခဲ့သော ပြပွဲဖွင့်ပွဲသို့ ဒေါ်အောင်ဆန်းစုကြည်ရောက်ရှိလာကာ ပြပွဲတွင်ပြသထားသောအနုပညာလက်ရာများကိုမိနစ် ၂၀ ဝန်းကျင်မျှကြာအောင် အသေးစိတ်လှည့်လည်ကြည့်ရှုသွားခဲ့ကြောင်း ပြပွဲဖွင့်ပွဲသို့တက်ရောက်ခဲ့သူများကပြောကြားခဲ့သည်။

ထို့နောက်ပြပွဲဖွင့်ပွဲကိုကျင်းပရာ မြစ်တစ်စင်း၏ပုံရိပ်အနုပညာပြပွဲကျင်းပပြုလုပ်ရခြင်းကိုပြပွဲစီစဉ်သူ ဦးစိုးဝင်းငြိမ်းက ပြောကြားခဲ့ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်က အမှတ်တရစကားပြောကြားရာတွင်"ဧရာဝတီမြစ်ကြီးရပ်တည်ရေးအတွက်၊ ထိန်းသိမ်းရေးအတွက်အားလုံးကစုစုစည်းစည်းလုပ်မယ်ဆိုရင် ဒီကိစ္စဟာ ကျွန်မတို့ရဲ့ ညီညွတ်ရေးအတွက်လည်း ဖြစ်နိုင်တယ်" ဟုပြောကြား သွားခဲ့သည်။

မြစ်တစ်စင်း၏ပုံရိပ်အနုပညာပြပွဲကိုဂရင်းဟတ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ရက်က စီစဉ်ကျင်းပခြင်းဖြစ်ပြီး ယောမင်းကြီးလမ်းရှိ ဂယ်လာရီ၆၅တွင် စက်တင်ဘာ ၂၂ရက်မှ ၂၅ရက်ထိ ကျင်းပပြုလုပ်ခဲ့သည်။ ပြပွဲတွင်အနုပညာရှင်ပေါင်း၅၄ဦးတို့၏အနုပညာလက်ရာပေါင်း ၁၄၂ခုကိုခင်းကျင်းပြသခဲ့သည်။ ပြပွဲမှရရှိလာသောအကျိုးအမြတ်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။





မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များ အသိအမှတ်ပြု
3D
(Dental Decay)
(Periodontal Disease)
(Oral Cancer)
E-Lan Co.,Ltd.
(WHO - World Health Organization)
(MDA - Myanmar Dentists Association)
3D သုံးရင် သွားကျန်းမာတယ်




ZAW HTET PAING
Model
No. 288, (A/B), Ngwekyaryan, 12-St, 3 Qt, South Okkalapa Tsp, Yangon.
Tel; (95-1) 560962, (95-1) 8550648, 09 5119467, 09 5033636, 01- 8500514, 01-8500516, 01-701529. Fax: (95-1) 560962